ဘဝသုံးဆယ်မှ

ပထမကျော်

ဦးစံသင်းလှိုင်

○○

(ဒုတိယအကြိမ်)

၂၄ ၁ ၆ ၄

သုဒ္ဓကသနစာကြည့်တိုက်

ယခုသန် သိုးဘွဲ့ရှေ့ပထမမင်းကျော်စိုးဌာန

ကမ္ဘာ့ပေါ်အားပေးရန်ကုန်။

(ဝိနယာဓိက၊အစိုးရသုသမာစာရ)

လေးဘွဲ့ရ ဓမ္မာစရိယ

(သက္ကသီဟ၊ စေတိယဂိုဏ်း၊ အစိုးရသုသမာစာရ)

ပထမကျော် ဦးစံသင်းလှိုင်

၏

သာသနာ့အမွေခံ





ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ညွှန်ကြားရေးမှူး ဦးညွှန့်မောင်
(မှတ်ပုံတင်အမှတ်- ၅၂၄/ ၀၂၄၀၅) က ပုံနှိပ်ထုတ်ဝေသည်။

ဓမ္မဒါနစာအုပ်အလျှုရှင်၏ သာသနာ့အမွေခံစာအုပ်ဓမ္မဒါနပြုလုပ်ရခြင်း၏ အကြောင်းရင်း မိတ်ဆက်အမှာစာ

လူပျံ့တော် ဦးစံသင်းလှိုင်၊ တနည်းအားဖြင့် ဓမ္မာစရိယ လေးဘွဲ့ရဦးစန္ဒာဝရ တဖြစ်လဲ ဦးစံသင်းလှိုင်၏သာသနာ့အမွေခံ စာအုပ်ကို ဖတ်ရှုပြီးသည်နှင့် (၁၉၇၅) ခုနှစ်က ရဟန်းတစ်ဝါ ဆိုပြီး ရဟန်းကျင့်ဝတ် ဘုရားဥပဒေတော်ကြီး သင်ယူရင်း ဗုဒ္ဓဘာသာ အမ ဝိနည်းတော်လာ နေထိုင်နည်းအတိုင်း တိတိ ကျကျ နေထိုင်လာခဲ့ရသော ဆရာကောင်း ဦးပညာသိရိ (သဲဖြူကျောင်းကြီးဆရာတော်) ၏ တပည့် အရှင်စက္ကပါလ တစ်ပြစ်လဲ ကျွန်ုပ် ဦးစိန်လှဝင်းသည် ဗုဒ္ဓသာသနာတော်၏ အမွေခံ ရှင်၊ ရဟန်း၊ သီလရှင်များ မိမိနည်းတူ သေချာသိရှိ လိုက်နာကျင့်သုံး နိုင်ကြစေရန် ဓမ္မဒါန ပြုလိုစိတ် ပြင်းပြစွာ ပေါ်ပေါက်ခဲ့ပါသည်။

သာသနာ့ အမွေခံ စာအုပ်ကို ဖတ်ရှုပြီးသည်နှင့် ဗုဒ္ဓသာသနာတော်၏အမွေခံ ရှင်၊ ရဟန်း၊ သီလရှင်တို့ မည်သို့ မည်ပုံ သာသနာ့အမွေခံဖြစ်အောင် ဆောင်ရွက်ရမည်။ ရှင်၊ ရဟန်း၊ သီလရှင် ဖြစ်သည်နှင့် မည်သို့ စည်းကမ်းလိုက်နာ

ရမည်။ အဆုံးစွန် သန္ဓိသုခနိဗ္ဗာနဓာတ်ရသည်အထိ အခြေခံ ကျင့်ရမည်များကို သိရှိပေလိမ့်မည်။

သာသနာ့ဘောင်တွင် ထာဝရနေထိုင်သူအဖို့ "ဝိနည်းသည် သာသနာ၏အသက်၊ ဝိနည်းတည်သမျှ သာသနာတည်ရမည်"ဟူသော ကျမ်းဂန်လာရှိသည်နှင့်အညီ ကျင့်သုံးရမည်ဖြစ်သလို ဒုလ္လဘ ယာယီသာသနာ့အမွေခံ ရှင်၊ ရဟန်း၊ သီလရှင် ပြုလိုသူတို့အဖို့လည်း အလွန်အရေးပါလှပါသည်။

မိမိအနေဖြင့် ဗုဒ္ဓအဆုံးအမ သာသနာတော်ကြီးအားကံစွမ်း ဉာဏ်စွမ်းရှိသမျှ ထောက်ပံ့လာခဲ့သူ ဥပါသကာဖြစ်သည့်အားလျော်စွာ ရှင်ပြု၊ ရဟန်းခံ၊ ဝါဆို၊ ကထိန် အလှူများ နှစ်စဉ်ဆောင်ရွက်ခဲ့ပါသည်။

ရှင်ပြု၊ ရဟန်းခံ၊ အလှူများပြုလုပ်၍ ဒကာခံ ကုသိုလ်ပြုသူ မိမိအဖို့ သာသနာ့အမွေခံ ရှင်၊ ရဟန်း၊ သီလရှင်ပြုမည့် ပုဂ္ဂိုလ်တို့သည် ယခု မိမိဓမ္မဒါန ပြုလုပ်သည့် ဦးစံသင်းလှိုင်ရေး (သာသနာ့အမွေခံ) စာအုပ်ကို သေချာစွာ ဖတ်ရှုနားလည်သိရှိပြီးကြောင်း မိမိထံ အကြောင်းပြန်ကြားချက် ရှိမှသာ ရှင်၊ ရဟန်း၊ သီလရှင် များအဖြစ် သွတ်သွင်း ဒကာခံ ပြုလုပ်ပေးရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။

သို့ဖြစ်ပါ၍ ယနေ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ဗုဒ္ဓသာသနာတော်အား အလေးပေး ခိုးမြောက်လျက်ရှိရာ-

(၁) ဒေသအသီးသီးတွင် ရှင်ရဟန်းပြုပွဲများ၊ ရှင် (၁၀၀) ပြု ပွဲများ၊ ရှင် (၁၀၀၀) ပြုပွဲများ၊ ဒုလ္လဘရဟန်းခံပွဲများ အတွက် ကြိုတင်ဖတ်ရှု သိရှိပြီး လိုက်နာနိုင်စေရန်လည်းကောင်း၊

(၂) စာရေးဆရာ၏ ဆန္ဒအရ သာသနာ (၃)ရပ် အတွက် အထောက်အကူဖြစ်စေရန်လည်းကောင်း၊

(၃) မိမိအနေဖြင့် သာသနာ့အမွေခံတို့၏ ကျင့်စဉ်များကို အများပြည်သူနှင့် ဒုလ္လဘရှင်ပြု ရဟန်းခံ သီလရှင်ဝတ်သူများ အလွယ်တကူ သိရှိနိုင်စေရန် အလို့ငှါ လည်းကောင်း ဓမ္မဒါန ပြုလုပ်လျှဒါန်းရခြင်း ဖြစ်ပါကြောင်း တင်ပြ၍ သာသနာ့အမွေခံ စာအုပ်အား မိတ်ဆက်လိုက်ရပါသည်။

ဦးစိန်လှဝင်း
(သီရိသုဓမ္မမဏိဇောတဓရ)
ဓမ္မဒါနအလှုရှင်

နိဒါန်းစကား

စာရေးသူသည် မြတ်မင်္ဂလာစာစောင်၌ သာသနာ့အမွေခံယူမှုနှင့် စပ်လျဉ်း၍ ရှင်ပြုသည်ဆိုရာဝယ်၊ ရဟန်းခံသည်ဆိုရာဝယ်၊ သီလရှင်ဝတ်သည်ဆိုရာဝယ် ဟူသော ဆောင်းပါးများ ရေးသားခဲ့ပါသည်။ စာဖတ်ပရိသတ်က စုစုစည်းစည်း စာတစ်အုပ်အဖြစ် ထုတ်ဝေရန် တောင်းဆိုခဲ့ကြပါသည်။

မြတ်မင်္ဂလာစာဖတ်ပရိသတ်၏ တောင်းဆိုချက်အရ လည်းကောင်း၊ စာရေးသူကိုယ်တိုင် မကျဉ်းမကျယ် စာတစ်စောင် ပေတစ်ဖွဲ့ အနေဖြင့် စုစုစည်းစည်း မှတ်တမ်းအဖြစ် ကျန်စေလိုသော ဆန္ဒအရလည်းကောင်း သာသနာ့အမွေ ခံယူမှုဆိုင်ရာ စာအုပ်တစ်အုပ် ဖြစ်ပေါ်ရန် ကြိုးပမ်းခဲ့ပါသည်။ ထိုသို့ ကြိုးပမ်းရာ၌ အခန်း (၅) ခန်းဖြင့် ခွဲခြားစီစဉ်ထားပါသည်-

(၁) ရဟန်းခံခြင်း၊
(၂) ရှင်ပြုခြင်း၊
(၃) သီလရှင်ဝတ်ခြင်း၊

(၄) သာသနာ့တာဝန် ထမ်းဆောင်ခြင်း၊
(၅) သာသနာ့အမွေ ခံယူခြင်း၊

ရဟန်းခံခြင်းဆိုင်ရာ အခန်း (၁) တွင် ဝိနည်း တရားတော်နှင့်အညီ ရဟန်းခံပေးနိုင်ရန် ရဟန်းလောင်း၊ ဥပဇ္ဈာယ်ဆရာ၊ ကာရကသံဃာများမှာ ရှိရမည့် အံ့ရည် အချင်းများ၊ လုပ်ထုံးလုပ်နည်းများကို ကမ္မဝါစာ ပါဠိ၊ အနက်၊ ရဟန်းလောင်း ဆုံးမပုံတို့နှင့်တကွ ရဟန်းပြုလိုသူ၊ ပြုပေးလိုသူ၊ ရဟန်းဖြစ်လာသူများ သိရှိလိုက်နာ ကျင့်သုံးနိုင်ရန် ဖေါ်ညွှန်းထားပါသည်။

ရှင်ပြုခြင်းဆိုင်ရာ အခန်း (၂) တွင် ဆံချခြင်း၊ သင်္ကန်းဝတ်ခြင်း၊ သရဏဂုံပေးခြင်းဟူသော ရှင်ပြုခြင်း (၃) မျိုးကို နည်းမှန်လမ်းကျ ဆောင်ရွက်ရန် လိုကြောင်း၊ သရဏဂုံကို ဆရာရော တပည့်ပါ နှစ်ဦးသား ပီပီသသ ရွတ်ဆိုနိုင်မှ ရှင်ပဒေသာမဏေ အစစ် ဖြစ်နိုင်ကြောင်း၊ ရှင်ပြုရာ၌ သရဏဂုံ ပီသဖို့နှင့် အသုံးဝင်သည့် ပရိက္ခရာဖြစ်ဖို့လိုကြောင်း မီးမောင်းထိုးပြထားသည်။

သီလရှင်ဝတ်ခြင်းဆိုင်ရာ အခန်း (၃) တွင် ပိဋကတ်ကျမ်းဂန်၌ တိုက်ရိုက်မလာသော်လည်း ရှင်ပြုနည်းကို မှီး၍

စီစဉ်ခဲ့ကြသော ပညာရှင်ကြီးများ၏ နည်းစနစ်အတိုင်း လက်ခံကျင့်သုံးကြရန် သီလရှင်ဝတ်ပုံကို အစီအစဉ် (၆) မျိုး ဖြင့်ဖော်ပြထားပြီး သီလရှင်များ၏ အဝတ်၊ အရောင်သတ်မှတ် ချက်ကိုလည်းကောင်း၊ သီလရှင်များလိုက်နာကျင့်သုံးရမည့် သီလရှင်ကျင့်ဝတ်များကိုလည်းကောင်း၊ ဗဟုသုတဖြစ်ဖွယ် ဖေါ်ပြထားပါသည်။

သာသနာ့တာဝန် ထမ်းဆောင်ခြင်း အခန်း (၄) တွင် သာသနာတော် အရှည်တည်တဲ့ ပြန့်ပွားရေးအတွက် အဓိက ပဓာန တာဝန်ဖြစ်သည့် ပရိယတ်၊ ပဋိပတ် သာသနာ့တာဝန် (၂) ရပ်ကို သာသနာ့ဝန်ထမ်းများ အားသွန်ကြိုးပမ်း ထမ်းရွက် ကြရန် ဗုဒ္ဓဘာသာ ကိုးကွယ်သူများအနေဖြင့် ဘုန်းကြီး ကိုးကွယ်တတ်ကြရန် ဦးတည်ထားပါသည်။

သာသနာ့အမွေ ခံယူခြင်း အခန်း (၅) တွင် ရှင့် ဒါယကာ ရှင့်ဒါယိကာမ ရဟန်းဒါယကာ ရဟန်းဒါယိကာမ များ၏ စစ်မှန်သော သာသနာ့အမွေခံယူနည်းကို ညွှန်ပြ ထားပြီး သာသနာ့ဝန်ထမ်းများအတွက် အမှန်တကယ် ခံယူရမည့် သာသနာ့အမွေမှာ အရဟတ္တဖိုလ်အထိ ဖြစ်သော လောကုတ္တရ ဓမ္မအမွေဖြစ်ကြောင်း အကောင်းဆုံး ညွှန်ပြ ထား၏။

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အရှည်တည်တဲ့ ပြန့်ပွားရန်မှာ သာသနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အဓိက ပဓာနဖြစ်ပြီး သာသနာတော်အား ပစ္စည်းလေးပါးဖြင့် အားပေးထောက်ပံ့ကြကုန်သော မင်းအစိုးရနှင့် တိုင်းသားပြည်သူ ကိုးကွယ်သူများ၏ မှန်ကန်သော အားပေးထောက်ပံ့မှုမျိုး ဖြစ်ရန်လည်း အထူးအရေးကြီးလှပါသည်။ "ဝိနည်းသည် ဗုဒ္ဓသာသနာတော်၏အသက်" ဟူ၍ အဆိုရှိရကား ဗုဒ္ဓသာသနာတော် သက်တမ်းရှည်ရန်မှာ ဝိနည်းလေးစားဖို့ လိုပါသည်။ ဝိနည်းလေးစားရန်မှာလည်း ဝိနည်းဗဟုသုတ ရှိဖို့ လိုအပ်ပါသည်။ ထို့ကြောင့် နောက်ဆက်တွဲ ဝိနည်းဗဟုသုတ အခန်းကိုလည်း ဖြည့်စွက်ထားပါသည်။

ဤသာသနာ့အမွေခံ စာအုပ်ကို အထူးအားဖြင့် လူပုဂ္ဂိုလ်များ၊ ဒုလ္လဘရဟန်းသာမဏေ၊ သီလရှင်များအတွက် ရည်ရွယ်ရေးသားခြင်း ဖြစ်ရကား လိုရင်းတိုရှင်း မကျဉ်း မကျယ်နည်းဖြင့် ရေးသားထားပါသည်။ သို့သော်လည်း အရေးကြီးသိဖွယ် ကိစ္စများ၌ ကျမ်းဂန်အထောက်အထား၊ အာစရိယဝါဒများ နည်းစုံပြု၍ ခိုင်လုံသော အဆုံးအဖြတ်များ ကိုလည်း တွေ့မြင်နိုင်ပါသည်။ သို့ဖြစ်၍ ဆရာများအတွက်ပါ

အားကိုးအားထား ပြုရမည့် ကျမ်းစာအုပ် တစ်အုပ်ဖြစ်သည် ဟု ဆိုနိုင်ပါသည်။

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၏ ဦးဆောင်မှု သာသနာရေးဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့က ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာ ကဏ္ဍသုံးရပ် ခွဲဝေသတ်မှတ်၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး လုပ်ငန်းကြီးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ၌ ဤစာအုပ်က အုတ်တစ်ချပ် သဲတစ်ဖွဲ့အဖြစ် အထောက်အကူပြုသည်ဆိုလျှင် စာရေးသူအနေဖြင့် ဤစာအုပ်ကို ကြိုးပမ်းရကျိုး နပ်ပြီဟု ခံယူထားပါသည်။

ပထမကျော် ဦးစံသင်းလှိုင်
(၁၃၅၆၊ ၁၉၉၄)

သာသနာ့အမွေခံ
မာတိကာ

စဉ် အကြောင်းအရာ	**စာမျက်နှာ**
၁။ ဓမ္မဒါနစာအုပ်အလျှုရှင်၏မိတ်ဆက်အမှာစာ	**က**
၂။ နိဒါန်းစကား	**ဃ**
အခန်း (၁)	
၃။ ဂါရဝမဂ်လာ	၁
၄။ ရဟန်းခံခြင်း	၃
၅။ ပဉ္စင်းခံပွဲစတင်ရာခေတ်	၃
၆။ ဝါဆိုလနှင့်ပဉ္စင်းခံပွဲ	၄
၇။ မျက်မှောက်ခေတ်ရဟန်းခံပွဲ	၅
၈။ ရဟန်းခံနှင့်ပဉ္စင်းခံ	၆
၉။ သရဏာဂုံမှ ဥ ုတ္တိစတုတ္ထကံသို့	၉
၁၀။ ရဟန်းဖြစ်ရန်အဂီါ (၅) တန်	၁၁
၁၁။ ဝတ္ထုသမ္ပတ္တိ	၁၃
၁၂။ ဥ ုတ္တိ၊ အနုသာဝနသမ္ပတ္တိ	၁၃
၁၃။ သီမာသမ္ပတ္တိ	၁၃
၁၄။ ပရိသာသမ္ပတ္တိ	၁၄
၁၅။ ရာနှုန်းပြည့်ထောက်ခံမှုဖြင့်အတည်ပြု	၁၆
၁၆။ ကန့်ကွက်ပုံကန့်ကွက်နည်း	၁၇

စဉ် အကြောင်းအရာ	**စာမျက်နှာ**
၁၇။ ကြိုတင်သတိပေးထားသင့်	၃၉
၁၈။ ရဟန်းခံပုံအစီအစဉ်	၃၉
၁၉။ ပုဗ္ဗကိစ္စ (၁၀) ပါး	၄၂
၂၀။ ဥပဇ္ဈာယ်ယူခြင်း	၄၂
၂၁။ ဥပဇ္ဈာယ်ပေးခြင်း	၄၃
၂၂။ ကြိုတင်ဥပဇ္ဈာယ်ယူနိုင် ပေးနိုင်	၄၃
၂၃။ သပိတ်၊ သင်္ကန်းကို ပြောပြခြင်း	၄၄
၂၄။ ပရိက္ခရာ (၈) ပါး	၄၆
၂၅။ ဟတ္ထပါသ်ပြင်ဘက်သို့ ထုတ်ခြင်း	၄၈
၂၆။ သင်ပြမည့်ရဟန်းကို သမုတ်ခြင်း	၄၉
၂၇။ သင်ပြရာဌာနအကွာအဝေး	၅၃
၂၈။ သွန်သင်ဆုံးမ နည်းလမ်းပြခြင်း	၅၄
၂၉။ ဟတ္ထပါသ်အတွင်းသို့ ပြန်သွင်းခြင်း	၆၀
၃၀။ ရဟန်းပြုလိုကြောင်း ခွင့်တောင်းစေခြင်း	၆၀
၃၁။ စိစစ်မေးမြန်းရန် သမုတ်ခြင်း	၆၂
၃၂။ စိစစ်မေးမြန်းခြင်း	၆၃
၃၃။ စစ်မေးချက်များနှင့်ဖြေနည်း	၆၅
၃၄။ ရဟန်းလောင်းများ စုပေါင်းသင်ပြနိုင်	၆၇
၃၅။ ရဟန်းလောင်း၏အဂါများ စိစစ်ချက်	၆၇

စဉ် အကြောင်းအရာ	**စာမျက်နှာ**
၃၆။ **လူအသွင်ဖြင့် ရဟန်းခံပေးမှု**	၅၀
၃၇။ **ပဓာနကိစ္စ**	၅၂
၃၈။ **ဥ တ္တိစတုတ္ထကမ္မဝါစာပါဠိ**	၅၂
၃၉။ **ရဟန်းဖြစ်ချိန်နှင့် နိဂုံးရွတ်မှု**	၅၄
၄၀။ **ကမ္မဝါစာမြန်မာပြန်**	၅၄
၄၁။ **ကမ္မဝါစာရွတ်ဖက်ခြင်းသာလိုရင်း**	၅၆
၄၂။ **ဃံယာ့အစည်းအဝေးပုံစံ**	၅၇
၄၃။ **ကမ္မဝါစာနှင့်ဘာသာစကား**	၅၉
၄၄။ **စာပေ (၃) မျိုး**	၅၉
၄၅။ **ဗျဉ္ဇနဗုဒ္ဓိ (၁၀) ပါး**	၆၀
၄၆။ **ရွတ်ဖတ်မှုနည်းလမ်းမကျလျှင်ကံပျက်**	၆၄
၄၇။ **မုဒွဌာန်နှင့်ဒန္တဌာန်ရွတ်ဖတ်နည်း**	၆၅
၄၈။ **ဥ တ်ကမ္မဝါစာဖတ်သင့်သူ**	၆၇
၄၉။ **အပရကိစ္စ (၃) ပါး**	၆၉
၅၀။ **ရဟန်းဖြစ်ချိန်ကို ပြောကြားခြင်း**	၆၉
၅၁။ **ရဟန်းရက်ချုပ် (နမူနာ)**	၇၀
၅၂။ **သြဝါဒကထာ**	၇၂
၅၃။ **မိုရာလေးပါးကို ပြောပြခြင်း**	၇၃
၅၄။ **အခွင့်ထူးခံလူတန်းစားမဟုတ်**	၇၈

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၁။	မပြုအပ်ရာ လေးပါးကို ပြောပြခြင်း	၈၀
၁၆။	သေဒဏ်ဥပဒေလေးမျိုး	၈၈
၁၇။	တာဝန်ကိုယ်စီရှိကြသည်	၈၉
၁၈။	ခွင့်လွှတ်ရန်လျှောက်ထားပုံ	၉၀
၁၉။	အမျှားဆုံးရဟန်းလောင်း (၃) ပါး	၉၁
၆၀။	ရဟန်းအဖြစ်၏အကျိုး	၉၃
၆၁။	သက်နှံးအရှိန်အဝါ	၉၄
	အခန်း (၂)	
၆၂။	ရှင်ပြုခြင်း	၉၅
၆၃။	ဒုတိယဆင့်သာသနာဝင်	၉၆
၆၄။	ရှင်ပြုနိုင်သည့်အရွယ်	၉၆
၆၅။	ရှင်ပြုပုံအစီအစဉ်	၉၈
၆၆။	တစပဉ္စက ကမ္မဋ္ဌာန်း	၁၀၂
၆၇။	အကျဉ်းချုပ်အလက်ာ	၁၀၂
၆၈။	ကမ္မဋ္ဌာန်းအကျိုး	၁၀၃
၆၉။	ဆံချပြီးပြုဖွယ်	၁၀၄
၇၀။	သက်နှံးဝတ်ခြင်း	၁၀၄
၇၁။	သက်နှံးကပ်ပါဠိ	၁၀၄
၇၂။	သက်နှံးတောင်းပါဠိ	၁၀၅

စဉ် အကြောင်းအရာ	စာမျက်နှာ
၇၃။ ရှင်ပြုပေးနိုင်သူ	၁၀၆
၇၄။ သက်နှံးဝတ်ပေးနိုင်သူ	၁၀၇
၇၅။ ရှင်လောင်းကိုယ်တိုင်ဝတ်မှု	၁၀၇
၇၆။ သက်နှံးကပ် သက်နှံးတောင်းပေါ်လာပုံ	၁၀၈
၇၇။ ဆင်ခြင်ပြီးသက်နှံးဝတ်	၁၀၉
၇၈။ သရဏာဂုံပေးခြင်း	၁၀၉
၇၉။ သရဏာဂုံသုံးပါးပါဠိ	၁၁၂
၈၀။ ရှင်သာမဏေဖြစ်ချိန်	၁၁၃
၈၁။ သရဏာဂုံအရေးကြီး	၁၁၃
၈၂။ ပြင်းပြင်းရွတ်ရမည့်အကျရာများ	၁၁၄
၈၃။ နိဂ္ဂဟိတန္တပုဒ်ရွတ်နည်း (၂) မျိုး	၁၁၅
၈၄။ ဆယ်ပါးသီလပြောပြခြင်း	၁၁၇
၈၅။ ဆောက်တည်ဖွယ်မလို	၁၁၉
၈၆။ ဥပဇ္ဈာယ်ယူစေခြင်း	၁၂၀
၈၇။ ဥပဇ္ဈာယ်ယူခြင်း၊ ပေးခြင်း	၁၂၀
၈၈။ အာမ ဘန္တေ မလို	၁၂၀
၈၉။ ဥပဇ္ဈာယ်ဆရာ	၁၂၂
၉၀။ ဥပဇ္ဈာယ်အင်္ဂါ	၁၂၃

စဉ် အကြောင်းအရာ	စာမျက်နှာ
၉၁။ ရှင်ကျင့်ဝတ်	၁၂၄
၉၂။ အရိယာနတ်ပြဟ္မာတို့အမြင်	၁၂၆
၉၃။ ပထမကြွေးကြော်သံ	၁၂၆
၉၄။ ဒုတိယကြွေးကြော်သံ	၁၂၇
၉၅။ တတိယကြွေးကြော်သံ	၁၂၈
၉၆။ မြန်မာတို့ရှင်ပြုခြင်းဓလေ့	၁၂၈
၉၇။ ရည်ရွယ်ချက် (၃) ရပ်	၁၃၀
၉၈။ ရည်ရွယ်ချက်ဖော်ဆောင်	၁၃၄
၉၉။ ပရိကၠာစစ်တမ်း	၁၃၆
၁၀၀။ အသပ္ပါရိသဒါနမဖြစ်ရေး	၁၃၇
၁၀၁။ ကုလိုလ်တစ်ပဲ ငရဲတစ်ပိသာ	၁၃၉
၁၀၂။ သောက်ကျိုးနဲ့သောအလျှ	၁၄၀
၁၀၃။ ယမမင်းထံ အစစ်ခံသံပေါက်	၁၄၁

အခန်း (၃)

၁၀၄။ သီလရှင်ဝတ်ခြင်း	၁၄၃
၁၀၅။ သာသနာ့နွယ်ဝင် သီလရှင်	၁၄၄
၁၀၆။ အဝတ်နှင့်အရောင်	၁၄၄
၁၀၇။ သီလရှင်ဝတ်ပုံအစီအစဉ်	၁၄၇

စဉ် အကြောင်းအရာ	**စာမျက်နှာ**
၁၀၈။ သီလရှင်လောင်းများ ပြင်ဆင်ခြင်း	၁၄၈
၁၀၉။ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း	၁၄၈
၁၁၀။ ဆရာကြီးများထံအပ်နှံခြင်း	၁၅၅
၁၁၁။ သီလရှင်အဝတ်တောင်းခြင်း	၁၅၇
၁၁၂။ ဆံချခြင်း	၁၅၈
၁၁၃။ သီလရှင်အဝတ်ဝတ်ခြင်း	၁၅၈
၁၁၄။ သီလခံယူခြင်း	၁၅၈
၁၁၅။ ကိုးပါးသီလ	၁၆၂
၁၁၆။ သီလရှင်ကျင့်ဝတ်	၁၆၄
၁၁၇။ သီလရှင်သရုပ်	၁၆၅
၁၁၈။ သီလရှင်ကျင့်ဝတ်များ	၁၆၇
၁၁၉။ ခိုင်ခဲ့သော ဗုဒ္ဓဘာသာဝင်များ	၁၆၉
၁၂၀။ ကွက်လပ်ဖြည့်သူများ	၁၇၀

အခန်း (၄)

၁၂၁။ သာသနာ့တာဝန်ထမ်းဆောင်ခြင်း	၁၇၂
၁၂၂။ အဓိကပဓာနတာဝန်	၁၇၂
၁၂၃။ သာသနာ့တာဝန် (၂)မျိုး	၁၇၄
၁၂၄။ သာသနာ့ဝန်ထမ်းများ	၁၇၅

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၂၅။	ပရိယတ္တိ (၃) မျိုး	၁၇၆
၁၂၆။	ပရိယတ်မှ ပဋိပတ်သို့	၁၇၈
၁၂၇။	ပရိယတ်သမားကို မနှိမ်သင့်	၁၈၁
၁၂၈။	ဘုန်းကြီး ကိုးကွယ်ဟက်ရေး	၁၈၁
၁၂၉။	အဆိပ်ပင်ရေမလောင်းမိရေး	၁၈၄
၁၃၀။	ဝိနည်းလေးစားရေး	၁၈၇

အခန်း (၅)

၁၃၁။	သာသနာ့အမွေခံယူခြင်း	၁၈၉
၁၃၂။	သာသနာ့အမွေခံယူနည်း	၁၉၀
၁၃၃။	သာသနာ့အမွေခံဖြစ်ရကျိုး	၁၉၃
၁၃၄။	သူတစ်ပါးသား ရှင်ရဟန်းပြုပေးသူ	၁၉၃
၁၃၅။	အမွေခံကောင်း၊ အမွေခံဆိုး	၁၉၄
၁၃၆။	ရာဟုလာအား အမွေပေးခြင်း	၁၉၅
၁၃၇။	လောကုတ္တရဓမ္မအမွေအနှစ်သို့	၁၉၆
၁၃၈။	နိဂုံးစကား	၁၉၈
၁၃၉။	ရဟန်းခံခြင်း	၁၉၉
၁၄၀။	ရှင်ပြုခြင်း	၁၉၉
၁၄၁။	သီလရှင်ဝတ်ခြင်း	၂၀၀

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၄၂။	သာသနာ့တာဝန်ထမ်းဆောင်ခြင်း	၂၀၁
၁၄၃။	သာသနာ့အမွေခံယူခြင်း	၂၀၁
၁၄၄။	ကျမ်းကိုးစာရင်း	၂၀၃

နောက်ဆက်တွဲဝိနည်းဗဟုသုတ

၁၄၅။	အာဏာဒေသနာတော်	၂၀၅
၁၄၆။	အာပတ် (၇) မျိုး	၂၀၆
၁၄၇။	ပါရာဇိကသိက္ခာပုဒ် (၄) မျိုး	၂၀၉
၁၄၈။	ပထမပါရာဇိကသိက္ခာပုဒ်	၂၁၀
၁၄၉။	ဒုတိယပါရာဇိကသိက္ခာပုဒ်	၂၁၂
၁၅၀။	တတိယပါရာဇိကသိက္ခာပုဒ်	၂၁၅
၁၅၁။	စတုတ္ထပါရာဇိကသိက္ခာပုဒ်	၂၁၇
၁၅၂။	ပါရာဇိက ကုစားနည်း	၂၁၉
၁၅၃။	ရဟန်း အစစ် အတု	၂၂၁
၁၅၄။	သံဃာဒိသေသ်သိက္ခာပုဒ် (၁၃) ပါး	၂၂၂
၁၅၅။	ကုလဒူသန (၈) မျိုး	၂၂၆
၁၅၆။	သဒ္ဓါတရားပျက်ပုံ	၂၂၆
၁၅၇။	ပန်းစသည်စိုက်ပျိုးခြင်း ပေးခြင်း	၂၂၇

သာသနာ့အမွေခံ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၅၈။	ဆေးကုသမှု	၂၂၈
၁၅၉။	ပရိတ်ရေနှင့် ပရိတ်ချည်ပြုလုပ်ပေးမှု	၂၂၉
၁၆၀။	ဂါထာမန္တန်မန်းမှုတ်မှု အဆောင်ပေးမှု	၂၃၀
၁၆၁။	သတင်းစကားပို့ဆောင်မှု	၂၃၀
၁၆၂။	အနေသန (၂၁) မျိုး	၂၃၁
၁၆၃။	မိစ္ဆာဇီဝမှု	၂၃၄
၁၆၄။	ပဗ္ဗာဇနိယကံ ပြုသင့်သူ	၂၃၄
၁၆၅။	သံယာဒိသေသ်အာပတ်ကုစားနည်း	၂၃၆
၁၆၆။	ပရိဝါသ်ဆောက်တည်ခြင်း	၂၃၇
၁၆၇။	ဝတ်ကြားခြင်း	၂၃၈
၁၆၈။	ဝတ်ချထားခြင်း	၂၄၀
၁၆၉။	မာနတ်ကျင့်ခြင်း	၂၄၁
၁၇၀။	ပရိဝါသ်နှင့်မာနတ်ထူးခြားချက်	၂၄၂
၁၇၁။	အဇ္ဈာန်သွင်းခြင်း	၂၄၃
၁၇၂။	ကျန်အာပတ် (၅)မျိုး ကုစားနည်း	၂၄၄
၁၇၃။	ပါဠိဒေဃနိနှင့်ပါစိတ်	၂၄၄
၁၇၄။	နိဿဂ္ဂိပါစိတ်	၂၄၅
၁၇၅။	ရွှေငွေခံယူမှု	၂၄၅
၁၇၆။	နိဿဂ္ဂိရွှေငွေကိုစွန့်ပုံ	၂၄၇

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၇၇။	ခံယူသူအတွက် အပြစ်အဆက်ဆက်	၂၄၈
၁၇၈။	စွန့်ရခြင်းအကျိုး	၂၄၈
၁၇၉။	ကပ္ပိယကာရက	၂၄၉
၁၈၀။	အကပ္ပိယဝတ္ထုများ	၂၅၀
၁၈၁။	ကပ္ပိယတစ်ကျိပ်	၂၅၁
၁၈၂။	ငွေနှင့်စပ်၍ အချုပ်မှတ်ဖွယ်	၂၅၄
၁၈၃။	အတူယူဖွယ်ကျင့်သုံးနည်း	၂၅၆
၁၈၄။	သတိပြုဖွယ် ဖိတ်မန်မှုများ	၂၅၆
၁၈၅။	ဒေသနာပြောကြားခြင်း	၂၅၈
၁၈၆။	ရဟန်းငယ်ကပြောပုံ	၂၅၉
၁၈၇။	ရဟန်းကြီးကပြောပုံ	၂၆၀
၁၈၈။	ရဟန်းငယ်ကထပ်ပြောပုံ	၂၆၂
၁၈၉။	သဘာဂအာပတ်ကြောင့်ထပ်ပြောရ	၂၆၃
၁၉၀။	၂၂၇-သွယ်သိက္ခာပုဒ်	၂၆၄
၁၉၁။	၂၂၇-သွယ်သရုပ်	၂၆၄
၁၉၂။	အနိယတသေခဒိယနှင့်သမထ	၂၆၅
၁၉၃။	လူဝတ်ဖြင့်နေသော်လည်း ရဟန်းပင် သိက္ခာချခြင်း	၂၆၆
၁၉၄။	အဂ်ါခြောက်ပါး	၂၆၇

စဉ် အကြောင်းအရာ	စာမျက်နှာ
၁၉၅။ အဂ်ါစုံမှသိက္ခာကျ	၂၆၈
၁၉၆။ သိက္ခာမကျလျှင် ပါရာဇိကကျတက်	၂၇၀
၁၉၇။ ပရိသုဒ္ဓပြုခြင်း	၂၇၁
၁၉၈။ ထေနက (၃) မျိုး	၂၈၂
၁၉၉။ ထေခိုးခြင်း	၂၇၂
၂၀၀။ လိင်ခိုးခြင်း	၂၇၃
၂၀၁။ ကြီးမားသောသာသနာ့အန္တရာယ်	၂၇၄
၂၀၂။ သိမ်မအောင်ခြင်း	၂၇၆
သာမဏေများပြစ်ဒဏ်	
၂၀၃။ ပြစ်ဒဏ် (၂) မျိုး	၂၇၇
၂၀၄။ လိင်ကျခြင်း	၂၇၇
၂၀၅။ ပြစ်မှု (၁၀) မျိုး	၂၇၈
၂၀၆။ လိင်ကျသူအတွက်ကျင့်သုံးနည်း	၂၇၉
၂၀၇။ အပြဟွေစရိယနှင့် ဘိက္ခုနီဒူသန	၂၈၀
၂၀၈။ ဒဏ်ထိုက်ခြင်း	၂၈၀
၂၀၉။ ဒဏ်ထိုက်သောပြစ်မှုများ	၂၈၁
၂၁၀။ သာမဏေများသတိထားဖွယ်	၂၈၁
၂၁၁။ သီလဝိသုဒ္ဓိ	၂၈၃
၂၁၂။ စတုပါရိသုဒ္ဓိသီလ	၂၈၃

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၁၃။	ပါတိမောက္ခသံဝရသီလ	၂၈၄
၂၁၄။	ဣန္ဒြိယသံဝရသီလ	၂၈၅
၂၁၅။	အာဇီဝပါရိသုဒ္ဓိသီလ	၂၈၅
၂၁၆။	ပစ္စယသန္နိဿိတသီလ	၂၈၆
၂၁၇။	စတုပါရိသုဒ္ဓိလုံခြုံရေး	၂၈၈။

ဂါရုဝမင်္ဂလာ

နမော ဗုဒ္ဓဿ

သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီး သဗ္ဗညုရှင်တော်မြတ် ဘုရားအား ကာယဝစီ မနောချီလျက် သုံးလီပဏာမ ဂါရဝဖြင့် ထာဝရရိုကျိုး ရှိခိုးကန်တော့ပါ၏။

နမော ဓမ္မဿ

မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်ပရိယတ်တရားတော်မြတ်အား ကာယဝစီ မနောချီလျက် သုံးလီပဏာမ ဂါရဝဖြင့် ထာဝရရိုကျိုး ရှိခိုးကန်တော့ပါ၏။

နမော သံဃဿ

ဘုရားလက်ထက် အဆက်ဆက်မှ မပျက်ရအောင် သာသနာ့ဝန် **အားသွန်ကြိုးပမ်း** ထမ်းရွက်ဘိတောင်း

ထေရ်သံယာအပေါင်းအား ကာယဝစီ မနောချီလျက် သုံးလီပဏာမ ဂါရဝဖြင့် ထာဝရရိုကျိုး ရှိခိုးကန်တော့ပါ၏။

နမော မာတာပိတူနံ

ဤဘဝခန္ဓာ ရသောခါမှ ယနေ့ကျအောင် အစအဦး ပကတူးဖြင့် ကျေးဇူးကြီးမား မိဘနှစ်ပါးတို့အား ကာယဝစီ မနောချီလျက် သုံးလီပဏာမ ဂါရဝဖြင့် ထာရဝရိုကျိုး ရှိခိုးကန်တော့ပါ၏။

နမော အာစရိယသ

အခြေပါဒ သင်ဦးစမှ ယနေ့ကျအောင် တနသေချာ သင်ပေးလာသည့် သင်ဆရာ မြင်ဆရာ ကြားဆရာစုံလင် မြတ်ဆရာ အရှင်အား ကာယဝစီ မနောချီလျက် သုံးလီပဏာမ ဂါရဝဖြင့် ထာဝရရိုကျိုး ရှိခိုးကန်တော့ပါ၏။

သာသနာ့အမွေခံ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အခန်း (၁)
ရဟန်းခံခြင်း

သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ၊ စာပလွေခင်း၊ ပဉ္စင်းတော်ခံ၊ စာရေးတံနှင့်၊ မြစ်ယံပွဲကြီး၊ ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း၊ မြင်းခင်းထွက်ဝင်၊ သဘင်မီးဖုံး၊ ဂူလုံ့သဲပုံ့ စေ့စုံစီလျှဉ်၊ ဤသို့ယှဉ်သား၊ လစဉ်အမြဲ၊ ဆယ့်နှစ်ပွဲကို။

(လက်ဝဲသုန္ဒရ)

ပဉ္စင်းခံပွဲစတင်ရာခေတ်

မြန်မာနိုင်ငံတွင် ရှေးက မြန်မာဘုရင်းများသည် ဝါဆိုလဒ္ဒ ပဉ္စင်းခံ ရှင်ပြုပွဲတော်ကြီးကို ကြီးကျယ်ခမ်းနားစွာ ခြိမ့်ခြိမ့်သဲမျှ ကျင်းပခဲ့ကြသည်။ ထို့ကြောင့် မြန်မာ့ ဆယ့်နှစ်လ

ရာသီ ပွဲတော်များတွင် ဝါဆိုလ ပဋ္ဌင်းခံပွဲတော်တစ်ခု ပါဝင်လျက်ရှိ၏။ ထိုပွဲတော် ကျင်းပခဲ့သည်မှာ အချိန်ကာလ ကြာညောင်းခဲ့ပြီဖြစ်၍ မည်သည့်ခေတ်၊ မည်သည့်ဘုရင်လက်ထက်မှ စတင်ခဲ့သည်ဟု အတိအကျ မဆိုနိုင်သော်လည်း-

> 'ကထိန်သက်နန်း၊ ရဟန်းရှင်ပြု၊ ကျွတ်ဆုရည်ငံ၊ ပဋ္ဌင်းခံလျက်၊ ငှက်ပျံဖြုန်းဖြုန်း၊ တန်ဆောင်မုန်းဌ၊ မီးဖုန်းမကျန်၊ သင်္ကြန်မမေ့၊ စေ့မြေ့လျှုဒါန်း၊ ညောင်ရေသွန်းလျက်'

ဟူသော နေမိုင်ရဲခန်းပို့ (သက္ကရာဇ် ၉၀၀ အရှင်အဂ္ဂသမာဓိ) အဆိုအရ ပထမအင်းဝခေတ်၌ ပဋ္ဌင်းခံ ရှင်ပြုပွဲတော် ရှိနေပြီဟု သိနိုင်ပေသည်။

ဝါဆိုလနှင့်ပဋ္ဌင်းခံပွဲ

ဝါဆိုလပြည့်နေ့သည် ဤသာသနာတော်တွင် **ပထမ**ဆုံး ရဟန်းဖြစ်လာသော ပဉ္စဝဂ္ဂိဝါးဦးဝင် အရှင်ကောဏ္ဍညမထေရ် ဗေဟိဘိက္ခုရဟန်း ဖြစ်သည့်နေ့ ဖြစ်ခြင်း၊ ရဟန်းခံ ရှင်ပြုပြီးသည်နှင့် တစ်ပြိုင်နက် ဝါဆိုရန် အဆင်သင့်ဖြစ်ခြင်း၊ နယုန်လစာတော်ပြန်ပွဲ အောင်မြင်သူများကို ပဋ္ဌင်းခံ ရှင်ပြုရန်

အဆင်ပြေခြင်းစသော အကြောင်းတို့ကြောင့် ဝါဆိုလဋ္ဌ ပဋ္ဌင်းခံ ရှင်ပြုပွဲတော် ကျင်းပခဲ့ခြင်း ဖြစ်နိုင်ပေသည်။

ရှေးခေတ်က နယုန်လ စာတော်ပြန်ပွဲ၌ စာအောင် ပုဂ္ဂိုလ်များကိုသာ ပဋ္ဌင်းခံ ရှင်ပြုပေးလေ့ရှိသော်လည်း နောက်ပိုင်းခေတ်တွင် ဆင်းရဲနွမ်းပါးသူများထဲမှ သင့်လျော်သူများကို ပါ ပဋ္ဌင်းလောင်း၊ ရှင်လောင်းများ အဖြစ် ရွေးချယ်၍ ငါးရာတစ်ထောင် စသည်ဖြင့် များပြားစွာ ပဋ္ဌင်းခံ ရှင်ပြုပေးလာခဲ့ကြသည်။ ဝါဆိုလဆန်း (ဝါထပ်လျှင်) ဒုတိယဝါဆိုလဆန်း (၁၄) ရက်၊ (၁၅) ရက်နေ့များတွင် ပွဲတော်တစ်ခု အနေဖြင့် ခြိမ့်ခြိမ့်သဲမျှ ဆင်နွဲကျင်းပလေ့ရှိကြသည်။

မျက်မှောက်ခေတ်ရဟန်းခံပွဲ

ယနေ့ မျက်မှောက်ခေတ်၌ကား ရဟန်းခံရှင်ပြုပွဲများကို ဝါဆိုလဋ္ဌ ကျင်းပပြုလုပ်မှုနည်းပါးပြီး ရာသီဥတုကောင်းမွန်သည့် နွေရာသီ၊ ကလေးသူငယ်များ အားလပ်သည့် ကျောင်းပိတ်ရက်များ၌ ပြုလုပ်ကျင်းပလေ့ ရှိကြသည်။ ယနေ့ခေတ်သည် ရုံးဌာနအလိုက်၊ လုပ်ငန်းဌာနအလိုက်၊

အသင်းအဖွဲ့အလိုက်၊ ကျောင်းအလိုက်၊ ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် စုပေါင်း ရဟန်းခံ ရှင်ပြု သီလရှင်ဝတ်ပွဲများ ဆင်နွှဲကျင်းပနေသော ခေတ်ဖြစ်၍ တစ်နှစ်တစ်နှစ် ဒုလ္လဘ ရဟန်းဝတ်သူ၊ ရှင်သာမဏေဝတ်သူ၊ သီလရှင်ဝတ်သူ အရေအတွက်မှာလည်း မနည်းလှပေ။

ရဟန်းခံနှင့်ပဉ္စင်းခံ

အရဟန္တမှ၊ တစ်နည်း ပုဂံခေတ်က ရှင်အရဟံမှ ရဟံ၊ ယင်းမှ အဆင့်ဆင့် ပြောင်းလဲကာ "ရဟန်း" ဟူသော ဝေါဟာရ ဖြစ်လာသည်။ ရဟန်းအဖြစ် ခံယူမှုကို "ရဟန်းခံ" ဟု ခေါ်သည်။

ဥပသမ္ပဒါ ဥပသမ္ပန္နမှ ဥပသမ်း၊ သီဟိုဠ်သံဖြင့် ဥပစမ်း၊ ယင်းမှ အဆင့်ဆင့် ပြောင်းလဲကာ ဦးပဉ္စင်း၊ ဦးဖြုတ်၍ ပဉ္စင်းဟူသော ဝေါဟာရဖြစ်လာသည်။ တစ်နည်း ရဟန်းအဖြစ်ရရန် လိုအပ်သော အင်္ဂါငါးပါးပြ ပဉ္စင်္ဂမှ ပဉ္စင်းဟူသော ဝေါဟာရဖြစ်လာသည်။ ပဉ္စင်းအဖြစ် ခံယူမှုကို ပဉ္စင်းခံဟု ခေါ်သည်။

ရဟန်း (၈) မျိုး

သာသနာ့ဝန်ထမ်း ရဟန်းဘဝနှင့် စပ်လျဉ်း၍ ရဟန်းရှစ်မျိုးရှိကြောင်း ဦးစွာ သိအပ်၏။

(၁) ဧဟိဘိက္ခုပသမ္ပဒါ= ဗုဒ္ဓ က "ရဟန်းလာလော့" ဟု ခေါ်ကာမျှဖြင့်ဖြစ်လာသော ရဟန်း (အရှင်ကောဏ္ဍည စသည်)။

(၂) သရဏာဂမနူပသမ္ပဒါ = သရဏာကုံ ဆောက်တည်ကာမျှဖြင့် ဖြစ်လာသော ရဟန်း (ဘုရားဖြစ်ခါစ ရှေ့ပိုင်း ရဟန်းများ)။

(၃) ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ = ဗုဒ္ဓ၏ ဩဝါဒကို ခံယူကာမျှဖြင့် ဖြစ်လာသောရဟန်း (အရှင်မဟာကဿပ)။

(၄) ပဉ္ဘာဗျာကရဏူပသမ္ပဒါ = ပြဿနာဖြေဆိုကာမျှဖြင့် ဖြစ်လာသော ရဟန်း (အရှင်သောပါက)။

(၅) အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ = ဂရုခံရှစ်ပါး ခံယူကာမျှဖြင့် ဖြစ်လာသောရဟန်း (အရှင်မ မဟာပဇာပတိ ဂေါတမီ)။

(၆) ဒူတေနူပသမ္ပဒါ = တစ်ဆင့်ခံ တမန်ဖြင့် ဖြစ်လာသော ရဟန်း (အရှင်မ အမုကာသီ)။

(၇) အဌဝါစိကူပသမ္ဘဒါ = ရဟန်း၊ ရဟန်းမ နှစ်ဖက် သံဃာ မှ ဥ တ္တိစတုတ္ထက် နှစ်မျိုးဖြင့် ဖြစ်လာသော ရဟန်း (အခြားရဟန်းမများ)၊

(၈) ဥ တ္တိစတုတ္ထကမ္မူပသမ္ဘဒါ = ဥ တ္တိစတုတ္ထကံဖြင့် ဖြစ်လာသော ရဟန်း (အရှင်ရာဓ မှစ၍ မျက်မှောက် ခေတ်အထိ ရဟန်းများ)၊

ထိုရဟန်း (၈) မျိုးတို့တွင် (၁) (၃) (၄) (၅) (၆) တို့သည် ဗုဒ္ဓကိုယ်တော်တိုင် ရဟန်းပြုပေးသော ရဟန်းအမျိုးအစား များဖြစ်ကြသည်။ (၇) သည် ဗုဒ္ဓလက်ထက်တော်မှစ၍ ဘိက္ခုနီသာသနာ မကွယ်မီ အချိန်ထိ ရှိသော ဘိက္ခုနီ (ရဟန်းမ) အမျိုးအစား ဖြစ်သည်။ (၂) သည် ဗုဒ္ဓမြတ်စွာ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့ ဘုရားအဖြစ် သို့ ရောက်တော်မူပြီးချိန်မှစ၍ ထိုနှစ် တပေါင်း လလောက် (အရှင်ရာဓ ရဟန်းမပြုမီအချိန်) အထိ ခွင့်ပြုအပ်သော ရဟန်း အမျိုးအစားဖြစ်သည်။ (၈) သည် အရှင်ရာဓ ရဟန်းပြုချိန်မှ စ၍ ယနေ့အထိ တည်ရှိနေသော ရဟန်းအမျိုးအစားဖြစ်၏။ သို့ဖြစ်၍ ဗုဒ္ဓမြတ်စွာသည် အများစု ရဟန်းများကို ဘုရား ဖြစ်ခါစ ရှေ့ပိုင်း၌ သရဏာဂုံ သုံးပါးဖြင့် ရဟန်းပြုခွင့်ပေး၍

နောက်ပိုင်း၌ ဥ တ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းပြုခွင့် ပေးခဲ့ကြောင်း သိနိုင်ပေသည်။

သရဏဂုံမှ ဥ တ္တိစတုတ္ထကံသို့

ဗုဒ္ဓမြတ်စွာသည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ပထမ ဝါကျွတ်တော် မူပြီးသောဒေါ်ခါ ရဟန္တာမထေရ်ခြောက်ကျိပ်ကို ထိုထိုအရပ်သို့ သာသနာပြု စေလွှတ်တော်မူ၏။ ရောက်လေရာရာ ထိုထိုအရပ်မှ ရှင်ရဟန်းပြုလိုသောရှင်လောင်း၊ ရဟန်းလောင်းများကို ရဟန္တာမထေရ်ကြီးများက ဗုဒ္ဓမြတ်စွာရှိရာ မိဂဒါဝုန်တော စသည်သို့ခေါ်တော်မူလာကြ၏။ ဗုဒ္ဓမြတ်စွာက ရှင်ပြုလိုသူများကို သရဏဂုံသုံးပါးဖြင့် ရှင်ပြုပေးတော်မူပြီး ရဟန်းပြုလိုသူများကိုလည်း ထိုပုဂ္ဂိုလ်များ အခြေအနေကို ကြည့်၍ ဧဟိဘိက္ခုရဟန်းအဖြစ် မရနိုင်သူဖြစ်လျှင် သရဏဂုံသုံးပါးဖြင့်ပင် ရဟန်းပြုပေးတော်မူ၏။

ဤသို့လာခဲ့ရာမှ ရက်ပေါင်းအတော်လေး ရလာသောအခါ ဗုဒ္ဓမြတ်စွာသည် "ဒီလိုသာသနာပြုတဲ့ နေရာကပေါ်ပေါက်လာတိုင်းသော ရှင်လောင်း၊ ရဟန်းလောင်းများကို ငါဘုရားထံ ခေါ်ခေါ်လာကြရင် ရှင်လောင်း၊ ရဟန်းလောင်း

များလည်း ပင်ပန်းတယ်။ သာသနာပြု ကိုယ်တော်များလည်း ပင်ပန်းတယ်။ ဒီတော့ ရောက်ရာအရပ်မှာ ရဟန်းများကိုယ်တိုင် သရဏာဂုံဖြင့် ရှင်ရဟန်းပြုပေးဖို့ရန် ခွင့်ပြုမှပဲ" ဟု အကြံတော်ဖြစ်ပြီး ရဟန်းများ ကိုယ်တိုင် ရှင်လောင်း၊ ရဟန်းလောင်းများကို သရဏာဂုံဖြင့် ရှင်ရဟန်းပြုပေးရန် ခွင့်ပြုတော်မူလေ၏။

ထိုအချိန်က သရဏာဂုံ သုံးပါးကို ဌာန်ကရိုဏ်း ပီပီသသဖြင့် ဆရာတပည့် နှစ်ဦးလုံး ရွတ်ဆိုနိုင်လျှင် ရှင်ပြုလိုသူသည် ရှင်ဖြစ်၍ ရဟန်းပြုလိုသူလည်း ရဟန်းဖြစ်လေ၏။ ရှင်ပြုမှု၊ ရဟန်းပြုမှု နှစ်မျိုးလုံး သရဏာဂုံသုံးပါးဖြင့် ပြီးမြောက်၏။ ဤနည်းဖြင့် ရဟန်းဖြစ်လာသူကို ရှေ့ဦးပြုခဲ့သော ရဟန်းရှစ်မျိုးတွင် အမှတ် (၂) သရဏာဂမနူပသမ္ပဒါ ရဟန်းဟု ခေါ်၏။

ဤသို့ဖြင့် ရဟန်းများကိုယ်တိုင် သရဏာဂုံဖြင့် ရဟန်းခံပေးခဲ့ကြရာမှ ထိုနှစ် တပို့တွဲ၊ တပေါင်းလလောက် ရောက်သောအခါ ရာဇဂြိုဟ်မှ ရာဓအမည်ရှိသော ပုဏ္ဏားကို ရဟန်းခံပေးရန် အကြောင်းပေါ်လာရာ ဗုဒ္ဓမြတ်စွာသည် သရဏာဂုံဖြင့် ရဟန်းခံပေးမှုကို ရုပ်သိမ်းတော်မူပြီး ဥ တို

စတုတ္ထက် (ဥ တ္တိစတုတ္ထကမ္မဝါစာ) ဖြင့် ရဟန်းခံပေးရန် ဝိနည်းဥပဒေတစ်ရပ် ချမှတ်တော်မူလေသည်။

(ဝိ-၃၊ ၇၀။ ဝိ၊ ၌- ၃။ ၂၆၄)။

ဤသို့လျှင် အရှင်ရာဓ ရဟန်းပြုချိန်မှစ၍ ဥ တ္တိ-စတုတ္ထက်ဖြင့် ရဟန်းခံခဲ့ရာ ယနေ့အထိ ဖြစ်၏။ ဤနည်းဖြင့် ရဟန်းဖြစ်လာသူကို ရှေ့၌ပြခဲ့သော ရဟန်းရှစ်မျိုးတွင် အမှတ် (၈) ဥ တ္တိစတုတ္ထကမ္မဥပသမ္ပဒါရဟန်းဟု ခေါ်၏။ ယနေ့ မျက်မှောက်ခေတ် သာသနာတော်၌ ဥ တ္တိစတုတ္ထက်ဖြင့်သာ ရဟန်းဖြစ်ခွင့်ရှိတော့၏။ (၀၊) ဥ တ္တိစတုတ္ထကမ္မဥပသမ္ပဒါရဟန်း အမျိုးအစားသာ ရှိတော့၏။

ရဟန်းဖြစ်ရန်အင်္ဂါ (၅) တန်

ရဟန်းတစ်ပါး ဖြစ်မြောက်ရေးအတွက် ဥ တ္တိ-စတုတ္ထက်ကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရ၏။ ယင်းသို့ ဥ တ္တိစတုတ္ထက် အောင်မြင်ရန် အင်္ဂါ (၅) ပါး ညီညွတ် ပြည့်စုံရ၏။ အင်္ဂါ (၅) ပါးမှာ -

(၁) ဝတ္ထုသမ္ပတ္တိ = ရဟန်းလောင်း၏ ပြည့်စုံမှု၊

(၂) ဥ တ္တိသမ္ပတ္တိ = ဥ တ် (ကမ္မဝါစာနိဒါန်း) ၏ ပြည့်စုံမှု၊
(၃) အနုသာဝနသမ္ပတ္တိ = ကမ္မဝါစာ၏ ပြည့်စုံမှု၊
(၄) သီမာသမ္ပတ္တိ = သိမ်၏ ပြည့်စုံမှု၊
(၅) ပရိသာသမ္ပတ္တိ = ပရိသတ် (ရဟန်းခံပေးမည့် သံဃာ) ၏ ပြည့်စုံမှုတို့တည်း။

ယင်းအဂါ (၅) ပါး ညီညွတ်ပြည့်စုံမှ ဥ တ္တိစတုတ္ထကံ အောင်မြင်၍ ရဟန်းဖြစ်နိုင်၏။ ထို့ကြောင့် 'သိက္ခာတင်ပဋ္ဌာန်' ဟု ဆရာတို့ ဆိုကြသည်။ (ကခ်ီအဋ္ဌကထာ- ၁၀၄)။

ဝတ္ထုသမ္ပတ္တိ

ရဟန်းခံမှု လုပ်ငန်းသည် ရဟန်းလောင်းအပေါ် မူတည်၍ ဖြစ်လေရာ ယင်းရဟန်းလောင်းကို ရဟန်းခံမှု လုပ်ငန်း၏ တည်ရာ ဖြစ်သောကြောင့် ဝတ္ထုဟုခေါ်သည်။

ယင်းဝတ္ထုအရ ရဟန်းလောင်းသည် အသက် (၂၀) ပြည့်သူဖြစ်ခြင်း၊ ပါရာဇိက ကျဖူးသူမဟုတ်ခြင်း၊ ယောက်ျား စစ်ဖြစ်ခြင်း၊ ရဟန်းတို့၏ အသွင်နှင့် ပေါင်းသင်းဆက်ဆံမှုကို ခိုးခြင်း (ရဟန်းယောင်ဆောင်ခြင်း) ဟူသော ထေယျသံဝါ-

သက ပုဂ္ဂိုလ်မျိုး မဟုတ်ခြင်း၊ တိတ္ထိ (မိစ္ဆာဒိဋ္ဌိအယူရှိသူ) မဟုတ်ခြင်း၊ လူသားစစ်ဖြစ်ခြင်း၊ ပဏ္ဍာနန္ဒရိယကံကြီးငါးမျိုး ကျူးလွန်ဖူးသူ မဟုတ်ခြင်း၊ ရဟန်းမကို ဖျက်ဆီးဖူးသူ မဟုတ်ခြင်းဟူသော အဂ်ါတို့နှင့် ညီညွတ်သူဖြစ်ရ၏။

ဥ တို၊ အနုသယာဝနသမ္ပတ္တိ

ဥတ္တာ်အနုသယာဝနတ့်အရ ကံဆောင်သံယာတော် များက ဥတ်ကမ္မဝါစာကို သိထိလ, ဓနိတ စသည် ဗျဥ္ဇနဗုဒ္ဓိ (၁၀) ပါး၊ ဌာန်၊ ကရိုဏ်း၊ ပယတ်တို့နှင့်အညီ မှန်မှန်ကန်ကန် ရွတ်ဖတ်နိုင်ကြရ၏။ ယင်းသို့ ရွတ်ဖတ်နိုင်မှ ဥ တို့သမ္ပတ္တိ၊ အနုသယာဝန သမ္ပတ္တိဖြစ်၏။ (ဗျဥ္ဇနဗုဒ္ဓိ စသည်အကြောင်း နောက်၌ အကျယ်ပြမည်)။

သီမာသမ္ပတ္တိ

နယ်ပယ် အပိုင်းအခြားကို "သိမ်" ဟုခေါ်သည်။ ယင်းသိမ်သည်-

(၁) ဗဒ္ဓသိမ် = ရဟန်းတော်များက ကမ္မဝါစာဖြင့် ဖွဲ့စပ်သမုတ်ထားသောသိမ် (ဘုန်းတော်ကြီးကျောင်းများ၌တွေ့ရသော အများစု သိမ်များ)။

(၂) အဗဒ္ဓသိမ် = ကမ္မဝါစာဖြင့် မသမုတ်ရဘဲ အလိုအလျောက် သိမ်ဖြစ်နေသောသိမ် (ရေသိမ်စသည်) အားဖြင့် နှစ်မျိုးရှိသည်။ မည်သည့် သိမ်မျိုးပင်ဖြစ်စေ ရဟန်းခံရာသိမ်သည် သိမ်အဂ်ါလက္ခဏာနှင့် ညီညွတ်သော သိမ်ကောင်းဖြစ်ရ၏။

ပရိသာသမ္ဘတ္တိ

ဗုဒ္ဓမြတ်စွာသည် သံဃာညီညွတ်ရေးကို အမြဲ ဦးစားပေးတော်မူ၏။ သံဃာ့ကံများ ဆောင်ရွက်ရာ၌ ကာယသာ-မဂ္ဂိ၊ စိတ္တသာမဂ္ဂိ (စိတ်တူကိုယ်မျှ) ဖြစ်စေရန် ညွှန်ကြားတော်မူ၏။ ညီညွတ်ရေးကို ရှေးရှုပြီး ရဟန်းခံကိစ္စ၌ ပရိသတ်၏ ပြည့်စုံမှုကို အဂ်ါရပ်တစ်ခုအဖြစ် သတ်မှတ်တော်မူခဲ့သည်။ ရဟန်းခံကိစ္စတွင် ပါဝင် ဆောင်ရွက်သော သံဃာ့ပရိသတ်ကို ဤအရာ၌ ပရိသတ်ဟု ဆိုရသည်။ သံဃာညီညွတ်ရေး

ဟူသော ပရိသတ်၏ ပြည့်စုံမှု (ပရိသာသမ္ပတ္တိ) ဖြစ်ရန် အင်္ဂါ (၃) ရပ် လိုအပ်၏။ ယင်းတို့မှာ-

(၁) ရဟန်းခံကိစ္စ ဆောင်ရွက်ရာ အစည်းအဝေးဌာန (သိမ်ထဲ) သို့ လုံလောက်သော သံဃာအရေအတွက် ပါဝင်တက်ရောက်ခြင်း၊

(၂) အစည်းအဝေး တက်ရောက်ခွင့်ရှိလျက် မတက်ရောက်နိုင်သော သံဃာများ၏ သဘောတူကြောင်း ဆန္ဒကို ရယူခြင်း၊

(၃) အစည်းအဝေး တက်ရောက်သော သံဃာများတွင် တစ်ပါးပါးမျှ ကန့်ကွက်မှု မရှိခြင်းတို့တည်း။

ယင်းသုံးပါးတွင် အမှတ် (၁) အရ ဤရဟန်းခံကိစ္စအတွက် မဇ္ဈိမဒေသမဟုတ်သော မြန်မာနိုင်ငံစသည် နိုင်ငံမျိုး၌ အနည်းဆုံး ရဟန်းစစ် ရဟန်းမှန် ငါးပါး ပါဝင်တက်ရောက်ရ၏။ မဇ္ဈိမဒေသ (ဗုဒ္ဓပွင့်ရာဒေသ) ဖြစ်လျှင် အနည်းဆုံး ရဟန်းစစ် ရဟန်းမှန် ဆယ်ပါး ပါဝင်တက်ရောက်ရန် လိုအပ်၏။

ဂါမခေတ်ခေါ် ရွာအပိုင်းအခြား တစ်ခုလုံး သိမ်ဖြစ်နေသော ဂါမသိမ်စသည် (အလွန်ကျယ်ဝန်းသည့်သိမ်)

မျိုးတွင် ကံဆောင်ရာ၌သာ အမှတ် (၂) အဂ်ါအရ ယင်းဂါမ ခေတ်အတွင်းရှိ မတက်ရောက်နိုင်သော သံယာများ၏ သဘောတူကြောင်း ဆန္ဒကို ရယူရန် လိုအပ်၍ ယခုခေတ် အများစု ရဟန်းခံရာ ဘုန်းတော်ကြီးကျောင်းသိမ်များ၌ ဆန္ဒယူရန် မလိုအပ်ပေ။

ရဟန်းခံကိစ္စ ဆောင်ရွက်ရာ အစည်းအဝေး ၄၅နေ (သိမ်ထဲ) ရှိ ကံဆောင် သံယာများတွင် တစ်ပါးပါးကမျှ ကန့်ကွက်မှုမရှိလျှင် အမှတ် (၃) အဂ်ါနှင့်ညီညွတ်၍ ရဟန်းကိစ္စ အောင်မြင်တော့၏။

ရာနှုန်းပြည့်ထောက်ခံမှုဖြင့် အတည်ပြု

ထိုထိုအစည်းအဝေးတို့၌ အစည်းအဝေးတက်သူ ထက်ဝက်သော် လည်းကောင်း၊ ထက်ဝက်ကျော်သော်လည်း ကောင်း ကန့်ကွက်မှသာ ကန့်ကွက်မှုထမြောက်သော်လည်း သံယာတော်များ ကံကြီး၊ ကံငယ် ဆောင်ရွက်ရာ အစည်း အဝေးတို့၌ကား သိမ်တွင်းရှိ ထိုအစည်းအဝေး၌ ပါဝင်သော သံယာတစ်ပါးပါးက ကန့်ကွက်ရုံမျှဖြင့် ကန့်ကွက်မှု ထမြောက်၍ ကံပျက်တော့သည်။ ထို့ကြောင့် ရဟန်းခံမှု အစည်းအဝေး

၌ ပါဝင်တက်ရောက်သော သံယာအားလုံး၏ ရာနှုန်းပြည့် ထောက်ခံမှုဖြင့်သာ ရဟန်းအဖြစ် အတည်ဖြစ်နိုင်သည်။
(ကခ်ီ- ၁၁၃)။

ကံပြုထိုက်သူ၊ ဥက္ခိတ္တကစသော သံဝါသမရှိသူ၊ စိတ်ပျံ့လွင့်နေသောအရှု၊ ဒုက္ခဝေဒနာ အပြင်းအထန်နှိပ်စက်ခံနေရသူ၊ ဤရဟန်းများ ကန့်ကွက်ပိုင်ခွင့် မရှိကြ။ ထိုသူများ အနေဖြင့် ကန့်ကွက်သော်လည်း ကန့်ကွက်ရာမရောက်၊ ကံမပျက်။ တစ်သိမ်တည်း၌ တည်၍ တူသော သံဝါသရှိသော ပကတတ်ရဟန်းများသာ ကန့်ကွက်ပိုင်ခွင့် ရှိကြသည်။
(ဝိ- ၂။ ၄၄၃၊ ခုဒ္ဒသိက္ခာ - ၂၀၆)။

ကန့်ကွက်ပုံကန့်ကွက်နည်း

မတရား အဓမ္မ ကံပြုနေလျှင် အသက်အန္တရာယ်၊ ဗြဟ္မစရိယ အန္တရာယ်မရှိက ထိုကံကို မိမိတို့ သဘောမတူကြောင်း အတိအလင်း ပြောပြ၍ ကန့်ကွက်ရမည်။ အန္တရာယ်ရှိက ကိုယ့်ဖက်သားလည်း နှစ်ပါးသုံးပါးသာရှိလျှင်

'ဤကံကို ငါတို့သဘောမတူ' ဟု ကိုယ့်ဖက်သား အချင်းချင်း တီးတိုးစကား ပြောကြားကာ ကိုယ့်အယူအဆကို ထင်စွာ ပြုရမည်။ သဘောလည်းမတူ၊ အနှစ်ရာယ်လည်းရှိ၊ ကိုယ် တစ်ပါးတည်းလည်းဖြစ်က 'ငါတော့ ဤကံကို သဘောမတူ' ဟု စိတ်ထဲ၌သာ ဆောက်တည်ထားရမည်။ (၀ိ- ၃၊ ၄၄၃)။

ကန့်ကွက်ရာ၌ ဤကံကို မပြုကြပါနှင့်ဟူ၍ လည်း ကောင်း၊ ပြု၍မတော်ဟူ၍ လည်းကောင်း၊ ပြုသည်ကို ငါတို့ မကြိုက်၊ သဘောမကျ ဟူ၍လည်းကောင်း၊ ကမ္မဝါစာဖတ်ပုံ ကို သဘောမကျဟူ၍လည်းကောင်း ဤသို့ စသည်ဖြင့် ကန့်ကွက်ရသည်။ ကဲ့ရဲ့ပြစ်တင် ပြောဆိုခြင်း၊ အမျှားကြီ အောင်ပင် မပြောသော်လည်း မိမိအနီးရှိ တစ်ပါးပါးအား တီးတိုးပြောဆိုခြင်းတို့ဖြင့်လည်း ကန့်ကွက်မှု မြောက်နိုင်သည်။ ထိုကန့်ကွက်မှုနှင့် တိုက်ဆိုင်မိသော ဥ တ်ကမ္မဝါစာ အကြိမ် ပျက်၏။ ဆုံးအောင် ဖတ်သွားသော်လည်း ကံမမြောက်နိုင် တော့၍ ကန့်ကွက်ခံရသော နေရာ၌ ရပ်တန့်၍ ကန့်ကွက် သူနှင့် ပြေလည်ငြိမ်းအေးမှု ရယူပြီးမှ သုဏာတူ မေ- စသည်ဖြင့် အစမှပြန်၍ ဖတ်ရသည်။

ကြိုတင်သတိပေးထားသင့်

နှစ်ပါးသုံးပါး ကမ္မဝါစာဖတ်ကြရာ၌ တစ်ပါးပါးက နောက်ကျနေ၍လည်းကောင်း၊ စာပျောက်နေ၍ လည်းကောင်း ရပ်ပါဦး ဆိုင်းပါဦးဟု ဆိုကြသည်များလည်း ကန့်ကွက်ရာ ရောက်သည်ပင် ဖြစ်၍ အထူးသတိပြုသင့်ပေသည်။

သို့ဖြစ်၍ သံယာ့ကံများ ဆောင်ရွက်ကြ.ရာ၌ မထေရ်ကြီးက ဖြစ်စေ၊ တာဝန်ရှိသူတစ်ပါးပါးက ဖြစ်စေ ကံဆောင်ရာတွင် ပါဝင်သော သံယာများကို သဘောမကျတာရှိက ပေါ်ပေါ်ထင်ထင် ပြောပြရန်နှင့် အချင်းချင်း တီးတိုးစကား မပြောကြားမိရန် ကြိုတင်သတိပေးစကား ပြောထားသင့်သည်။ (ဝိနယသံခိပ်) ။

ရဟန်းခံပုံအစီအစဉ်

ရဟန်းဖြစ်ရေး၌ ဆိုခဲ့ပြီး ရဟန်းဖြစ်ရန် လိုအပ်သော အဂါရပ်များနှင့် ညီညွတ်ပြည့်စုံ၍ ဥ ဘွိစတုတ္ထကမ္မဝါစာကို အောင်အောင်မြင်မြင် ရွတ်ဖတ်နိုင်ခြင်းသည်သာ လိုရင်းပဓာနဖြစ်၏။ သို့သော် ယင်းပဓာန ကိစ္စပြီးပြည့်စုံအောင်

၂၀ ပထမကျော် ဦးစံသင်းလှိုင်

လိုအပ်သော ရှေ့ပိုင်း၊ နောက်ပိုင်း လုပ်ငန်းများနှင့် ပေါင်းစပ်ပေးရ၏။ သို့မှ အပြစ်ကင်းစင်၍ ပြီးပြည့်စုံသော ရဟန်းခံကိစ္စ ဖြစ်နိုင်၏။ လုပ်ငန်းအပြည့်အစုံမှာ-

(၁) ဥပဇ္ဈာယ်ယူစေခြင်း (ဥပဇ္ဈာယဂ္ဂါဟကိစ္စ)
(၂) ဥပဇ္ဈာယ်ပေးခြင်း (ဥပဇ္ဈာယဒါနကိစ္စ)
(၃) သပိတ်သင်္ကန်းကို ပြောပြခြင်း
(ပတ္တစီဝရာစိက္ခနကိစ္စ)
(၄) ဟတ္ထပါသ်ပြင်ဘက်သို့ ထုတ်ခြင်း
(ဗဟိ နီဟရဏကိစ္စ)
(၅) သင်ပြမည့် ရဟန်းကို သမုတ်ခြင်း
(အနုသာသကသမ္မုတိကိစ္စ)
(၆) သွန်သင်ဆုံးမ နည်းလမ်းပြခြင်း (အနုသာသနကိစ္စ)
(၇) ဟတ္ထပါသ်အတွင်း ပြန်သွင်းခြင်း
(ဟတ္ထပါသဘ္ဘာနကိစ္စ)
(၈) ရဟန်းပြုလိုကြောင်း ခွင့်တောင်းစေခြင်း
(အာယာစနကိစ္စ)
(၉) စိစစ်မေးမြန်းရန် သမုတ်ခြင်း (ပုစ္ဆနသမ္မုတိကိစ္စ)
(၁၀) စိစစ်မေးမြန်းခြင်း (ပုစ္ဆနကိစ္စ)

(၁၁) ကမ္မဝါစာ ရွတ်ဖတ်ခြင်း (ကမ္မဝါစာ ဘာသနကိစ္စ)
(၁၂) ရဟန်းဖြစ်ချိန်ကို ပြောကြားခြင်း
(ဥပသမ္ပဒ္ဓ ကာလာစိဂ္ဂနကိစ္စ)
(၁၃) မှီရာလေးပါးကို ပြောပြခြင်း (နိဿယာစိဂ္ဂနကိစ္စ)
(၁၄) မပြုအပ်ရာလေးပါးကို ပြောပြခြင်း
(အကရဏီယာစိဂ္ဂနကိစ္စ)
တို့တည်း။

ယင်းလုပ်ငန်းစဉ် (၁၄) မျိုးတွင် (၁) မှ (၁၀) အထိ ပုဗ္ဗကိစ္စ၊ (၁၁) ပဓာနကိစ္စ၊ (၁၃) (၁၄) အပရကိစ္စဟု ခွဲခြားရ၏။ ပဓာနကိစ္စ (လိုရင်းအဓိကလုပ်ငန်း) မှ လွဲ၍ ပုဗ္ဗကိစ္စ (ရှေ့ပိုင်းလုပ်ငန်း)၊ အပရကိစ္စ (နောက်ပိုင်းလုပ်ငန်း) တို့ကို အများအားဖြင့် သမ္မုတိရ သံဃာတော်တစ်ပါးက ဆောင်ရွက်ပေးလေ့ရှိသည်။ ယင်းသံဃာကို အနုသာသကဆရာ (ရဟန်းလောင်းဆုံးမသူ) ဟု ခေါ်သည်။ အခမ်းအနားတစ်ခုခု အခမ်းအနားမျိုးနှင့်တူ၏။ ယခုအခါ သိမ်တွင်းခို သံဃာတော်များ ဥပသမ္ပဒကံ ဆောင်ရွက်သည့်အတိုင်း ကံဆောင် ကမ္မဝါစာကိုပါ အနက်ပေးလျက် အကျယ်ပြမည်။

ပဋ္ဌကိစ္စ (၁၀) ပါး

(၁) ဥပဒ္ဓာယ်ယူစေခြင်း

ပထမံ ဥပဒ္ဓံ ဂါဟာပေတဗ္ဗော။ ပထမံ- ရဟန်းမခံမီ ရှေးဦးစွာ၊ ဥပဒ္ဓံ - အပြစ်ကြီး အပြစ်ငယ် အသွယ်သွယ်ကို ကြည့်ရှုမပြတ် ဆုံးမတတ်သော ဥပဒ္ဓာယ်ဆရာမြတ်ကို၊ ဂါဟာပေတဗ္ဗော- ယူစေအပ်၏။ (ဣတိ- ဤသို့၊ ဝစနတော- ရှင်တော်ဘုရား ဟောထားမြွက်ဖော် အမိန့်တော်မြတ်ရှိသည်၏ အဖြစ်ကြောင့်၊ တံ- သင်ရဟန်းလောင်းသည်၊ ပထမံ- ရှေးဦးစွာ၊ ဥပဒ္ဓံ - ဥပဒ္ဓာယ်ကို၊ ဂဏှ - ယူဦးလော့)။

(ဝိ-၃။ ၁၂၄)

ထိုအခါ ရဟန်းလောင်းက 'ဥပဒ္ဓာယော မေ ဘန္တေ ဟောတု - အရှင်ဘုရား၊ အရှင်ဘုရားသည် ဘုရားတပည့်တော်၏ ဥပဒ္ဓာယ်ဆရာ ဖြစ်တော်မူပါ' ဟု (၃) ကြိမ်ဆိုရ ဥပဒ္ဓာယ် ယူရသည်။ အနုသာသက ဆရာကသော်လည်း လိုက်ဆိုရန် တိုင်ပေးနိုင်သည်။

(၂) ဥပဋ္ဌာယ်ပေးခြင်း

ရဟန်းလောင်း၏ ဥပဋ္ဌာယ်ယူမှု ဆုံးသည်နှင့် တစ်ပြိုင်နက် ဥပဋ္ဌာယ်ဆရာတော်က 'ပါသာဒိကေန သမ္မာဒေဟိ = ကြည်ညိုဖွယ်ကို ဆောင်တတ်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာဖြင့် သီလ သမာဓိ ပညာ သိက္ခာသုံးပါးကို ပြည့်စုံစေလော့' ဟု ဆို၍ ဥပဋ္ဌာယ်ယူမှုကို အသိအမှတ်ပြု လက်ခံရ၏။ ယင်းသို့ လက်ခံခြင်းကိုပင် ဥပဋ္ဌာယ်ပေးသည်ဟု ဆိုရသည်။

သာဓု၊ သာဟု - ကောင်းပါပြီ၊ လဟု- ဝန်ပေါ့၏ (ဝါ) ငါ့အား ဝန်မလေး၊ ဩပါယိကံ - သင့်မြတ်သော အကြောင်းနှင့် ယှဉ်ပေ၏။ ပဋိရူပံ - သင့်လျော် လျောက်ပတ်ပေ၏ဟူသော အဆိုတို့ဖြင့်လည်း အသိအမှတ်ပြု လက်ခံနိုင်သည်။

ကြိုတင်ဥပဋ္ဌာယ်ယူနိုင် ပေးနိုင်

ဥပဋ္ဌာယ်ဆရာဟူသည် သာသနာတော်၌ မိဘပင်ဖြစ်၏။ အစစ အရာရာ တာဝန်ယူရသော တာဝန်ခံပုဂ္ဂိုလ်တည်း။ ဥပဋ္ဌာယ် ဆရာ (တာဝန်ခံ) ရှိသူကိုသာ ရဟန်း

ခံပေးနိုင်၍ ဥပဇ္ဈာယ်ယူရန် တိုက်တွန်းပြီး ဥပဇ္ဈာယ်ယူခြင်း၊ ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ရခြင်းဖြစ်၏။

ရဟန်ခံချိန်မှာ ဥပဇ္ဈာယ်ကိုယ်တိုင် သိမ်ထဲ၌ မပါသော်လည်း ရဟန်းခံကိစ္စ အောင်မြင်နိုင်သည်။ ဥပဇ္ဈာယ်ကိုယ်တိုင် သိမ်ထဲမလိုက်ပါနိုင်လျှင် ကြိုတင်၍ ဥပဇ္ဈာယ်ယူထား ပေးထားနိုင်သည်။ (သာသနဝိသောဓနီ)။

(၃) သပိတ်၊ သင်္ကန်းကိုပြောပြခြင်း

ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ။ ။ ဥပဇ္ဈံ- ဥပဇ္ဈာယ်ကို၊ ဂါဟာပေတွာ- ယူစေပြီး၍ (တသ- ထိုရဟန်းလောင်းအား)၊ ပတ္တစီဝရံ - သပိတ်တစ်လုံး သုံးထည်သော သင်္ကန်းကို၊ အာစိက္ခိတဗ္ဗံ - ပြောထားအပ်၏။ (ဣတိ- ဤသို့ ဝစနတော - ကြောင့်၊ တေ - သင်ရဟန်းလောင်းအား၊ ပတ္တစီဝရံ- သပိတ်သင်္ကန်းကို၊ အာစိက္ခိသာမိ- လူတို့ဝေါဟာလူသညာမှ ဝေါဟာထူးပြား သိထင်ရှားအောင် ပြောထားပေအုံ့)။

အယံ တေ ပတ္တော။ ။ အယံ- ညိုမှောင်မဲနက်ဤစားခွက်သည်၊ တေ- သင်ရဟန်းလောင်း၏၊ ပတ္တော -

စားခွက်သပိတ်တည်း၊ (၀ါ) သပိတ်ဟူ၍မှတ်။ (ရဟန်းလောင်းက 'အာမ ဘန္တေ - မှန်ပါဘုရား' ဟု ဆိုရသည်)။

အယံ သံယာဒိ။ ။ အယံ- အယုတ်ဆုံး ငါးစပ်ဆုတ်ကာဖြတ်၍ နှစ်လွှာနှစ်ထပ် ချုပ်စပ်အပ်သော ဤသင်္ကန်းသည်၊ တေ- သင်ရဟန်းလောင်း၏၊ သံယာဒိ- ဒုကူဋ္ဌသင်္ကန်းကြီးတည်း (၀ါ) ဒုကူဋ္ဌသင်္ကန်းကြီး ဟူ၍မှတ်။ (အာမ ဘန္တေ)။

အယံ ဥတ္တရာသင်္ဂေါ။ ။ အယံ-လက်ဝဲတစ်ဖက်ပခုံးထက်ဝယ် တင်လျက်သိုင်းခြုံ ဤကိုယ်ရုံသင်္ကန်းသည်၊ တေ- သင်ရဟန်းလောင်း၏၊ ဥတ္တရာသင်္ဂေါ - အပေါ်ရုံဧကသီသင်္ကန်းတည်း၊ (၀ါ) အပေါ်ရုံ ဧကသီသင်္ကန်းဟူ၍မှတ်။ (အာမ ဘန္တေ)။

အယံ အန္တရဝါသကော။ ။ အယံ- ခါးဦ့်မပြတ်ဝတ်ဆင်အပ်သော ဤသင်္ကန်းသည်၊ တေ- သင်ရဟန်းလောင်း၏၊ အန္တရဝါသကော- ခါးဝတ် သင်းပိုင်သင်္ကန်းတည်း (၀ါ) ခါးဝတ် သင်းပိုင်သင်္ကန်းဟူ၍မှတ်။ (အာမ ဘန္တေ)။

ဗုဒ္ဓလက်ထက်တော်က ကိုယ်ပိုင်သပိတ်၊ သက်နှံးမရှိ သူများကို ရဟန်းပြုပေးကြသဖြင့် တိတ္ထိ တက္ကတွန်းများပမာ ဗလာကိုယ်ထည်း လက်ချည်းသာလျှင် ဆွမ်းခံဝင်သဖြင့် လူမြင်မကောင်းသည်ကို အကြောင်းပြု၍ ကိုယ်ပိုင်သပိတ် သက်နှံး မရှိသူများကို ရဟန်းပြုမပေးရန်၊ ပြုပေးလျှင် ဒုက္ခဒုဿာပတ်သင့်စေရန် ပညတ်တော်မူခဲ့သည်။ ထို့ကြောင့် 'ဤသပိတ်၊ သက်နှံးများသည် သင်ရဟန်းလောင်း၏ ကိုယ်ပိုင် သပိတ် သက်နှံးများဖြစ်သည်' ဟု ရဟန်းလောင်းအား ပြောပြရခြင်း ဖြစ်သည်။

ပရိက္ခရာ (၈) ပါး

ဤ၌ သပိတ်၊ သက်နှံးပြည့်စုံလျှင် ရဟန်းခံပေးနိုင်သည်ဟု ဆိုခြင်းကြောင့် သပိတ်၊ နှစ်ထပ်သက်နှံးကြီး၊ ဧကသီ၊ သင်္ဃာပိုင်အားဖြင့် ဤ (၄) မျိုးသာ ရဟန်းဖြစ်ရေး၌ အထူးလိုအပ်သည်ဟု ဆိုနိုင်သည်။

သို့သော် ခါးပန်းကြိုး မဖွဲ့ဘဲ ရှာတွင်းသို့ ဝင်လျှင်သော်လည်းကောင်း၊ ရေစစ်မပါဘဲ ခရီးရှည် သွားလျှင်သော်လည်းကောင်း ဒုက္ခဒုဿာပတ်သင့်သည်ဟု ပညတ်ချက်ရှိ၏။

ထို့ကြောင့် ခါးပန်းကြိုးနှင့် ရေစစ်တို့လည်း ရဟန်းများအတွက် မရှိမဖြစ်သော ပစ္စည်းများ ဖြစ်ကြသည်။

ထို့ပြင် ဆံပင် လက်နှစ်သစ်ထက် ရှည်အောင် မထားရဟု ပညတ်ထားသဖြင့် ခေါင်းရိတ်ဓားလည်း လိုအပ်သော အသုံးအဆောင် တစ်ခုပင် ဖြစ်သည်။ (ဝိ-၄၊ ၂၄၂)။

သင်္ကန်းချုပ်ရန် အပ်မရှိလျှင်လည်း မဖြစ်။ ထို့ကြောင့် အားလုံးခြုံငုံလိုက်လျှင် ရဟန်းတော်များအတွက် မရှိမဖြစ် လိုအပ်သော ပစ္စည်းမှာ (၈) မျိုးဖြစ်တော့၏။ ယင်း (၈) မျိုးကိုပင် ပရိက္ခရာ (၈)ပါး အဖြစ် မိန့်ဆိုသတ်မှတ်ထားခဲ့သည်။ (ဝိ ၄-၁၊ ၂၀၅)။

(၁) နှစ်ထပ်သင်္ကန်းကြီး
(၂) ဧကသီ
(၃) သင်းပိုင်
(၄) သပိတ် (ပတ္တာ)၊
(၅) ခေါင်းရိတ်ဓား (ဝါသီ)၊
(၆) အပ် (သူစိ)၊
(၇) ခါးပန်းကြိုး (ဗန္ဓန)
(၈) ရေစစ် (ပရိဿာဝန)။

(တိစီဝရ)

ယင်း သတ်မှတ်ချက်အရ ရဟန်းခံကိစ္စ၌ ဖော်ပြပြီး ပရိကၠရာ (၈) ပါးတို့ကို မဖြစ်မနေ ပြည့်စုံအောင် ထည့်ကြရ၏။ (ယင်းပရိကၠရာနှင့် စပ်လျဉ်း၍ ရှင်ပြုခန်း၌ ထပ်ပြမည်)။

(၄) ဟတ္ထပါသ် ပြင်ဘက်သို့ ထုတ်ခြင်း

ရဟန်းလောင်းအား သံယာ၏ ဟတ္ထပါသ် ပြင်ဘက်သို့ ထုတ်၍ သင်ပြရမည်ဖြစ်ရာ မထုတ်မီ အနုသာသကဆရာသည် 'ဥ တ်, ကမ္မဝါစာ ရွတ်ဖတ်ရာ၌ လွယ်ကူခြင်း အကျိုးငှာ အမည်ဟောင်းကိုပြောင်း၍ ရဟန်းလောင်းကို နာဂဟူ၍ အမည်သစ်မှည့်ပါ၏။ မိမိအမည်ကို နာဂဟူ၍ မှတ်။ ဥပဇ္ဈာယ်ဆရာကို တိဿဟူ၍ အမည်သစ်မှည့်ပါ၏။ မိမိအမည်ကို တိဿဟူ၍ မှတ်တော်မူပါ။ သံယာတော် အပေါင်းတို့ကလည်း ရဟန်းလောင်းကို နာဂ၊ ရဟန်းလောင်း၏ ဥပဇ္ဈာယ်ဆရာကို တိဿဟူ၍ မှတ်တော်မူကြပါကုန်' ဟု အမည်ပြောင်းလဲ မှည့်ခေါ်မှုကို လျှောက်ထားရ၏။

အကယ်၍ ရဟန်းလောင်း၊ ဥပဇ္ဈာယ်ဆရာတို့၏ မူလပင်ကိုယ် အမည်အတိုင်း 'သုဏာတု မေ ဘန္တေ သံဃော၊ အယံ စန္ဒဝေရော အာယသ္မတော ဂုန္ဒသ ဥပသမ္ပဒါ-

ပေကွောဲ' စသည်ဖြင့် ရွတ်ဖတ်မည်ဆိုလျှင် အမည်မှည့်ရန် မလိုပေ။

ဂစ္ဆ အမုမ္မိ သြကာသေ တိဋ္ဌာဟိ။ ။ (တံ့-သင်ရဟန်းလောင်းသည်)၊ ဂစ္ဆ-လက်အုပ်ခ်ီကာ မျက်နှာရှေ့ထား နောက်ဆုတ်သွားလော့၊ အမုမ္မိ သြကာသေ- သံယာ့ဘောင်မှ နှစ်တောင့်ထွာ ဟတ္ထပါသ်- လွတ်လောက်ရာ ထိုအရပ်၌၊ တိဋ္ဌာဟိ-သမ္မှတိဥ တ် ပြီးဆုံးလတ်အောင် ကြည်ရွင်မတ်မတ် ခြေစုံသတ်၍ ရပ်နေချေလော့၊ (အဟံ-အနုသာသကဆရာ ငါသည်၊ တံ- သင်ရဟန်းလောင်းကို၊ တတ္ထ- ထိုပြင်ပ အရပ်၌၊ အနုသာသေယျံ- သွန်သင်ဆုံးမလာအံ့)။

(၅) သင်ပြမည့်ရဟန်းကိုသမုတ်ခြင်း

သုဏာတု မေ ဘန္တေ သံယော၊ နာဂေါ အာယသ္မတော တိဿသ္သ ဥပသမ္ပဒါပေက္ခော။ ယဒိ သံယသ္သ ပတ္တကလ္လံ။ အဟံ နာဂံ အနုသာသေယျံ။

(ဝိ- ၃။ ၁၃၁)။

မြန်မာပြန်၊ အရှင်ဘုရားကို သံဃာတော်သည် ဘုရား တပည့်တော်၏ စကားကို နားစိုက်ပါ။ နာဂသည်

အရှင်တိသဿား ရဟန်းခံခြင်းဌာရှင့်သူပါတည်း၊ အကယ်၍ သံယာ၏ ကံသည် လျှောက်ပတ်သော အခါရှိလတ်သော် ဘုရားတပည့်တော်သည် နာဂကို သွန်သင်ဆုံးမနည်းလမ်းပြ ရာ၏။

(ဥ တ်ကမ္မဝါစာကို မြန်မာဘာသာဖြင့် ရွတ်ဆို၍ သံယာ့ကံကို ဆောင်ရွက်နိုင်ရုံးထုံးစံ မရှိပေ။ မြန်မာလို သိနိုင်ရန် ဘာသာပြန်ပြခြင်းသာ ဖြစ်၏။ နောက်နောက် လည်း ဤနည်းအတိုင်းပင်တည်း။)

ဗုဒ္ဓလက်ထက်တော်က ရဟန်းလောင်းများကို ကြိုတင်သင်ပြမှု မရှိဘဲ စစ်မေးကြသဖြင့် မဖြေကြားတတ်၊ မဖြေကြားဝံ့ ဖြစ်ကြရသည်။ သင်ပြပြန်တော့လည်း သံယာ့အလယ်မှာ သင်ပြပြီး သံယာ့အလယ်မှာပင် စစ်မေးကြသဖြင့် အခြားသင့်လျော်ရာဌာနမှာ သင်ပြပြီးမှ သံယာ့အလယ်မှာ စစ်မေးရန် ပညတ်တော်မူသည်။

ထို့ပြင် မကျွမ်းကျင်သူများက သင်ပြကြသဖြင့် မဖြေကြားတတ်၊ မဖြေကြားဝံ့ ဖြစ်ကြရပြန်သည်။ ထို့ကြောင့် ကျွမ်းကျင်သူများကသာ သင်ပြပေးရန် ပညတ်တော်မူရပြန်

သည်။ သို့ဖြစ်၍ သံယာ့ဆဋ္ဌအရ ကျွမ်းကျင်သူကို သမ္မုတိပေး ရွေးချယ်ကာ တာဝန်ပေးရခြင်းဖြစ်သည်။

ထိုင်လျက်သင်ပြသင့် မသင့်

ဂိသို့ သင်ပြသောအခါ ရဟန်းလောင်းနှင့် သင်ပြသူ အနုသာဃက ဆရာ (၂) ဦးလုံး မတ်တပ်ရပ်၍ သင်ပြလေ့ရှိကြသည်။ 'တိဋ္ဌာဟိ' ဟူသော ပါဠိကို ထောက်ထား၍ ထိုသို့ မတ်တတ်ရပ် သင်ပြဟန် တူသည်။ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးကား ထိုင်လျက် သင်ပြတော်မူလေ့ရှိ၏။ ထိုထို ရဟန်းခံပွဲများ၌ ဆရာတော်ဘုရားကြီး ထိုသို့ ထိုင်လျက်သင်ပြသည်ကို အတော်များများ တွေ့ကြရဖူး၏။ လယ်တီဆရာတော် ဘုရားကြီး၏ သာသနဝိသေသဓနိကျမ်း (တတိယတွဲ) ၌လည်း အော[illegible]ကိုင်း မိန့်ဆိုထားသည်ကို တွေ့ရ၏။

ဂစ္ဆ-ဟူ၍ ဆိုခြင်းကြောင့် သွားလိုရာ အရပ်တိုင် အောင် သွားမည်စိုး၍ အမှုမှီ သြကာသေ တိဋ္ဌာဟိ-ဟု နေလင့်ရန် အရပ်ဒေသကို ပြ၍ တန့်စားစေသော စကားရပ် ဖြစ်ပေရကား တိဋ္ဌာဟိ-ဖြင့် တည်နေဖို့ရန်သာ ညွှန်ပြသည်။ မတ်တပ်ရပ်၍ နေရမည်ကို ဆိုလိုသည် မဟုတ်ပေ။ ဌာ- ဌာ ဓာတ်သည်၊ ဂတိနိဝတ္တိယံ- လား

ခြင်းမှ နစ်ခြင်းဌာ်ဖြစ်၏။ ဂတိနိုဝတ္တိ- ဂတိနိုဝတ္တိဟူသည်၊ ဂမနသ- သွားခြင်းကို၊ ဥပစ္ဆေဒေါ- ဖြတ်ခြင်းတည်း ဟူသော ဓာတ်ကျမ်းစကားနှင့် အညီ တိဋ္ဌာဟိဖြင့် သွားခြင်း ကိရိယာကိုသာ တားမြစ်သည်။ ထိုင်ခြင်း၊ လျောင်းခြင်း ကိရိယာကို မတားမြစ်ပေ။ ထို့ကြောင့် သင့်တင့်လျောက်ပတ်ရာ အရပ်ဌ ရဟန်းလောင်းနှင့် အနုသာသက ရဟန်းကို နေဖို့ရန် ခင်းကျင်း စီမံထား နှင့်ပြီးသော နေရာသို့ သွားပြီး ချမ်းသာစွာ နေထိုင်၍ သင်ပြခြင်းသည်သာလျှင် နေထိုင်သူတို့လည်း ချမ်းသာ သည်။ မြင်ရသူတိုင်းလည်း ကြည်ညိုဖွယ်ရာရှိသည်၊ ပါဠိတော်နှင့်လည်း သင့်လျော်သည်။ ၄င်းပြင် သပိတ် ပရိက္ခရာကို လွယ်စေ၍ ထွက်စေရမည်ဟု ကျမ်းဂန် အရိပ်အမြွက်မျှမထင်၊ အဂ္ဂါးလည်းမထင်။

(သာသနဝိသောဓနီ)"

ဤပြခဲ့ပြီး အတွေ့အကြုံ၊ အဆိုအမိန့်တို့ကို ထောက် ဆ၍ ရဟန်းလောင်းအား သင်ပြဆုံးမရာ၌ ထိုင်လျက်လည်း ဆောင်ရွက်နိုင်သည်ဟု မှတ်ယူသင့်ပေသည်။ သို့ဖြစ်၍ ရဟန်းလောင်း ဆုံးမမှုကိစ္စ၌ ထိုင်လျက်ဖြစ်စေ၊ ရပ်လျက် ဖြစ်စေ မိမိတို့ ကြိုက်နှစ်သက်ရာပုံစံဖြင့် ဆောင်ရွက် နိုင်ကြပေသည်။

သင်ပြရာဌာနအကွာအဝေး

နှစ်တောင့်ထွာ ဟတ္ထပါသ်လွတ်လောက်ရာ အရပ်ကို 'အမုမ္မ ဩကာသေ' ဟု ဝိမတိဋ္ဌိကာ (၂။ ၁၃၆) နှင့်တကွ ရှေးဆရာများ မိန့်ဆိုကြသည်။ ယင်းအဆိုအရ ဟတ္ထပါသ်လွတ်ရာ အရပ်ဖြစ်လျှင် သင်ပြနိုင်တော့၏။ ထို့ကြောင့်လည်း ယင်းအဆိုကို လက်ခံ၍ သိမ်ထဲမှာပင် ကံဆောင်သံယာများ၏ မနီးမဝေးဌာ သင်ပြလေ့ရှိကြသည်။

လယ်တီဆရာတော်ဘုရားကြီးကား တစ်ဆယ့်နှစ်တောင် ဥပစာလွတ်လောက်ရာအရပ်ကို 'အမုမ္မ ဩကာသေ' ဟု မိန့်ဆိုတော်မူ၏။ သို့ဖြစ်၍ ယခုခေတ်အများစု ဆောင်ရွက်နေသော ကံဆောင်သံယာများ၏ မနီးမဝေးသိမ်ထဲဌာ သင်ပြမှုသည် လယ်တီဆရာတော်ဘုရားကြီး၏ အဆိုနှင့် မညီပေ။ (သာသနဝိသောဓနီ)။

သံယာ့အလယ်မှာ သင်ကြား၍ မဖြေကြားဝံ့ ဖြစ်ရသောကြောင့် ယင်ကျော်ရာ တစ်နေရာ၌ သင်ပြရမည်ဟု မိန့်ဆိုပညတ်သော ပါဠိတော်စကားကိုလည်းကောင်း၊ 'ရဟန်းတော်တို့၏ ပကတိစကားသည် တစ်ဆယ့်နှစ်တောင်လောက်

က ကြားရုံသာကြားပြီး အဓိပ္ပာယ်ကို ကောင်းစွာ နားမလည်' ဟူသော ကခ်ီအဌကထာ (၂၈၀) စကားကို လည်း ကောင်းထောက်လျှင် လယ်တီဆရာတော်၏ အဆိုက ပို၍ ယုတ္တိတန်ပေသည်။ သို့ဖြစ်၍ လူမမြင်လောက်သော အခန်းတွင်း စသည့်တစ်နေရာသို့ သွား၍လည်း သင်ပြနိုင်ပေသည်။

(၆) သွန်သင်ဆုံးမ နည်းလမ်းပြခြင်း

သုဏာသိ နာဂ၊ အယံ တေ သစ္စကာလော ဘူတကာလော။ ။ နာဂ- ရဟန်းလောင်းနာဂ၊ (တွံ-သင်ရဟန်းလောင်းသည်)၊ သုဏာသိ- အာရုံတစ်ပါး စိတ်မသွားဘဲ နားစိုက်၍ထောင်လော့၊ အယံ - ဤအခါ:သည် သစ္စကာလော- မထိန်မချန် အမှန်ကိုသာ လျှောက်ဆိုရမည့် အခါတည်း၊ ဘူတကာလော- ဟန်ဆောင်မလုပ် အဟုတ်ကိုသာ လျှောက်ဆိုရမည့် အခါတည်း။

ယံ ဇာတံ၊ တံ သံယမဗ္ရှေ ပုဗ္ဗဏ္ဏေ သန္တံ 'အတ္ထိ' တိ ဝတ္တဗ္ဗံ။ အသန္တံ 'နတ္ထိ' တိ ဝတ္တဗ္ဗံ။ မာ ခေါ ဝိတ္ထာယိ၊ မာ ခေါ မက္ခိ အဟောသိ။ ။ ယံ- အကြင်သင်ရဟန်းအဖြစ်ကို

ရခြင်း၊ မရခြင်း၏အကြောင်း၊ ကံဆောင်သံယာအပြစ်သင့်ခြင်း မသင့်ခြင်း၏အကြောင်း ကောင်း မကောင်းသော သဘောသည်၊ ဇာတံ- သင့်ကိုယ်တွင် ထင်ရှားဖြစ်လျက်နေ၏။ တံ- ထိုသင့်ကိုယ်တွင် ထင်ရှားခုခဏ ဖြစ်နေသမျှ အပြစ်နှင့်ဂုဏ် အလုံးစုံ အကောင်းအဆိုး သဘောကို၊ သံယမဗ္ဗေ- သံယာ့အလယ်၌၊ ပုစ္ဆန္တေ- မိန့်ဆိုစစ်ဆေးမေးမြန်းသည်ရှိသော်၊ သန္တံ - မိမိကိုယ်တွင် ထင်ရှားရှိသမျှ အပြစ်ဂုဏ်ကို၊ 'အတ္ထိတိ' - ရှိပါသည်ဘုရား, ဟုတ်ပါသည်ဘုရားဟူ၍၊ ဝတ္တဗ္ဗံ- ပြောဆိုလျှောက်ထားရမည်။ အသန္တံ- မိမိကိုယ်တွင် ထင်ရှားမရှိသော အပြစ်ဂုဏ်ကို၊ 'နတ္ထိ'တိ - မရှိပါဘုရား မဟုတ်ပါဘုရားဟူ၍၊ ဝတ္တဗ္ဗံ- ပြောဆိုလျှောက်ထားရမည်၊ မာ ခေါ ဝိတ္ထာယိ- ရွံ့ကီးရွံ့တို့ မလျှောက်ဆိုဝံ့ဘဲ မရှိလင့်၊ မာ ခေါ မက္ခံ အဟောသိ- မကြည်မသာမျက်နှာမလှ မရှိလင့်။

ဒေါ တံ ပုစ္ဆသန္တိ- သန္တိ တေ ဒေဝရူပါ၊ အာဗာဓာ ကုဋ္ဌံ၊ ဂဏ္ဍော၊ ကိလာသော၊ သောသော၊ အပမာရော။ ။ ဒေါ - ဤဆိုအပ်လတ္တံ့သော နည်းဖြင့်၊ တံ- သင်ရဟန်းလောင်းကို (သမ္ဘတာ- သမ္ဘုကိပေး စစ်ဆေးခွင့်ရ၊ သမ္ဘတ

ထေရ်ချွန်၊ ပုဂ္ဂိုလ်မွန်တို့က)၊ ပုစ္ဆိသန္တိ- မိန့်ဆိုစစ်ဆေး မေးမြန်းကြကုန်လတ္တံ့၊ တေ- သင်ရဟန်းလောင်းအား၊ ဧဝရူပါ-ဤဆိုလတ္တံ့သော သဘောရှိကုန်သော၊ အဗာဓ-ပရိသတ်ထဲ ရှိန်စော်နဲ့အောင် ရှက်ခွဲယုတ်မာ၊ ကျင်နာခံခက်၊ နှိပ်စက်ဖိစီးတတ်သော အနာကြီးငါးမျိုးတို့သည်၊ သန္တိ-ရှိကုန်သလော။ ကုဋ္ဌံ- ဆီးကင်းအသွင် ယက်သည်းပြင်မျှ ပမာဏက စက္ခုကြီးမား တိုးပွားရာသော နှုနာသမင်ရက် အကွက်အဆိုး အနာမျိုးလည်းကောင်း၊ ဂဏ္ဍာ- ဆီးမြင်းဖွေးမြင်း ဆပ်ဆန်မြင်းက စသည်စုံ၍ မြင်းလုံးရောဂါ အိုင်းအမာမျိုးလည်းကောင်း၊ ကိလာသော- ယားယံပေါက်ကွဲ ဝဲကြီးစွဲသော အနာမျိုးလည်းကောင်း၊ သောသော- လေသလိပ်လှုပ် အပူဥပ်၍ သွေးသားခန်းဆုတ် တဟုတ်ဟုတ် ချောင်းဆိုး တီဘီအနာ မျိုးလည်းကောင်း၊ အပမာရော-သည်းချေသွေးလျှမ်း ဘီလူးဖမ်း၍ ရှုံ့နှမ်းမေ့မှား၊ တစ်တွန့်တွန့် လှုံ့တတ်သော ဝက်ရှုံ့စသော အနာမျိုးလည်းကောင်း၊ (ဣတိ ဧဝရူပါ- ဤဆိုခဲ့ပြီးသော သဘောရှိကုန်သော၊ အာဗာဓ-အနာကြီးငါးမျိုးတို့သည်၊ သန္တိ-ရှိကုန်သလော။) (ဝိ-၃။၁၀၃)။

(ဤအခါသည် မေးသည့်အခါ ဖြေတတ်ရန် ဤသို့ ဤပုံ မေးမည်ဟု သင်ပြနေသောအခါဖြစ်၍ ရုဟန်းလောင်းက ပြန်ဖြေရန် မလိုသေး။ သို့ဖြစ်၍ သံယာ့**အလယ်** ပြန်မရောက်သေးမီ အနုသာသကဆရာအနေဖြင့် 'ဤသို့ သံယာ့အလယ်ရောက်သည့်အခါ မေးလျှင် ငါ့ရှင်မှာ ရှိလျှင် ရှိတဲ့အကြောင်း၊ မရှိလျှင် မရှိတဲ့အကြောင်း၊ ဟုတ်လျှင် ဟုတ်တဲ့အကြောင်း၊ မဟုတ်လျှင် မဟုတ်တဲ့အကြောင်း ဖြေကြားပါ' ဟု ဖြည့်စွက်ပြောပြသင့်၏။)

မနုဿောသိ။ ပုရိသောသိ။ ဘုဇိဿောသိ။ အဏဏောသိ။ နသိ ရာဇဘဋော။ အနုညာတောသိ မတာပိဘုဟိ။ ပရိပုဏ္ဏာဝီသတိဝဿောသိ။ ။ (တွံ-သင်သည်)၊ မနုဿော- လူသားစင်စစ် လူဇာတ်စစ်သည်၊ အသိ- ဖြစ်၏လော။ (တွံ-သည်)၊ ပုရိသော- ပဏ္ဍုဂ်မဖြစ် ယောကျ်ားစစ်သည်၊ အသိ- လော။ (တွံ- သည်) ဘုဇိဿော- တော်လှန်စင်စစ် သူဋ္ဌေးအဖြစ်မှ လွတ်သည်၊ အသိ- လော။ (တွံ-သည်)၊ အဏဏော- မြေကြွေးမတင် သန့်ရှင်းစင်သည်၊ အသိ- လော။ (တွံ- သည်)၊ ရာဇဘဋော- အစိုးရမင်းတို့ အခွင့်မပြု မင်းမှုထမ်းသား မင်းခယောကျ်ားသည်၊ နအသိ- မဖြစ်ဧကန်

မှန်၏လော။ [တွံ- ကို (၀၊) သည်]၊ မာတာပိတူဟိ- မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးကြီးမား မိဘနှစ်ပါးတို့သည်၊ အနုညာတော- နှလုံးရွင်မြူး သဒ္ဓါစူးသဖြင့် အနူးအညွှတ်ခွင့်လွှတ်အပ်သည်၊ အသိ- လော။ (တွံ- သည်)၊ ပရိပုဏ္ဏာ၀ိ သတိ၀ဿော- ပဋ္ဌိသန္ဓေ တည်နေသည်မှ စ၍ရေလစ် အနှစ်နှစ်ဆယ် ပြည့်ဖြိုးကြွယ်သည်၊ အသိ-လော။

(ဝိ-၃။ ၁၀၄၊ ၁၀၇၊ ၁၀၉၊ ၁၁၆၊ ၁၁၉၊ ၁၂၁)။

ပရိပုဏ္ဏံ တေ ပတ္တစီ၀ရံ။ ကိန္နာမောသိ။ ကောနာမော တေ ဥပဇ္ဈာယော။ တေ- သင်ရဟန်းလောင်းအား၊ ပတ္တစီ၀ရံ- သပိတ်တစ်လုံး သုံးထည်သော သင်္ကန်းသည်၊ ပရိပုဏ္ဏံ- ပြည့်စုံပြီလော။ (နာ၇'- ရဟန်းလောင်းနာ၇၊ တွံ- သည်)။ ကိန္နာမော- အဘယ်အမည်ရှိသည်၊ အသိ- ဖြစ်သနည်း။ တေ- သင်ရဟန်းလောင်း၏၊ ဥပဇ္ဈာယော- အပြစ်ကြီး အပြစ်ငယ် အသွယ်သွယ်ကို ကြည့်ရှုမပြတ် ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာသည်၊ ကောနာမော- အဘယ်အမည်ရှိသနည်း။ (ဧ၀ံ- ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့်၊ တံ- ကို။ သမ္မတာ- တို့က၊ ပုစ္ဆိသန္တိ-ကုန်လတ္တံ့။) (ဝိ-၃။ ၁၂၆၊ ၁၂၉။)

(နဘိက္ခဝေ ဧကတော အာဂန္တွတ္ထိ၊ အနုသာသကေန ပထမတရံ အာဂန္ဒာ သံယော ဥပေတဗ္ဗော။ ဝိ-၃။ ၁၃၁။

ဘိက္ခဝေ- ရဟန်းတို့၊ နာဂေန- ရဟန်းလောင်း နာဂနှင့်၊ ဧကတော- တစ်ပေါင်းတည်း၊ နအာဂန္တွတ္ထိ- သံယာ့ဘောင်သို့ မလာအပ်၊ အနုသာသကေန- အနုသာသကဆရာသည်၊ ပထမတရံ- ရှေးဦးစွာ၊ အာဂန္ဒာ- သံယာ့ဘောင်သို့လာ၍၊ သံယော- သံယာကို၊ ဥပေတဗ္ဗော- သိစေအပ်၏။ ကုတိ- ဤသို့၊ ဝစနတော- ကြောင့်၊ ကုဒါနိ- ယခုအခါ၌၊ မယာ- အနုသာသကဆရာ ငါသည်၊ တယာ- သင် ရဟန်းလောင်း နှင့်၊ ဧကတော- တစ်ပေါင်းတည်း၊ နဂန္တွတ္ထိ- သံယာ့ဘောင်သို့ မသွားအပ်၊ တွံ- သင်ရဟန်းလောင်းသည်၊ ကုဒေဝ- ဤ တည်မြဲအရပ်၌သာလျှင်၊ တိဋ္ဌာဟိ- ကြည်ရွှင်မတ်မတ် ခြေစုံသတ်၍ ရပ်နေချေဦးလော့)။

[ထို့နောက် အနုသာသကဆရာသည် သံယာ့အလယ်သို့သွား၍ အောက်ဖော်ပြပါ သြသာရဏာဥ တ်ကို ရွတ်ဖတ်၍ ရဟန်းလောင်းအား သံယာ့အလယ်သို့ ပြန်သွင်း (ပြန်ခေါ်) ရ၏။]

(၇) ဟတ္ထပါသ်အတွင်းသို့ ပြန်သွင်းခြင်း

သုဏာတု မေ ဘန္တေ သံယောဟ နာဂေါ အာယသ္မတော တိဿသ္သ ဥပသမ္မဒါပေက္ခော။ အနုသိဋ္ဌော သော မယာ။ ယဒိ သံယသ္သ ပတ္တကလ္လံ။ နာဂေါ အာဂစ္ဆေယ္ယ။ (၀-၃။ ၁၃၁)။

မြန်မာပြန်- အရှင်ဘုရားတို့၊ သံယာတော်သည် ဘုရားတပည့်တော်၏ စကားကို နားစိုက်တော်မူပါ။ နာဂသည် အရှင်တိဿအား ရဟန်းခံခြင်းငှါ ရှင်ရှုပါတည်း။ ဘုရားတပည့်တော်သည် ထိုနာဂကို သင်ပြအပ်ပြီးပါပြီ။ အကယ်၍ သံယာ၏ ကံသည် လျှောက်ပတ်သော အခါရှိသည်ဖြစ်သော် ရဟန်းလောင်း နာဂသည် ပြန်လာရာ၏။

(၈) ရဟန်းပြုလိုကြောင်း ခွင့်တောင်းစေခြင်း

သံယံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ။ ဥလ္လုမ္ပတု မံ ဘန္တေ သံယော အနုကမ္ပံ ဥပါဒါယ။ ဒုတိယမ္ပိ ဘန္တေ သံယံ ဥပသမ္ပဒံ ယာစာမိ။ ဥလ္လုမ္ပတု မံ ဘန္တေ သံယော အနုကမ္ပံ ဥပါဒါယ။ တတိယမ္ပိ ဘန္တေ သံယံ ဥပသမ္ပဒံ ယာစာမိ။ ဥလ္လုမ္ပတု မံ ဘန္တေ သံယော အနုကမ္ပံ ဥပါဒါယ။ (၀-၃။ ၁၃၁)။

ဘန္တေ- အရှင်ဘုရားတို့၊ (အဟံ- ဘုရားတပည့်တော်သည်)၊ သံဃံ- သံဃာတော်မြတ်ကို၊ ဥပသမ္ပဒံ- ရဟန်းခံခြင်းကို၊ ယာစာမိ- အသနားခံ တောင်းပန်ပါ၏။ ဘန္တေ- တို့၊ သံဃော- သံဃာတော်မြတ်သည်၊ မံ- ဘုရားတပည့်တော်ကို၊ အနုကမ္ပံ- အစဉ်သနား စောင့်ရှောက်ခြင်းကို၊ ဥပါဒါယ- အကြောင်းပြု၍၊ ဥလ္လုမ္ပတု- ယုတ်နိမ့်သောရှင်သာမဏေအဖြစ်မှ တက်ပါရအောင် လုယက် ကယ်တင်တော်မူပါလော့၊ (၀ါ) အကုသိုလ်ညွှန်အိုင်မှ တက်ပါရအောင် လုယက် ကယ်တင်တော်မူပါလော့၊ (၀ါ) သံသရာနရက်ဝဲယားသက်မှ လွတ်ထွက်ပါရအောင် လုယက် ကယ်တင်တော်မူပါလော့။ (ဒုတိယမို့ နှစ်ကြိမ်မြောက်လည်း၊ တတိယမို့ သုံးကြိမ်မြောက်လည်း စသည်ဖြင့် နည်းမှီပေး)။

ရဟန်းလောင်းကို လက်ကန်တော့တင်စေ၍ ရဟန်းတော်တို့၏ ခြေတော်အစုံတို့ကို ရှိခိုးစေပြီးလျှင် ဆောင့်ကြောင့်ထိုင်စေ၊ လက်အုပ်ချီစေလျက် ရဟန်းပြုပေးပါရန် ဖော်ပြခဲ့ပြီးအတိုင်း တောင်းပန်လျှောက်ထားစေရ၏။ မိမိဆန္ဒအလျောက် ရဟန်းပြုသူကိုသာ ရဟန်းခံပေးနိုင်၍ ထိုသို့ ရဟန်းပြုလိုကြောင်း ခွင့်တောင်းစေရခြင်း ဖြစ်သည်။ ပါဠိ

သက်သက်ဖြင့် သော်လည်းကောင်း၊ မြန်မာသက်သက်ဖြင့် သော်လည်းကောင်း ပါဠိမြန်မာ တွဲဖက်၍သော်လည်း ကောင်း ဆိုနိုင်သည်။ အနုသာသက ဆရာကသော်လည်း လိုက်ဆိုရန် တိုင်ပေးနိုင်သည်။

(၉) စိမ်စစ်မေးမြန်းရန်သမုတ်ခြင်း

သုဏာတု မေ ဘန္တေ သံယော။ အယံ နာဂေါ အာယသ္မတော တိဿသ္သ ဥပသမ္ပဒါပေက္ခော။ ယဒိ သံယသ္သ ပတ္တကလ္လံ။ အဟံ နာဂံ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယ္ယံ။ (ဝိ-၃။ ၃၂)။

မြန်မာပြန်- အရှင်ဘုရားတို့၊ **သံယာ**တော်သည် ဘုရားတပည့်တော်၏ စကားကို နားစိုက်တော်မူပါ။ ဤနာဂ သည် အရှင်တိဿအား ရဟန်းခံခြင်းငှါ ရှုံ့ဆူပါတည်း၊ အကယ်၍ သံယာ၏ကံသည် လျှောက်ပတ်သောအခါ ရှိသည်ဖြစ်ပါသော် ဘုရားတပည့်တော်သည် ရဟန်းလောင်း နာဂကို ရဟန်းဖြစ်ရေးခွဲ အန္တရာယ်ကို ပြုတတ်သော သဘောတရားတို့ကို **မေးမြန်းစစ်ဆေးရာ၏။**

အနုသာဂဆရာသည် ဖော်ပြပြီး ပုစ္ဆနသုမ္မုတိ ဥ တ်ပါဠိကို ရွတ်ဖတ်၍ ရဟန်းလောင်းအား မေးမြန်း စစ်ဆေးရ၏။ ရဟန်းလောင်းကလည်း ဖြေကြားရ၏။ ဤမှ နောက်ဌ မေးမြန်းစစ်ဆေးပုံ၊ ဖြေကြားပုံတို့ကို ဖော်ပြပါမည်။ ထိုသို့ ဖော်ပြရာ၌ သင်ပြစဉ်က ပါဠိနှင့် မတူသော ထူးရာပါဠိမျှကို သာ အနက်ပေးပါမည်။ ကျန်အနက်များကို သင်ပြစဉ်က အတိုင်း မှတ်ပါ။

(၁၀) စိစစ်မေးမြန်းခြင်း

သုဏာသိ နာဂ၊ အယံ တေ သစ္စကာလော ဘူတကာလော။ (အားလုံးတူ)

ယံ ဇာတံ၊ တံ ပုစ္ဆာမိ။ သန္တံ 'အတ္ထိ' တိ ဝတ္တဗ္ဗံ။ အသန္တံ 'နတ္ထိ'တိ ဝတ္တဗ္ဗံ။ ။ ပုစ္ဆာမိ- ယခု စစ်ဆေး သိလိုရေးဖြင့် ငါမေး၏။ (ကြွင်းအတူ)။

သန္တိ တေ ဒေဝရူပါ အာဗာဓာ ကုဋ္ဌံ၊ ဂဏ္ဍော၊ ကိလာသော၊ သောသော၊ အပမာရာ။ တေ- အား၊ ကုဋ္ဌံ-လည်းကောင်း၊ (ပ) အပမာရာ-လည်းကောင်း၊ ဣတိ ဒေဝရူပါ- ကုန်သော၊ အာဗာဓာ- တို့သည်၊ သန္တိ- ရှိကုန်

သလော၊ (ရဟန်းလောင်းက 'နဿ သန္တိ ဘန္တေ= မရှိပါကုန်ဘုရား' ဟု ဖြေရ၏။ နောက်၌လည်း နည်းမှီသိပါ)။

မနုဿောသိ၊ ပုရိသောသိ၊ ဘုဇိဿောသိ၊ အဏဏောသိ၊ နသိ ရာဇဘဋ္ဌော၊ အနုညာတောသိ မာတာပိတူဟိ၊ ပရိပုဏ္ဏဝီသတိဝဿောသိ။ (အသိ- ဖြစ်၏လောဟူသော အမေးဆုံးတိုင်း အာမ ဘန္တေ= ဖြစ်ပါ၏ ဘုရားဟုလည်းကောင်း၊ နအသိ- မဖြစ်သည်ဧကန် မှန်၏ လောဟူသော အမေး၏အဆုံး၌ အာမဘန္တေ= မဖြစ်သည် ဧကန် မှန်ပါ၏ဘုရားဟုလည်းကောင်း ဖြေရ၏။)

ပရိပုဏ္ဏံ တေ ပတ္တစီဝရံ။ ကိန္နာမောသိ။ ကောနာမော တေ ဥပဇ္ဈာယော။ ပရိပုဏ္ဏံ- ပြည့်စုံပြီလော။ (အာမ ဘန္တေ= ပြည့်စုံပါပြီဘုရား)။ ကိန္နာမော-သည်၊ အသိ- ဖြစ်သနည်း။ (အဟံ ဘန္တေ နာဂေါ နာမ= ဘုရားတပည့်တော်သည် နာဂအမည်ရှိပါသည်ဘုရား)။ ကော နာမော- အဘယ်အမည် ရှိသနည်း။ (ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရော နာမ- ဘုရားတပည့်တော်၏ ဥပဇ္ဈာယ် ဆရာသည် အရှင်တိဿမထေရ်အမည်ရှိပါသည် ဘုရား)။

စစ်မေးချက်များနှင့် ဖြေကြားပုံတို့ကို လွယ်ကူစွာ သိရှိနိုင်ရန် အောက်ပါအတိုင်း မြန်မာသက်သက် အကျဉ်းနည်းဖြင့် မှတ်သားနိုင်သည်-

စစ်မေးချက်များနှင့်ဖြေနည်း

၁။ နူနာ ရှိသလော?
၂။ ထွတ်မြင်းအနာ အိုင်းအမာ ရှိသလော?
၃။ ဝဲကြီးစွဲနာ ရှိသလော?
၄။ ချောင်းဆိုးသွေးပါ တီဘီနာ ရှိသလော?
၅။ ဝက်ရူးနာ စသော ရူးနှမ်းသောအနာရောဂါ ရှိသလော?
(ဖော်ပြပါငါးချက်အတွက် 'နတ္ထိ ဘန္တေ'ဟု ဖြေရန်)
၆။ လူသားဇကန် ဟုတ်မှန်ပါ၏လော?
၇။ ယောက်ျားစစ်ဇကန် ဟုတ်မှန်ပါ၏လော?
၈။ သူကျွန်အဖြစ်မှ လွတ်လပ်သူ ဟုတ်မှန်ပါ၏လော?
၉။ ကြွေးမြီမတင် သန့်ရှင်းစင်ကြယ်သူ ဟုတ်မှန်ပါ၏လော?
၁၀။ မင်းခစားယောက်ျား မဟုတ်သူ ဖြစ်ပါ၏လော?
၁၁။ မိဘတို့က ကျေကျေနပ်နပ် ခွင့်လွှတ်အပ်သူ ဖြစ်ပါ၏လော?

၁၂။ အသက် (၂၀) ပြည့်သူ ဟုတ်မှန်ပါ၏လော?
၁၃။ သင့်မှာ သပိတ်၊ သင်္ကန်း ပြည့်စုံပါ၏လော?
(၆ မှ ၁၃ အထိ ရှစ်ချက်အတွက် 'အာမ ဘန္တေ' ဟု ဖြေရန်။
၁၄။ သင်သည် အဘယ်အမည်ရှိသနည်း?
(မိမိအမည်ဖြေရန်)

၁၅။ သင်၏ ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည်ရှိ သနည်း?

ဤ (၁၅) ချက်တို့တွင် အမှတ် (၆) (၇) (၁၂) အချက်တို့နှင့် မပြည့်စုံလျှင် ရဟန်းမဖြစ်နိုင်။ ထို့ကြောင့် ဂဏ္ဌုသမ္ဘတ္တိ၌ ဝတ္ထုသမ္ဘတ္တိ ဝတ္ထုအရ ရဟန်းလောင်းဖြစ်ထိုက်သူများ အတွက် အသက် (၂၀) ပြည့်သူဖြစ်ခြင်း၊ ယောက်ျားစစ်ဖြစ်ခြင်း၊ လူသားစစ်ဖြစ်ခြင်းဟူသော အင်္ဂါတို့နှင့် ညီညွတ်သူများ ပါဝင်ခဲ့ပေသည်။ ကျန်အချင်္ဂါများ မပြည့်စုံလျှင်ကား ရဟန်းခံပေးသူ သံဃာမှာသာ အပြစ်ရှိ၍ ရဟန်းလောင်းကား ရဟန်းဖြစ်နိုင်သည်။ (ဝိမတိ-၂။ ၁၃၄၊ ၁၃၅)။

ရဟန်းလောင်းများ စုပေါင်းသင်ပြနိုင်

စုပေါင်း ဒုလ္လဘ ရဟန်းခံပွဲများ ခေတ်စားလာသော ယခုခေတ်တွင် ရဟန်းလောင်း အပါးလေးငါးဆယ်ကို တစ်ပြိုင်နက်တည်း စုပေါင်း၍ ရဟန်းခံကြရာဝယ် ပုဗ္ဗကိစ္စ၊ အပရကိစ္စများ၌ တစ်ပြိုင်နက်တည်း စုပေါင်းဆောင်ရွက်နိုင်သည်။ ထို့ကြောင့် ရဟန်းလောင်းအ၀ါး လေးငါးဆယ်စသည်ကို စုပေါင်းသင်ပြနိုင်သည်။ ကမ္မ၀ါစာ ဖတ်ခြင်းဟူသော ပဓာနကိစ္စ၌ကား အများဆုံး (၃) ပါးကိုသာ တစ်ပြိုင်နက်တည်း ဆောင်ရွက်နိုင်ခွင့်ရှိသည်။ (ဝိနယသာရဂဏ္ဌိ)။

ရဟန်းလောင်း၏ အဂီါများ စိစစ်ချက်

ရဟန်းဖြစ်ရန် အဂီါ (၅) တန်အနက် ဝတ္ထုအရ အသက် (၂၀) ပြည့်သူဖြစ်ခြင်း စသည်ဖြင့် ရဟန်းလောင်း၏ အဂီါများကို ရှေ့၌ ပြခဲ့ပြီ။ ဤ၌ ရဟန်းလောင်းအား စိစစ်မေးမြန်းချက်များအရ အနာကြီးငါးမျိုး မရှိသူဖြစ်ခြင်း၊ သူကျွန်မဟုတ်သူဖြစ်ခြင်း၊ ကြွေးမြီကင်းရှင်းသူ ဖြစ်ခြင်း၊ မင်းမှုထမ်း (၀နထမ်း) မဟုတ်သူ ဖြစ်ခြင်း၊ မိဘနှစ်ပါး ခွင့်ပြုသူ ဖြစ်ခြင်း၊ ကိုယ်ပိုင်သပိတ် သက်နှံးပြည့်စုံသူ ဖြစ်ခြင်း၊ ဥပဇ္ဈာယ်

ဆရာရှိသူဖြစ်ခြင်းတို့သည်လည်း ရဟန်းပေါင်း ဖြစ်ထိုက်သူ၏ (၀၊) ရဟန်းပြုခွင့်ရသူ၏ အင်္ဂါများပင် ဖြစ်ကြသည်။

သို့သော် အနာကြီးငါးမျိုး ရှိသူစသည်များကို ရဟန်းခံပေးလျှင်လည်း ရန်ဟန်းအဖြစ် ရနိုင်ကြပေသည်။ ရဟန်းခံပေးသော သံဃာမှာသာ ဝိနည်းကြောင်းအရ အပြစ်ရှိ၏။ အကြောင်းခြင်းရာကို အခြေခံ၍ ရဟန်းပြုပေးရန် မသင့်လျော်သူများအဖြစ် သတ်မှတ်ကာ အနာကြီး ငါးမျိုး ရှိသူ စသည်များကို ရဟန်းခံမပေးရန် ပညတ်တော်မူခဲ့ခြင်း ဖြစ်၏။

ဗုဒ္ဓလက်ထက်တော်က အနာကြီးငါးမျိုးရှိသော ရာဇဂြိုဟ်ပြည်သားတို့သည် ဗုဒ္ဓသာသနာတော်တွင်း ဝင်လျက် ဆရာဇီဝက၏ ဆေးကုသမှုကို ခံယူကြ၏။ ရောဂါပျောက်ကင်းသည်နှင့် တစ်ပြိုင်နက် လူထွက်ကြကုန်၏။ ထိုအခါ ဆရာဇီဝကက ကဲ့ရဲ့ပြစ်တင်ပြီး ဗုဒ္ဓမြတ်စွာအား လျှောက်ထားလေရာ ဗုဒ္ဓက အနာကြီးငါးမျိုးတို့ဖြင့် နှုပ်စက်သူကို ရဟန်းပြုမပေးရန် သိက္ခာပုဒ်ပညတ်တော်မူ၏။

(ဝိ-၃။ ၁၀၃)။

တစ်ခါက ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သူ တစ်ပါး၏ အစေအပါး ကျွန်နှင့် ကြွေးမြီရှိသူများကို ရဟန်းခံပေးမိလေရာ ရဟန်းဖြစ်ပြီးနောက် အရှင်သခင်နှင့် မြီရှင်များက ၎င်းတို့၏ ကျွန်၊ မြီစားဟူသော အမှတ်ဖြင့် ထို ရဟန်းသစ် များကို ပြန်ခေါ်ကြလေ၏။ ထိုသို့သော ဖြစ်အင်ကို အကြောင်းပြု၍ ဗုဒ္ဓက ကျွန်၊ မြီစားများကို ရဟန်းပြုမပေးရန် သိက္ခာပုဒ် ပညတ်တော်မူရပြန်လေ၏။

(ဝိ-၃။ ၁၀၇)။

ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရမင်း၏ မင်းမှူထမ်းစစ်သည်တော်များ သာသနာတော်တွင်း ဝင်ရောက်ကြလေရာ မင်း၏ ခွင့်ပြုချက် မရဘဲ မင်းမှူထမ်းများကို ရဟန်းပြုမပေးရန် ဗိမ္ဗိသာရမင်း၏ တောင်းပန်လျှောက်ထားချက်အရ ဗုဒ္ဓမြတ်စွာသည် မင်းများခွင့်မပြုသော မင်းမှူထမ်း (ဝန်ထမ်း) များကို ရဟန်းပြုမပေးရန် သိက္ခာပုဒ် ပညတ်တော်မူရပြန်၏။

(ဝိ-၃။ ၁၀၄)။

ယခုခေတ် ဒုလ္လဘ ရဟန်းခံပွဲများ၌ ဌာနဆိုင်ရာ အကြီးအကဲက ပေးအပ်သော ခွင့်ရက်ဖြင့် ဝန်ထမ်းများ ပါဝင်ကြခြင်းဖြစ်၍ ဤဝိနည်းပညတ်ချက်မှ ကင်းလွတ်ကြပေသည်။

သားတော်ကြီးဘုရား တောထွက်တော်မူစဉ်ကပင် စိတ်မသက်သာ ဖြစ်နေသော ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် ထီးနန်းလျှာထားသော သားတော် နန္ဒမင်းသားနှင့် မြေးတော် ရာဟုလာတို့ သာသနာ့ဘောင် ဝင်ရောက်သွားကြပြန်သောအခါ 'ရာဇပဝေဏီ အစဉ်ယုတ်လေပြီ' ဟု ရင်ထုမနာ နှလုံးမသာယာသည်ဖြစ်၍ မိဘခွင့်မပြုသော သားသမီးကို ရှင်ရဟန်းပြုပေးတော်မမူရန် သားတော် ဗုဒ္ဓအား လျှောက်ထားလေရာ ဗုဒ္ဓမြတ်စွာသည် "မိဘတို့ခွင့်မပြုသော သားသမီးကို ရှင်ရဟန်းပြုမပေးရ" ဟု ဝိနည်းဥပဒေတစ်ရပ် ချမှတ်တော်မူရပြန်လေ၏။ (ဝိ-၃။ ၁၀၆)။

လူအသွင်ဖြင့် ရဟန်းခံပေးမှု

ဦနဝိသတိဝဿ သိက္ခာပုဒ်၌ ဦနဝီသတိဝဿံ သာမဏေရံ-ဟု မဆိုဘဲ ပုဂ္ဂလံ-ဟု သာမန်ဆိုထားခြင်း၊ ရဟန်းလောင်း၏အဂၢိရပ်များတွင် သာမဏေဖြစ်ရမည်ဟု မဆိုခြင်းတို့ကြောင့် သာမဏေမဟုတ်သူ လူကိုပင် ရဟန်းခံပေးကောင်းသည်ဟူ၍လည်းကောင်း၊ ဆံ မုတ်ဆိတ် ပယ်ခြင်း၊ သင်္ကန်းဝတ်ခြင်းဟူသော အဂၢိရပ်များ မပါခြင်းကြောင့် ပုဆိုး၊

အကျိုး ဘောင်းဘီဝတ်ထားသူများကိုပင် ရဟန်းခံပေးကောင်းသည်ဟူ၍ လည်းကောင်း ဆရာတို့ ဆိုကြသည်။

(ဝဇိရဋ္ဌီ - ၄၁၁။ ပါတိမောက်ဘာသာဋီကာ- ၃၀၄)။

သပိတ်,သင်္ကန်း မပြည့်စုံသူကို ရဟန်းခံပေးက ဒုက္ခင်္ဇ အာပတ်သင့်၏ဟူသော သိက္ခာပုဒ် (ဝိ- ၃။ ၁၂၅) ကို လည်းကောင်း၊ ဖေါ်ဘိက္ခုခေါ်လိုက်သည်နှင့် တစ်ပြိုင်နက် လူ့အသွင်ပျောက် ရဟန်းအသွင်ရောက်သည်ဟူသော အဌ ကထာစကား (ဝိ-ဌ-၁။ ၂၀၅) ကိုလည်းကောင်း ထောက်လှန် ရှုင်ရဟန်းအသွင်ရှိသူကို ရဟန်းခံပေးခြင်းသည်သာ အပြစ် ကင်း၍ သာသနာတော်နှင့် သင့်လျော်ပေသည်။ ထို့ကြောင့် လည်း ရှေးခေတ်မှ မျက်မှောက်ခေတ်အထိ ဆရာစဉ်ဆက်တို့ လူ၀တ်လူစားတို့နှင့် သူ (လူ့အသွင်ဖြင့်လူ) ကို တိုက်ရိုက် ရဟန်းခံပေးလေ့ မရှိကြပေ။

ပုဗ္ဗကိစ္စ (၁၀) ပါး ပြီး၏။

ပဓာနကိစ္စ

၁၁။ ကမ္မဝါစာရွတ်ဖတ်ခြင်း

ဥတ္တိစတုတ္ထကမ္မဝါစာပါဠိ

ဥတ်

သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္မဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ နာဂေါ သံဃံ ဥပသမ္မဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။

ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂံ ဥပသမ္မာဒေယ္ယ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ဧသာ ဥတ္တိ။

ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ ဒေယံ·နာဂေါ အာယသ္မတော တိဿဿ ဥပသမ္မဒါပေက္ခော၊ ပရိသုဒ္ဓေါ

အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏာသ ပတ္တစီဝရံ၊ နာဂေါ သံယံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိသ္သေန ဥပဇ္ဈာယေန၊ သံယော နာဂံ ဥပသမ္ပာဒေတိ အာယသ္မတာ တိသ္သေန ဥပဇ္ဈာယေန၊ ယသ္သာယသ္မတော ခမတိ နာဂဿ ဥပသမ္ပဒါ အာယသ္မတာ တိသ္သေန ဥပဇ္ဈာယေန၊ သော တုဏ္ဍိဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယ္ယ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ သုဏာတု မေ (ပ) သော ဘာသေယ္ယ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ သုဏာတု မေ (ပ) သော ဘာသေယ္ယ။

နိဂုံး

ဥပသမ္ပဒေါ သံယေန နာဂေါ အာယသ္မတာ တိသ္သေန ဥပဇ္ဈာယေန၊ ခမတိ သံယဿ၊ တသ္မာ တုဏ္ဍီ၊ ဧवमेတं ဓာရယာမိ။ (ဝိ-၃။ ၇၁၊ ၁၃၂)။

ရဟန်းဖြစ်ချိန်နှင့်နိဂုံးရွတ်မှု

ဖော်ပြပါ ဂမ္ဘီဝါစာအဆုံး တတိယမြောက်သော "ဘာသေယျ" အရောက်တွင် ရဟန်းဖြစ်တော့၏။ ဥပသမ္ပဒေါ သံယေန စသည်ကား ကမ္မနိဋ္ဌာနဝါကျ နိဂုံးစကားတည်း။ ယင်းဝါကျကို ဥ တ္တိဒုတိယကံ ဖြစ်လျှင် တစ်ကြိမ်၊ ဤကဲ့သို့ ဥ တ္တိစတုတ္ထကံဖြစ်လျှင် သုံးကြိမ်ရွတ်ဆိုအပ်၏ဟု ဆရာတို့ ဆိုကြသည်။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက သုံးကြိမ် ရွတ်ဆိုခြင်းကို အပိုဟု မိန့်တော်မူ၏။

(ဝိသုဒ္ဓါရုံ အဆုံးအဖြတ်)။

ဂမ္ဘီဝါစာ မြန်မာပြန်

ဥ တ်

အရှင်ဘုရားတို့၊ သံဃာတော်သည် ဘုရားတပည့်တော်၏စကားကို နားစိုက်တော်မူပါ။ နာဂသည် အရှင်တိဿအား ရဟန်းခံခြင်းငှါ ရှုံ့ချသူပါတည်း။ အန္တရာယ်ကို ပြုတတ်သော တရားတို့မှ သန့်ရှင်းစင်ကြယ်ပါ၏။ ဤနာဂအား သပိတ် သင်္ကန်း ပြည့်စုံပါပြီ။ နာဂသည် သံဃာတော်ကို အရှင်တိဿကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံခြင်းကို တောင်းပန်

ခဲ့ပါ၏။ အကယ်၍ သံယာ၏ ကံသည် လျှောက်ပတ်သော အခါ ရှိသည်ဖြစ်ပါသော် အရှင်တိသကို ဥပဇ္ဈာယ်ပြု၍ နာဂကို ရဟန်းခံပေးရာ၏။ ဤသည်မှာ သံယာတော်ကို သိစေခြင်းပါတည်း။

ကမ္မဝါစာ

အရှင်ဘုရားတို့၊ သံယာတော်သည် ဘုရားတပည့်တော်၏စကားကို နားစိုက်တော်မူပါ။ နာဂသည် အရှင်တိသအား ရဟန်းခံခြင်းငှါ ရှင့်သူပါတည်း။ အန္တရာယ်ကို ပြုတတ်သော တရားတို့မှ သန့်ရှင်းစင်ကြယ်ပါ၏။ ဤနာဂအား သပိတ် သင်္ကန်းပြည့်စုံပါပြီ။ နာဂသည် သံယာတော်ကို အရှင်တိသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံခြင်းကို တောင်းပန်ခဲ့ပါ၏။ သံယာတော်သည် အရှင်တိသကို ဥပဇ္ဈာယ်ပြု၍ နာဂကို ရဟန်းခံပေးပါ၏။ နာဂအား အရှင်တိသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးခြင်းကို ကျေနပ်နှစ်သက်သော အရှင်သည် ဆိတ်ဆိတ်နေရာ၏။ မကျေနပ် မနှစ်သက်သော အရှင်သည် မကျေနပ် မနှစ်သက်ဟု ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ဆိုပါ၏။ (သုဏာတု မေ-စသည် ယခင်အတိုင်း)။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ဆိုပါ၏။ (သုဏာတု မေ-စသည် ယခင်အတိုင်း)။

နိဂုံး

သံယာတော်သည် အရှင်တိဿကို ဥပဇ္ဈာယ်ပြု၍ နာဂကို ရဟန်းခံပေးအပ်ပါပြီ။ သံယာတော်သည် ကျေနပ်နှစ်သက်သောကြောင့် ဆိတ်ဆိတ်နေခဲ့ပါ၏။ ဤသို့ ဆိတ်ဆိတ်နေခဲ့သဖြင့် သံယာတော်၏ ကျေနပ်နှစ်သက်ကြောင်းကို သိမှတ်ရပါ၏။

ကမ္မဝါစာရွတ်ဖတ်ခြင်းသာ လိုရင်း

ရဟန်းခံကိစ္စ၌ ဥ တ်ကမ္မဝါစာ ရွတ်ဖတ်ခြင်းလုပ်ငန်းသည်သာ လိုရင်းဖြစ်၏။ ထို့ကြောင့် ယင်းလုပ်ငန်းကို ပဓာနကိစ္စဟု ဆိုရသည်။ ရှေ့ပိုင်း ပုဗ္ဗကိစ္စ၊ နောက်ပိုင်း အပရကိစ္စများကို မဆောင်ရွက်စေကာမူ ဤပဓာနကိစ္စကိုသာ အောင်အောင်မြင်မြင် ဆောင်ရွက်လိုက်လျှင် ရဟန်းဖြစ်တော့၏။

သို့သော် ပုဗ္ဗကိစ္စ အပရကိစ္စများကို မဆောင်ရွက်လျှင် သံယာ တော်မှာ တာဝန်မကျေသဖြင့် တာဝန်ပျက်ယွင်းမှု အာပတ် အပြစ် သင့်ရောက်နိုင်၏။ သို့ဖြစ်၍ ပုဗ္ဗကိစ္စ အပရကိစ္စများ ကိုလည်း ပြည့်ပြည့်စုံစုံ ဆောင်ရွက်ကြရသည်။

ပဓာနကိစ္စတွင် (၁) ဥ တ်၊ (၂) ကမ္မဝါစာ၊ (၃) နိဂုံးဟု သုံးပိုင်းပါရှိသည်။ ဥ တ်, ကမ္မဝါစာဖြင့် သံယာ့ကံကို ဆောင် ရွက်ခြင်းသည် သံယာ့အစည်းအဝေးတစ်ခု ပြုလုပ်ခြင်း နှင့်တူ၏။

သံယာ့အစည်းအဝေးပုံစံ

ဤ ရဟန်းခံ ဥပသမ္မဒကံ ဆောင်ရွက်ခြင်းသည် ရဟန်းလောင်းကို သံယာ့အဖွဲ့အစည်းက ရဟန်းအဖြစ် အသိအမှတ်ပြုရန် သံယာ့အစည်းအဝေးတစ်ခု ပြုလုပ်ခြင်း ပင် ဖြစ်သည်။ ယင်းသံယာ့ အစည်းအဝေး၌ (၁) ဥ တ်ဖြင့် ကြိုတင်အသိပေးခြင်း၊ (၂) ကမ္မဝါစာဖြင့် အဆိုတင်သွင်းခြင်း၊ (၃) နိဂုံးဖြင့် အတည်ပြုချက်ကို ကြေညာခြင်း ဤသဘော ပေါ်လွင်ရုံမျှ မြန်မာပြန်ရလျှင် ဤဖော်ပြပါအတိုင်း ဖြစ်ပေ မည်။

ဥ တ်

ရဟန်းလောင်း (နာဂ) သည် အရှင် (တိသ) မထေရ်၏ တပည့်ဖြစ်ပါသည်။ အန္တရာယ်ကင်းသူလည်း ဖြစ်ပါသည်။ သူ့မှာ သပိတ် သင်္ကန်းလည်း ပြည့်စုံနေပါပြီ။ ဖြစ်နိုင်မည် ဆိုလျှင် သံယာတော်က ရဟန်းလောင်း (နာဂ) ကို ရဟန်းပြုပေးရန် ကြိုတင်အသိပေးပါသည်။ (ကြိုတင်အသိပေးခြင်း)

ကမ္မဝါစာ

ရဟန်းလောင်း (နာဂ) ကို သံယာ့အဖွဲ့အစည်းက ရဟန်းပြုပေးပါသည်။ ဤသို့ ရဟန်းပြုပေးခြင်းကို သဘောတူလျှင် ဆိတ်ဆိတ်နေပါ။ သဘောမတူသူ ရှိလျှင်လည်း ကန့်ကွက်ပြောဆိုပါ။ နှစ်ကြိမ်မြောက်၊ သုံးကြိမ်မြောက် ထိုနည်းအတူ ထပ်မံပြောဆိုပါသည်။ သဘောတူလျှင် ဆိတ်ဆိတ် နေပါ၊ သဘောမတူသူရှိလျှင်လည်း ကန့်ကွက်ပြောဆိုပါ။ (အဆိုတင်သွင်းခြင်း)။

နိဂုံး

သံယာ့အဖွဲ့အစည်းက ရဟန်းလောင်း (နာဂ) ကို ရဟန်းပြုပေးပြီးပါပြီ။ သံယာ့အဖွဲ့အစည်းက သဘောတူခြင်း

ကြောင့် ဆိတ်ဆိတ်နေသည်ဟု အသိအမှတ်ပြုပါသည်။ (အတည်ပြုချက်ကို ကြည်ညာခြင်း)။

ကမ္မဝါစာနှင့်ဘာသာစကား

ဥ တို့စတုတ္ထကမ္မဝါစာသည် ရဟန်းဖြစ်ရေး၌ အချက်အချာ ပဓာနဖြစ်၏။ ဥ တ်, ကမ္မဝါစာကို သိထိလ ဓနိတ စသည် ဗျဥ္ဇနဗုဒ္ဓိ (၁၀) ပါးနှင့်အညီ ပီသစွာ မှန်မှန်ကန်ကန် ရွတ်ဖတ်နိုင်ကြရ၏။ မှန်၏။ ဥ တ်, ကမ္မဝါစာကို မာဂဓ (ပါဠိ) ဘာသာဖြင့် ရွတ်ဖတ်မှသာ သံဃာ့ကံ အောင်မြင်နိုင်၏။ အခြားမည်သည့် ဘာသာဖြင့်မဆို ရွတ်ဖတ်ခွင့်မရှိ။ ရွတ်ဖတ် သော်လည်း :သံဃကံ အထမမြောက်၊ မအောင်မြင်နိုင်။ ထို့ကြောင့် ဥ တ်, ကမ္မဝါစာကို မြန်မာဘာသာဖြင့် ရွတ်ဆို၍ သံဃာ့ကံကို ဆောင်ရွက်နိုင်ရန် ထုံးစံမရှိကြောင်း ရှေ့၌ ဆိုခဲ့ခြင်းဖြစ်၏။

စာပေ (၃) မျိုး

ဤနေရာ၌ စာပေသုံးမျိုးကို ခွဲခြားမှတ်သား သင့်၏။ ယင်းတို့မှာ-

(၁) သဒ္ဒပဓာနစာပေ = သဒ္ဒါပြဋ္ဌာန်းသောစာပေ (ကမ္မဝါစာ၊ ရှင်ပြုရာ၌ သရဏဂုံ သုံးပါးနှင့် မန္တန်အမျိုးမျိုး)

(၂) အတ္ထပဓာနစာပေ= အနက်ပြဋ္ဌာန်သောစာပေ (ယခင် သုံးမျိုးနှင့် ကဗျာတို့မှ တစ်ပါး အခြားစာပေ အမျိုးမျိုး)

(၃) သဒ္ဒတ္ထပဓာနစာပေ = သဒ္ဒါနက်နှစ်ပါးစုံ ပြဋ္ဌာန်းသောစာပေ (ကဗျာအမျိုးမျိုး) တို့ဖြစ်သည်။

ထိုတွင် သဒ္ဒပဓာနစာပေဟူသည်မှာ သဒ္ဒါကို အလေးထားရသော စာပေမျိုးဖြစ်၏။ အနက်အဓိပ္ပာယ်သိမှု မသိမှုမှာ အဓိက မဟုတ်။ ကမ္မဝါစာသည် သဒ္ဒပဓာနစာပေ မျိုးဖြစ်၍ ယင်းကမ္မဝါစာကို သဒ္ဒါနည်းကျ ဗျည္ဇနဗုဒ္ဓိ (၁၀) ပါးနှင့်အညီ မှန်ကန်စွာ ရွတ်ဖတ်နိုင်ဖို့သာ အဓိကဖြစ်၏။ အနက်အဓိပ္ပာယ် မသိခြင်းကြောင့် တစ်စုံတစ်ရာ အပြစ်မရှိပေ။ ရှင်ပြုရာ၌ သရဏဂုံပေးမှု ယူမှုလည်း ထိုနည်းအတူပင်ဖြစ်၏။ ဤသည်တို့မှာ ကမ္မဝါစာ သရဏဂုံတို့၏ ထူးခြားချက်တည်း။

ဘာသာစကားစုံဖြင့်ဆောင်ရွက်နိုင်

အခြားဘာသာရေးကိစ္စများ၌ မည်သည့်ဘာသာဖြင့်မဆို မိမိတို့ နှစ်သက်ရာ ဘာသာဖြင့် ဆောင်ရွက်နိုင်ခွင့် ရှိကြသည်။ ဥပမာ- ငါးပါးသီလ ခံယူရာ၌ ဗမာဘာသာဖြင့် ခံယူနိုင်သကဲ့သို့ ကချင်၊ ကရင်၊ မွန် စသည်တို့ကလည်း မိမိတို့ဆိုင်ရာ ကချင်ဘာသာ၊ ကရင်ဘာသာ၊ မွန်ဘာသာ စသည်တို့ဖြင့် ခံယူနိုင်ကြပေသည်။ ရဟန်းခံ ကိစ္စ၌ပင် ဥ တ်ကလွဲလျှင် ရှေ့ပိုင်း ပုဗ္ဗကိစ္စ၊ နောက်ပိုင်း အပရကိစ္စတို့ကို ကြိုက်နှစ်သက်ရာ ဘာသာဖြင့် ဆောင်ရွက်နိုင်ခွင့် ရှိသည်။

ဗျဉ္ဇနဗုဒ္ဓိ (၁၀) ပါး

ဤ၌ ဥပသမ္ပဒကံဆောင် သံဃာတော်များအနေဖြင့် ဥပသမ္ပဒကံ ထမြောက်အောင်မြင်ရန် အထူးအလေးထား အပ်သည့် ဗျဉ္ဇနဗုဒ္ဓိ (၁၀) ပါး အကြောင်းဖော်ပြလို၏။

သိထိလံ ဓနိတဉ္စ ဒီဃရသံ၊
ဂရုကံ လဟုကဉ္စေဝ နိဂ္ဂဟီတံ။
သမ္မန္နဝဝတ္ထိတံ ဝိမုတ္တံ၊
ဒသဓာ ဗျဉ္ဇနဗုဒ္ဓိယာ ပဘေဒေါ။ (ဝိ-၆- ၄။ ၂၄၇)။

(၁) သိထိုလ= ဌာန်၊ ကရိုဏ်းတို့ကို လျှော့လျှော့ပြု၍ ရွတ်ဆိုအပ်သော ပထမကွဲရာငါးလုံး (က-စ-ဋ-တ-ပ)၊ တတိယကွဲရာ ငါးလုံး (ဂ-ဇ-ဍ-ဒ-ဗ)။

(၂) ဓနိတ = ဌာန်၊ ကရိုဏ်းတို့ကို ပြင်းပြင်းထန်ထန်ပြု၍ ရွတ်ဆိုအပ်သော ဒုတိယကွဲရာ ငါလုံး (ခ-ဆ-ဌ-ထ-ဖ)၊ စတုတ္ထကွဲရာငါးလုံး (ဃ-ဈ-ဝ-ဓ-ဘ)။

(၃) ဒီဃ = သံရှည် နှစ်မတြာကာလဖြင့် ရွတ်ဆိုအပ်သော ဒီဃသရ ငါးလုံး (အာ-ဤ-ဦ- ဧ-ဩ၊ ကာ-ကီ- ကူ-ကေ-ကော- စသည်)။

(၄) ရဿ = သံတို တစ်မတြာကာလဖြင့် ရွတ်ဆိုအပ်သော ရဿသရသုံးလုံး (အ-ဣ-ဥ၊ က-ကိ-ကု စသည်)။

(၅) ဂရုက= နှောင်းသော သံယုတ်ရှိသော ရဿသရသုံးလုံးနှင့် ဒီဃသရငါးလုံး (ကတွာ၊ ဟိတွာ၊ ဘုတွာစသည်နှင့် အမှတ် ၃ အတိုင်း)

(၆) လဟုက = နှောင်းသော သံယုတ်မရှိသော ရိုးရိုး ရဿသရသုံးလုံး (အမှတ် ၄ အတိုင်း)

(၇) နိဂ္ဂဟီတ = ဌာန်၊ ကရိုဏ်းတို့ကို နှိပ်၍ နှုတ်ခမ်းကိုဖွင့်၊ ပါးစပ်ကို ပိတ်၍ ရွတ်ဆိုအပ်သော ဗိန္ဒုနှင့် ယင်းဗိန္ဒု၏ မှီရာအက္ခရာ (အံ- ကံ စသည်)။

(၈) သမ္မုန္ဓ = သန္ဓိပုဒ်စပ်၍ ရွတ်ဆိုအပ်သော အက္ခရာ (ပရိပုဏ္ဏာသ၊ တုဏ္ဏာသ၊ နက္ခမတိ စသည်)။

(၉) ဝဝတ္ထိတ = သန္ဓိပုဒ်ဖြတ်၍ ရွတ်ဆိုအပ်သော အက္ခရာ (သန္ဓိစပ် မထားသော ဌာနများ)။

(၁၀) ဝိမုတ္တ = ဌာန်၊ ကရိုဏ်းတို့ကို စွန့်လွှတ်၍ ခံတွင်းပါးစပ်ကို ဖွင့်၍ ရွတ်ဆိုအပ်သော အာ ဒီယသရနှင့် အာ ဒီယသရကို မှီသော အက္ခရာ (အာ၊ ကာ စသည်)။

ရွတ်ဖတ်မှုနည်းလမ်းမကျလျှင်ကံပျက်

ဤ ဖော်ပြပြီး ဗျဥ္ဇနဗုဒ္ဓိ (၁၀)ပါး သတ်မှတ်ချက်အရ လျှာ့သင့်သည်ကို လျှာ့၊ ပြင်းသင့်သည်ကို ပြင်း၊ ရှည်သင့်သည်ကို ရှည်၊ တိုသင့်သည်ကို တို၊ ဖွင့်သင့်သည်ကို ဖွင့်၊ ပိတ်သင့်သည်ကို ပိတ်၍ နေရာတကျ ရွတ်ဖတ်ရ၏။

သိထိလကို ဓနိတ၊ ဓနိတကို သိထိလ၊ ဝိမုတ္တိကို နိဂ္ဂဟီတ၊ နိဂ္ဂဟီတကို ဝိမုတ္တိပြု၍ ရွတ်ဖတ်လျှင် ကံပျက်၏။ ဥပမာ သုဏာတု မေဒ္ဒ် တု-ဟူသော သိထိလအက္ခရာကို ထု-ဟု ဓနိတအက္ခရာပြု၍ ရွတ်ဖတ်မိလျှင်၊ ဏာ-ဟူသော ဝိမုတ္တိအက္ခရာကို ဏံ-ဟု နိဂ္ဂဟီတအက္ခရာပြု၍ ရွတ်ဖတ်မိလျှင် ကံပျက်သည်ဟူလို။

ရဟန်းခံမှုဆိုင်ရာ၌ ဗျဥ္ဇနဗုဒ္ဓိ (၁၀) ပါးကို သတ်မှတ်၍ ရှင်ပြုမှုဆိုင်ရာ၌ ဌာန်၊ ကရိဏ်းကို သတ်မှတ်ဆိုထားသော်လည်း ရဟန်းခံမှု၊ ရှင်ပြုမှု နှစ်မျိုးလုံး၌ ဗျဥ္ဇနဗုဒ္ဓိ (၁၀) ပါးနှင့် ဌာန်၊ ကရိဏ်းတို့ကို မှတ်သားလိုက်နာ ရွတ်ဖတ်သင့်ကြောင်း ဆရာတို့ ဆိုကြသည်။ သို့ဖြစ်၍ သုဏာတု မေဒ္ဒ် တု-ဟူသော

ဒန္တဇ (ဒန္တဌာန်) အက္ခရာကို ဋ္ဌ-ဟု မုဒ္ဓဇ (မုဒ္ဓဌာန်) ပြု၍ ရွတ်ဖတ်လျှင်လည်း ကံပျက်သည်သာ။

သာသနာ့ဝန်ထမ်း ရဟန်းတော်များသည် ဌာန်၊ ကရိုဏ်း၊ ပယတ်၊ ဗျဥ္ဇနဗုဒ္ဓိများကို နည်းမှန်တကျ သင်ကြား လေ့လာ၍ သံယာ့ကံများ ဆောင်ရွက်ကြရာ၌ သတိသမ္ပဇဉ်ကို ကြီးစွာထားလျက် ရွတ်ဖတ် သင့်ကြပေသည်။ ယခုအခါ ဌာန်သာကွဲ၍ သုတိ (အသံ) တူသော မုဒ္ဓဇ, ဒန္တဇ အက္ခရာများ ရွတ်ဖတ်နည်းကို ဟာရိကာသဒ္ဒါငယ် ကျမ်းလာအတိုင်း ဖော်ပြပါမည်။

မုဒ္ဓဌာန်နှင့်ဒန္တဌာန်ရွတ်ဖတ်နည်း

မုခဋ္ဌာနရ မုဒ္ဓမ္ပိ၊ မုဒ္ဓဌာနံ ပကာသိတံ။
ကရဏံ တတ္ထ ဇာတာနံ၊ ဇိဝှောပဂ္ဂန္တိ လက္ခိတံ။
ဥပရိ ဒန္တဌာနသ၊ ပန္တိယာဋ္ဌာနရမ္ပိ စ။
တတ္ထ ဥပ္ပန္နဝဏ္ဏာနံ၊ ဇိဝှဂ္ဂံ ကရဏံ ဘဝေ။
(ကာရိကာ သဒ္ဒါငယ်)။

မုခဋ္ဌာနရမုဒ္ဓမ္ပိ= ခံတွင်း၏အတွင်း အာခေါင်ထိပ်၌၊ မုဒ္ဓဌာနံ- မုဒ္ဓဌာန်ကို၊ ပကာသိတံ= ပြအပ်ပြီ၊ ကတ္ထ- ထို

အာခေါင်ထိပ်အရပ်၌၊ ဇာတာနံ- ဖြစ်သော ၌-ဝဂ်ငါးလုံး ရင်ဗဟူသော ခုနစ်လုံးသော အက္ခရာတို့၏၊ ကရဏံ- ရွတ်ကြောင်းကရိုဏ်းကို၊ ဇိဝှောပဂ္ဂန္တိ- လျှာဖျားအနီး အရပ်ဟူ၍၊ လက္ခိတံ- မှတ်အပ်၏။

စ- မုဒ္ဓဌာန်မှတစ်ပါး ဒန္တဌာန်ကို ဆိုဦးအံ့၊ ဥပရိဒန္တဌာနသ- အထက်သွားအရပ်၏၊ ပန္တိယာ- အစဉ်၏။ အဘ္ဘန္တရမ္မိ- အတွင်း၌။ (ဒန္တဌာနံ- ဒန္တဌာန်ကို၊ ပကာသိတံ- ပြအပ်ပြီ)၊ တတ္ထ- ထိုအထက်သွား အစဉ်အရပ်၌၊ ဥပ္ပန္နဝဏ္ဏာနံ-ဖြစ်သော တ-ဝဂ်ငါးလုံး လ, သ-ဟူသော ခုနစ်လုံးသော အက္ခရာတို့၏၊ ကရဏံ- ရွတ်ကြောင်းကရိုဏ်းသည်၊ ဇိဝှဂ္ဂံ- လျှာဖျားအရပ်သည်၊ ဘဝေ- ဖြစ်၏။

ဆရာစဉ်ဆက် ကျောက်ထီးတန္တ အလေးပြုအပ်သော ဤကာရိကာ သဒ္ဒါဝေယ်လာသည့်အတိုင်း ခံတွင်း၏ အတွင်း အာခေါင်ထိပ် အရပ်ကို မုဒ္ဓဌာန်ဟူ၍လည်းကောင်း၊ အထက်သွား အစဉ်၏ အတွင်းအရပ်ကို ဒန္တဌာန်ဟူ၍လည်းကောင်း မှတ်ယူရာ၏။ ထို့ကြောင့် မုဒ္ဓဇ (မုဒ္ဓဌာန်) ၌-ဝဂ်ရင်ဗ-အက္ခရာများကို ရွတ်ဖတ်သည့်အခါ အထက်အာခေါင်ထိပ်သို့ လျှာကိုထိုး၍ ရွတ်ဖတ်ရသည်။ ဒန္တဇ (ဒန္တဌာန်) တ-

ဝင် လ,သ-အက္ခရာများကို ရွတ်ဖတ်သည့်အခါ အထက်သွားခြေသို့ လျှာကို ထိုး၍ ရွတ်ဖတ်ရသည်။

ဤသို့ မုဒ္ဓဌာန် ဒန္တဌာန် နှစ်ပါးကို နည်းမှန်တကျ မရွတ်ဖတ်တတ်လျှင် သုဏာတုဋ္ဌ အထက်သွားခြေသို့ လျှာကို ထိုး၍ ရွတ်ဖတ်ရမည့် ဒန္တဇတုကို အထက်အာခေါင်ထိပ်သို့ လျှာကို ထိုး၍ ရွတ်ဖတ်မိတတ်၏။ ယင်းသို့ ရွတ်ဖတ်မိလျှင် ဒန္တဇ တု-မှ မုဒ္ဓဇ ဋ္ဌ- ဖြစ်သွားတော့၏။ ယင်းသို့ဖြစ်သော် ကံပျက်နိုင်ပေသည်။

ဥတ်ကမ္မဝါစာဖတ်သင့်သူ

ရဟန်းဖြစ်ရေး၌ ဥတ်ကမ္မဝါစာကို ဤဖော်ပြခဲ့ပြီး အတိုင်း နည်းလမ်းတကျ ရွတ်ဖတ်နိုင်ရ၏။ ထို့ကြောင့် ဗျတ္တ (ပင်ကိုယ်အရည်အသွေးရှိသူ) လည်းဖြစ်၊ ပဋိဗလ (လက်တွေ့ စွမ်းဆောင်နိုင်သူ) လည်းဖြစ်သော ပုဂ္ဂိုလ်မျိုးကို ဥတ်ကမ္မဝါစာ ဖတ်သင့်သူအဖြစ် သတ်မှတ်ထားလေသည်။

ဤ ရဟန်းခံ ကိစ္စ၌ ဥတ္တိစတုတ္ထကမ္မဝါစာကို ဆိုခဲ့ပြီး ဌာန်၊ ကရိဏီး၊ ဗျဉ္ဇနဗုဒ္ဓိတို့နှင့်အညီ နည်းလမ်းတကျ သင်ယူထားသူကို ဗျတ္တပုဂ္ဂိုလ်ဟုခေါ်၍ သင်ယူ

တတ်သိရုံမျှမက ဌာန်၊ ကရိုဏ်း၊ ဗျဥ္ဇနဗုဒ္ဓိတို့နှင့်အညီ လက်တွေ့ ရွတ်ဖတ် နိုင်စွမ်း ရှိသူကို ပဋိဗလဟုခေါ်သည်။

တွဲ၍အကြိမ်ကြိမ်ဖတ်ခြင်း

ပါဠိတော်များ၌ တစ်ပါးတည်း ကမ္မဝါစာဖတ်ပုံသာ လာသည်။ နှစ်ပါး သုံးပါးတွဲ၍ လည်းကောင်း၊ နှစ်ကြိမ်၊ သုံးကြိမ်ထပ်၍ လည်းကောင်း ရွတ်ဖတ်ရမည်ဟု အဆိုမရှိ။ သို့သော်လည်း တစ်ပါး မသေချာလျှင် အခြားတစ်ပါးက သေချာအောင် နှစ်ပါးသုံးပါးတွဲဖတ်ခြင်း အစဉ်အလာကို ဖန်တီးခဲ့ကြသည်။ တစ်ကြိမ် မသေချာလျှင် နောက်အကြိမ်များ၌ သေချာအောင် နှစ်ကြိမ်သုံးကြိမ် ထပ်ဖတ်ခြင်း **အစဉ်** အလာကိုလည်း ဖန်တီးခဲ့ကြသည်။ ဤအစဉ်အလာကို သီဟိုဠ်အလယ်ခေတ်လောက်က စတင်ခဲ့သည်ဟု ယူဆကြသည်။ ထို့ကြောင့် ယနေ့မျက်မှောက်ခေတ်အထိ ဤ **အစဉ်** အလာကို အမြတ်တနိုး တန်ဖိုးထားကာ လက်ခံကျင့်သုံးလျက် ရှိကြသည်။

ပဓာနကိစ္စ ပြီး၏။

အပရကိစ္စ (၃) ပါး

၁၂။ ရဟန်းဖြစ်ချိန်ကို ပြောကြားခြင်း

တာဝေဒေ ဆာယာ မေတဗ္ဗာ။ ဥတုပ္ပမာဏံ အာစိက္ခိ တဗ္ဗံ။ ဒိဝသဘာဂေါ အာစိက္ခိတဗ္ဗော။ သဏိတိ အာစိက္ခိတဗ္ဗာ။

တာဝေဒေ- ရဟန်းဖြစ်စေ၊ ထိုခဏာ၌ပင်၊ ဆာယာ-လူရိပ်ကို၊ မေတဗ္ဗာ- တစ်သူရှိပြီ နှစ်သူရှိပြီ၊ ဖဝါးချီလျက်၊ နှိုင်းရှည်မှတ် သား၊ ပြောထားအပ်၏။ ဥတုပ္ပမာဏံ-ဆောင်း၊ နွေ၊ မိုးဟု ဥတုအတိုင်း အရှည်ကို၊ အာစိက္ခိတဗ္ဗံ - ပြောထားအပ်၏။ ဒိဝသဘာဂေါ- နေ့အဖို့ကို၊ အာစိက္ခိတဗ္ဗော- ပြောထား အပ်၏။ သဏိတိ- အရိပ်ဥတု၊ နေ့ဟုစုဆောင်း၊ သုံးပါးအပေါင်း ကို၊ အာစိက္ခိတဗ္ဗာ- ပြောထားအပ်၏။

ရဟန်းဖြစ်သည်နှင့် တစ်ပြိုင်နက် ရဟန်းလောင်းအား ရဟန်းဖြစ်ချိန်ကို သိရန် အရိပ်၊ ဥတု၊ နေ့တို့ကို ပြောပြ ထားရ-မည်ဟု ဆိုလိုသည်။ ထိုသို့ ပြောပြရခြင်းမှာ နောက်နောင် အခါ ရှိနိုးခြင်း၊ အရိုအသေပြုခြင်း၊ ကျောင်းထိုင် တင်မြှောက်

ခြင်းစသော အရာ၌ ဝါကြီးဝါငယ် ရွေးချယ်ပြုလုပ်နိုင်ရန်ဖြစ်၏။ ရှေ့ခေတ်က အရိပ်ကို ဖဝါးဖြင့်တိုင်း၍ အချိန်ကို မှတ်သားလေ့ရှိ၏။ သိပ္ပံထွန်းကားရာ ယခုခေတ်၌ မျှားသောအားဖြင့် စက်နာရီဖြင့် မှတ်သားလေ့ရှိ၏။ အဆိုပါ ရဟန်းဖြစ်သည့် ဥတု နေ့ နာရီအချိန်တို့ကိုလည်း ရဟန်းဖြစ်ရာ သိမ်အမည် စသည်တို့နှင့်တကွ မှတ်တမ်းတင်၍ ရဟန်းလောင်းအား ယင်းမှတ်တမ်းကို ဖတ်ပြ၍ သိမ်းဆည်းထားစေရ၏။ ယင်းမှတ်တမ်းကို "ရဟန်းရပ်ချုပ်" ဟုလည်း ဆိုကြသည်။ ဤ၌ ရဟန်းရက်ချုပ် နမူနာကို ပြအံ့။

ရဟန်းရက်ချုပ် (နမူနာ)

ရှင်စန္ဒာဝရ၏ ရဟန်းရက်ချုပ်

သာသနာတော်နှစ် ၂၅၁၈၊ ကောဇာသက္ကရာဇ် ၁၃၃၆-ခုနှစ်၊ ဥတုဂိမှန္တ၊ ကဆုန်လပြည့်ကျော် (၁၁) ရက်၊ ကြာသပတေးနေ့ နံနက် (၈) နာရီ (၄၈) မိနစ်အချိန်တွင် ဇလွန်မြို့နယ်၊ ဒေါ်ငြိမ်းကုန်း ကျေးရွာကျောင်း ခဏ္ဍာသိမ်တော်၌ ဇလွန်မြို့ လမိုင်းကျောင်းသစ်ဆရာတော် ဘဒ္ဒန္တ ဣန္ဒကို ဥပဇ္ဈာယ်ပြု၍ ဇလွန်မြို့နယ် ဒေါ်ငြိမ်းကုန်းကျေးရွာနေ

ဘိုးတော် ဦးဘိုးရှင်၊ နှစ်မ ဒေါ်စောတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဖော်ပြလတ္တံ့ပါ ဆရာတော်၊ သံယာတော်တို့၏ ခိုးမြောက်ထောက်ပံ့မှုဖြင့် ရှင်စန္ဒာဝရသည် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိလေ၏။

အနုသာသကဆရာ- ဘဒ္ဒန္တစိန္တိတ (ဇီးကုန်းကျောင်း)

ပထမအကြိမ်ကမ္မဝါစာဆရာများ

(၁) ဘဒ္ဒန္တနန္ဒိယ (ချောင်းကြီးကျောင်း)
(၂) ဘဒ္ဒန္တဝဏ္ဏိတ (ကျွန်းကြီးကျောင်း)
(၃) ဘဒ္ဒန္တဝါယမ (ရေလဲသင်္ဘောဆိပ်ကျောင်း)

ဒုတိယအကြိမ်ကမ္မဝါစာဆရာများ
(၁) ဘဒ္ဒန္တဂုဏ္ဏာဘာသ (ဒေါ်ငြိမ်းကုန်းကျောင်း)
(၂) ဘဒ္ဒန္တဂုဏဝံသ (ဇလွန်ရေလယ်ကျောင်း)
(၃) ဘဒ္ဒန္တစိန္တိတ (ဇီးကုန်းကျောင်း)

တတိယအကြိမ်ကမ္မဝါစာဆရာများ
(၁) ဘဒ္ဒန္တကလ္ယာဏ (ရေလဲရွာမကျောင်း)

(၂) ဘဒ္ဒန္တပညာနန္ဒ (နန်းတော်ကျွန်းကျောင်း)
(၃) ဘဒ္ဒန္တအာဒိစ္စ (ရေလယ်သောင်ကျောင်း)
ကာရကသံယာတော်ပေါင်း (၂၀) ပါး

သြဝါဒကထာ

စတ္တာရော နိဿယာ အာစိက္ခိတဗ္ဗာ။ စတ္တာရိ အကရဏီယာနိ အာစိက္ခိတဗ္ဗာနိ။ စတ္တာရော- လေးပါးကုန်သော၊ နိဿယာ- အမှီကင်းက၊ ပျက်စီးရသည့်၊ ခန္ဓာပဉ္စကတို့၏ မှီရာပစ္စည်းတို့ကို၊ အာစိက္ခိတဗ္ဗာ- ပြောထားအပ်ကုန်၏၊ စတ္တာရိ- လေးပါးကုန်သော၊ အကရဏီယာနိ- ရဟန်းဘဝ ဆုံးရှုံးရသည့် ပါရာဇိကကျကြောင်း အမှုဖြစ်၍ ရှေးဦးသိသင့်သော မပြုမကျင့်အပ်သည်တို့ကို၊ အာစိက္ခိတဗ္ဗာနိ- ပြောထားအပ်ကုန်၏၊ (ဣတိ- ဤသို့၊ ဝစနတော- ကြောင့်၊ တေ- သင် ရဟန်းလောင်းအား၊ စတ္တာရော- ကုန်သော၊ နိဿယေစ- မှီရာပစ္စည်းတို့ကိုလည်းကောင်း၊ စတ္တာရိ- ကုန်သော၊ အကရဏီယာနိစ- မပြုမကျင့်အပ်သည် တို့ကိုလည်းကောင်း၊ အာစိက္ခိသာမိ- ပြောထားပေဦးအံ့)။

၁၃။ မှီရာလေးပါးကို ပြောပြခြင်း

ဆွမ်း- ပိဏ္ဍိယာလောပဘောဇန

ပိဏ္ဍိယာလောပဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော။ အတိရေကလာ-ဘော သံဃဘတ္တံ၊ ဥဒ္ဒေသဘတ္တံ၊ နိမန္တနံ၊ သလာကဘတ္တံ၊ ပက္ခိကံ၊ ဥပေါသထိကံ၊ ပါဋိပဒိကံ။ ။

ပိဏ္ဍိယာလောပဘော ဇနံ- တစ်အိမ်တစ်လုတ် ရွာလုံးချုပ်၍ တစ်လှုပ်လှုပ်လှမ်း သလုံးဆွမ်းဖြင့် ရပ်ခံ၍ ရအပ်သော ဆွမ်းဘောဇဉ်ကို၊ နိဿာယ- အမှီပြု၍၊ ယာပဗ္ဗဇ္ဇာ- အကြင် ကျင့်ကြံအားထုတ် သော ရဟန်းအလုပ်သည်၊ (အတ္ထိ- ရှိ၏)၊ တတ္ထ- ထို ဆွမ်း ကွမ်း ခေါင်းပါး သည်းခံများ၍ တရားကို အားထုတ်ရသော ရဟန်းအလုပ်၌၊ တေ- သင် ရဟန်းသစ်သည်၊ ယာဝဇီဝံ- ရဟန်းသိက္ခာ ကိုယ်မှာတည်သဖြင့် အသက်ရှည်သမျှ ကာလ ပတ်လုံး၊ ဥဿာဟော- အရိုးကြေကြေ အရေခြောက်ခြောက် နောက်မတွန့်ဆုတ်၊ အားထုတ်ခြင်းကို၊ ကရဏီယော- ပြုထိုက်၏၊ ပြုရမည်၊ ပြုလေလော့။

အတိရေကလာဘော- ရှေးကုသိုလ်မှန် သမ္ဘာချန်၍ ဝိုလွန်သော လာဘ်သပ်ပကာ ဖြစ်လာမူကား၊ သံဃဘတ္တံ-

သံယာရည်မှန်း လျှုဒါန်းအပ်သည့် သံယာ့ဘတ်ကိုလည်း ကောင်း၊ ဥဒ္ဒေသဘတ္တံ- တစ်ပါးနှစ်ပါး သံယာများမှ ညွှန်ကြားလျှုအပ် ဥဒ္ဒေသဘတ်ကို လည်းကောင်း၊ နိမန္တနံ-စွမ်းအား အလျောက် သဒ္ဓါပေါက်ရာ ရွေးကောက်လျှုအပ် နိမန္တနဘတ်ကိုလည်းကောင်း၊ သလာကဘတ္တံ- စာရေးတံမဲချ လျှုကပ်ကြသည့် သလာကဘတ်ကို လည်းကောင်း၊ ပက္ခိကံ-လဆန်း လဆုတ် မယုတ်ပက္ခ ကပ်လျှုကြသည့် ပက္ခိက ဘတ်ကို လည်းကောင်း၊ ဥပေါသထိကံ - သီလစင်ဖြှု နေ့မြတ်ဟူ၍ ပေးလျှုအပ်သော ဥပေါသထိကဘတ်ကို လည်းကောင်း၊ ပါဋိပဒိကံ- ဥပုသ် သုံးလျက် ထွက်တစ်ရက်ဟု နှစ်သက်ကြည်ဖြှု နေ့ကောင်းဟူ၍ ကပ်လျှုအပ်သော ပါဋိပဒိကဘတ်ကို လည်းကောင်း၊ (ပရိဘုဥ္ဇိတဗ္ဗံ- သုံးဆောင်အပ် သုံးဆောင်ကောင်းသေး၏)။ (အာမ ဘန္တေ)။

သက်နှိုး- ပံသုကူလစီဝရ

ပံသုကူလစီဝရံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော။ အတိရေကလာဘော ခေါမံ၊ ကပ္ပါသိကံ၊ ကောသေယ္ယံ၊ ကမ္မလံ၊ သာဏံ၊ ဘင်္ဂံ။ ။

ပံသုကူလစီဝရံ- မြေပုံ၌ လွှားသဖြင့် မြေမှုန်နှင့် အလား တူသော စပ်ဖာချာချူ ပုံ့သကူသက်နှီးကို၊ နိဿာယ-၍၊ ယာ့ပဗ္ဗဇ္ဇာ- သည်၊ (အတ္ထိ- ၏)၊ တတ္ထ- ထိုအဝတ်သက်နှီး နွမ်းပါးခေါင်းပါး သည်းခံမှား၍ တရားကို အားထုတ်ရသော ရဟန်းအလုပ်၌၊ တေ-သည်၊ ယာဝဇီဝံ- လုံး၊ ဥဿာဟော-ကို၊ ကရဏီယော- လော့။

အတိရေကလာဘော- မှုကား၊ ခေါမံ- ခေါမမည်သော တစ်ကျွန်းထည် လျှော်ချည်သက်နှီးကို လည်းကောင်း၊ ကပ္ပါသိကံ- ဝါချည်ဖြင့်စီရင်အပ်သော ပိတ်ဖျင်သက်နှီးကို လည်းကောင်း၊ ကောသေယျံ- ပိုးကောင်၏ အအိမ်၌တည်သော ဟိုးချည်သက်နှီးကို လည်းကောင်း၊ ကမ္မလံ- လူဆံမှင်စာမရိသားမြီးကို ချန်ခြင်း၍ ကြွင်းသော သားမွေးတို့ဖြင့် ပြုအပ်သော သက္ကလတ်သက်နှီးကိုလည်းကောင်း၊ သာဏံ-ပိုက်ဆံသင်တီး လျှော်ဖြင့်ပြီးသော သက်နှီးကိုလည်းကောင်း၊ ဘင်္ဂံ- ငါးပါးစုံရောပြွမ်း ဘန်ချည်သက်နှီးကို လည်းကောင်း၊ (ပရိဘုဥ္ဇိတဗ္ဗံ- သေး၏)။ (အာမ ဘန္တေ)။

ကျောင်း- ရုက္ခမူလသေနာသန

ရုက္ခမူလသေနာသန် နိသာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော။ အတိရေကလာဘော ဝိဟာရော၊ အမုယောဂေါ၊ ပါသာဒေါ၊ ဟမ္မိယံ၊ ဂုဟာ။

ရုက္ခမူလသေနာသန်- ရဟန်းတရား အားထုတ်ချင်ဖွယ် ရလွယ်ဘိတောင်း သစ်ပင်ရင်းကျောင်းကို၊ နိသာယ- ၍၊ ယာပဗ္ဗဇ္ဇာ-သည်၊ (အတ္ထိ- ၏)၊ တတ္ထ - ထိုကျောင်းကန် ခေါင်းပါး သည်းခံမျှား၍ တရားကို အားထုတ်ရသော ရဟန်းအလုပ်၌၊ တေ- သည်၊ ယာဝဇီဝံ- လုံး၊ ဥဿာဟော-ကို၊ ကရဏီယော-လော့။

အတိရေကလာဘော- မူကား၊ ဝိဟာရော- စကျောခေါ်ရိုး လေးဘက်မိုးသော ကျောင်းကို လည်းကောင်း၊ အမုယောဂေါ- ခေါင်စင်းခေါ်ရိုးနှစ်ဖက်မိုးသော ကျောင်းကို လည်းကောင်း၊ ပါသာဒေါ- အထွတ်ဝေမောက် ထီးဆောက်ပတ်လည် အမိုးတည်သော ပြာသာဒ်ရှည်ကို လည်းကောင်း၊ ဟမ္မိယံ- ထီးထွတ်မတပ်သော ပြာသာဒ်ဦးပြည်းကို လည်းကောင်း၊ ဂုဟာ-ကျောက်တောင်မြေပြင် တူးဖောက်ထွင်သော ဥမင်လိုဏ်ဂူကိုလည်းကောင်း၊ (ပရိဘုဥ္ဇိတဗ္ဗာ- သေး ၏)။ (အာမ ဘန္တေ)။

ဆေး- ပူတိမုတ္တာဘေသဇ

ပူတိမုတ္တာဘေသဇံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော။ အတိရေကလာဘော သပ္ပိ၊ နဝနီတံ၊ တေလံ၊ မဓု၊ ဖာဏိတံ။

ပူတိမုတ္တာဘေသဇံ- အနုံပြင်းလတ် နွားကျင်ပုပ်တည်း ဟူသော ဆေးမြတ်ကို၊ (၀၊) ဂေါမုတ်စိမ်ထား သဖန်းခါးနှင့် သျှိသျှားစသော ဆေးကို၊ (၀၊) ပုပ်သိုးဟောင်းညစ် သုံးမဖြစ်၍ လူတို့စွန့်ပစ်အပ်သော ဆေးကို၊ နိဿာယ- ၍၊ ယာပဗ္ဗဇ္ဇာ-သည်၊ (အတ္တိ-၏)၊ တတ္ထ- ထိုဆေး၀ါးခေါင်းပါး သည်းခံ မျှား၍ တရားကို အားထုတ်ရသော ရဟန်းအလုပ်၌၊ တေ-သည်၊ ယာ၀ဇီ၀ံ-လုံး၊ ဥဿာဟော- ကို၊ ကရဏီယော-လော့။

အတိရေကလာဘော- မှကား၊ သပ္ပိ- ထောပတ်ကို လည်းကောင်း၊ နဝနီတံ- ဆီဦးကိုလည်းကောင်း၊ တေလံ-ဆီကို လည်းကောင်း၊ မဓု- ပျားရည်ကို လည်းကောင်း၊ ဖာဏိတံ- တင်လဲကို လည်းကောင်း၊ (ပရိဘုဥ္ဇိတဗ္ဗံ- သေး။)။ (အာမ ၊ ဘန္တေ)။ (ဝိ-၃။ ၁၃၃)။

အခွင့်ထူးခံလူတန်းစားမဟုတ်

သာသနာ့ဘောင် ရောက်လာသော ရဟန်းတော်သည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးကို အမှီပြု၍ ပရိယတ် ပဋိပတ် သာသနာ့ တာဝန်ကို ထမ်းဆောင်ရ၏။ ယင်းလေးပါးကို ရဟန်းသံဃာတော်များ၏ မှီရာပစ္စည်းများဖြစ်၍ "နိဿယလေးပါး" ဟု ဆိုသည်။

ဗုဒ္ဓမြတ်စွာသည် သာသနာ့ဝန်ထမ်းများနှင့် စပ်လျဉ်း၍ သာသနာတော်၌ ဝန်ထုပ်ဝန်ပိုး မဖြစ်စေလို။ ရလည်းရလွယ်၊ တန်ဖိုးလည်းနည်း၊ အပြစ်လည်း ကင်းစင်သော ပစ္စည်းလေးပါး ရှာဖွေသုံးစွဲနည်းမျိုးကို လိုလားတော်မူ၏။ ထို ဗုဒ္ဓ၏ အလိုဆန္ဒတော်အတိုင်း ဥပဇ္ဈာယ် ဆရာတော်က ဆွမ်းနှင့် ပတ်သက်၍ အိမ်စဉ်လှည့်လည် ဆွမ်းခံစားရန်၊ သင်္ကန်းနှင့်ပတ်သက်၍ ပံသုကူ သင်္ကန်းမျိုးကို ဝတ်ရုံရန်၊ ကျောင်းနှင့် ပတ်သက်၍ သစ်တစ်ပင်၊ ဝါးတစ်ပင်တည်းဟူသော ကျောင်းမျိုး၌နေရန်၊ ဆေးနှင့်ပတ်သက်၍ နွားကျင်ငယ်၊ နွားကျင်ငယ်ရေဖြင့် စိမ်ထားသော ဆီးဖြူသျှိသျှားဆေးမျိုးကို သုံးဆောင်ရန် အနိမ့်ဆုံးအဆင့်ချပြီး

မိမိတပည့် ရဟန်းသစ်အား မိန့်ကြားတော်မူခြင်းဖြစ်၏။ ဘုန်းကံအလျောက် ဖြစ်ပေါ်လာသော အကောင်းစား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတို့ကိုလည်း သုံးစွဲနိုင်ကြောင်း မိန့်ကြားဟ ဟ်မူ၏။

ဤအချက်ဖြင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းမှန်သမျှ အခွင့်ထူးခံ လူတန်းစားမဟုတ်ကြောင်း သိနိုင်ပေသည်။ ဤသို့ သိရသည်နှင့်အမျှ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ အပေါ် ဆထက်တိုး၍ ကြည်ညိုသဒ္ဓါ ပွားများသင့်ကြပေသည်။

ဤဆိုခဲ့ပြီး နိဿယလေးပါးကို သိမ်တွင်းမှာပင် ပြောပြလေ့ရှိသည်။ နောက်မှ တစ်နေရာဟွင် အေးအေးဆေးဆေး ပြောပြလျှင်လည်း ရသည်။ ဥပဇ္ဈာယ်ဆရာ ကိုယ်တိုင်မဟုတ်ဘဲ ပြောစွမ်းနိုင်သူတစ်ပါး ပါးကသော်လည်း ပြောပြနိုင်သည်။ အများအားဖြင့် အနုသာသက ဆရာက ပြောပြလေ့ရှိသည်။

၁၄။ မပြုအပ်ရာ လေးပါးကို ပြောပြခြင်း

မေထုနံမှု - မေထုနဓမ္မ

ဥပသမ္ပဒေန ဘိက္ခုနာ မေထုနော ဓမ္မော နပ္ပဋိသေဝိ-တဗ္ဗော အန္တမသော တိရစ္ဆာနဂတာယပိ။ ယော ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝတိ၊ အသမဏော ဟောတိ အသက္ယ-ပုတ္တိယော။ သေယျထာပိ နာမ ပုရိသော သီသစ္ဆိန္နော အဘဗ္ဗော တေန သရီရဗန္ဓနေန ဇီဝိတုံ၊ ဧဝမေव ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝိတွာ အသမဏော ဟောတိ အသက္ယ-ပုတ္တိယော၊ တ ကေ ယာဝဇီဝံ အကရဏီယံ။

ဥပသမ္ပဒေန - ပဉ္စင်းအဖြစ်သို့ ရောက်ပြီးသော၊ ဘိက္ခုနာ- ရဟန်းသည်၊ အန္တမသော- အယုတ်ဆုံးအားဖြင့်၊ တိရစ္ဆာနဂတာယပိ- တိရစ္ဆာန်မဋ္ဌသော်လည်း၊ မေထုနော ဓမ္မော- မေထုန်အကျင့်ကို၊ နပ္ပဋိသေဝိတဗ္ဗော- မမှီဝဲအပ်။ ယောဘိက္ခု- အကြင်ရဟန်းသည်၊ မေထုနံ ဓမ္မံ- မေထုံအကျင့်ကို၊ ပဋိသေဝတိ- မှီဝဲလွန်ကျူး၏။ (သောဘိက္ခု- ထိုရဟန်းသည်)၊ အသမဏော- ရဟန်းမဟုတ်သည်၊ အသက္ယပုတ္တိ-ယော- သကျနွယ်စဉ် သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်သည်၊ ဟောတိ- ဖြစ်၏။

သေယျထာပိနာမ- ပမာတန္တ အပြိုင်ပြု၍ နှိုင်းရှုစဖွယ် အဘယ်လိုနည်းဟူမူကား၊ သီသစ္ဆိန္နော- လည်ဆစ်ဦးခေါင်း တောင်းလောင်းကျကြွေ ပြုတ်လေပြီးသော၊ ပုရိသော- ယောက်ျားသည်၊ သရီရ ဗန္ဓနေန- ကိုယ်ကိုအသက် မပြတ်အောင် ဖွဲ့နှောင် ဆက်စပ်တတ်သော၊ တေန- ထိုပြုတ်လေပြီးသော ဦးခေါင်းဖြင့်၊ ဇီဝိတုံ- ဘဝသည်ဘက် ကောင်းစွာ ဆက်၍ အသက်တစ်ဖန် ရှင်ပြန်ခြင်းငှါ၊ အဘဗ္ဗော သေယျထာပိနာမ- မထိုက်မတန် မလျော်ကန်သကဲ့သို့၊ ဧဝမေव- ပမာနှိုင်းယူ ဤအတူသာလျှင်၊ ဘိက္ခု- ရဟန်းသည်၊ မေထုနံ ဓမ္မံ- မေထုန်အကျင့်ကို၊ ပဋိသေဝိတွာ- မှီဝဲလွန်ကျူးမိသည်ရှိသော်၊ (၀ါ) မှီဝဲလွန်ကျူးမိသောကြောင့်၊ အသမဏော- သည်၊ အသက္ကပုတ္တိယော- သည်၊ ဟောတိ-၏။ တံ- ထိုမေထုန်အကျင့်ကို ပြုကျင့်မှီဝဲခြင်း အမှုကို၊ တေ- သင်ရဟန်းသစ်သည်၊ ယာဝဇီဝံ-လုံး၊ အကရဏီယံ- မပြုသင့် မပြုထိုက်။ (အာမ ဘန္တေ)။

ခိုးမှု- အဒိန္နာဒါန

ဥပသမ္ပန္နေန ဘိက္ခုနာ အဒိန္နံ ထေယျသङ္ခါတံ နအာဒါတဗ္ဗံ အန္တမသော တိဏသလာကံ ဥပါဒါယ။ ယော

ဘိက္ခု ပါဒံ ဝါ ပါဒါရဟံ ဝါ အတိရေကပါဒံ ဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိယတိ၊ အသမဏော ဟောတိ အသက္ကျပုတ္တိယော။ သေယျထာပိ နာမ ပဏ္ဍုပလာသော ဗန္ဓနာ ပဝုတ္တော အဘာဗော ဟရိတတ္ထာယ၊ ဧဝမေव ဘိက္ခု ပါဒံ ဝါ ပါဒါရဟံ ဝါ အတိရေကပါဒံ ဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိယိတ္တာ အသမဏော ဟောတိ အသက္ကျပုတ္တိယော၊ တံ တေ ယာဝဇီဝံ အကရဏီယံ။

ဥပသမ္ပဒေန- သော၊ ဘိက္ခုနာ- သည်၊ အန္တိမသော-အားဖြင့်၊ တိဏသလာကံ- မြက်, ဝါးခြမ်းကို၊ ဥပါဒါယ-အစပြု၍၊ အဒိန္နံ- အရှင် မသဒ္ဓါ သူဥစ္စာကို၊ ထေယျသင်္ခါတံ-ခိုးဝှက်လိုမှု စိတ်အစုဖြင့်၊ နုဒ္ဒါဒါတဗ္ဗံ- မခိုးမဝှက် မလုယူအပ်၊ ယောဘိက္ခု- သည်၊ ပါဒံဝါ- တစ်မတ်ကိုလည်းကောင်း၊ ပါဒါရဟံဝါ- တစ်မက်ထိုက်တန်သော ဥစ္စာကိုလည်းကောင်း၊ အတိရေကပါဒံဝါ- တစ်မက်, တစ်မက်တန်ထက် အလွန်ကိုလည်းကောင်း၊ အဒိန္နံ- ကို၊ ထေယျသင်္ခါတံ-ဖြင့်၊ အာဒိယတိ- ခိုးဝှက်လုယူ၏၊ (သောဘိက္ခု-သည်)၊ အသမဏော- သည်၊ အသက္ကျပုတ္တိယော- သည်၊ ဟောတိ-၏။

သေယျထာပိနာမ- ကား၊ ဗန္ဓနာ- ရွက်ရိုးညှာတံမှ၊ ပဝုတ္ထော- ပြုတ်လွတ်ကျကြွေ ကင်းကွာလေပြီးသော၊ ပဏ္ဏုပလာသော- ရောင်ဆင်းမှည့်ပျော် သစ်ရွက်ရော်သည်၊ ဟရိတတ္ထာယ- ရေအေးသီတာ ဖျန်းဆွတ်ပါလည်း ဟစ်ခါ တုံ့ဖန် စိမ်းရှင်ပြန်ခြင်းငှါ၊ အဘဗ္ဗော သေယျထာပိနာမ -သို့၊ ဧဝမေव- လျှင်၊ ဘိက္ခု-သည်၊ ပါဒံဝါ- ကိုလည်းကောင်း၊ ပါဒါရဟံဝါ- ကိုလည်းကောင်း၊ အတိရေကပါဒံဝါ- ကိုလည်းကောင်း၊ အဒိန္နံ- ကို၊ ထေယျသင်္ခါတံ- ဖြင့်၊ အာဒိယိတွာ- ခိုးယူမိသည်ရှိသော်၊ (ဝါ) ခိုးယူမိသောကြောင့်၊ အသမ-မကော- သည်၊ အသက္ကပုတ္တိယော- သည်၊ ဟောတိ- ၏။ တံ- ထို အရှင်မသဒ္ဓါ သူဌေးစာကို ကြင်နာမမှု ခိုးယူလုယက်ခြင်း အမှုကို၊ တေ-သည်၊ ယာဝဇီဝံ- လုံး၊ အကရကီယံ- ထိုက်။ (အာမ ဘန္တေ)။

လူသတ်မှု -မနုဿဝိဂ္ဂဟ

ဥပသမ္ပန္နေန ဘိက္ခုနာ သဠေစ ပါဏော ဇီဝိတာ နဝေါရောပေတဗ္ဗော အန္တမသော ကုန္ထကိပိလ္လိကံ ဥပါဒါယ။ ယော ဘိက္ခု သဠေစ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေတိ

အန္တမသော ဂဇ္ဘပါတနံ ဥပါဒါယ၊ **အ**သမကော ဟောတိ အသက္ကပုတ္တိယော။ သေယျထာပိ နာမ ပုထုသိလာ ဒွေဓာ ဘိန္နာ အပ္ပဋိသန္ဓိကာ ဟောတိ၊ ဧဝမေဝ. ဘိက္ခု သဠိစ္စ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေတ္မာ အသမကော ဟောတိ အသက္ကပုတ္တိယော၊ တံ တေ ယာဝဇီဝံ အကရကီယံ။

ဥပသမ္ပန္နေန-သော၊ ဘိက္ခုနာ-သည်၊ သဠိစ္စ- သေ စေခြင်းငှါ စေတနာနှင့်တကွ အားထုတ်၍၊ အန္တမသော-အားဖြင့်၊ ကုန္ထကိပိလ္လိကံ- ခြပုန်း, ပရ္ဝက်ကို၊ ဥပါဒါယ- ၍၊ ပါဏော- အသက်ရှိသော သတ္တဝါကို၊ ဇီဝိတာ- အသက်သမုတ် နာမ်နှင့်ရုပ်မှ၊ နဝေါရောပေတဗ္ဗော- မချမခွင်း မကင်းစေအပ်၊ မသတ်စကောင်း၊ ယောဘိက္ခု- သည်၊ သဠိစ္စ- ၍၊ အန္တမသော- အားဖြင့်၊ ဂဇ္ဘပါတနံ- ရေကြည်ကာလ ကလလမှ စသည်ကိုယ်ဝန် ဖျင်းသွန်ပျက်ကြေ လျှောကျစေခြင်းကို၊ ဥပါဒါယ- ၍၊ မနုဿဝိဂ္ဂဟံ- လူသားစင်စစ် လူဇာတ်ဖြစ်သောကိုယ်ကို၊ ဇီဝိတာ- မှ၊ ဝေါရောပေတိ- ကရုဏာကင်းမေတ္တာရှင်း၍ ချခွင်းကင်းပစေ၏။ (သောဘိက္ခု- သည်)၊ အသမကော- သည်၊ အသက္ကပုတ္တိယော- သည်၊ ဟောတိ-၏။

သေယျထာပိနာမ- ကား၊ ဒွေဓာ ဘိန္နာ- နှစ်ဖြာ ထက်ခြမ်း ဖြန်းဖြန်းကွဲလေပြီးသော၊ ပုထုသိလာ- အစောက် နံ့လျှား ကြီးမားလွန်ကဲသော ကျောက်ခဲကြီးသည်၊ အပ္ပဋိ-သန္ဓိကာ- ပကတိတစ်ဖန် စေ့စပ်ပြန်ခြင်းငှါ မတတ်ကောင်း သည်၊ ဟောတိ သေယျထာပိနာမ-သို့၊ ဧဝမေဝ- လျှင်၊ ဘိက္ခု- သည်၊ သဠိစ္စ- ၍၊ မနုဿဝိဂ္ဂဟံ- ကို၊ ဇီဝိတာ-မှ၊ ဝေါရောပေတွာ- ချခွင်းကင်းပစေ၍၊ (ဝါ) ချခွင်းကင်းပေစေ သောကြောင့်၊ အဿမဏော- သည်၊ အသက္ကျပုတ္တိယော- သည်၊ ဟောတိ- ၏။ တံ- ထိုကရုဏာကင်း မေတ္တာရှင်း၍ လူကိုသတ်ခြင်း အမှုကို၊ တေ- သည်၊ ယာဝဇီဝံ- လုံး၊ အကရဏီယံ -ထိုက်။ (အာမ ဘန္တေ)။

လိမ်ညာမှု- ဥတ္တရိမနုဿဓမ္မ

ဥပသမ္ပဒေန ဘိက္ခုနာ ဥတ္တရိမနုဿဓမ္မော နဥလ္လပိတဗ္ဗော အန္တမသော "သုညာဂါရေ အဘိရမာမိ" တိ။ ယော ဘိက္ခု ပါပိစ္ဆော ဣစ္ဆာပကတော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ စျာနံ ဝါ ဝိမောက္ခံ ဝါ သမာဓိံ ဝါ သမာပတ္တိံ ဝါ မဂ္ဂံ ဝါ ဖလံ ဝါ၊ အဿမဏော ဟောတိ

အသက္ကပုတ္တိယော။ သေယျထာပိ နာမ တာလော မတ္ထ-
ကစ္ဆိန္နော အဘာဗော ပုန ဝိရုဠ္ဍိယာ၊ ဧဝမေဝ ဘိက္ခု ပါပိစ္ဆော
ဣဒ္ဓိဗ္ဘာပဋိဟာ အသန္တ အဘူတ ဥတ္တရိမနုဿဓမ္မ ဥလ္လပတ္တာ
အဿမဏော ဟောတိ အသက္ကပုတ္တိယော။ တံ တေ
ယာဝဇီဝံ အကရဏီယံ။

ဥပသမ္ပန္နေန- သော၊ ဘိက္ခုနာ- သည်၊ အန္တမသော-
အားဖြင့်၊ သုညာဂါရေ- လူသံတိတ်ဆိတ် သစ်အုပ်ချုံခေါင်း
တောရကျောင်းဌ၊ အဘိရမာမိတိ- ရဟန်းကျင့်ဝတ် တရား
မြတ်ကို မပြတ်ကျင့်သုံး နှလုံးသွင်းပိုက် နှစ်ခြိုက်ရွှင်ပျော်
အလွန်မွေ့လျော်၏ဟု၍၊ ဥတ္တရိမနုဿ ဓမ္မော- အထွတ်
အမော် လူမြတ်ခေါ်သော သူတော်လာဘီ တပသီ၊ပုဂ္ဂိုလ်
တို့၏ စျာန်မဂ်ဖိုလ် တရားမြတ်ကို၊ နဥလ္လပိတဗ္ဗော- မဝါမပို
မပြောဆိုအပ် မပြောဆိုကောင်း။ ယောဘိက္ခု- သည်၊
ပါပိစ္ဆော- ယုတ်မာဆိုးညစ် ကောက်ကျစ်သော အလိုဆိုးရှိ
သည်ဖြစ်၍၊ ဣဒ္ဓိဗ္ဘာပဋိဟာ၊ အလိုဆိုးသည် နှိပ်စက်အပ်
သည်ဖြစ်၍၊ စျာနံဝါ- စျာန်ကိုလည်းကောင်း၊ ဝိမောက္ခံဝါ-
မဂ္ဂဝိမောက္ခကို လည်းကောင်း၊ သမာဓိံဝါ- မဂ္ဂသမာဓိကို
လည်းကောင်း၊ သမာပတ္တိံဝါ- ဖလသမာပတ် ကိုလည်း

ကောင်း၊ မဂ္ဂ၀ါ- မဂ်ကိုလည်းကောင်း၊ ဖလ၀ါ- ဖိုလ်ကို လည်းကောင်း၊ အသန္တံ- မိမိကိုယ်တွင် ထင်ရှားမရှိသော၊ အဘူတံ- မဟုတ်မမှန်သော၊ ဥတ္တရိမနုဿဓမ္မံ- အထွတ် အမော် (၀) စျာန်မဂ်ဖိုလ် တရားမြတ်ကို၊ ဥလ္လပတိ- ဝင့်၀ါ ပလွှား ပြောမိငြားအံ့၊ (သောဘိက္ခု- သည်)၊ အဿမဏော- သည်၊ အသက္ကပုတ္တိယော- သည်၊ ဟောတိ- ၏။

သေယျထာပိနာမ- ကား၊ မတ္ထကစ္ဆိန္နော- လည်ဆစ် ပဏ်အိုး အညွှန့်ကျိုးလေပြီးသော၊ တာလော- မြက်မင်း သမ္ပုတ ထိန်းပင်ငုတ်သည်၊ ပုနဝရုဠ္ဍယော- အညွှန့်အတက ခက်လက်ဖူးညှောင့် ပေါက်ရောက်တစ်ဖန် စည်ကားပြန်ခြင်း ၌၊ အဘဗ္ဗောသေယျထာပိနာမ- သို့၊ ဧ၀မေ၀- လျှင်၊ ဘိက္ခု- သည်၊ ပါပိစ္ဆော- ၍၊ ဣစ္ဆာပကတော- ၍၊ အသန္တံ- သော၊ အဘူတံ- သော၊ ဥတ္တရိမနုဿဓမ္မံ- ကို၊ ဥလ္လပိတွာ- ဝင့်၀ါ ပလွှား ပြောမိငြားသော်၊ (၀ါ) ဝင့်၀ါပလွှား ပြောမိငြား လေသောကြောင့်၊ အဿမဏော- သည်၊ အသက္ကပုတ္တိ-ယော - သည်၊ ဟောတိ- ၏။ တံ- ထိုစျာန်မဂ်ဖိုလ်တရားကို ဝင့်၀ါပိုမို ပြောဆိုခြင်း အမှုကို၊ တေ- သည်၊ ယာ၀ဇီ၀ံ- လုံး၊ အကရဏီယံ- ထိုက်၊ (အာမ ဘန္တေ)။ (ဝိ- ၃၊ ၁၃၄)။

သေဒဏ်ဥပဒေလေးမျိုး

ရဟန်းဖြစ်သည်နှင့် တစ်ပြိုင်နက် ရဟန်းသစ်သန္တာန်၌ လူတို့၏ သီလသိက္ခာထက် သာလွန်မြင့်မြတ်သော **အဓိ**-သီလသိက္ခာတည်သွား၏။ ရှောင်ကြဉ်လိုက်နာဖွယ် အကျဉ်း ၂၂၇၊ အကျယ် ကုဋေကိုးထောင်ကျော် ရဟန်းကျင့်ဝတ်သိက္ခာပုဒ်များလည်း ရောက်လာတော့၏။ ထိုသိက္ခာပုဒ်များ တည်းဟူသော ဥပဒေဘောင်အတွင်းက နေထိုင်ခြင်းဖြင့် ရဟန်းဘဝကို ရှင်သန်စေရ၏။

ထိုဥပဒေများတွင် (၁) မေထုန်မှိုဝဲမှု၊ (၂) ပါရာဇိက ကျလောက်သော သူတစ်ပါးပစ္စည်းခိုးမှု၊ (၃) လူသတ်မှု၊ (၄) မိမိမှာ တကယ်မရှိဘဲ စျာန်မဂ်ဖိုလ်တရားရှိကြောင်း သိမ်ညှာပြောဆိုမှုတို့မှ ရှောင်ကြဉ်ရန် ပညတ်ထားသော ဥပဒေလေးမျိုးတို့ကို မကျူးလွန် မဖောက်ဖျက်သမျှ **ရဟန်းစစ်** ရဟန်းမှန်ပင် ဖြစ်၏။ ထို့ကြောင့် ရဟန်းဘဝ၌ **နေသမျှ** ထိုဥပဒေလေးမျိုးတို့ကို မဖြစ်မနေ ထိန်းသိမ်းစောင့်ရှောက်ရန် ဥပဇ္ဈာယ် ဆရာတော်က (သို့မဟုတ်) အနုသာသကဆရာစသော စွမ်းနိုင်သူ တစ်ပါးပါးက ရဟန်းသစ်အား သိမ်ထဲမှာပင် သွန်သင်ဆုံးမတော်မူ၏။ ယင်း ဥပဒေလေးမျိုးကို

ရဟန်းတော်များ မပြုသင့် မပြုထိုက်သော ပြစ်မှုများဖြစ်၍ "အကရဏီယလေးပါး" ဟု ဆိုသည်။

တာဝန်ကိုယ်စီရှိကြသည်

ရဟန်းသစ်အား ဆောင်ရန် (၄) ပါး၊ ရှောင်ရန် (၄) ပါးတို့ကို ပြောကြားပြီးနောက် လိုက်နာကျင့်သုံးရမည့် ဝတ္တရားများ မလစ်ဟင်းရန်နှင့် လစ်ဟင်းမှုရှိက အပြစ်မှ ကင်းလွတ်ရန် နည်းလမ်းညွှန်ပြရသေး၏။

ဥပဇ္ဈာယ်ဆရာနှင့် ကမ္မဝါစာဆရာတို့သည် ရဟန်းဖြစ်အောင် ခိုးမြှောက်ပေးသူများဖြစ်သဖြင့် ရဟန်းသစ်၏ ဆရာ၏ရင်းများ ဖြစ်ကြသည်။ ကာရကသံယာများသည်လည်း ရဟန်းခံကိစ္စ၌ သံယာအရေအတွက် ပြည့်မီအောင် ပါဝင်သူများဖြစ်သဖြင့် ရဟန်းသစ်၏ ကျေးဇူးရှင်များပင် ဖြစ်ကြသည်။

သာသနာတော်၌ ဆရာနှင့်တပည့် အချင်းချင်း ပြုကျင့်ရမည့် ဝတ္တရားများရှိကြ၏။ ဝတ္တရားမကျေပွန်လျှင် ဝိနည်းပြစ်ရှိရုံမျှမက သီလကိုလည်း ဖြည့်ကျင့်သည်မမည်။

သီလမစင်ကြယ်က စိတ်တည်ကြည်မှု မရှိသဖြင့် တရားကို မသိ မမြင်နိုင်။ တရားကို မသိ မမြင်သူသည် မည်သို့မျှ ဒုက္ခမှ လွတ်မြောက်လိမ့်မည်မဟုတ်။ (၀-၄။ ၄၁၆)။

ထို့ကြောင့် အပြန်အလှန်ရှိနေကြသော ဆရာ့ဝတ်၊ တပည့်ဝတ်များကို အပြန်အလှန် ဖြည့်ကျင့်ရန် လိုပေ၏။ ဆရာတပည့် အနေဝေးခြင်း စသော အကြောင်းကြောင့် ဝတ္တရားများ ပျက်ယွင်းခဲ့သော် အပြစ်မှ လွတ်မြောက်ခွင့်၊ သက်သာခွင့်ရရန် ဖော်ပြပါအတိုင်း အပြန်အလှန် နားလည်မှု ယူသည့် သဘောဖြင့် ရဟန်းသစ်က လျှောက်ထားလျှင် အပြစ်မှ လွတ်မြောက်နိုင်၊ သက်သာနိုင်ပေသည်။

ခွင့်လွှတ်ရန်လျှောက်ထားပုံ

ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါစာဆရာ၊ ကာရကသံဃာတော် အရှင်မြတ်တို့ဘုရား၊ အရှင်မြတ်တို့အပေါ်၌ တပည့်ကပြုရမည့် ဝတ္တရားများ များစွာပင် ရှိပါသည်ဘုရား။ နေရာတစ်ပါး ဝေးခြားခြင်းစသော အကြောင်းကြောင့် ခွင့်လွှတ်ရန် ရစ့ကောင်းသော ဝတ္တရားများကို မပြုဘဲ နေနိုင်ရန် ခွင့်လွှတ်တော်မူပါဘုရား။ ဘုရားတပည့်တော် အပေါ်၌ အရှင်မြတ်

တို့က ပြုရမည့် ဝတ္တရားများကိုလည်း ဘုရားတာပည့်တော်က မသာယာဘဲ ခွင့်လွှတ်ပါသည် ဘုရား။

ဤ ပြခဲ့သည်မှာ ရဟန်းလောင်းတစ်ပါးကို ရဟန်းခံပုံ အစီအစဉ်ဖြစ်သည်။ ရဟန်းလောင်း နှစ်ပါး သုံးပါးဖြစ်လျှင် အစီအစဉ် အနည်းငယ် ပြောင်းလဲသွားပေမည်။ အများ အားဖြင့် ကံဆောင်ကမ္မဝါစာများ၌ ညွှန်ပြထား၍ လည်း ကောင်း၊ အလွန်ကျယ်ဝန်းမည်စိုး၍ လည်းကောင်း ဤ၌ မပြတော့ပြီ။ ဤ၌ အထူးဖော်ပြ သတိပေးလိုသည်မှာ တစ်သိမ်တည်း တစ်ချိန်တည်း၌ အများဆုံး ရဟန်းလောင်း သုံးပါးကိုသာ ရဟန်းခံပေးနိုင်သည်ဆိုသည့်အချက်ဖြစ်၏။

အများဆုံးရဟန်းလောင်း (၃) ပါး

ရဟန်းလောင်း အပါးလေးငါးဆယ်ကို စုပေါင်း ရဟန်းခံပေးရာ၌ ဥတ်မှလွဲ၍ ရှေ့ပိုင်း ပုဗ္ဗကိစ္စ လုပ်ငန်း၊ နောက်ပိုင်း အပရကိစ္စလုပ်ငန်းများကို စုပေါင်းဆောင်ရွက်နိုင် သော်လည်း ဥ တ္တိစတုတ္ထကမ္မဝါစာ ရွတ်ဖတ်ခြင်းဟူသော ပဓာနကိစ္စ လုပ်ငန်းကိုမူ အများဆုံး ရဟန်းလောင်း သုံးပါး အတွက်သာ ဆောင်ရွက်ရန် ဝိနည်းဥပဒေက ခွင့်ပြု၏။

ဝိနည်း ဥပဒေကို မသိ၍ ရဟန်းလောင်းအပါး လေးငါးဆယ်အတွက် တစ်ပြိုင်တည်း ဥ တ်, ကမ္မဝါစာကို ရွတ်ဖတ်ပေးမိလျှင်လည်း ထိုရဟန်းလောင်းများမှာ ရဟန်းအဖြစ်သို့ မရောက်ကြပေ။ သိလျက် ထိုသို့ ပြုလုပ်ပေးလျှင်ကား ရဟန်းအဖြစ်သို့ မရောက်ကြသည့်အပြင် ကံဆောင် သံယာများမှာလည်း ဝိနည်းပြစ်သင့်ရောက်ကြသည်။ ဝိနည်းပြစ် သင့်ရောက်ကြရုံမျှမက သာသနာတော်ကို ညစ်နွမ်းပျက်စီးအောင် ပြုလုပ်သူများ၊ အဓမ္မဝါဒီများအဖြစ် ဝိနည်းဓမ္မကံနှင့်အညီ သံယာ့အဖွဲ့အစည်း အဆင့်ဆင့်၏ အရေးယူခံရသည်အထိ ပြဿနာ ပေါ်ပေါက်နိုင်ပေသည်။

ထို့ပြင် တစ်သိမ်တည်း၌ သံယာများ အုပ်စုခွဲ၍ နှစ်ဖွဲ့သုံးဖွဲ့ စသည် တစ်ချိန်တည်း ကံဆောင်မှုကိုလည်း ဝိနည်းဥပဒေက ခွင့်မပြု။ ယင်းသို့ ပြုလုပ်သူများသည် ပဏ္ဍာ-နန္ဒရိယကံကြီး ငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော သံယာသင်းခွဲခြင်း သံယဘေဒကံကို ကျူးလွန်ရာ ရောက်၍ အလွန်ကြီးလေးသော ပြစ်မှုကြီးကို ကျူးလွန်သူများဖြစ်ကြပေသည်။

သို့ဖြစ်၍ ရဟန်းလောင်းအပါး (၅၀) ကို စုပေါင်း ရဟန်းခံသော ယခုခေတ် ဒုလ္လဘရဟန်းခံပွဲတစ်ခု၌ ရဟန်းလောင်းများကို တစ်အုပ်စု (၃) ပါးနှုန်းဖြင့် (၁၇) အုပ်စုခွဲပြီး ဥ တ်, ကမ္မဝါစာ ရွတ်ဖတ်ဖို့လိုကြောင်း သိအပ်ပေသည်။

ရဟန်းအဖြစ်၏အကျိုး

ရဟန်းအဖြစ် ရောက်သွားသူသည် ပုထုဇဉ်ပင်ဖြစ်စေကာမူ ရဟန္တာဖြစ်သူ လူ သာမဏေတို့၏ ရှိခိုးမှုကို ခံထိုက်သည်။ ကုဋေကိုးထောင်ကျော် သိက္ခာပုဒ်တော်တို့၏ ကိန်းဝပ်ရာ စေတီအရာ၌ တည်၏။ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရား၏ အစိန္တေယျ အပ္ပမေယျ ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်၊ တန်ခိုးတော်၊ အာဏာတော်၊ ပညတ်တော်တို့၏ အစွမ်းသတ္တိပေတည်း။ (ဓမ္မဒီပနီ- ၄၈)။

ရဟန်းအချင်းချင်း၌ပင် ရဟန်းဖြစ်ရှေးကျ၍ သိက္ခာကြီးသော ပုထုဇဉ်ရဟန်းကို ရဟန်းဖြစ်နောက်ကျ၍ သိက္ခာငယ်သော ရဟန္တာရဟန်းက ရှိခိုးရသည်။ ရဟန်းအဖြစ်၏ အကျိုးဂုဏ်အင် အာနိသင်ကား မရေမတွက်နိုင်အောင် များပြောင်လှပေသည်။ (မိလိန္ဒ - ၂၄၉)။

သက်နှိုးအရှိန်အဝါ

သံယောဇဉ်ပေးသော သက်နှိုးအရှိန်အဝါသည် အလွန် ကြီးမြတ်လှ၏။ သက်နှိုးသည် ရဟန္တာတို့၏ အလံတံခွန်ဖြစ်သည်။ အလံတံခွန်ဖြစ်သော ယင်းသက်နှိုးကို လမ်းခရီးဌ၌ မစင်လိမ်းကျံလျက် စွန့်ပစ်ထားအပ်စေကာမူ တွေ့မြင်က လက်အုပ်ချီမိုး ရှိခိုးထိုက်သည်။ သက်နှိုးဝတ်ထားသူကို သိတတ်သည့် သူတော်ကောင်းများသည် ဘယ်သောအခါမျှ မသတ်ပုတ် မညှဉ်းဆဲကြပေ။

(ဆဒ္ဒန္တဇာတ်- ၃၇၄၊ ထေရာပဒါန် -၅၂)။

လူဘဝဖြင့် ရဟန္တာဖြစ်သူသည် သက်နှိုးမဝတ်လျှင် ထိုနေ့မှာပင် ပရိနိဗ္ဗာန်စံရတော့သည်။ သက်နှိုး ဝတ်လိုက်မှုကား အသက်တမ်းအတိုင်း တည်နိုင်သည်။ သက်နှိုးအရှိန်အဝါကား ဤမျှကြီးမားလှပေသည်။ (အဘိ-၄ ၂၊ ၅၀၅)။

အခန်း (၂)

ရှင်ပြုခြင်း

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် သားယောကျ်ား လေး မွေးဖွားရရှိသည်နှင့် တစ်ပြိုင်နက် "ငါတို့ ရှင်ပြုကြရပေတော့မည်" ဟူသော အသိစိတ်ဓာတ်မျိုး ဝင်လာတတ်ကြစမြဲ ဖြစ်၏။ အလုပ်လုပ်ရာ၌ပင် သားလေး အရွယ်ရောက်သောအခါ သူများနည်းတူ ရှင်ပြုနိုင်ရေးဟူသော ဦးတည်ချက်ဖြင့် ကြိုးစား:လုပ်ကိုင်ကတ်ကြ၏။ ဝေးကွာသော အချိန်ကပင် ပုဗ္ဗစေတနာများ ဖြစ်ပွားနေကြသည်ဟု ဆိုနိုင်ပေသည်။ ထိုသို့ ကြိုးစားရင်း စီးပွားရေးအခြေအနေ မပြေလည်သည့်တိုင်အောင် သားလေးအရွယ်မ်လွန်မီ မဖြစ်မနေ ရှင်ပြုပေးတတ်ကြ၏။ ထိုသို့ ရှင်ပြုရာ၌ အကျိုးရှိသော ရှင်ပြုခြင်းမျိုးဖြစ်အောင် ဆရာရော ဒကာပါ နည်းလမ်းတကျ ရှင်ပြုနည်းကို သိထားဖို့ လိုအပ်လှပေသည်။

ဒုတိယဆင့်သာသနာဝင်

ဘုရားပွင့်တော်မူစက သာသနာ့ဘောင် ဝင်ရောက်လိုသူများသည် မည်သည့်အရွယ်ပင်ဖြစ်စေ သာမဏေဘဝဖြင့် တစ်ထစ်ရပ်နေဖို့ မလိုဘဲ တောက်လျှောက်ရဟန်းဘဝသို့ တက်လှမ်းနိုင်ကြသည်။ နောင်သောအခါ ရဟန်းကျင့်ဝတ်များကို အပြည့်အဝ ကျင့်နိုင်စွမ်းရှိ၊ အချမ်းအပူစသော ဘေးဒဏ်များကိုလည်း ခံနိုင်စွမ်းရှိမည့်အရွယ်ပမာဏကို ချင့်တွက်တော်မူကာ "အသက် ၂၀-မပြည့်လျှင် ရဟန်းမပြုရ" ဟု ပညတ်တော်မူသည်။ ထိုအခါမှစ၍ အသက် ၂၀- မပြည့်သူများအတွက် သာသနာ့ဘောင် ဝင်ရောက်နိုင်ရန် ဒုတိယအဆင့် သာသနာဝင်အဖြစ် ရှင်သာမဏေဟူ၍ ပေါ်ပေါက်လာရပေသည်။ (ဝိ- ၃၊ ၁၀၉)။

ရှင်ပြုနိုင်သည့်အရွယ်

ဗုဒ္ဓလက်ထက်တော်က အရွယ်မျိုးစုံ သာမဏေဘောင် ဝင်ရောက်လျက် ရှိကြရာ တစ်ခါသော် 'အဟိဝါတ' ခေါ် ကူးစက်ရောဂါကြောင့် တစ်မျိုးလုံး သေဆုံး၍ သားဖနှစ်ယောက်သာ ကျန်ရစ်သဖြင့် ရှင်ရဟန်း ပြုကြလေ၏။

တစ်နေ့ ဆွမ်းခံကြွနေစဉ် အလွန်ငယ်သော သာမဏေလေးက နောက်မှ ပြေးလိုက်လာပြီး "အဖေ- အဖေရတဲ့ ထမင်းကို ကျွေးပါ့လေပေးပါဦး" ဟု တောင်းရှာ၏။ ထိုအခြင်းအရာကို မြင်ကြသော လူအများက "ဤရဟန်းတွေဟာ မေထုန်ကို မရှောင်ကြဉ်ကြ၊ ဒီကိုရင်လေးလည်း ဘိက္ခုနီ (ရဟန်းမ) က မွေးတာဘဲဖြစ်မယ်" ဟု အလွဲထင်၍ ကဲ့ရဲ့ပြစ်တင်ကြလေသည်။ ထိုအကြောင်းကို ဗုဒ္ဓမြတ်စွာ ကြားသိတော်မူ၍ "အသက်တစ်ဆယ့်ငါးနှစ်ပြည့်မှ ကိုရင် ဝတ်ပေးရမည်" ဟု ပညတ်ချက် ထုတ်တော်မူ၏။ (ဝိ-၃၊ ၁၁၀)။

အခါတစ်ပါးဌ အရှင်အာနန္ဒာ၏ ဒါယကာအမျိုးလည်း ထို အဟိဝါတ ကူးစက်ရောဂါကြောင့်ပင် သေကြပျက်စီးကြလေရာ လူမမယ်ကလေး နှစ်ယောက်သာ ကျန်ရစ်ရှာ၏။ ကလေးငယ်များသည် ရဟန်းတော်များနှင့် ရင်းနှီးကျွမ်းဝင်ကြသည်ဖြစ်ရာ ရဟန်းတော်များထံ ချဉ်းကပ်ကြလေ၏။

အရှင်အာနန္ဒာသည် ကလေးငယ်များ၏ အခြေအနေကို မြင်ရ၍ သနားခြင်း ပြင်းပြကာ ရှင်ပြုပေးလိုသော်လည်း အသက် ၁၅-နှစ် မပြည့်သေးသဖြင့် ရှင်ပြု မပေးသာ

သောကြောင့် ဘုရားရှင်အား အကြောင်းစုံ လျှောက်ထား လေရာ ဘုရားရှင်က "ကျီးခြောက်နိုင်လောက်ပြီလား၊ (မိမိ ရှေ့ဌ ချထားသော ဆွမ်းကို ကျီးမနှိုက်အောင် ခြောက်၍ စားနိုင်လောက်ပြီလား)" ဟု မေးတော်မူလျှင် "ကျီးခြောက်နိုင် လောက်ပါပြီဘုရား" ဟု လျှောက်ထားသဖြင့် "ကျီးခြောက် နိုင်လောက်သော ကလေးကို ၁၅-နှစ် မပြည့်သေးသော်လည်း ရှင်ပြုပေးနိုင်၏" ဟု ခွင့်ပြုတော်မူလိုက်သည်။ (ဝိ-၃၊ ၁၁၀)။

ဤခွင့်ပြုချက်သည် ယနေ့အထိ ပြင်ဆင်ချက်မရှိဘဲ အတည်ဖြစ်လျက်ရှိ၏။ ထို့ကြောင့်လည်း မျက်မှောက်ခေတ်၌ အရွယ်ကို ပမာဏမထားဘဲ အလွန်ငယ်ရွယ်သူ ကလေးများ ကိုပင် ရှင်ပြုပေးလျက် ရှိကြ၏။ သို့သော် ရှင်ပြုရကျိုးနပ်, မနပ်ဆိုသည်ကိုကား စဉ်းစားသင့်ကြ၏။ ဤ ရှင်ပြုခန်းကို ဖတ်ရှုလေ့လာရခြင်းအားဖြင့် အဖြေမှန်ကို ဖော်ထုတ်နိုင်ကြ လိမ့်မည်ဟု ယုံကြည်မိပေသည်။

ရှင်ပြုပုံအစီအစဉ်

ရှင်ပြုရာ၌ အဓိက အရေးပါသော လုပ်ငန်း (၃) မျိုးကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ဖို့ လို၏။ ယင်းလုပ်ငန်း

(၃) မျိုးကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မှ ရှင်သာမဏေအစစ် ဖြစ်နိုင်၏။

ယင်းလုပ်ငန်း (၃)မျိုးမှာ-

(၁) ကေသစ္ဆေဒန= ဆံချခြင်း၊

(၂) ကာသာယစ္ဆာဒန= သင်္ကန်းဝတ်ခြင်း၊

(၃) သရဏဒါန= သရဏဂုံပေးခြင်းတို့တည်း။

ယင်းလုပ်ငန်း (၃) မျိုးကို အစီအစဉ်တကျ ဆောင်ရွက်ခြင်း ကိုပင် ရှင်ပြု ခြင်းဟု ခေါ်သည်။

(သာရတ္ထ- ၃၊ ၂၀၁) ။

၁။ ဆံချခြင်း

ရှင်လောင်းအား ခေါင်းရိတ်ပေးခြင်းကို "ဆံချခြင်း"ဟု ခေါ်သည်။ ထိုသို့ ဆံမချမီ ကျောင်းတိုက်ရှိ သံယာတော်များ ထံတွင် ရှင်လောင်းကို ဆံချမည့်အကြောင်း လျှောက်ထား ခွင့်ပန်သည့် ထုံးစံတစ်ခုရှိ၏။ ယင်းထုံးစံကို ယခုအခါ အချို့ ကျောင်းတိုက်များ၌သာ လိုက်နာဆောင်ရွက်လေ့ရှိသော်လည်း ကျောင်းတိုက်အတော်များများ၌ကား ဆောင်ရွက်လေ့ မရှိကြတော့။

ခွင့်ပန်ရခြင်းအကြောင်း

ဗုဒ္ဓလက်ထက်တော်က ရွှေပန်းတိမ်သည်၏ သားလေး တစ်ယောက်သည် မိဘများနှင့် စိတ်ဆိုးပြီး ကျောင်းသို့ထွက်ပြေးကာ ရှင်သာမဏေပြုနေ၏။ မိဘတို့သည် ကျောင်းတိုက်သို့ လိုက်၍ ကလေး၏ ပုံသဏ္ဌာန်ကို ပြောပြပြီး မေးမြန်းကြလေရာ ရဟန်းတော်များလည်း အမှန်ပင် မမြင်သောကြောင့် မမြင်ကြောင်း ပြောလိုက်ကြလေသည်။

ထို့နောက် လိုက်၍ရှာသော မိဘတို့သည် ရှင်သာမဏေဖြစ်နေသည်ကို တွေ့ရသောအခါ "ကိုယ်တော်တွေ လိမ်ညာတယ်" ဟု ကဲ့ရဲ့ပြစ်တင်ကြလေသည်။ ထိုဝတ္ထုကို အကြောင်းပြု၍ ဆံချခါနီးဌ ဆံချမည့်အကြောင်း (သို့မဟုတ်) ရှင်ပြုမည့်အကြောင်း သံယာများအား ခွင့်ပန်လျှောက်ထားရန် ဗုဒ္ဓမြတ်စွာ ပညတ်တော်မူလေသည်။ (ဝိ-၃၊ ၁၀၇)။

ခွင့်ပန်ပုံပန်နည်း

(၁) ရဟန်းသံယာနည်းပါးသော ကျောင်းတိုက်ဖြစ်လျှင် ထိုရဟန်းတော်များ နေရာအသီးသီးသို့ ရဟန်းတစ်ပါး

ပါးက ဖြစ်စေ၊ သာမဏေတစ်ပါးပါးက ဖြစ်စေ မည်သည့်ကလေး (ကလေးများ) ကို ဆံချမည့်အကြောင်း (သို့မဟုတ်) ,ရှင်ပြုမည့် အကြောင်း လိုက်လံ၍ လျှောက်ထားခွင့်ပန်ရ၏။

(၂) ရဟန်းသံဃာများသော ကျောင်းတိုက်ဖြစ်လျှင် ရဟန်းတော် အားလုံးကို တစ်နေရာ၌ စုဝေးစေ၍ ရှေ့နည်းအတိုင်း လျှောက်ထား ခွင့်ပန်နိုင်၏။

(၃) အလွန်များသော ကျောင်းတိုက်ဖြစ်၍ ရဟန်းအားလုံးကို ခွင့်ပန်ရန် ခဲယဉ်းလျှင် ကျောင်းတိုက်အတွင်းရှိ ခဏ္ဍာသိမ်အတွင်းသို့ ခေါ်သွားပြီး ခွင့်မပန်ဘဲလည်း ဆံချနိုင်၏။

(၄) အိမ်တုန်းကပင် ဆံချခဲ့ပြီးသူ (သို့မဟုတ်) လက်နှစ်သစ်မျှ ဆံပင်မရှည်သေးသူဖြစ်လျှင် ဆံချဖွယ်မလို။ ထပ်၍ ဆံချစေကာမူ ခွင့်ပန်ဖွယ်မလို။ (ရဟန်းသာမဏေများမှာ ဆံပင်ကို လက်နှစ်သစ်အထိ ရှည်အောင် ထားနိုင်သည်)။ (ဝိ-၄ -၃၊ ၂၈၄)။

တစပဉ္စက ကမ္ဘဏ္ဍာန်း

သံယာတော်များထံ ခွင့်ပန်ပြီးနောက် ရှင်လောင်းကို ဆံချခါနီးခ၌ ဆရာ့ရှေ့မှာ ရိုသေစွာ ထိုင်စေ၍ တစပဉ္စက ကမ္ဘဏ္ဍာန်းကို ပြောပြရ၏။ ထိုသို့ ပြောပြခိုက်၌ မိဘဆွေမျိုးများ လာနိုင်လျှင် ၎င်းတို့ကို သဒ္ဓါကရား တိုးပွားအောင် အနားမှာ နေစေသင့်၏။

'ကေသာ လောမာ နခါ ဒန္တာ တစော' ဟု တစော-ကို အဆုံးထားသော ငါးပါးကို "တစပဉ္စက= တစ-လျှင် ငါးခုမြောက်ရှိသော အစု" ဟု ခေါ်၏။ ထိုကမ္ဘဏ္ဍာန်းကို မြန်မာလို အကျဉ်းချုပ်ပြောပြသင့်၏။ ဖော်ပြပါ အကျဉ်းချုပ်လက်စာကို ရှင်လောင်းအား ကြိုတင်အရကျက်စေ၍ ဆံချနေစဉ် ရွတ်ဆိုစေသင့်၏။

အကျဉ်းချုပ်အလက်စာ

ငါ၏ကိုယ်မှာ၊ နံ့သာမွှေးကြိုင်၊ မြခိုင်လှစွာ၊ ကောင်းရာမမြင်၊ ဆံပင်သာရှိ၊ အမွေးရှိ၍၊ ရှိသည်လက်သည်း၊ ခြေအသည်းနှင့်၊ သွားလည်းတစ်ထွေ၊ အရေတစ်မျိုး၊ ညှိုနံ့ဆိုးသည်၊ အသိုးအပုပ် ချည်းပါတကား။ (ရုပ်ပုံရှင်ကျင့်ဝတ်)။

ကမ္မဋ္ဌာန်းအကျိုး

ရှေးရှေးဘဝများစွာက ကမ္မဋ္ဌာန်း အထုံပါလာသူ ဖြစ်လျှင် မိုးကြိုးစက်သည် ကျောက်တောင်ကို ခွဲဖျက်လိုက်သကဲ့သို့ မောင်ရင်လောင်းမှာရှိသော ကိလေသာ အတုံးအခဲများ အမှုန့်မှုန့် ပြိုကွဲကာ ဆံချအပြီးမှာပင် ရဟန္တာဖြစ်သွားနိုင်ပေသည်။ ဗုဒ္ဓလက်ထက်တော်က ဆံချခြင်းအဆုံးမှာ ရဟန္တာဖြစ်သွားသော သာမဏေတို့သည် ဤကဲ့သို့ ကမ္မဋ္ဌာန်းပေး၍ ဆံချလေ့ရှိကြသော ဆရာကောင်းများကို အမှီရကြသူများသာ ဖြစ်ပေသည်။ ထို့ကြောင့် ဆံချခါနီးဌ္ဌ ဤတစပဉ္စက ကမ္မဋ္ဌာန်းမျှကို ပြောပြပါလေဟု အဌကထာ ဆရာတို့ တိုက်တွန်းတော်မူကြသည်။ (ဝိ-ဌ၊ ၃- ၂၄၉)။

ယခုခေတ် ရှင်လောင်းများသည် ရှေးရှေးဘဝက ကမ္မဋ္ဌာန်းအထုံ မရှိ၍ ရဟန္တာမဖြစ်နိုင်စေကာမူ ဆံချစဉ် နှလုံးသွင်းခြင်း၊ သာမဏေဘဝ၌ နေသမျှ နှလုံးသွင်းခြင်းတို့ဖြင့် နောက်နောင်ဘဝအတွက် အထုံပါရမီရှိသူများ ဖြစ်နိုင်ကြပေသည်။ သို့ဖြစ်၍ ရှင်လောင်းအား ဆံချရာ၌ ဤ ကမ္မဋ္ဌာန်းကို မဖြစ်မနေ ပြောပြသင့်ကြပေသည်။

ဆံချပြီးပြုဖွယ်

အမျှားအားဖြင့် ရှင်လောင်းကို ပန်းနံ့သာတို့ဖြင့် လိမ်းကျံပြင်ဆင်ကာ ရှင်လောင်းလှည့်ခြင်း၊ ကျောင်းပို့ခြင်းများ ပြုလုပ်တတ်ကြသည်။ ထိုအခါ ရှင်လောင်း၏ကိုယ်ခွံ လူတို့၏ အမွှေးအကြိုင် အနံ့များ ရှိနေကြ၏။

ထို့ကြောင့် ဆံချပြီးသောအခါ ထိုအနံ့များ ပျောက်ကင်းအောင် (လူနံ့ပျောက်အောင်) ဦးခေါင်းနှင့်တကွ ကိုယ်ကို နနွင်းမှုန့်ဖြင့် ဖြစ်စေ၊ နံ့သာမှုန့်ဖြင့်ဖြစ်စေ ပွတ်တိုက်ပေးရ၏။ ယခုခေတ်ပေါ် ဆပ်ပြာမွှေးဖြင့် ပွတ်တိုက်၍ ရေချိုးပေး လိုက်လျှင်လည်း လူနံ့ ပျောက်ဖွယ်ရှိ၏။ (၀ - ၆၊ ၃- ၂၄၉)။

၂။ သက်နန်းဝတ်ခြင်း

သက်နန်းကပ်ပါဠိ

သကလဝဋ္ဋဒုက္ခနိဿရဏနိဗ္ဗာနဿ သစ္ဆိကရ-ဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတ္တာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

မြန်မာပြန်။ ။ အရှင်ဘုရား အလုံးစုံသော ဝဋ်ဒုက္ခ၏ လွတ်မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှါ တပည့်တော်၏ လက်ဦးရှိသော ဤသက်နှံးကို ယူတော်မူ၍ တပည့်တော်ကို သနားစောင့်ရှောက် ခိုးမြောက်သောအားဖြင့် ရှင်သာမဏေ ပြုပေးတော်မူပါကုန်ဘုရား။

[ရှင်လောင်းသည် ဤသို့ဆိုပြီး မိမိလက်မှာ ရှိသော သက်နှံးကို ဆရာဘုန်းတော်ကြီးလက်သို့ ကပ်လိုက်ရသည်]။

သက်နှံးတောင်းပါဠိ

သကလဝဋ္ဋဒုက္ခနိဿရဏနိဗ္ဗာနသ သစ္ဆိကရ-ဏတ္ထာယ ဧတံ ကာသာဝံ ဒတ္တာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

မြန်မာပြန်။ ။အရှင်ဘုရား အလုံးစုံသော ဝဋ်ဒုက္ခ၏ လွတ်မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်းအကျိုးငှါ အရှင်ဘုရား၏ လက်ဦးရှိသော ထိုသက်နှံးကို ပေးတော်မူ၍ တပည့်တော်ကို သနားစောင့်ရှောက် ခိုးမြောက်သောအားဖြင့် ရှင်သာမဏေ ပြုပေးတော်မူပါကုန် ဘုရား။

[ရှင်လောင်းက ဤသို့ ဆိုသောအခါ ဆရာဘုန်းကြီးသည် မိမိလက်မှာရှိသော သက်နှီးကို ရှင်လောင်းအားပေးလိုက်ရသည်။]

ဤ သက်နှီးကပ်နှင့် သက်နှီးတောင်းကိစ္စသည် အရေးတကြီး မဟုတ်လှ။ ဤသို့ အထူးဆိုမနေဘဲ ဆရာက 'ဝတ်တော့' ဟု ခွင့်ပြုလိုက်လျှင်ပင် ကိုယ့်ဘာသာဝတ်ကောင်းသည်။ ကလေးများကို မြန်မာလိုသာ ကျက်စေသင့်သည်။ ကျက်ချိန်မရလျှင်လည်း မြန်မာလိုသာ ချပေးသင့်၏။ ပါဠိလို ဆိုရမှ လေးနက်သည်ဟု ယူဆသော ပုဂ္ဂိုလ်များအတွက် ပါဠိလည်း ဆိုနိုင်ရန် ပါဠိ + မြန်မာ နှစ်ဘာသာဖြင့် ပြခြင်းဖြစ်သည်။

ရှင်ပြုပေးနိုင်သူ

ဆံချခြင်း၊ သက်နှီးဝတ်ခြင်း၊ သရဏဂုံပေးခြင်း (၃) မျိုးကိုပင် ရှင်ပြုသည်ဟု ခေါ်ဆိုကြောင်း ရှေ့၌ ရေးခဲ့ပြီ။ ယင်း (၃) မျိုးလုံးကို တတ်နိုင်လျှင် ဥပဇ္ဈာယ်ကိုယ်တိုင် ဆောင်ရွက်သင့်၏။ အခြားကိစ္စ များသဖြင့် အားလပ်ခွင့် မရလျှင်လည်း ရဟန်းငယ်တစ်ပါးပါးကို စေခိုင်းနိုင်၏။

ဥပဋ္ဌာယ်ဆရာကပင် မခိုင်းသော်လည်း ရဟန်းငယ်တစ်ပါးသည် ဥပဋ္ဌာယ်ကို ရည်စူး၍ (ဥပဋ္ဌာယ်ကိုယ်စား) ရှင်ပြုပေးနိုင်သည်။ ရှင်သာမဏေဖြစ်ပြီးနောက်ကား ဥပဋ္ဌာယ် ရှိရာသွား၍ ဥပဋ္ဌာယ်ယူဖို့ လို၏။ (ဝိ-ဌ ၃၊ ၂၄၈)။

သက်နှံးဝတ်ပေးနိုင်သူ

ဥပဋ္ဌာယ်ဆရာသည် ကျောင်းဌ ခိုင်းဖို့ရာ ရဟန်းငယ်မရှိလျှင် သာမဏေတစ်ပါးပါးကို "ဤကလေးအား ဆံချပြီး သက်နှံးဝတ်ပေးလိုက်" ဟု စေခိုင်းနိုင်၏။ အယုတ်ဆုံး သက်နှံးဝတ်ပေးတတ်သူ လူဝတ်ကြောင် တစ်ယောက်ကိုပင် စေခိုင်းနိုင်၏။ အခိုင်းခံရသူသည် ဆံချ၍ သက်နှံးဝတ်ပေးကောင်းသည်။ ထိုသို့ သာမဏေနှင့် လူဝတ်ကြောင်တို့က ဝတ်ပေးရာ၌ သက်နှံးဝတ်ပြီးသောအခါ သရဏဂုံကိုကား ဥပဋ္ဌာယ်ကိုယ်တိုင် ပေးရသည်။

ရှင်လောင်းကိုယ်တိုင်ဝတ်မှု

ဥပဋ္ဌာယ်ဆရာသည် မည်သူ့ကိုမျှ မခိုင်းဘဲ သူ့ဘာသာ ဝတ်တတ်သော ရှင်လောင်းအား သက်နှံးပေး၍ ဝတ်ခွင့်ပြုလျှင်လည်း ရှင်လောင်းကိုယ်တိုင် ဝတ်တောင်း

သည်။ မိဘစသူတို့ ဝယ်ပေးထားသဖြင့် ကိုယ်ပိုင်သက်နှံးပင် ဖြစ်သော်လည်း ဥပဇ္ဈာယ်၏ ခွင့်ပြုချက် မရှာဘဲ ကိုယ့်ဘာသာ ဝတ်လျှင် ရှင်သာမဏေမဖြစ်သည့်အပြင် လိင်္ဂတ္ထနက (အသွင်ခိုးသူ) ပင် ဖြစ်နိုင်သေး၏။ (ဝိ -၄ ၃၊ ၂၄၉)။

သက်နှံးကပ် သက်နှံးတောင်းပေါ်လာပုံ

ဤ ဆိုခဲ့ပြီး စကားအစဉ်အရ ဥပဇ္ဈာယ်ဆရာက သက်နှံးပေးမှ ဖြစ်စေ၊ ဥပဇ္ဈာယ်ဆရာမှတစ်ဆင့် အခိုင်းခံရသူက ပေးမှဖြစ်စေ ဝတ်ကောင်းရ၍ ကိုယ့်ဘာသာ မဝတ်ကောင်းသောကြောင့် မိမိလက်မှာရှိသော ကိုယ်ပိုင်သက်နှံးကို ဆရာ့လက်သို့ ကပ်ရခြင်း၊ ဆရာ့လက်မှ ပြန်၍ တောင်းရခြင်းဟူသော လုပ်ငန်း (၂) မျိုး ဖြစ်ပေါ်လာရပေသည်။

ခုအခါအသုံးပြုလျက်ရှိသော သကလဝဋ္ဋဒုက္ခနိဿရဏ နိဗ္ဗာနသ-စသော စကားသည် ဝိမတိဋ္ဌိကာကိုမှီ၍ ရှေးဆရာတို့ စီစဉ်အပ်သော စကားသာဖြစ်သည်။ အကယ် ၍ ဆရာကိုယ်တိုင် ဝတ်ပေးလျှင်ကား ထိုသက်နှံးကပ်၊ သက်နှံးတောင်း အစီအစဉ်များပင် ပြုလုပ်ဖွယ်မလို။ (ဝိ-၄ ၃၊ ၂၅၀)။

ဆင်ခြင်ပြီးသက်နှီးဝတ်

သက်နှီးကို ရှင်လောင်းအား ပေးပြီးနောက် သက်နှီးဝတ်ခါနီးဌ် "ချမ်းပူကို ပယ်ဖျောက်၍ အရှက်အကြောက်ကို ဖုံးလွှမ်းခြင်းငှါ ဤသက်နှီးကို ဝတ်ရုံပါ၏" ဟူသော အဆိုဖြင့် နှုတ်ကလည်း ရွတ်ဆို၊ စိတ်ကလည်း ဆင်ခြင်စေပြီး ဝတ်ပေးရ၏။ ဤသို့ ဆင်ခြင်ပြီး ဝတ်မှ ဣဏာပရိဘောဂ (ကြွေးယူသုံးဆောင်မှု) အပြစ် လွတ်ကင်းနိုင်သည်။

သက်နှီးဝတ်ပြီးသောအခါ လုပ်အုပ်ချီလျက် ဆောင့်ကြောင့်ထိုင်စေပြီးလျှင်-

(၁) အဟံ ဘန္တေ-စသော သရဏဂုံနှင့် သီလတောင်း၊
(၂) နမော တဿ ဘုရားရှိခိုး၊
(၃) သရဏဂုံ၊
(၄) ဆယ်ပါးသီလတို့ကို အစဉ်အတိုင်း ဆိုစေရ၏။

သရဏဂုံပေးခြင်း

သရဏဂုံသီလတောင်း

(၁) အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရပဋိဋ္ဌာသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

(၂) ဒုတိယမြို့ အဟံ ဘန္တေ -----၈- မေ ဘန္တေ။
(၃) တတိယမြို့ အဟံဘန္တေ ---- မေ ဘန္တေ။

မြန်မာပြန်

(၁) အရှင်ဘုရား၊ တပည့်တော်သည် သရဏဂုံ သုံးပါးနှင့်တကွ ရှင်သာမဏေ၏ ဆယ်ပါးသီလကို တောင်းပါ၏။ တပည့်တော်အား သနားသောအားဖြင့် ဆယ်ပါးသီလ ပေးတော်မူပါကုန်ဘုရား။

(၂) အရှင်ဘုရား၊ တပည့်တော်သည် သရဏဂုံ သုံးပါးနှင့်တကွ ရှင်သာမဏေ၏ ဆယ်ပါးသီလကို နှစ်ကြိမ်မြောက် တောင်းပါ၏။ တပည့်တော်အား သနားသောအားဖြင့် ဆယ်ပါးသီလ ပေးတော်မူပါကုန်ဘုရား။

(၃) အရှင်ဘုရား၊ တပည့်တော်သည် သရဏဂုံ သုံးပါးနှင့်တကွ ရှင်သာမဏေ၏ ဆယ်ပါးသီလကို သုံးကြိမ်မြောက် တောင်းပါ၏။ တပည့်တော်အား သနားသောအားဖြင့် ဆယ်ပါးသီလ ပေးတော်မူပါကုန်ဘုရား။

ဆရာ။ ။ ယမဟံ ဝဒါမိ၊ တံ ဝဒေဟိ။
(အကြင်စကားကို ငါဆို၏၊ ထိုစကားကို လိုက်၍ ဆို။ ရှင်လောင်းမျှားလျှင် တံ ဝဒေထ = ထိုစကားကို လိုက်၍ ဆိုကြဟု ပြောင်း၊ ငါဆိုတာကို လိုက်၍ဆို= လိုက်၍ဆိုကြဟူလို)။

ရှင်လောင်း။ ။ အာမ ဘန္တေ။ (မှန်ပါအရှင်ဘုရား)။

ဆရာ။ ။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (ပုဇ္ဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တော်တိုင်သာ သိတော်မူနိုင်သော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။)

ရှင်လောင်း။ ။ လိုက်၍ ၃-ခေါက်ဆို။

အဟံ ဘန္တေ တိသရဏေန-မှစ၍ နမော တဿ တိုင်အောင် ဖော်ပြပြီး စကားစုလည်း ရှင်သာမဏေဖြစ်မှု၌ အရေးတကြီးမဟုတ်သေး။ ပါဠိတော် အဌကထာတို့၌လည်း တိုက်ရိုက်မလာ။ ရှေးဆရာတို့ သင့်တော်အောင် စီစဉ်အပ်သော စကားစုသာဖြစ်သည်။ ပါဠိလို မဆိုဘဲ မြန်မာလိုလည်း ဆိုနိုင်သည်။ ထို့ကြောင့် ဌာန်၊ ကရိုဏ်း ကျအောင် အထူး

ဆိုဖွယ် မလိုဘဲ ပုံမှန်အသံဖြင့် ဆိုနိုင်သည်။ အရေးကြီးသည်ကား ယခုဖော်ပြမည့် သရဏာဂုံပါဠိ ဖြစ်သည်။

သရဏာဂုံ သုံးပါးပါဠိ

ဆရာ။ ။ ဗုဒ္ဓံ သရဏံ ဂစ္ဆामိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ရှင်လောင်း။ ။ ဆရာဆိုသလို လိုက်၍ဆို။

ဆရာ။ ။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ရှင်လောင်း။ ။ ဆရာဆိုသလို လိုက်၍ဆို။

ဆရာ။ ။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ရှင်လောင်း။ ။ ဆရာဆိုသလို လိုက်၍ဆို။

ဆရာ။ ။ သရဏဂမနံ ပရိပုဏ္ဏံ။ (သရဏာဂုံပြည့်စုံပြီ)

ရှင်လောင်း။ ။ အာမ ဘန္တေ။ (မှန်ပါအရှင်ဘုရား)

ရှင်သာမဏေဖြစ်ချိန်

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ရာ အစစ်အမှန်ဟု သိတတ်သော စိတ်ကို သရဏဂမန (သရဏဂုံ) ဟု ခေါ်၏။ မိမိမှာ ထိုသရဏဂုံစိတ်ရှိနေပါသည်ဟု ဝန်ခံသောအားဖြင့် 'ဗုဒ္ဓံ သရဏံ ဂစ္ဆामိ' စသည်ဖြင့် ရွတ်ဆိုမှုကို သရဏဂုံဆောက်တည်ခြင်း ဟု ခေါ်ကြသည်။ သာ၍ လေးစားရာရောက်အောင် (၃) ခေါက် ဆိုကြရသည်။

ဤ သရဏဂုံ သုံးပါးကို ဆရာရော တပည့်ပါ နှစ်ဦးလုံး ပီပီသသ ရွတ်ဆိုနိုင်လျှင် 'တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ' အဆုံးမှာပင် ရှင်သာမဏော ဖြစ်တော့၏။

သရဏဂုံအရေးကြီး

ဆံချခြင်း၊ သင်္ကန်းဝတ်ခြင်း၊ သရဏဂုံပေးခြင်း ဟူသော ရှင်ပြုခြင်း သုံးမျိုးတွင် သရဏဂုံပေးခြင်းသည် ရှင်သာမဏေဖြစ်ရေးဌ အရေးအကြီးဆုံး ဖြစ်၏။ မှန်၏၊ သရဏဂုံရွတ်ဆိုရာ၌ 'ဥဘတောသုဒ္ဓိ= ဆရာတပည့် နှစ်ဦးလုံး ပီပီသသ ရွတ်ဆိုသောအားဖြင့် သန့်ရှင်းမှု' ဖြစ်မှ ထမြောက်အောင်မြင်သည်။

ဆရာက ပီ၍ တပည့်က မပီလျှင် လည်းကောင်း၊ တပည့်က ပီ၍ ဆရာက မပီလျှင်လည်းကောင်း သာမဏေ စစ်စစ် မဖြစ်နိုင်။ ထို့ကြောင့် ရှင်လောင်းများအား ပီပီသသ ရွတ်ဆိုနိုင်ရန် စောစောက ကြိုတင်၍ အချိန်ယူသင်ပြစေ သင့်ကြသည်။ (ဝိ-၄ ၃၊ ၂၅၀)။

ပြင်းပြင်းရွတ်ရမည့်အက္ခရာများ

ပုဒ်ပါဠိ အက္ခရာများကို ရွတ်ဖတ်ရာ၌ အသံ၏ ဖြစ်ရာဌာနနှင့် အသံထွက်ပုံ တူနေလျှင် ရှေ့အက္ခရာကို ရိုးရိုးသံမှန်ဖြင့်ရွတ်၍ နောက်အက္ခရာကို ခပ်ပြင်းပြင်း ရွတ်ရ၏။ ထိုသို့ ရွတ်မှလည်း "အသံတူ နှစ်လုံးတွင် မည်သည့် အက္ခရာကို ရွတ်သည်" ဟု နားထောင်သူတို့မှာ ကွဲကွဲ ပြားပြား သိရ၍ ထိုပါဠိ၏ အနက်မှန်ကို နားလည်နိုင်ပေမည်။ ဌာန်တူ အသံတူ အက္ခရာများကား-

ကနှင့်ခ၊ ဂနှင့်ဃ၊ စနှင့်ဆ၊ ဇနှင့်ဈ၊ ဋနှင့်ဌ၊
ဍနှင့်ဎ၊ တနှင့်ထ၊ ဒနှင့်ဓ၊ ပနှင့်ဖ၊ ဗနှင့်ဘ။

ထိုဆယ်စုံတွင် ရှေ့အက္ခရာကို ရိုးရိုးသံမှန်ဖြင့် ရွတ်၍ နောက်အက္ခရာကို ခပ်ပြင်းပြင်းရွတ်ရ၏။ 'ခပ်ပြင်းပြင်း'

ဆိုသော်လည်း ငေါက်ငန်းသလို ဆောင့်ဆောင့်အောင့်အောင့် ရွတ်ရမည်ဟု ဆိုလိုသည်မဟုတ်။ က-အသံနှင့် ခ-အသံ၊ ဂ-အသံနှင့် ဃ-အသံ စသည် ကွဲပြားရုံသာ ရွတ်ရမည်ဟု ဆိုလိုသည်။ ထို့ကြောင့် ဗုဒ္ဓံ ဓမ္မံ သံဃံပုဒ်တို့ကို ရွတ်ရာ၌ ဒံ, ဒမ်, ဂံ တို့နှင့် မရောရုံ ဒ္ဓံ, ဓမ်, ဃံ တို့ကို တင်းတင်းမာမာ ရွတ်ရမည်။

နိဂ္ဂဟိတန္တပုဒ်ရွတ်နည်း (၂) မျိုး

ဖော်ပြခဲ့ပြီးအတိုင်း အက္ခရာတစ်လုံးစီ ပီသာအောင် ရွတ်တတ်ပြီးနောက် နိဂ္ဂဟိတန္တပုဒ်တို့၌ 'ဗုဒ္ဓံ + သရဏံ' ဟု (နိဂ္ဂဟိတ်= သေးသေးတင် ဆုံးသော) နိဂ္ဂဟိတန္တရွတ်နည်း၊ 'ဗုဒ္ဓမ်+ သရဏမ်' ဟု (မ်-အက္ခရာဆုံးသော) မ,ကာရန္တ ရွတ်နည်း (၂) မျိုးတွင် တစ်မျိုးမျိုး ရွတ်တတ်အောင် အလေ့အထ ပြုဖို့ လိုသေး၏။

ချဉ်းအံ့၊ နိဂ္ဂဟိတန္တရွတ်နည်း၌ 'ဒ္ဓံ' ဟု ရွတ်ရာဝယ် ဒ္ဓနှင့် နိဂ္ဂဟိတ်တို့သည် အ-သရတစ်လုံးတည်းကို မှီရသောကြောင့် ('ဒ္ဓံ' ဟု အလယ်က သရတစ်လုံးတည်းကို ရှေ့ ဒ္ဓ-ဗျည်းနှင့် နောက်နိဂ္ဂဟိတ်ဗျည်းတို့ မှီရသောကြောင့်) ဒ္ဓ-အသံနှင့် နိဂ္ဂဟိတ်အသံကို ခွဲ၍ မရဘဲ တစ်စပ်တည်း

တစ်သံတည်းဖြစ်အောင် ရွတ်ရသည်။ 'မ့ံ ဏံ မံ သံ ယံ' တို့၌လည်း နည်းတူ။

မ,ကာရန္တရွတ်နည်း၌ကား 'ဒွမ်' ဟု ရွတ်ရာဝယ် ဒွ-သည် အ-သရကို မှီ၍ မ်-ဗျည်းက ထိုအ-သရကို မမှီသောကြောင့် ဒွ-သံနှင့် မ်-သံကို တစ်စပ်တည်း ရွတ်၍မရ။ 'ဒွ' ဟု ရွတ်ပြီးမှ 'မ်'ကို တစ်မတြာဝက် သံကလေးမျှဖြင့် သီးခြားရွတ် ရသည်။ (M ဟူသော အင်္ဂလိပ်စာလုံးကို နည်းလမ်းတကျ ရွတ်တတ်သူအား အရွတ်ခိုင်းကြည့်ပါ)။ မွမ်၊ ဏမ်၊ မမ်၊ သမ်၊ ယမ် တို့၌လည်း နည်းတူ။ (ဝိ-ဌ ၃၊ ၂၅၁)။

ထို့ပြင် 'ဓံ၊ ဓမ်' အသံတို့ ဖြစ်ရာဌာနသည် သွားရင်း (ဒန္တဌာန်) ဖြစ်၏။ ထိုသွားရင်းကို လျှာဖျားဖြင့် တို့၍ ရွတ်ရသည်။ ဤသို့ ရွတ်မှသာ 'ပံ၊ ပမ်' အသံတို့နှင့် ကွဲပြားမည်။ သရဏံ၌ ဏ-အသံ၏ ဖြစ်ရာဌာနသည် အာထိပ် (မုဒ္ဓဌာန်) ဖြစ်၏။ ထိုအာထိပ်ကို လျှာဖျားအတွင်းနဲနဲကျသော အရပ်ဖြင့် ထိကပ်၍ ရွတ်ရ၏။ ဤသို့ ရွတ်မှသာ နဏ-အသံနှင့် ကွဲပြားမည်။ (ဤ မုဒ္ဓဌာန် ကွဲပြားအောင် ရွတ်နည်းကို ရဟန်းခံခန်း၌ ရေးခဲ့ပြီ)။

ဆယ်ပါးသီလပြောပြခြင်း

သရဏာဂုံပေးပြီးနောက် ဖော်ပြပါအတိုင်း ဆယ်ပါးသီလ (သာမဏေတို့ စောင့်ထိန်းဖွယ် သိက္ခာပုဒ်ဆယ်ပါး) ကို ပြောပြရ၏။

(၁) ပါဏာတိပါတာ ဝေရမဏိ = သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရခြင်း၊

(၂) အဒိန္နာဒါနာ ဝေရမဏိ = သူ့ဥစ္စာကို ခိုးဝှက်တိုက်ခိုက်လုယူခြင်းမှ ရှောင်ကြဉ်ရခြင်း၊

(၃) အဗြဟ္မစရိယာ ဝေရမဏိ = မေထုန်အကျင့်မှ ရှောင်ကြဉ်ရခြင်း၊

(၄) မုသာဝါဒါ ဝေရမဏိ = လိမ်လည်လှည့်ပတ်ခြင်းမှ ရှောင်ကြဉ်ရခြင်း၊

(၅) သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ = မူးယစ်စေတတ်၍ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ရခြင်း၊

(၆) ဝိကာလဘောဇနာ ဝေရမဏိ = မွန်းလွဲအခါ၌ ထမင်း မုန့် စသော အစာကို စားခြင်းမှ ရှောင်ကြဉ်ရခြင်း၊

(၇) နစ္စဂီတဝါဒိတဝိသူကဒဿနာ ဝေရမဏိ = ကိုယ်တိုင်ကခြင်း၊ သူတစ်ပါးကို အကခိုင်းခြင်း၊ ကိုယ်တိုင်သီဆိုခြင်း၊ သူတစ်ပါးကို အဆိုခိုင်းခြင်း၊ ကိုယ်တိုင် တီးမှုတ်ခြင်း၊ သူတစ်ပါးကို တီးမှုတ်ခိုင်းခြင်း၊ ဘုရားအဆုံးအမတော်၏ ဆန့်ကျင်ဘက်စိုးပမာ ဖီလာဖြစ်သော ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်ရခြင်း၊

(၈) မာလာဂန္ဓဝိလေပနဓာရဏမဏ္ဍနဝိဘူသနဋ္ဌာနာ ဝေရမဏိ = ရွှေပန်း ငွေပန်းမှစ၍ ပန်းအမျိုးမျိုးကို ပန်ဆင်ခြင်း၊ နံ့သာပြစ်တို့ဖြင့် နိမ့်ရာအရပ်၌ ပြည့်ဖြိုးအောင် သိပ်ခြင်း၊ အရောင်တင်ဆေး ရေမွှေး နံ့သာဆီ မျက်နှာချေ ပေါင်ဒါမှုန့်ကို လိမ်းကျံချယ်လှယ်ခြင်း ဟူသော ကိလေသာ ပွားကြောင်းအမှုတို့မှ ရှောင်ကြဉ်ရခြင်း၊

(၉) ဥစ္စာသယနမဟာသယနာ ဝေရမဏိ = မြင့်သော နေရာ ကြီးကျယ်ဆန်းပြား ခမ်းနားသော နေရာ၌ နေထိုင်အိပ်စက်ခြင်းမှ ရှောင်ကြဉ်ရခြင်း၊

(၁၀) ဇာတရူပရဇတပဋိဂ္ဂဟကာ ဝေရမဏိ = ရွှေ ငွေကို ခံယူခြင်းမှ ရှောင်ကြဉ်ရခြင်း။

ဆောက်တည်ဖွယ်မလို

သရဏဂုံယူပြီးသည်နှင့် တစ်ပြိုင်နက် ရှင်သာမဏေ အရာ၌ တည်ပြီးဖြစ်သောကြောင့် သိက္ခာပုဒ် ၁၀-ပါးကို အထူးဆောက်တည်ဖွယ် မလိုတော့။ မှန်၏၊ သိမ်အတွင်း၌ ရဟန်းဖြစ်လျှင် ဖြစ်ချင်း ရဟန်းသစ် သန္တာန်၌ ဝိနည်း သိက္ခာပုဒ်များ အထူးမဆောက်တည်ရဘဲ အလိုလို ရောက်ရှိပြီး ဖြစ်သကဲ့သို့ သာမဏေသစ် သန္တာန်၌လည်း သာမဏေတို့ စောင့်ထိန်းဖွယ် ဝိနည်းသိက္ခာပုဒ်များ အလိုလို ရောက်ရှိလာကြသည်။

ထို့ကြောင့် ရှင်သာမဏေပြုခန်း ပါဠိတော် အဌကထာတို့၌ "သိက္ခာပဒံ သမာဒိယामိ"ဟု မလာ်ဘဲ ပါဏာတိပါတာ ဝေရမဏိ-တိုင်ရုံသာ လာသည်ကို တွေ့ရ၏။ သိက္ခာပုဒ် ၁၀-ပါး သရုပ်ကို ရေတွက်ပြသောအားဖြင့် ဝေရမဏိဟု ပဌမန္တိုဖြင့်သာ ဖော်ပြခဲ့ပြီးအတိုင်း ဆိုသင့်သည်။

(ဝိ-၄ ၃၊ ၂၅၁)။

အကယ်၍ ဆောက်တည်သည့် သဘောမျိုးဖြင့် သိက္ခာပဒံ သမာဒိယာမိဟု ဆိုခြင်းကြောင့် တစ်စုံတစ်ရာ အပြစ်မရှိ၊ ယင်းသိက္ခာပုဒ် ၁၀-ပါးကို ပါဠိဘာသာဖြင့်သော် လည်းကောင်း၊ မြန်မာဘာသာဖြင့် သော်လည်းကောင်း ပြောပြနိုင်သည်။ ကရင်၊ မွန် စသည်ဖြစ်လျှင်ပင် ၄င်းတို့ဆိုင်ရာ ကရင်၊ မွန် ဘာသာ စသည်ဖြင့် ပြောပြနိုင်သည်။

ဥပဇ္ဈာယ်ယူစေခြင်း

ဆယ်ပါးသီလကို ပြောပြီးနောက် ဥပဇ္ဈာယ်ဆရာ၏ အကြောင်းကို ပြောပြ၍ ဥပဇ္ဈာယ်ယူစေရ၏။

ကိုရင်။ ။ ဥပဇ္ဈာယော မေ ဘဒန္တ ဟောပိ - တပည့်တော်၏ ဥပဇ္ဈာယ်ဆရာဖြစ်တော်မူပါဘုရား။

ဆရာ ။ ။ ပါသာဒိကေန သမ္မာဒေဟိ = ကြည်ညိုဖွယ်ကို ဆောင်သော ကိုယ်အမူအရာ နှုတ်အမူအရာ ဖြင့် သီလ သမာဓိ ပညာ သိက္ခာသုံးပါးကို ပြည့်စုံ စေလော့။ (ကိုရင် ၂-ပါး၊ ၃-ပါး စသည်များလျှင် သမ္မာဒေထ - ပြည့်စုံစေကြလော့ဟုဆို)။

ဥပဇ္ဈာယ်ယူခြင်း ပေးခြင်း

သရဏာဂုံပေးသော ဆရာကို ပဗ္ဗဇာစရိယ (ရှင်ပြုပေးသောဆရာ) ဟုခေါ်၏။ သာမဏေဖြစ်ပြီးသောအခါ ဥပဇ္ဈာယ်ယူစေရသေး၏။ သာမဏေဖြစ်လျှင် ဖြစ်ချင်းမိမိဆရာအရင်းကို 'ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ' ဟု သုံးခေါက်ဆို၍ ဖော်ပြခဲ့ပြီးအတိုင်း ဥပဇ္ဈာယ်ယူထားရသည်။

"ဥပဇ္ဈာယ်ဆရာ" ဟု စိတ်ထဲ၌ မှတ်ယူထားခြင်းကို "ဥပဇ္ဈာယ်ယူခြင်း" ဟုခေါ်သည်။ ထိုသို့ ဥပဇ္ဈာယ်ယူသောအခါ ပါသာဒိကေန သမ္မာဒေဟိ (သမ္မာဒေထ) ဟု ဆို၍ ဥပဇ္ဈာယ် ဆရာဖြစ်ကြောင်း အသိပေးခြင်းကို ဥပဇ္ဈာယ်ပေးခြင်းဟု ခေါ်သည်။ (သာဟု, လဟု, စသည်တို့ဖြင့်လည်း ပေးနိုင်ကြောင်း ရဟန်းခံခန်း၌ ရေးခဲ့ပြီ။)

အာမ ဘန္တေ မလို

ဥပဇ္ဈာယ်ဆရာက 'ပါသာဒိကေန သမ္မာဒေဟိ' ဟုဆို၍ ဥပဇ္ဈာယ်ပေးပြီးသောအခါ ယခုခေတ်၌ အာမ ဘန္တေဟု တပည့်က ဝန်ခံစကားဆိုသေး၏။ အမှန်စင်စစ်

တပည့်က ဥပဇ္ဈာယ်ယူခြင်း၊ ဆရာက ဥပဇ္ဈာယ်ပေးခြင်း ဤနှစ်မျိုးသာ လိုရင်းဖြစ်သောကြောင့် အာမ ဘန္တေ-ဟု မဆိုလည်း ကိစ္စပြီး၏ ။ (ဝိ-ဋ ၃၊ ၂၅၈)။

ဥပဇ္ဈာယ်ဆရာ

လူ့လောကဌ် မိဘကဲ့သို့ မိမိတပည့်ကို အမြဲတမ်း အနီးကပ် ကွပ်ကဲလျက် နည်းလမ်းညွှန်ပြသူ၊ ချီးမြှောက်ထောက်ပံ့သူကို "ဥပဇ္ဈာယ်ဆရာ" ဟု ခေါ်၏။ သာသနာတော်ဌ ဥပဇ္ဈာယ်ဆရာ၏ အကူအညီ အထောက်အပံ့ များစွာ လိုအပ်သည်။

ဥပဇ္ဈာယ်ဆရာ၏ အာမိသ အထောက်အပံ့၊ ဓမ္မအထောက်အပံ့ကို မရသော တပည့်သည် မကြီးပွား မတိုးတက်ဘဲ ပျက်စီးမည့်ဘက်သာ များပေသည်။ ဥပဇ္ဈာယ်ဆရာသည် မိမိတပည့်ကို သားရင်းပမာ ဝတ်ပုံစားပုံ နေထိုင်သွားလာပြောဆိုပုံမှစ၍ အစစအရာရာ တာဝန်ယူ၍ စနစ်တကျ ညွှန်ပြပေးရသည်။ "တပည့်မကောင်း ဆရာ့ခေါင်း"ဟု ဆိုသည့်အတိုင်း တပည့်၏ကောင်းမှု မကောင်းမှု၊ တော်မှု မတော်မှုသည် ဥပဇ္ဈာယ်ဆရာအပေါ် များစွာ တည်မှီလေ

သည်။ "ကုန်ရှုံးတော့ တစ်ခေါက်၊ ဆရာရှုံးတော့ တစ်သံသရာ လုံးမှောက်" ဟူ၍ အဆိုရှိ၏။ (ဝိ-ဋ ၃၊ ၂၅၇၊ ၃၀၇)။

ထို့ကြောင့် ဥပဇ္ဈာယ်ယူရာမှာ ဝတ်ကျေတန်းကျေ သဘောမျိုး မဟုတ်ဘဲ တကယ်နီးနီးကပ်ကပ် တာဝန်ယူနိုင်သူကိုသာ ဥပဇ္ဈာယ်အဖြစ် ထားသင့်သည်။ ဥပဇ္ဈာယ်ဆရာ လုပ်မည့်သူကလည်း တကယ်တာဝန်ယူနိုင် မယူနိုင် စဉ်းစားပြီးမှ လက်ခံသင့်၊ မသင့် ဆုံးဖြတ်ဆောင်ရွက်သင့်သည်။

ယခုခေတ်၌ အများအားဖြင့် ဥပဇ္ဈာယ်ဆရာကလည်း တပည့်ကို ဂရုမစိုက်၊ တပည့်ကလည်း ဥပဇ္ဈာယ်ဆရာကိုအလေးမထားဘဲ ဘာသိဘာသာ ဖြစ်နေကြသည်။ ရဟန်းခံသည့်အခါ ဥပဇ္ဈာယ်ယူရာမှာလည်း ဝတ်ကျေတန်းကျေ လောက်သာ သဘောထားဆောင်ရွက်နေကြသည်။ ဤသည်တို့မှာ သာသနာတော် အနာဂတ်ရေးအတွက် သတိမူပြုပြင်သင့်သည့် အချက်များပင် ဖြစ်သည်။

ဥပဇ္ဈာယ်အင်္ဂါ

ဥပဇ္ဈာယ်လုပ်၍ တပည့်ပရိသတ် မွေးမြူမည့်ဆရာသည်-

(၁) ဆယ်ဝါရပြီး ဖြစ်ခြင်း၊
(၂) ဥဘတောဝိဘင်းကို တတ်သိနားလည်ခြင်း၊
(၃) ကံကြီးကံငယ် ပြုလုပ်နည်းကို တတ်သိ နားလည်ခြင်း၊
(၄) ခန္ဓကဌ် လာသော သိက္ခာပုဒ်များကို တတ်သိ နားလည်ခြင်း၊
(၅) နာမ်ရုပ်တရားတို့ကိုပိုင်နိုင်စွာ ဟောပြောနိုင်ခြင်း ဟူသော အင်္ဂါ (၅) ပါးတို့နှင့် ပြည့်စုံညီညွတ်ရ၏။ ယင်းအင်္ဂါ (၅) ပါး ပြည့်စုံညီညွတ်မှ ဥပဇ္ဈာယ်ဆရာဖြစ်နိုင်သည်။ နိဿယည်းဆရာ အင်္ဂါ၊ ကျောင်းထိုင်အင်္ဂါများလည်း ဤ ငါးပါးတို့ပင်တည်း။ (ဝိနယသင်္ဂဟ- ၁၆၄)။

ရှင်ကျင့်ဝတ်

သရဏဂုံ ပီသ၍ ရှင်သာမဏေဖြစ်သည်နှင့် တစ်ပြိုင်နက် သာမဏေသစ်၏ သန္တာန်၌ ရှင်သာမဏေသီလ (၁၀) ပါး၊ လိုင် (၁၀) ပါး၊ ဒဏ် (၁၀) ပါး၊ သေခံယ (၇၅) ပါး၊ ခန္ဓကဝတ် (၁၄) ပါး၊ ဤသီလ ကျင့်ဝတ်သိက္ခာပုဒ်များ အလိုအလျောက် ရောက်လာကြသည်။

ထို့ပြင်သာမဏေဖြစ်လာသူသည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်း (၄) ပါးတို့ကို မိမိ၏ ခန္ဓာကိုယ်ကို အရင်းပြု၍ ရှာဖွေသုံးဆောင်ရသည် မဟုတ်ဘဲ ဒါယကာ၊ ဒါယိကာမများ၏ ထောက်ပံ့မှုဖြင့် ရရှိသုံးဆောင်ရသည်ဖြစ်ရကား ယင်းပစ္စည်းတို့ကို သုံးစွဲတိုင်း ဆင်ခြင်၍ သုံးစွဲရ၏။ မဆင်ခြင်ဘဲ သုံးစွဲလျှင် ဣဏပရိဘောဂခေါ် အကြွေးယူ၍ သုံးစွဲခြင်းမျိုးဖြစ်သဖြင့် သံသရာကြွေးတင်လျက်ရှိ၏။

ဗုဒ္ဓမြတ်စွာသည် ယင်းသို့ အကြွေးတင်သည့် အဖြစ်မှ ကင်းလွတ်ရေးကို ရှေးရှု၍ ပစ္စည်း (၄) ပါး သုံးစွဲနည်းပြ ပစ္စဝေက္ခဏာ (၄) ပုဒ်ကို ညွှန်ပြတော်မူ၏။ ယင်း (၄) ပုဒ်ကို ရှေးရှေးက ပုတီးစိပ်ရင်း ဆင်ခြင်လေ့ရှိသောကြောင့် "ပုတီးစိပ် (၄) ပုဒ်" ဟုလည်း ခေါ်ကြသည်။

ယင်း ပုတီးစိပ်ခေါ် ပစ္စဝေက္ခဏာ (၄) ပုဒ်နှင့်တကွ ရှင်သာမဏေများ လိုက်နာကျင့်သုံးဖွယ် ဖော်ပြခဲ့ပြီး ကျင့်ဝတ်သိက္ခာပုဒ်များကို ရှေးဆရာတော်ကြီးများက ထိုထိုကျမ်းဂန်ကြီးများမှ ထုတ်နုတ်၍ ရှင်ကျင့်ဝတ်ဟူသော အမည်ဖြင့်

စာအုပ်ငယ်တစ်အုပ်အဖြစ် စီစဉ်ခဲ့ကြသဖြင့် ယခုအခါ ယင်းရှင်ကျင့်ဝတ်စာအုပ်များကို ပုံစံအမျိုးမျိုး တွေ့နိုင်ကြပေသည်။

အရိယာနတ်ဗြဟ္မာတို့အမြင်

သာမန်လူများက ရှင်ပြုခြင်းအပေါ် ဖော်ပြပြီး ဆံချ၊ သင်္ကန်းဝတ်၊ သရဏာဂုံယူမှုဟူသော လုပ်ငန်းသုံးရပ် အဖြစ်သာ မြင်ကြသည်။ အရိယာ နတ်ဗြဟ္မာများကား ထိုကဲ့သို့ မမြင်ဘဲ "ကိလေသာစစ်ပွဲ ဆင်နွှဲရန် ပြင်ဆင်နေသည်" ဟု မြင်ကြသည်။

ပထမကြွေးကြော်သံ

နတ် ဗြဟ္မာများသည် ဆံချခြင်းကိုမြင်၍ "ဆံပင်၌ တပ်မက်သော တဏှာကို ပယ်ခွါတွန်းလှန် တိုက်ဖျက်နေသည်တကား" ဟု လည်းကောင်း၊ သင်္ကန်းဝတ်ခြင်းကိုမြင်၍ "ကိလေသာရန်သူများ ကြောက်လန့်၊ မဝင်နိုင်အောင် ယူနီဖောင်းဝတ်နေသည်တကား" ဟု လည်းကောင်း၊ သရဏာဂုံ

ရွတ်ဆိုခြင်းကိုမြင်၍ "ကိုလေသာရန်သူများ ထွက်ပြေးအောင် မန္တန်ရွတ်ဖတ်နေသည်တကား" ဟု လည်းကောင်း ပထမ အကြိမ် ကောင်းချီးဟစ်အော် ကြွေးကြော်ကြကုန်၏။

ဒုတိယကြွေးကြော်သံ

သာမဏေများ ဣဏာပရိဘောဂ မဖြစ်အောင် ပစ္စဝေက္ခဏာ ဆင်ခြင် (ပုတီးစိပ်) နေကြသောအခါ -

-သတိထားပြီး ဆင်ခြင် (ပုတီးစိပ်) လျှင် သတိပဋ္ဌာန်၊

- လုံ့လအားစိုက် ဆင်ခြင် (ပုတီးစိပ်) လျှင် သမ္မပ္ပဓာန်၊

- ယုံကြည်သော သဒ္ဓါတရားဖြင့် ဆင်ခြင် (ပုတီးစိပ်) လျှင် သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်တို့ ဖြစ်ပွားကြပေသည်။

ဤသို့ စသည်ဖြင့် ဗောဓိပက္ခိယ တရားများ ဖြစ်ပွားခြင်းကို မြင်၍ "ကိုလေသာ တိုက်ဖျက်ရေးစစ်ပွဲ ဆင်နွှဲနေကြသည်တကား" ဟု ဒုတိယအကြိမ် ကောင်းချီးဟစ်အော် ကြွေးကြော်ကြ ကုန်၏။

တတိယကြွေးကြော်သံ

ဆိုခဲ့ပြီးအတိုင်း ဗောဓိပက္ခိယတရားများ ဖြစ်ပွားခြင်းကြောင့် (ပါရမီပြည့်သူဖြစ်လျှင်) ပစ္စက္ခဘဝမှာပင် အရှဟတ္တဖိုလ်ပေါက် နိဗ္ဗာန်မျက်မှောက် ပြုနိုင်ပေသည်။ ယင်းသို့ သာမဏေများ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်မျက်မှောက် ပြုကြသည်ကိုမြင်၍ "အောင်ပွဲခံ သွားကြလေပြီတကား" ဟု တတိယအကြိမ် ကောင်းခိုးဟစ်အော် ကြွေးကြော်ကြကုန်၏။ (ဣတိဝုတ်- ၂၄၆၊ မင်းကွန်းတိပိဋကတ ဆရာတော်ဟောပြောချက်)။

မြန်မာတို့ရှင်ပြုခြင်းဓလေ့

ဝိနည်းတရားတော်၌ ဗုဒ္ဓဘာသာဝင်များ သားယောက်ျားလေး မွေးဖွားလာလျှင် ရှင်ပြုပေးရမည်ဟု ပညတ်ချက်မရှိပေ။ သို့ပါလျက် မြန်မာဗုဒ္ဓဘာသာ လောကတွင် သားယောက်ျားလေး မွေးဖွားသူတိုင်း မဖြစ်မနေ ရှင်ပြုပေး

ကြသည်မှာ မြန်မာပုဒ္ဓဘာသာဝင်တို့၏ ထူးခြားမှု တာဝန်ရပ်ပင် ဖြစ်သည်။ ယင်းသို့ ဖြစ်ရသည်မှာ အမြော်အမြင် ကြီးမားတော်မူကြသော ရှေးဆရာတော်ကြီးများ၏ စည်းရုံး စွမ်းဆောင်ခဲ့မှုကြောင့် ဖြစ်ပေသည်။

ရှေးက မြန်မာမင်းအဆက်ဆက်ပင် ထီးတော်ရိပ်ဖွားသားတော်များကို ကျမ်းဂတ်အကျော် ဆရာတော်ကြီးများထံ အပ်နှံ၍ စာပေသင်ကြားစေသည့်အပြင် ဝါဆိုလဆန်း (၁၄) ရက်၊ (၁၅) ရက်နေ့များတွင် ရာသီပွဲတော်အဖြစ် အစုလိုက်အပြုံလိုက် ရှင်ပြု ပဉ္စင်းခံပွဲများ တစ်ခမ်းတစ်နား ကျင်းပပြုလုပ်လေ့ရှိသည်။ ဤသို့ဖြင့် အရှယ်ရောက်လာသူ ဗုဒ္ဓဘာသာဝင် ယောက်ျားလေးတိုင်းအား ရှင်ပြုပေးသည့် ဓလေ့ထုံးစံသည် မြန်မာနိုင်ငံတော်၌ ထွန်းကား ပြန့်ပွားလာခဲ့ရာ ယနေ့ မျက်မှောက်ခေတ်၌ပင် "ရှင်မပြုရသေးလျှင် အိမ်ထောင်မပြုကောင်း" ဟူ၍ ခံယူသည် အထိ ရှင်သန် ရပ်တည်လျက်ရှိနေပေ၏။

ရည်ရွယ်ချက် (၃) ရပ်

ထိုသို့ ရှင်ပြုခြင်းကို ဓလေ့ထုံးစံတစ်ခု ဖြစ်လာအောင် စည်းရုံးဆောင်ရွက်ခဲ့ရာ၌ အဓိကရည်ရွယ်ချက် (၃) ရပ် ချမှတ်ခဲ့လေသည်။ ယင်းရည်ရွယ်ချက် (၃) ရပ်မှာ-

(၁) သာသနာတော် အင်အားတောင့်တင်းရန်၊
(၂) ဗုဒ္ဓဘာသာ ယဉ်ကျေးမှုများကို လူ့လောက၌ အသုံးချနိုင်ရန်၊
(၃) သာသနာ့အမွေ ခံယူရရှိနိုင်ရန်တို့ဖြစ်သည်။

မည်သည့် အဖွဲ့အစည်းမဆို အဖွဲ့ဝင်၏ တောင့်တင်းခိုင်မာမှု လူရိုသေ ရှင်ရိုမသေဖြစ်၏။ ဗုဒ္ဓ-သာ ဝင် ကလေးလူငယ်များ သာသနာ့ဘောင် ရောက်လာပြီး အကယ်၍ ပျော်ပိုက်ကာ အပြီးအပိုင် နေသွားလျှင် သာသနာတော် အင်းအားတောင့်တင်းနိုင်ပေသည်။ ဗုဒ္ဓ သာသနာတော် အဖွဲ့အစည်းကြီး နှစ်ပေါင်းနှစ်ထောင်ငါးရာ ကျော် ယနေ့အထိ မည်သည့် အဖွဲ့အစည်းနှင့်မျှ မတူဘဲ ကမ္ဘာ့အလယ်တွင် သက်တမ်းအရှည်ဆုံးအဖြစ်ဖြင့် ထည်ဝါ ခန့်ညားစွာ မားမား မတ်မတ် ရပ်တည်လျက် ရှိနေသည်မှာ

အဂ္ဂသာဝက မဟာသာဝကကြီးများမှစ၍ အဆက်ဆက် သာသနာ့ခေါင်းဆောင် မထေရ်ကြီးများက သာသနာတော် အင်အားတောင့်တင်းရန် စည်းရုံးစွမ်းဆောင်တော်မူနိုင်ခဲ့ခြင်း ကြောင့် ဖြစ်ပေသည်။

အကယ်၍ သာသနာတော်၌ မပျော်ပိုက်လျှင်လည်း နေသမျှ ကာလအတွင်း ရှင်သာမဏေတို့ လိုက်နာကျင့်သုံး ဖွယ် ရှင်ကျင့်ဝတ် သိက္ခာပုဒ်များကို ဆရာဘုန်းတော်ကြီးများ က သင်ကြားပေးတော်မူကြ၏။ ဘုန်းတော်ကြီးကျောင်းများ၌ အချိန်မှန် နံနက်စောစော အိပ်ရာမှ ထရခြင်း၊ စုပေါင်း၍ ဘုရားဝတ်တက်၊ စာကျက်စာအံ၊ ဆွမ်းခံစားရခြင်းများ ပြုလုပ်ကြရ၏။ ယင်းသို့ဖြင့် အချိန်၏ တန်ဖိုးကို သိကာ စုပေါင်းလုပ်ကိုင် ဆောင်ရွက်တတ်သည့် အလေ့အထ ကောင်းများကို ရရှိနိုင်ပေသည်။

ရှင်ကျင့်ဝတ်၌ ယုတ်စွအဆုံး အပေါ့အပါး သွားလာ မှုကအစ လူယဉ်ကျေးဖြစ်ကြောင်း နည်းလမ်းကောင်းများကို ပြသထားသဖြင့် ယင်း ရှင်ကျင့်ဝတ်မှရသော ယဉ်ကျေးမှုများ

လူ့လောကအထိ ပါသွားနိုင်ပေသည်။ သွားလာနေထိုင်မှု၊ ဝတ်စားဆင်ယင်မှု၊ ပြောဆိုဆက်ဆံမှု စသည့် လူ့မှုနယ်ပယ် အသီးသီး၌ စည်းစနစ်ရှိကာ လူယဉ်ကျေး ဖြစ်သွားနိုင်သည့် အပြင် တစ်ဦးနှင့် တစ်ဦး ရိုသေလေးစားတတ်ခြင်း၊ ငဲ့ညှာသနားတတ်ခြင်း၊ ရိုင်းပင်းကူညီတတ်ခြင်းစသော လူ့အဖွဲ့အစည်းကြီး သာယာစိုပြည်ကြောင်း အကျင့်ကောင်းများကိုလည်း ရရှိသွားနိုင်ပေသည်။

ရှင်ပြုသည့်အရွယ်သည် ကလေးဘဝမှ လူကြီးဘဝသို့ ကူးပြောင်းရန် တာစူနေသည့် အရွယ်ဖြစ်၍ အကောင်းဘက်၊ အဆိုးဘက် နှစ်ဘက်တွင် တစ်ဘက်ဘက်သို့ စည်းရုံးဆွဲဆောင်ရန် အကောင်းဆုံး အနေအထားတွင် ရှိသော အရွယ်မျိုးဖြစ်၏။ ဤကဲ့သို့သော အရွယ်မျိုး၌ ဗုဒ္ဓဘာသာယဉ်ကျေးမှုများကို ရရှိခြင်းဖြင့် လူ့လောက၌ လူကောင်းသူကောင်း ဖြစ်သွားနိုင်ပေသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် သာသနာ့အမွေခံယူရရှိရေးကိုလည်း အလေးအနက် ထားတတ်ကြ၏။

ရေတွင်းပေါင်း ရှစ်သောင်းလေးထောင် စသည် များမြောင်လှ စွာသော ကုသိုလ်ထုထည်များကို တည်ဆောက်ပြီးနောက် ထိုမျှဖြင့် "သာသနာ့အမွေခံ မဖြစ်နိုင်သေး" ဟု သိသော သီရိမဟာသောဂမင်းကြီးသည် အိမ်ရှေ့မင်းအရာထားသော သားတော် မဟိန္ဒနှင့် သမီးတော် သယ်မိတ္တာတို့အား သာသနာတော်အတွင်း သွတ်သွင်း ခိုးမြှောက်ခြင်းဖြင့် သာသနာ့ အမွေကို မရမနေ ခံယူခဲ့ပေသည်။

ဤသည့်ထုံးကို နှလုံးမူ၍ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် မိမိတို့၏ ရင်နှစ်သည်းခြာ သားရတနာများကို ဘုရားဘဝ၀ါ၏ သာသနာတော်အတွင်း သွတ်သွင်းခိုးမြှောက်ခြင်းဖြင့် သာသနာ့အမွေကို ခံယူကြစမြဲ ဖြစ်၏။ ဤကဲ့သို့ သာသနာ့အမွေ ခံယူရရှိနိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့်လည်း သာသနာ့ခေါင်းဆောင်ကြီးများက မြန်မာဗုဒ္ဓဘာသာ၀င် ကလေးသူငယ်မှန်သမျှကို သာသနာတော်တွင်း သွတ်သွင်းခြင်းဟူသော ရှင်ပြုခြင်း ဓလေ့ထုံးစံ တစ်ခုပေါ်အောင် ဖော်ဆောင်ခဲ့ကြခြင်း ဖြစ်ပေသည်။

ရည်ရွယ်ချက်ဖော်ဆောင်

ရည်ရွယ်ချက် (၃) ရပ်အနက် အမှတ် (၁) ရည်ရွယ်ချက် ထမြောက်အောင်မြင်ရေးအတွက် ဆရာဘုန်းတော်ကြီးများသည် မိမိတို့ထံရောက်လာသော ရှင်သာမဏေ များအားသာသနာတော်၌ အမြဲပျော်ပိုက်ရန် စည်းရုံးသိမ်းသွင်းသင့်ကြပေသည်။ သာသနာတော်ကြီး အင်းအားတောင့်တင်းရန် သာသနာရေး အသိစိတ်ဓာတ် အပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်သင့်ကြပေသည်။

အကယ်၍ သာသနာတော်၌ အမြဲမပျော်ပိုက်လျှင်လည်း သာသနာတော်က ပေးသော ဗုဒ္ဓဘာသာ ယဉ်ကျေးမှုများကို လူ့လောက၌ အသုံးချနိုင်ရန်နှင့် ခိုင်မာသော ဗုဒ္ဓဘာသာဝင်များဖြစ်စေရန် ရှင်သာမဏေလေးများအား ရှင်ကျင့်ဝတ်မှ အစထား၍ ဘာသာရေးအခြေခံ၊ ဗုဒ္ဓအဘိဓမ္မာအခြေခံ စာပေများကို သင်ကြားပေးသင့်ကြပေသည်။

မိဘများကလည်း မိမိတို့၏ ရင်နှစ်သည်းချာများကို သာသနာတော်တွင်း သွတ်သွင်းရာ၌ အများခံယူထားသည့် သာသနာ့အမွေခံ ဖြစ်လျှင်ပြီးရော သဘောမျိုးလောက် မထားဘဲ ဘုန်းတော်ကြီးများ၏ သင်ကြားပေးမှုကို ခံယူနိုင်လောက်သည့် အ'ရွယ်ရောက်၊ အရည်အချင်းရှိ ရင်နှစ်သည်းချာများကိုသာ သာသနာတော်တွင်း သွတ်သွင်းပေးသင့်ကြပေသည်။

မှန်၏။ ဘုန်းတော်ကြီးများ၏ သင်ကြားမှုကို ခံယူနိုင်ရန် ၁၀-နှစ်မှ ၁၅-နှစ်အတွင်းအရွယ်ရှိသူ ဖြစ်သင့်ပေသည်။ သို့မဟုတ် အခြေခံပညာမူလတန်းအဆင့် အောင်မြင်ပြီး အရည်အချင်းရှိသူ ဖြစ်သင့်ပေသည်။ ထိုအရွယ် ထိုအရည်အချင်းလောက်ရှိသူ ဖြစ်မှလည်း သရဏဂုံ (၃) ပါး ကျနစွာ ပီသနိုင်၍ သာမဏေအစစ် ဖြစ်ပေမည်။

ထို့ပြင် (၇) ရက်လောက်မျှနေသူကို ဘုန်းတော်ကြီးများက ပြည့်စုံလုံလောက်စွာ သင်ကြားပေးနိုင်မည် မဟုတ်သဖြင့် မိမိတို့၏ ရင်နှစ်သည်းချာ သာမဏေများကို ကျောင်းတော်၌ အနည်းဆုံး တစ်'လနှစ်လတန်သည် အချိန်ပေးထားသင့်ကြပေသည်။ သို့မှ ဗုဒ္ဓယဉ်ကျေးမှုများကို လူ့လောက၌

အသုံးချနိုင်ရန်ဟူသော ရည်ရွယ်ချက်ကို ဖော်ဆောင်ရာ ရောက်ပေမည်။

ပရိကၠရာစစ်တမ်း

ရှင်ပြုပွဲပြုလုပ်သောအခါလည်း ရှင်ဒါယကာ ရှင်ဒါယိကာများ အနေဖြင့် ရှင်သာမဏေဖြစ်မှု၌ အရေးပါသော လျှုဖွယ်များကို မွန်မွန်မြတ်မြတ်ဖြစ်ရေး ဦးစားပေးစိစဉ်တတ်ဖို့ လိုသေး၏။ ယင်းတို့မှာ ရှင်သာမဏေတို့ဆိုင်ရာ ပရိကၠရာများတည်း။ များစွာသော ရှင်ပြုပွဲများ၌ ယင်းကိစ္စကို အလေးမထားဘဲ အကျွေးအမွေးကိစ္စ၊ ပျော်ပွဲရွှင်ပွဲကိစ္စများကို သာ ဦးစားပေးတတ်ကြ၏။ (ပရိကၠရာရှစ်ပါး အကြောင်း ရဟန်းခံခန်း၌ ရေးသားခဲ့ပြီ။)

ပရိကၠရာများကို လူတို့ပူဇော်ထိုက်သော စေတီထိုက်သော သံယာ့အသုံးအဆောင်ပစ္စည်းဟု ဆို၏။ လူတို့ ပူဇော်ထိုက်သော သံယာ့အသုံးအဆောင် ပရိကၠရာသည် လူတို့အသုံးအဆောင်အောက် ညံ့ဖျင်း သေးနုတ်နေပါလျှင် "အမြင်မတော် ဆင်တော်နှင့်ခလောက်" ဆိုသကဲ့သို့ အများ၏ ကဲ့ရဲ့ဖွယ် ဖြစ်ပေလိမ့်မည်။

ယခုအခါ ပရိကၠရာဆိုင်များ၌ ရဟန်းခံရှင်ပြုပွဲများ အတွက် အသင့် စီမံပြုလုပ်ထားသော ပရိကၠရာများကို အလွယ်တကူ ဝယ်ယူအသုံးပြုလျက် ရှိကြ၏။ ယင်းသို့ အသုံးပြုခြင်းဖြင့် မိမိတို့ အလျှုပ်ပွဲ၌ တကယ်အရေးပါသည့် ပရိကၠရာကို အဂ်ါစုံရုံ စတိသဘောထည့်ခြင်းမျိုး ဖြစ်နေသည်ကို သတိမူသင့်လျှ၏။

မှန်၏။ နိုဝိုရောင် ဆေးဆိုးထားသော မိုင်းကိုင်စက္ကူ လက်တစ်ဝါးစာမျှကို သားရေနွယ် (နေရာထိုင်) အဖြစ် ဖန်တီးထားခြင်း၊ မည်သို့မျှ သုံးမရသော သတ္တုဓား၊ ကော်ပတ်ဓားကို ခေါင်းရိတ်ဓားအရောင်ခြယ်ထားခြင်း၊ အည့ံစား ဆိုးဆေး(မိုးရေနှင့်ထိလျှင် နီနီရဲရဲ အရည်များ ကျွတ်ထွက်စေသော ဆိုးဆေး) များကြောင့် လူများကပင် ထီးနား မကပ်ရဲ လောက်အောင် အဆင့်နိမ့်လွန်းသော ထီးများကို ပြုလုပ်ထားခြင်းကိုက သက်သေခံလျက်ရှိ၏။

အသပ္ပုရိသဒါနမဖြစ်ရေး

ဒါနအမျိုးအစားအနက် အသပ္ပရိသဒါန= သူည့ံတို့ အလျှု (၈) ပါးတွင် အည့ံစား ပစ္စည်းများ လျှုဒါန်းခြင်းလည်း

တစ်ပါးအပါအဝင် ဖြစ်ရာ သုံးမရသော ဖေါ်ပြပြီး ပရိကွာရာ ပစ္စည်းများကို လျှုဒါန်းခြင်းဖြင့် အသပ္ပုရိသဒါနမျိုးအဖြစ် သက်ရောက်နေသည်မှာလည်း သတိမူသင့်သည့် အချက် တစ်ရပ်ပင် ဖြစ်၏။

မြန်မာလူမျိုးတို့သည် စကားဝေါဟာရ သုံးနှုန်းရာ၌ ပင် ဆွမ်းဘုဉ်းပေးသည်၊ ပွဲတော်တည်သည်၊ ထမင်းသုံး ဆောင်သည်၊ ထမင်းစားသည် စသည်ဖြင့် ပုဂ္ဂိုလ်၊ အဆင့် လိုက်၍ ဒုံးနေရာဒုံး တော်နေရာတော် လျော်သလို ပြောဆို သုံးနှုန်းလေ့ရှိကြသည်။

အလေးထားရမည်ကို အလေးထားသုံးနှုန်းလေ့ရှိ သော ဗုဒ္ဓဘာသာ မြန်မာ့လူမျိုးတို့အနေဖြင့် သံဃာ့အသုံး အဆောင် ပရိကွာရာများကို ထိုသို့ မလေးမစား ကလေး ကစားစရာသဖွယ် ပြုမူလျှုဒါန်းခြင်းမျိုးမှ ရှောင်ရှားသင့်ကြ၏။ ပြုလုပ်သူများကလည်း ရပ်တန်းကရပ်ကြ၍ ငွေကုန်ကြေး ကျခံကာ သာသနာ့အမွေ ခံယူနိုင်ရေး အလျှုကြီးပေးနေကြ သူများကလည်း ဆွမ်းဆန်ထဲ ကြွက်ချေးရော (အသပ္ပုရိသ ဒါနမျိုး) မဖြစ်ရလေအောင် သတိဆောင် ပြုပြင်သင့်ကြ ပေသည်။

ကုသိုလ်တစ်ပဲ ငရဲတစ်ပိသာ

အချို့အလျှုရှင်များသည် အလေးထားရမည့် ပရိက္ခရာကို အလေးမထားဘဲ တော်သလို လျော်သလို ထည့်သော်လည်း အကျွေးအမွေးကိစ္စအတွက်ကား အိမ်ကခြံပေါက်နွားလေးကိုပင် မချန်ဘဲ ရက်ရောတတ်ကြ၏။

သားရှင်ပြုတစ်ခုခ္ခ ကြားဖူးသည်ကား အလျှုရှင်သည် ထိုနယ်ခ္ခ နာမည်ကြီးသူတည်း။ အလျှုခ္ခ အမဲသားကျွေး၏။ ကျွေး၍ မလောက်အောင်ပင် ပရိသတ်များ လာကြသဖြင့် အတော်ကြာလျှင် စီစဉ်ထားပြီး အမဲသား ဟင်းလျှာများ ကုန်လုနီးနီး ဖြစ်သွား၏။ အလျှုရှင်လည်း ပရိက္ခရာရှစ်ပါးကို လွယ်ကာ အတော်ကြည်နူးစွာဖြင့် ရှင်လောင်းလှည့်ရာတွင် ပါဝင်နေ၏။ ထမင်းကျွေးတာဝန်ကျသူများကား ဗျာများနေကြပြီ။ နောက်ဆုံးမတတ်သာတော့သဖြင့် အလျှုရှင်ထံ ပြေးလာကြပြီး ဟင်းလောက်ပုံမရကြောင်း ပြောပြကြလေ၏။

အလျှုရှင်လည်း အတော်စိတ်မောသွားဟန်တူ၏။ တောင်ကြံမြောက်ကြံ ကြံရှာပါသော်လည်း အကြံမရတော့ပြီ။ အတော်ကြာကြာ ကြံတွေး စဉ်းစားပြီးမှ "အင်း အိမ်က

ထိပ်ကွက်ကလေးကိုသာ စိမ်လိုက်ကြပါတော့" ဟု ရှုံ့မဲ့သော မျက်နှာဖြင့် ညွှန်ကြား လိုက်ရှာသတဲ့။ ဤအလှူမျိုးကို ဘာသာရေးအသိတရားရှိသူတို့က "ကုသိုလ်တစ်ပဲ ငရဲတစ်ပိသာအလှူ" ဟု ကင်းပွန်းတပ်ကြကုန်၏။

သောက်ကျိုးနဲ့သောအလှူ

အချို့အရပ်ဒေသများ၌ အလှူတွင် ကူငွေခံလေ့ရှိကြ၏။ သားရှင်ပြုအလှူတစ်ခုအကြောင်း ကြားဖူးသေး၏။ အလှူရှင်မှာ နာမည်းကြီးသူပင်တည်း။ ကူငွေများများရလျှင် နဂိုတင်နေသော ကြွေးများပင် ကြေလိမ့်မည်ဟူသော ရည်ရွယ်ချက်ဖြင့် အလှူကို ကြီးကျယ်**ခမ်းနားစွာ** စီစဉ်လေ၏။ သို့သော် လူအလာ များသလောက် ကူငွေမရချေ။ အလှူရှင်သည် ကုန်ကျစရိတ်နှင့် ရသမျှငွေကို စောစောကပင် စိတ်တွက်တွက်နေ၏။ ထင်ကြေးမကိုက်သဖြင့် မျက်နှာမသာမယာဖြစ်နေတော့၏။

နေစောင်းချိန် ရောက်သောအခါ ပင့်ထားသော ကိုယ်တော်များ ပရိတ်တရားခြီးမြှင့်ရန် မဏ္ဍပ်သို့ ကြွလာကြပြီ။ အလှူရှင်လည်း ရေစက်ခွက်ကိုင်ကာ သံယာစင်ပေါ်

ရောက်နှေ့၏။ ဘုန်းတော်ကြီးတစ်ပါးက အာပေါ်ဆွဲ ဖြင့် ရေစက်ချပေး၏။ အလှူရှင်မှာ အနားလေပ်လျက် ရေစက်ချသံကို ကောင်းကောင်းမကြားရဘဲ ကူးဌေးနှင့် ကုန်ကျစရိတ်ကို အပြန်ပြန် အလှန်လှန် စဉ်းစားနေစဉ် ဘုန်းကြီး၏ ရေစက်ချဆိုရိုးပြီးချိန်၊ သူ့အလှူ အရုံးထွက်နေသည်ကို လည်း သိရချိန်၌ အနားရှိ ဆွေမျိုးများက "အမျှဝေလိုက်၊ အမျှဝေလိုက်" ဟု ဘိုက်တွန်းကြသဖြင့် ကပျာကယာ "သောက်ကျိုးနဲပါပြီဗျို့" ဟု နှုတ်က ထွက်သွားရှာသတဲ့။

ယမမင်းထံ အစစ်ခံသံပေါက်

ဖေါ်ပြပြီး အဖြစ်အပျက်များသည် ယခုခေတ်မှ ရှိသည်မဟုတ်ဘဲ ဘိုးတော်ဘုရား လက်ထက်ကပင် အလားတူ သားရှင်ပြုပွဲများ ရှိခဲ့ကြောင်း အမတ်ကြီး ဦးပေါ်ဦးက ဖေါ်ပြပါ ယမမင်းထံ အစစ်ခံ သံပေါက်ဖြင့် မီးမောင်း ထိုးပြခဲ့သည်-

* သားကြီးရှင်ဖြစ်၊ ကျွန်တော်စစ်၊ ညှစ်၍လှူခဲ့တယ်။
* ကွမ်း ဆေး လဖက်၊ ဆီစက်စက်၊ ဝက်နှင့်ကြက်သား ကျွေးခဲ့တယ်။

* သည်ကို ဟိုကို၊ ကြွပါဆို၊ ဗျိုဗျာမစဲ ခေါ်ခဲ့တယ်။
* ကျွန်တော့်အလှူ ကြေးတွေပူ၊ ငွေကူကိုသာ မျှော်မိတယ်။
* ကူငွေနှင့်သာ၊ ငါလှူတာ၊ ထေမိပါမှ ကာတော့မယ်။

ဆရာတော် အရှင်ဇနကာဘိဝံသသည် ဗုဒ္ဓဘာသာ ဝင်များ၏ ကထိန်ခင်း ရဟန်းခံ ရှင်ပြုစသော ဘာသာရေး ဆိုင်ရာ ပွဲများအတွက် ပြုပြင်စရာ အချက်တို့ကို အနာဂတ် သာသနာရေးကျမ်းဌ် အတော်ပြည့်ပြည့်စုံစုံ ဖော်ပြတော်မူခဲ့ ၏။ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားလိုသူတိုင်း လေ့လာကာ လိုက်နာပြုပြင်သင့်ကြပေသည်။

အခန်း (၃)

သီလရှင်ဝတ်ခြင်း

ဗုဒ္ဓမြတ်စွာသည် မိမိသာသနာတော်ကြီး တည်တံ့ပြန့်ပွားရန် ပရိသတ်လေးပါး အကူအညီဖြင့် လေးဆယ့်ငါးနှစ်တိုင်တိုင် မနားမနေ အားသွန်ခွန်စိုက် ကြိုးပမ်းတော်မူခဲ့သည်။ ဘုရားဖြစ်ခါစ ပရိနိဗ္ဗာန်စံရန် လျှောက်ထားလာသော မာရ်နတ်အား "အရည်အသွေး ပြည့်ဝတဲ့ ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာဟူသော ပရိသတ်လေးပါး မစုံသေးသမျှ ငါဘုရား ပရိနိဗ္ဗာန်စံမည်မဟုတ်" ဟု ပြန်လည်မိန့်ကြားသည့်အချက်က သာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် ပရိသတ်လေးပါးအပေါ် အားကိုးအားထား ပြုခဲတော်မူခဲ့ကြောင်း သက်သေခံလျက်ရှိ၏။ ယနေ့မျက်မှောက်ခေတ်၌ ရဟန်းမများ နေရာကို သီလရှင်များက သာသနာ့နွယ်ဝင် ပုံသဏ္ဌာန်ဖြင့် ဆက်ခံလျက် ရှိနေပေပြီ။

သာသနာ့ဦးပေါ်တွင် သီလရှင်

သာသနာနှစ် (၅၀၀) ခန့်မှစ၍ ဘာကျွန်းသာသနာ အဆက်ပြတ်ခဲ့ပြီးနောက် သီလရှင်များ ပေါ်ပေါက်လာ၏။ ဟု ဆိုနိုင်ပေသည်။ မြန်မာနိုင်ငံ၌ ပျူခေတ်၊ ပုဂံခေတ်တို့တွင် သီလရှင်ဟူသော အမည်ဖြင့် မဟုတ်ခဲ့စေကာမူ သီလရှင် အသွင်အပြင်မျိုးဖြင့် အမျိုးသမီးများ ရဟန်းတော်များနှင့် အတူရှိနေခဲ့ကြောင်း ထိုထိုသမိုင်းမှတ်တမ်း၊ ကျောက်စာများ အရ သိနိုင်ပေသည်။ ထိုမှ အင်းဝခေတ်တွင် သီတင်းသုံး (သီတင်းသည်=သီလသည်) ဟူသော အမည်ဖြင့်လည်း ကောင်း၊ ကုန်းဘောင်ခေတ်ဦးတွင် သီလရှင်ဟူသော အမည်ဖြင့် လည်းကောင်း သီလရှင်များ ပေါ်ပေါက်လာခဲ့သည်မှာ ယနေ့ထိပင် ဖြစ်၏။

အဝတ်နှင့်အရောင်

သီလရှင်ဝတ်ရုံအသုံးပြုသော အဝတ်အထည်မှာ (၆) မျိုးရှိ၏။ ယင်းတို့မှာ-

(၁) ခါးဝတ် (ထဘီ)၊

(၂) ဆွေးခံ၊

(၃) အကျီ။
(၄) ကိုက်ရှည် (အပေါ်ဝတ်)။
(၅) ကိုယ်ရုံ။
(၆) ပခုံးတင်ပင်နီ တို့ဖြစ်၏။

ထိုတွင် ကိုက်ရှည်မှာ (၃) တောင်ခန့်၊ ကိုယ်ရုံမှာ (၆) တောင်ခန့်၊ ပခုံးတင်ပင်နီမှာ (၄) တောင့်ထွာခန့် ပမာဏ ရှိပေ၏။ ပခုံးတင်ပင်နီကို အခါခပ်သိမ်း သုံးစွဲမှုမပြုဘဲ အခမ်းအနားရှိသည့်အခါ အပြင်သွားသည့်အခါ၌သာ ပခုံးပေါ်တင်သောအားဖြင့် သုံးစွဲလေ့ရှိကြသည်။

အရောင်အဆင်းအားဖြင့် ရှေးယခင်က အဖြူဖြစ်၏။ သီပေါမင်း လက်ထက်အထိ အဝတ်ဖြူ မပျောက်သေးကြောင်း အဆိုရှိ၏။ နောက်ပိုင်း၌ တစ်ဆင့် တစ်ဆင့် အဝတ်ဖြူပျောက်သွားသော်လည်း အကျီကျန်နေသေး၏။ စစ်ကိုင်းတောင်ရိုး၊ မဟာဂန္ဓာရုံဆရာတော်ထံ သစ်ဆိမ့်ချောင်ဆရာကြီး ဒေါ်ဝဏ္ဏာ သွားရောက် ကန်တော့သော (၁၂၅၇-၁၂၈၁) အခါ ဆရာတော်က 'နင်တို့ လက်ကလူထွက်နေတယ် (လူနှင့်တူနေသည်ဟုဆိုလိုသည်) အပေါ်ရုံနှင့် အရောင်တူပါစေ' ဟု မိန့်တော်မူ၏။ ထိုအခါမှစ၍ အကျီဖြူပါ ပျောက်သွားလေတော့၏။

မျက်မှောက်ခေတ် သီလရှင်တို့၏ အဝတ်အရောင်မှာ သုံးမျိုးဖြစ်ပေ၏-

(၁) ပန်းရောင်၊
(၂) နီညိုရောင်
(၃) ယောဂီရောင်တို့ ဖြစ်၏။

ပန်းရောင်ကို ဂန္ထဓုရ (ပရိယတ်ဝန်ဆောင်) များ အသုံးပြုကြ၍ နီညိုရောင်၊ ယောဂီရောင်တို့ကို ဝိပဿနာဓုရ (ပဋိပတ်ဝန်ဆောင်) များ အသုံး ပြုကြဟု ယေဘုယျသဘော ခွဲခြားနိုင်ပေ၏။

အနည်းစုဖြစ်သော အချို့သီလရှင်တို့မှာ ကို   သည် နေရာ၌ အင်္ကျီနှင့် တစ်ဆက်တည်း ချုပ်ထားသော အဖြူဂါဝန်ရှည် (ခရစ်ယာန် သီလရှင်များ အဝတ်မျိုး) ကို ဝတ်ဆင်အသုံးပြုကြသည်ဟု ကြားသိရ၏။ ယင်းသို့ အသုံးပြုခြင်းအားဖြင့် ဘာသာခြားတို့နှင့် ရောထွေးနိုင်သည့်အပြင် နောင်တစ်ချိန်ချိန်၌ ဝိဝါဒဖြစ်နိုင်သဖြင့် တစ်ပြေးညီ အဝတ်အရောင်မျိုးဖြစ်ရန် အများစု သီလရှင်တို့၏ အဝတ်အရောင်အတိုင်း ခါးဝတ်၊ ချွေးခံ၊ အင်္ကျီ၊ ကိုက်ရှည်၊ ကိုယ်ရုံ၊ ပခုံးတင်ပင်နီအားဖြင့် အမျိုးအစား (၆) မျိုးထား၍ အရောင်အား

ဖြင့် ပန်းရောင်၊ နီညိုရောင်၊ ယောဂီရောင်တို့ကိုသာ ဝတ်ဆင်အသုံးပြုရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ် ပြုပြင်ပေးသင့်ကြသည်။

သီလရှင်ဝတ်ပုံ အစီအစဉ်

သီလရှင်ဝတ်ပုံမှာ တစ်နေရာနှင့်တစ်နေရာ တစ်ထပ်တည်း ကျချင်မှ ကျပေလိမ့်မည်။ ဤ၌ စာရေးသူ နီးစပ်ကျွမ်းဝင်ရာ စမ်းချောင်းဒေါ်ဉာဏစာရီ မြန်အောင် သီလရှင်စာသင်တိုက် နည်းစနစ်အတိုင်း ဖော်ပြပါမည်။ ယင်းနည်းစနစ်မှာ-

(၁) သီလရှင်လောင်းများ ပြင်ဆင်ခြင်း၊
(၂) ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊
(၃) ဆရာကြီးများထံ အပ်နှံခြင်း၊
(၄) သီလရှင်အဝတ်တောင်းခြင်း၊
(၅) ဆံချခြင်း၊
(၆) သီလရှင်အဝတ် ဝတ်ခြင်း၊
(၇) သီလခံယူခြင်း-

ဟူသော အစီအစဉ်ဖြင့် ဆောင် ရွက်ခြင်းပင်ဖြစ်၏။

၁။ သီလရှင်လောင်းများ ပြင်ဆင်ခြင်း

သီလရှင်လောင်းများအား ထိုင်မသိမ်းအကျီ စသည် ဝတ်ဆင်စေကာ (ရှင်လောင်းများပြင်ဆင်ခြင်းမျိုး) ပြင်ဆင်ပေးသည်။ ထိုသို့ ပြင်ဆင်ပြီးနောက် အခမ်းအနား ကျင်းပမည့်နေရာသို့ ပို့ဆောင်ပေးသည်။ အချို့အလှူရှင်များသည် သီလရှင်လောင်းများကို ရှင်လောင်းများ နည်းတူ မြို့တွင်းရွာတွင်းသို့ လှည့်လည်ခြင်း၊ ဘုရားသို့ ပို့ဆောင်ခြင်းများ ပြုလုပ်လေ့ရှိကြသည်။

၂။ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း

အခမ်းအနား ကျင်းပသည့် နေ့ရာ ရောက်သော အခါ သီလရှင်ဆရာကြီးများရှေ့၌ ထိုင်စေကာ ဆရာကြီးများ ဦးဆောင်သော သီလရှင်များ စုပေါင်း၍ ဖေါ်ပြပါအတိုင်း ၃၂- ကောဋ္ဌာသ ကမ္မဋ္ဌာန်း ရွတ်ဆို စီးဖြန်းကြသည်။

(၁) ကေသာ သုညာ အတ္တောန ဝါ အတ္တနိယေန ဝါ ဆံပင်၌ ငါ, သူတစ်ပါး ယောက်ျား မိန်းမ မရှိ။ ဆံပင်သည် ငါ, သူတစ်ပါး ယောက်ျားမိန်းမ မဟုတ်။

(၂) လောမာ သုညာ အတ္တေန ဝါ အတ္တနိယေန ဝါ = မွေးညင်းခ္ဍ ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ မွေးညင်းသည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၃) နခါ သုညာ အတ္တေန ဝါ အတ္တနိယေန ဝါ = ခြေသည်းလက်သည်းခ္ဍ ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ ခြေသည်းလက်သည်းသည် ငါသူတစ်ပါး ယောက်ျား မိန်းမမဟုတ်။

(၄) ဒန္တာ သုညာ အတ္တေန ဝါ အတ္တနိယေန ဝါ = သွားခ္ဍ ငါ, သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ သွားသည် ငါ, သူတစ်ပါး ယောက်ျား မိန်းမမဟုတ်။

(၅) တစော်ာ သုညော အတ္တေန ဝါ အတ္တနိယေန ဝါ = အရေထူ အရေပါးခ္ဍ ငါ, သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ အရေထူ အရေပါးသည် ငါ, သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၆) မံသံ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ = အသားခ္ဍ ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ အသားသည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၇) နှာရှ သုညာ အတ္တေနေ ဝါ အတ္တနိယေန ဝါ = အကြောဌ် ငါသူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ အကြောသည် ငါသူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၈) အဋ္ဌ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ = အရိုးဌ် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ အရိုးသည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၉) အဋ္ဌမိဉ္ဇံ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ = ရိုးတွင်းခြင်ဆီဌ် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ ရိုးတွင်းခြင်ဆီသည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၁၀) ဝက္ကံ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ = အညှိုးဌ် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ အညှိုးသည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၁၁) ဟဒယံ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ = နှလုံးဌ် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ နှလုံးသည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၁၂) ယကနံ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ = အသည်းဌ် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ အသည်းသည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၁၃) ကိလေသာမကံ သည်သည် အတ္တေန ဝါ အတ္တနိယေန ဝါ = အမြေးခ္ခ ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ အမြေးသည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၁၄) ပိဟကံ သည်သည် အတ္တေန ဝါ အတ္တနိယေန ဝါ = အပျဉ် (အဖျဉ်း) ခ္ခ ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ အပျဉ် (အဖျဉ်း) သည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၁၅) ပဗ္ဗါသံ သည်သည် အတ္တေန ဝါ အတ္တနိယေန ဝါ = အဆုပ်ခ္ခ ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ အဆုပ်သည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၁၆) အန္တံ သည်သည် အတ္တေန ဝါ အတ္တနိယေန ဝါ = အူမခ္ခ ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ အူမသည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၁၇) အန္တဂုဏံ သည်သည် အတ္တေန ဝါ အတ္တနိယေန ဝါ = အူသိမ်ခ္ခ ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ အူသိမ်သည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၁၈) ဥဒရိယံ သည်သည် အတ္တေန ဝါ အတ္တနိယေန ဝါ = အစာသစ်ခ္ခ ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ အစာသစ်သည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၁၉) ကရိသံ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ = အစာ ဟောင်း၌ ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ အစာ ဟောင်းသည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၂၀) မတ္ထလုဂ်ံ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ = ဦးနှောက်၌ ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ ဦးနှောက်သည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၂၁) ပိတ္တံ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ = သည်းခြေ၌ ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ သည်းခြေသည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၂၂) သေမှံ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ = သလိပ်၌ ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ သလိပ်သည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၂၃) ပုဗ္ဗော သုညောအတ္တေန ဝါ အတ္တနိယေန ဝါ = ပြည်၌ ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ ပြည်သည် ငါ, သူတစ်ပါး ယောက်ျား မိန်းမဟုတ်။

(၂၄) လောဟိတံ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ = သွေး၌ ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ သွေးသည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၂၅) သေဒေါ သုညော အတ္တောနု ဝါ အတ္တနိယေနု ဝါ = ချွေးခ်ဉ် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ ချွေးသည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၂၆) မေဒေါ သုညော အတ္တောနု ဝါ အတ္တနိယေနု ဝါ = အဆီခဲ့ခ်ဉ် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ အဆီခဲ့သည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၂၇) အဿု သုညော အတ္တောနု ဝါ အတ္တနိယေနု ဝါ = မျက်ရည်ခ်ဉ် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ မျက်ရည်သည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၂၈) ဝသာ သုညာ အတ္တောနု ဝါ အတ္တနိယေနု ဝါ = ဆီကြည်ခ်ဉ် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ ဆီကြည်သည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၂၉) ခေဠော သုညော အတ္တောနု ဝါ အတ္တနိယေနု ဝါ = တံတွေးခ်ဉ် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ တံတွေးသည် ငါ,သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၃၀) သိင်္ဃာဏိကာ သုညာ အတ္တောနု ဝါ အတ္တနိယေနု ဝါ = နှုပ်ခ်ဉ် ငါ,သူတစ်ပါး ယောက်ျား **မိန်းမ** မရှိ၊ နှုပ်သည် ငါ,သူတစ်ပါး ယောက်ျား **မိန်းမ** မဟုတ်။

(၃၁) လသိကာ သုညာ အတ္တေန ဝါ အတ္တနိယေန ဝါ - အစေးဌ် ငါ, သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ အစေးသည် ငါ, သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

(၃၂) မုတ္တံ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ = ကျင်ယ်ဌ် ငါ, သူတစ်ပါး ယောက်ျား မိန်းမ မရှိ၊ ကျင်ယ်သည် ငါ, သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်။

ကေသာဒိမတ္ထလုဂ်နှာ- ကေသာအစ မတ္ထလုဂ်ံ အဆုံး ရှိကုန်သော၊ ဝီသတိကောဋ္ဌာသာ- နှစ်ဆယ်သော အဖို့အစုတို့သည်၊ ဥက္ကဋ္ဌဝသေန- ပထဝီဓာတ် မျှားသည်၏ အစွမ်းအားဖြင့်၊ ပထဝီဓာတုနာမ- ပထဝီဓာတ်မည်၏။

ပိတ္တာဒိမုတ္တနှာ- ပိတ္တံအစ မုတ္တံအဆုံးရှိကုန်သော၊ ဒ္ဝါဒသကောဋ္ဌာသာ- တစ်ဆယ့်နှစ်ပါးသော အဖို့အစုတို့သည်။ ဥက္ကဋ္ဌဝသေန- အာပေါဓာတ် မျှားသည်၏ အစွမ်းအားဖြင့်၊ အာပေါဓာတုနာမ- အာပေါဓာတ်မည်၏။

[- အဖျားအနာကို ဖြစ်စေတတ်သော သန္တာပနတေဇော၊
- အနာကို ပေါက်စေတတ်သော ဒဟနတေဇော၊
- အိုမင်းယိုယွင်းစေတတ်သော ဇိဏဏတေဇော၊
- အစာကို ကြေညက်စေတတ်သော ပါစကတေဇော၊

- အထက်သို့ ဆန်တက်သော ဥဒ္ဓဂ်မဝါတာ၊
- အောက်သို့ စုံဆင်းသော အဓောဂမဝါတာ၊
- အူ၏အပ ဝမ်း၏အတွင်း၌ တည်သော ကုစ္ဆိသယ ဝါတာ၊
- အူ၏ အတွင်း၌တည်သော ကောဋ္ဌာသယဝါတာ၊
- အင်္ဂါကြီးငယ်သို့ လျှောက်သော အင်္ဂမင်္ဂါနုသာရိ-နော ဝါတာ
- ထွက်သက်ဝင်သက်လေဟု ဆိုအပ်သော အဿာသ ပဿာသဝါတာ]

ဣတိ - ဤသို့၊ ဒွေစတ္တာလီသဓာတုယောဝ- လေးဆယ့်နှစ်ပါးသော ဓါတ်တို့သည်သာလျှင်၊ သန္ဓိ-ပရမတ္ထ အားဖြင့် ထင်ရှားရှိကုန်၏။

၃။ ဆရာကြီးများထံအပ်နှံခြင်း

ထို့နောက် မိဘများက သီလရှင်လောင်းများအား ဆရာကြီးများထံ အပ်နှံကြသည်။ ထိုသို့ အပ်နှံရာ၌ ဖေါ်ပြပါအတိုင်း ဆရာကြီးတစ်ပါးက တိုင်ပေးသည်ကို လိုက်ဆိုကြရသည်။

တပည့်တော်တို့၏ အလွန်တရာ ချစ်လှစွာသော သမီးရတနာများသည် ဘဝများစွာ သံသရာက မိမိတို့ကိုယ်တိုင် မိုက်၍သော်လည်းကောင်း၊ မကောင်းသော မိတ်ဆွေများနှင့် ပေါင်းသင်းဆက်ဆံမိ၍သော်လည်းကောင်း၊ ကာယကံအကုသိုလ်၊ ဝစီကံအကုသိုလ်၊ မနောကံအကုသိုလ်တို့ မြောက်မြားစွာရှိခဲ့မည် ဧကန်ဖြစ်ပါသောကြောင့် ထိုအကုသိုလ်တို့ ကင်းပျောက်စေရန် လောကဌ သစ်ပင်၏ အရိပ်သည် အလွန်အေးမြ၏။ သစ်ပင်အရိပ်ထက် **မိဘနှစ်ပါးတို့**၏ အရိပ်သည် အလွန်အေးမြ၏။ **မိဘနှစ်ပါးအရိပ်ထက်** ဆွေမျိုးတို့၏ အရိပ်သည် အလွန်အေးမြ၏။ အရိပ်လေးပါးတို့ထက် မြတ်စွာဘုရား၏ သာသနာတော်တည်းဟူသော အရိပ်ကောင်း အရိပ်မြတ်သည်သာလျှင် အလွန်အလွန်အေးမြသည်ဖြစ်ပါသောကြောင့် ရခဲလှစွာသော လူ့အဖြစ်ကို ရသည့်အခိုက် ထိုအရိပ်ကောင်း အရိပ်မြတ်၌ ခိုလှုံလျက် သီလအကျင့်၊ သမာဓိအကျင့်၊ ဝိပဿနာပညာ အကျင့်တို့ဖြင့် တပည့်တော်တို့၏ သမီးရတနာများကို ဆုံးမပါ၊ သွန်သင်ပါ၊ ပြသပါဟု ဆရာကြီးတို့အထံ၌ အပ်နှင်းပါ၏ ဘုရား။

၄။ သီလရှင်အဝတ်တောင်းခြင်း

ထိုသို့ အပ်နှံပြီးနောက် သီလရှင်အဝတ်ဝတ်ရန် သီလရှင်လောင်းများက ရှင်လောင်းများ သက်နှံးတောင်းခြင်းကဲ့သို့ ဆရာကြီးထံ အဝတ်တောင်းကြရသည်။ ဆရာကြီး တစ်ပါးက ဖေါ်ပြပါအတိုင်း တိုင်ပေးသည်ကို လိုက်ဆိုကြရသည်။

တပည့်တော်တို့သည် ဘဝများစွာ သံသရာက မိမိတို့ကိုယ်တိုင် မှိုက်၍ သော်လည်းကောင်း၊ မကောင်းသော မိတ်ဆွေများနှင့် ပေါင်းသင်းဆက်ဆံ မိ၍သော်လည်းကောင်း ကာယကံအကုသိုလ်၊ ဝစီကံအကုသိုလ်၊ မနောကံအကုသိုလ်တို့ မြောက်များစွာ ရှိခဲ့မည် ဧကန်ဖြစ်ပါသောကြောင့် ထိုအကုသိုလ်တို့ ကင်းပျောက်စေရန် ဆရာကြီးလက်၌ ရှိသော ဖန်ရည်ဆိုးသော အဝတ်တို့ကို အလှအပ အယဉ်အကျေး မဟုတ်စေဘဲ မှက်မကိုက်၊ ခြင် ယင်မကိုက်၊ နေပူ၊ လေပူမတိုက်စေရန် အကာအကွယ်အလို့ငှါ မစွန်းမထေးရအောင် ဝတ်ရုံ၍ ဆရာကြီးတို့ ဆုံးမသည့်အတိုင်း တစ်သွေမတိမ်း လိုက်နာကျင့်သုံး အားထုတ်ဆောင်ရွက်ပါမည်။ ဆရာကြီးလက်၌ရှိသော ဖန်ရည်ဆိုးသော အဝတ်တို့ကို တပည့်တော်အား (တို့အား) ပေးသနားပါဘုရား။

၅။ ဆံချခြင်း

ထို့နောက် အမျိုးသမီးများ အမြတ်တနိုး တန်ဖိုးထားသော ဆံပင်များကို ရိတ်ဖြတ်သောအားဖြင့် ဆံချသည်။ ဆံချနေစဉ် ရှင်လောင်းများအား တစပဉ္စက ကမ္မဋ္ဌာန်းကို ပြောပြရွတ်ဆိုစေကဲ့သို့ ပြောပြရွတ်ဆိုစေသင့်ကြသည်။ ဆံချပြီးသောအခါလည်း ရှင်လောင်းများနည်းတူ လူနှဲ့ပျောက်ရန် ဦးခေါင်းနှင့်တကွ ကိုယ်ကို သန့်စင်ပေးကြရသည်။

၆။ သီလရှင်အဝတ်ဝတ်ခြင်း

ထို့နောက် သီလရှင်တို့ဆိုင်ရာ သတ်မှတ်ထားသော ရှေ့ဌပြခဲ့သည့် သီလ ရှင်အဝတ်များကို ဝတ်ကြရသည်။ ယင်းသို့ ဝတ်ရာ၌ ရှင်လောင်းများအား သက်နှံးဝတ်သော အခါ ဆင်ခြင်စေသကဲ့သို့ ဆင်ခြင်စေသင့်ကြသည်။

၇။ သီလခံယူခြင်း

သီလရှင်အဝတ်ဝတ်ပြီးသောအခါ ဆရာတော်တစ်ပါးပါးထံ ကိုးပါးသီလခံယူရန် ဩကာသကန်တောချိုးကို ဆိုကြရသည်။

ဆရာတော် ။ ။ ထုံးစံအတိုင်း ဆုပေး။
သီလရှင်လောင်း။ ။ မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော
မေစနတ္ထာယ သီလဝတီဘာဝံ ရုစိ-
ဘွာ မာနေတွာ ဂရုံကတွာ ယာစာမ။
ဒုတိယမ္ပိ မယံ ဘန္တေ--- ယာစာမ။
တတိယမ္ပိ မယံ ဘန္တေ--- ယာစာမ။
ဘန္တေ-သီလသမာ ပညာဂုဏ်မောက် လုံ့လောက်
လျှံစွာ သံယာမြတ်ဘုရား၊ မယံ - သံသရာဝဋ္ဋဆေးလွတ်ရန်
အရေးကို ကြံတွေးမြင်ရှောင်း တပည့် သီလရှင်လောင်းတို့
သည်၊ သံသာရဝဋ္ဋဒုက္ခတော- ခန်အာဓတ်သစ် မပြတ်ဖြစ်
၍ ပတ်ရစ်ပြန်ချာ သံသရာသမုဒ် ဝဋ္ဋဒုက္ခမှ၊ မောစနတ္ထာယ-
တံခါးလေးချက် အရိယာမဂ်ဖြင့် ဖွင့်ထွက်ရှောင်တိမ်း
လွတ်ငြိမ်းရပါစေခြင်း အကျိုးငှါ၊ သီလဝတီဘာဝံ- ဝတ်
ကြောင် အသုံးလွတ်အောင်ရုန်း၍ ရှောင်ပုန်းမြှင်ခွင် ခိုဝင်
ကြည်သစ် သီလရှင်အဖြစ်ကို။ ရုစိတွာ- စိတ် အားထက်
သန် ဆန္ဒတက်ကြွ နှစ်သက်ကြပါကုန်သည်ဖြစ်၍၊ မာနေ
တွာ- ခုံမင်ခင်မက် မြင်လျက်ကိုယ်ကျိုး မြတ်နိုးလှပါကုန်
သည်ဖြစ်၍၊ ဂရုံကတွာ- ဂေါတမီဝန်ခံ ဂရုဓမ်သို့ ဆုပန်

ရှေးရှု အလေးပြုကြကုန်သည် ဖြစ်၍၊ ယာစာမ- သွယ်ပြောင်းနှစ်ဘက် ဆယ်ချောင်းလက်ကို ထိပ်ထက် ယှက်မိုး ဦးနှိမ်လျှိုး၍ ရှိခိုးသံသာ လျှောက်တောင်းပန်ပါကုန်၏ အရှင် ဘုရား။

ဒုတိယမို- နှစ်ကြိမ်မြောက် နောက်တစ်ဖန်လည်း၊ တတိယမို - သုံးကြိမ်မြောက် နောက်တစ်ဖန်လည်း၊ ယာစာမ- သွယ်ပြောင်း နှစ်ဘက် ဆယ်ချောင်းလက်ကို ထိပ်ထက် ယှက်မိုး ဦးနှိမ်လျှိုး၍ ရှိခိုးသံသာ လျှောက်တောင်းပန်ပါကုန်၏ အရှင်ဘုရား။

ဆရာတော် ။ ။အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဝမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

သီလရှင်လောင်း။ ။လိုက်၍ဆို။ (ဒုတိယမို၊ တတိယမို နည်းတူ ဆရာတော်ဆိုသလို လိုက်၍ဆို)

ဆရာတော် ။ ။ ယမဟံ ဝဒါမိ၊ တံ ဝဒေဟိ (သီလရှင် မျှားလျှင် တံ ဝဒေထ)။

သီလရှင်လောင်း။ ။ အာမ ဘန္တေ။

ဆရာတော် ။ ။ နမော တဿ ဘဂဝတော အရဟ-တော သမ္မာသမ္ဗုဒ္ဓဿ။

သီလရှင်လောင်း။ ။ လိုက်၍ (၃) ခေါက်ဆို။

ဆရာတော် ။ ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သင်္ဃ သရဏံ ဂစ္ဆာမိ။

သီလရှင်လောင်း။ ။ လိုက်၍ဆို။ (ဒုတိယမြို့, တတိယမြို့ နည်းတူ ဆရာတော်ဆိုသလို လိုက်၍ဆို)

ဆရာတော် ။ ။ သရဏဂမနံ ပရိပုဏ္ဏံ။

သီလရှင်လောင်း။ ။ အာမ ဘန္တေ။

[ဤမှနောက်၌ ကိုးပါးသီလကို ဆရာတော်ဆိုသလို လိုက်၍ဆို။ ကိုးပါး သီလကို အစဉ်အတိုင်း ထုတ်ပြအပ်အံ့]

ကိုးပါးသီလ

(၁) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၃) အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၄) မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၆) ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၇) နစ္စ ဂီတဝါဒိတ ဝိသူကဒဿနမာလာဂန္ဓဝိလေပန-ဓာရဏ မဏ္ဍနဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၈) ဥစ္စာသယနမဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၉) မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတ္တာ ဝိဟရဏံ သမာဒိယာမိ။
[ရတနာ့ဂုဏ်ရည်၌ကား 'ယထာဗလံ မေတ္တာသဟဂ-တေန စေတသာ သဗ္ဗာဝန္တံ လောကံ ဖရိတ္တာ ဝိဟရာမိ' ဟု ပြ၏။ ပါဠိတော်နှင့် ညီနိုင်သမျှ ညီအောင် ထိုသို့ ပြကြောင်း ဆိုထား၏]

ဆရာတော် ။ ။ တိသရဏေန သဟ နဝင်္ဂသမန္နာ-ဂတံ ဥဒ္ဒါသထသီလံ သာဓုကံ ကတ္တာ ဓမ္မံ အပ္ပမာဒေန သမ္မာဒေထ။

သီလရှင်လောင်း။ ။ အာမ ဘန္တေ။

သီလရှင်ကျင့်ဝတ်

ဤသို့သော အစီအစဉ်ဖြင့် သီလရှင်အဖြစ်သို့ ရောက်ရှိလေ၏။ သီလရှင်အဖြစ်သို့ ရောက်ရှိလာသူသည် ကိုးပါးသီလကို ခံယူဆောက်တည်ခဲ့သည်နှင့်အညီ ယင်းကိုးပါးသီလမှာ မဖြစ်မနေစောင့်ထိန်းရမည့် သီလရှင်ကျင့်ဝတ်ပင်ဖြစ်သည်။ ထိုမှ ဟစ်ပါး 'မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ သီလဝတီဘာဝံ ရုစိတွာ မာနေတွာ ဂရုံကတွာ ယာစာမ' ဟု တောင်းပန်လျှောက်ထားကာ သီလရှင်အဖြစ် ခံယူခဲ့ခြင်းဖြစ်ရကား သံသရာဝဋ္ဋဒုက္ခမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ကျင့်ဝတ်ဟောင်းများကိုလည်း သာမန်လူတို့ထက် ထူးချွန်လွန်ကဲစွာ ကျင့်ဖို့လိုအပ်လျက်ရှိ၏။ လူစိတ်မပျောက်ဘဲ လူတို့၏ အမှုအကျင့်အတိုင်း မကျင့်ကြံမိစေရန်၊ တကယ် သီလရှင်ပီသရန် ရည်သန်၍ သွန်သင်ညွှန်ပြ ဆုံးမတော်မူခဲ့သည့် စစ်ကိုင်းမဟာဂဠုန္ဓာရုံဆရာတော်ဘုရားကြီး၏ သီလရှင် သရုပ်ခွဲတမ်းမှာလည်း သီလရှင်တိုင်း အထူးမှတ်သားစရာ အချက်ဖြစ်၏။

သီလရှင်သရုပ်

သီလရှင်သရုပ်မှာ သီလရှင်၊ ဆရာ၊ ခင်သီဟူ၍ (၃) မျိုးရှိ၏။ ထိုတွင်-

(၁) သံဝေဂညာဏ်ဖြင့် ဘုံသုံးတန်ကို ငြီးငွေ့လျက် သံသရာဘေးကို ရှု၍ သီလ၊ သမထ၊ ဝိပဿနာတရားတို့ကို အားထုတ်၍ နေသော သူတို့ကို 'သီလရှင်' ဟူ၍မှတ်။

(၂) ကရုဏာတရား ရှေ့ဦးထားလျက် တရားသဖြင့် ပစ္စည်းရှာမှီး၍ ပရိယတ် ပဋိပတ် (၂) ပါးကို အားထုတ်၍ နေသော သူတို့ကို 'ဆရာ'ဟူ၍မှတ်။

(၃) လောဘတရားကို ရှေ့ဦးထားလျက် ပစ္စည်းကို မတရားသဖြင့် ရှာမှီး၍ ပရိယတ် ပဋိပတ် (၂) ပါးကို အားမထုတ်ဘဲ ပစ္စည်းခင်သောသူတို့ကို 'ခင်သီ'ဟူ၍ မှတ်။

တစ်နည်း -မယ်သီလ၊ မယ်သီလေ၊ မယ်သီလံ၊ မယ်သီလောဟူ၍ (၄) မျိုးရှိ၏။ ထိုတွင်-

(၁) ပရိယတ် ပဋ္ဌိပတ် (၂) ပါးကို အားထုတ်နေသော သူတို့ကို 'မယ်သီလ'ဟူ၍မှတ်။

(၂) တစ်မြို့နှင့် တစ်မြို့၊ တစ်ချောင်နှင့် တစ်ချောင်၊ တစ်ဇရပ်နှင့်တစ်ဇရပ်သို့ ပြောင်းသွား လှည့်လည်နေသော သူတို့ကို 'မယ်သီလေ' ဟူ၍မှတ်။

(၃) ဒေါသကြီးမား၍ သူတစ်ပါးနှင့် မတည့်သော သူတို့ကို 'မယ်သီလံ' ဟူ၍မှတ်။

(၄) လောဘတရားကို ရှေ့ဦးထားလျက် အလိုကြီးသော သူ၊ သူတစ်ပါးကို လိမ်တတ် ကောက်တတ်သောသူ၊ ဆေးလိပ်သောက်သောသူ၊ နေလွဲကွမ်းစားသော သူတို့ကို 'မယ်သီလော'ဟူ၍ မှတ်။

ဤခွဲတမ်းအရ မိမိတို့၏ တပည့်များ ခင်သီ၊ မယ်သီလေ၊ မယ်သီလံ၊ မယ်သီလောမျိုးတွင် မပါဝင်ရေး။ သီလရှင်၊ ဆရာ၊ မယ်သီလမျိုးတွင် ပါဝင်ရေးခ္ခ အဓိက တာဝန်ရှိသူများမှာ အကြီးအကဲ ဆရာကြီးများသာ ဖြစ်ကြ၏။

ထို့ကြောင့်လည်း ထိုထို သီလရှင်ကျောင်းတိုက်ကြီးများ၌ သီလရှင်များ ကျင့်ကြံ လိုက်နာဖွယ် စားသောက်နေထိုင်ရေး၊ ပေါင်းသင်း ဆက်ဆံရေး၊ ပညာရေး၊ တရား

ဘာဝနာ ပွားများရေး စသည့် ကိုယ်ပိုင် စည်းကမ်းချက်များ ချမှတ် ထားလေ့ရှိကြသည်။ ဤ၌ စစ်ကိုင်း မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီး သွန်သင်ညွှန်ပြ ဆုံးမတော်မူခဲ့သည့် သီလရှင် ကျင့်ဝတ်များမှ ကျင့်ဝတ်အချို့ကို ကောက်နုတ် ဖော်ပြပါအံ့။

သီလရှင်ကျင့်ဝတ်များ

၁။ ရှေ့နောက်စဉ်းစား သတိထား ဉာဏ်အား အမှန်ကြည့်။

၂။ ကြည့်လို့မြင်သော် တော် မတော် အဖေါ်ညှိနှိုင်းဘိ။

၃။ အဖေါ်နှင့်ပြော ဉာဏ်နှီးနှော သဘောကျလေ့ရှိ။

၄။ ထို့ကြောင့်ကဝိ ပညာရှိ မျက်စိဆုံးအောင်ကြည့်။

၅။ ဘယ်သင်း ဘယ်ဟာ အရာရာ ငါ့သာ တတ်ချင်ဘိ။

၆။ ပညာသတိ ဉာဏ်မရှိ မှားမှန်းမသိ မှားတတ်၏။

၇။ ကဝိတစ်ဆူ လုပ်ချင်သူ နှိုင်းယှဉ် အများညို။

၈။ အများလောက သဘောကျ မုခ်ချ မှားမရှိ။

၉။ သို့မှလွန်နိုင် မယိမ်းယိုင် ကျောက်တိုင်ပမာရှိ။

၁၀။ စကားပြောကျယ်၊ အရယ်ကျယ်၊ အခေါ်ကျယ်၊ အသမ်းကျယ်၊ အလှမ်းကျယ် ကျယ်ငါးပါးကိုရှောင်။

၁၁။ စကားများ၊ အသွားများ၊ အအိပ်များ၊ အစားများ၊ အလည်အပတ်များ၊ နဝကမ္မများ၊ ပစ္စည်းစုများ၊ လူငယ်တို့နှင့် အရောအနှောများ များရှစ်ပါးကို ပယ်ရမည်။

၁၂။ အစားကြမ်း၊ အအိပ်ကြမ်း၊ အသွားကြမ်း၊ အလာကြမ်း၊ အထိုင်ကြမ်း၊ အနေကြမ်း၊ စိတ်ကြမ်း၊ ကိုယ်ကြမ်း၊ အဆုံးအမကြမ်း၊ ကြမ်းကိုးကြမ်းကို ပယ်ရမည်။

၁၃။ တပည့်ကျင့်ခန်း ထုံးနည်းလမ်း တစ်ခန်းပြဦးအံ့။

၁၄။ ဆရာ့အပြစ် ဆိုးအညစ် စင်စစ်မပြောရ။

၁၅။ ဆရာဆုံးမ သြဝါဒ မုချနားထောင်ရ။

၁၆။ ဆရာကိုမူ နှုတ်ခမ်းစူ ပြန်မှုမပြောရ။

၁၇။ ပြန်မပြောငြား ထိုသူအား နှစ်ပါးကိုယ်စိတ် ချမ်းသာရ။

၁၈။ ကမ္မဋ္ဌာန်းထုတ်သူ သီလဖြူ နိဗ္ဗာန်လျင်မြန်ရ။

၁၉။ ပရိယတ်ပဋိပတ် ကျင့်မြတ်နှစ်ဖြာ ပြည့်စုံပါ တိုက်တာဂုဏ်ကြီးရ။

၂၀။ တိုက်ဂုဏ်ရှိငြား လွန်ကြီးပွား ဘုရားသာသနာ ခိုးမြောက်ရာ။

၂၁။ သာသနာမူ ခိုးမြောက်သူ နိဗ္ဗာန်လျင်မြန်ရ။

၂၂။ မြို့တွင်းရွာတွင်း တစ်ယောက်ချင်း အလျှဉ်းမသွားရ။
၂၃။ ပြေးလားလွှားလား တဟားဟား လားလားမပြုရ။
၂၄။ ညဉ့်ရောက်နံနက် ရက်မပျက် ဝတ်တက်အမှန်ပ။
၂၅။ ဘုန်းကြီးကျောင်းကို သွားမည်ဆို တစ်ကိုယ်တည်း
မသွားရ။
၂၆။ ပါးချဆိုပြား ခိုက်ရန်ပွား ထွက်သွားဣေါတိုက်မှ။
၂၇။ စားဖွယ်သီးမျိုး တစ်ကြိမ်ခိုး ထမ်းပိုးဒဏ်သုံးဆယ်။
၂၈။ နှစ်ကြိမ်ခြောက်ဆယ် သုံးကြိမ်ဝယ် တိုက်ဝယ်မနေရ။
၂၉။ ဂုဏ်တော်ကိုပွား ဘုရားသွား မျှားမျှားကုသိုလ်ရ။
၃၀။ ပွဲမရှိပြား ဘုရားသွား မျှားမျှားကုသိုလ်ရ။
၃၁။ ပွဲလမ်းသဘင် ကြည့်ရှုလျှင် တိုက်နှင်ခံကြရ။

ခိုင်ခဲ့သော ဗုဒ္ဓဘာသာဝင်များ

ထိုထိုကျောင်းတိုက်များ၌ မိမိတို့ ကျောင်းတိုက်သို့ ရောက်လာသော သီလရှင်ကလေးများအား သက်ဆိုင်ရာ ကျောင်းတိုက် အကြီးအကဲများက အစီအစဉ်တကျ ဗုဒ္ဓ ဘာသာယဉ်ကျေးမှုစာပေများ၊ မင်္ဂလသုတ်၊ မေတ္တာသုတ် စသော ဗုဒ္ဓဘာသာအခြေခံစာပေများ၊ အခြေခံအဘိဓမ္မာ

စာပေများ ပို့ချပေးကြသည်။ တရားဘာဝနာ ပွားများ နည်းများ ပေးကာ ရှုမှတ်ပွားများစေကြသည်။

ဤသို့ဖြင့် သီလရှင်ဘဝ၌ အပြီးအပိုင် မနေသည့် တိုင်အောင် (၇) ရက်၊ (၁၅) ရက်၊ တစ်လတန်သည် နေသည့် အလျောက် ဘာသာ သာသနာ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဘာသာရေးဗဟုသုတများ၊ ဘာသာရေးခံယူချက် သဘောတရားများ ရရှိကြသဖြင့် အကျိုးကြီးမားလှပေ၏။ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ မြဲမြံခိုင်ခံ့သော ဗုဒ္ဓသာသာဝင် အမျိုးသမီးကောင်းများ ဖြစ်နိုင်ကြ၏။ ဤသို့သော အကျိုးကို မျှော်ကိုး၍လည်း မိဘများက မိမိတို့၏ ရင်နှစ်သည်းချာ သမီးရတနာများကို သာသနာနွယ်ဝင် သီလရှင်အဖြစ် ခံယူစေကြခြင်း ဖြစ်ပေလိမ့်မည်။

ကွက်လပ်ဖြည့်သူများ

အချို့မှာ မိမိတို့ ဗုဒ္ဓဘာသာတရားတော်၏ အနှစ်သာရကို သိရှိကြ၊ တရားအရသာကို ကိုယ်တွေ့ခံစားကြသဖြင့် အစက အမြဲဝတ်မည်ဟူသော ရည်ရွယ်ချက်ပင် မရှိခဲ့သော်လည်း သီလရှင်ဘဝ၌ မြဲသွားကြပေ၏။ ဤအထဲ၌

ဆယ်တန်းအောင်ပြီးသူများ သာမက ဘွဲ့ရများပင် ပါဝင်ကြ၏။ ဤသို့ဖြင့် သီလရှင်များမှာ အရည်အချင်းရော အရေအတွက်ပါ အင်အား တောင့်တင်းလာရပေ၏။ ဗုဒ္ဓသာသနာ တော်၌ ဘိက္ခုနီ (ရဟန်းမ) ကွက်လပ်ကို ဖြည့်သူများဟု အသိအမှတ်ပြုအပ်ပေသည်။

သာသနာနွယ်ဝင် သီလရှင်များသည် ပရိယတ် အရည်အချင်းအားဖြင့်လည်း အဆင့်မနိမ့်ကြပေ။ သူတို့ဖြေ ဆိုခွင့်ရှိသော စာမေးပွဲများ၌ တန်စေ့လမ်းစေ့ အောင်ပွဲ ဆင်နှိုင်ခဲ့ကြသည်။ မှန်၏။ သီလရှင်လောက၌ ဓမ္မာစရိယ ဘွဲ့ရများ၊ သုဝဏ္ဏဘူမိ ပိဋကတ္တယပါရဂူဘွဲ့ရများ၊ သုသမာ စာရ ပိဋကတ္တယကောဝိဒဘွဲ့ရများ၊ မျက်မှောက်ခေတ် ဂန္ဓဝါစကပဏ္ဍိတဘွဲ့ရများ ရှိနေခြင်းက သက်သေထူလျက် ရှိချေ၏။

ထို့ကြောင့် ဘာသာရေးခေါင်းဆောင်များအနေဖြင့် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ သီလရှင်များ၏ စွမ်းအားကိုလည်း ရယူဖို့ မမေ့အပ်ကြောင်း သတိမူကြကုန်ရာသည်။

အခန်း (၄)

သာသနာ့တာဝန် ထမ်းဆောင်ခြင်း

ဘဝကို ရလာသူတိုင်း ဘဝပေးတာဝန်ဟူ၍ မလွဲမသွေ ရှိလာသည်။ ရရှိထားသော ဘဝပေါ်မူတည်၍ အနိမ့်ဆုံး မိသားစု တာဝန်မှသည် အဖွဲ့အစည်းတာဝန်၊ ရပ်ရွာတာဝန်၊ နိုင်ငံ့တာဝန်၊ အမျိုးသားရေးတာဝန်၊ အမျိုး ဘာသာ သာသနာ့တာဝန်ဟူ၍ အသီးအသီး တာဝန်ကိုယ်စီ ရှိကြသည်။ ဘဝအဆင့်လိုက်၍ တာဝန်များလည်း အဆင့်ဆင့် မြင့်မားစွာ ကျရောက်လာတတ်ကြသည်။ ယင်းသို့ ကျရောက်လာသော တာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်ခြင်းဖြင့် မိမိရပ်တည်သောဘဝ၌ အဓိပ္ပါယ်ရှိသူ တစ်ယောက်အဖြစ် မိမိဘဝကို ရှင်သန်စေသင့်ကြသည်။

အဓိကပဓာနတာဝန်

သတ္တဝါတိုင်းအတွက် အလိုအပ်ဆုံးသော အရာကား ဒုက္ခကင်းရေးဖြစ်၏။ ဆင်းရဲဒုက္ခ ရောက်ရမည်ကို

မည်သည့် သတ္တဝါမျှ မလိုလားကြပေ။ သို့သော် မလိုချင်မ ရဆိုသကဲ့သို့ မလိုလားအပ်သော ဆင်းရဲဒုက္ခနှင့်မှ ရင်ဆိုင် တိုးတိုးနေကြသည်။ ဒုက္ခကင်းရေး အစစ်ကို နည်းလမ်းညွှန် ပြတော်မူသော ဗုဒ္ဓမြတ်စွာက 'မြတ်သောအကျင့် (ဗြဟ္မ စရိယ) ကို ကျင့်ကြံအားထုတ်လျှင် ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်း နိုင်၏' ဟု ဟောကြားတော်မူခဲ့သည်။ (ဝိ- ၃။ ၁၈။)

ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းရန် ဗြဟ္မစရိယကို ကျင့်ကြံ ဖို့ အရေးမှာလည်း အိမ်ရာတည်ထောင် လူဘောင်နေသူများ အနေဖြင့် မလွယ်ကူလှပေ။ မှန်၏။ အိမ်ရာတည်ထောင် လူ့ဘောင်၌ နေရခြင်းသည် အသီးကြောင့် ဆွတ်ချူခြင်း၊ ပစ်ခတ်ခြင်း စသည် ခံရသော သရက်ပင်သည် ဘေးရန်များ သကဲ့သို့ သားရေး၊ သမီးရေး၊ စီးပွားရေး စသည့် ကြောင့်ကြ ဖွယ်တို့ဖြင့် ရှုပ်ထွေးကျဉ်းမြောင်းလှစွာ အေးငြိမ်း ရာကို မရ ဘေးရန်များလှချေ၏။

ရှင်ရဟန်းတို့၏ ဘဝကား အသီးမသီးသော သရက် ပင်သည် ဘေးရန်ကင်းသကဲ့သို့ ဘေးရန်ကင်းပ အေးငြိမ်းလှ ပေ၏။ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း စသော အကြောင်း များကြောင့် ယင်းဘဝဖြင့် ပြုလုပ်ရသော လုပ်ငန်းသည်

လည်း လျင်မြန်စွာ ပြီးမြောက်နိုင်သည်။ ထို့ကြောင့် အိမ်ရာတည်ထောင် လူဘောင်မှ ခွါရှောင်၍ ရှင် ရဟန်းဘဝအဖြစ် ခံယူကာ သာသနာ့ဘောင် တက်လှမ်းကြ ခြင်းဖြစ်သည်။

(ဒီ- ၁။ ၅၉။ ၈၁-၄-၆။ ၅၅။ မိလိန္ဒ-၂၃၈။)

သို့ဆိုလျှင် သာသနာ့ဘောင် တက်လှမ်းခြင်းသည် ဒုက္ခခပ်သိမ်းမှ အေးငြိမ်းရန် ပြဟ္မစရိယကို ကျင့်ကြံနိုင်ဖို့ အတွက် ဖြစ်ရကား သာသနာ့ဝန်ထမ်းများ၏ အဓိကပဓာန တာဝန်မှာ ပြဟ္မစရိယကို ကျင့်ကြံရေး၊ (၀၊) ဒုက္ခကင်းရေးပင် ဖြစ်တော့၏။ သို့ပင်ဖြစ်သော်လည်း ကိုယ်ရေးကိုယ်တာ တာဝန်ကျေပွန်ရုံမျှဖြင့်၊ (၀၊)ကိုယ်လွတ်ရုံခြင်းဖြင့် သာသနာတော်အရှည်တည်တံ့ပြန့်ပွားမည် မဟုတ်သဖြင့် သာသနာတော် အရှည်တည်တံ့ပြန့်ပွားရန် ကိုယ်ကျိုး သူ့ကျိုး နှစ်မျိုး ပြီးပြည့်စုံနိုင်သော သာသနာ့တာဝန်ကိုလည်း ထမ်းဆောင်ဖို့ လိုပေသေး၏။

သာသနာ့တာဝန် (၂) မျိုး

သာသနာ့တာဝန်ဟူသည် အချုပ်အားဖြင့် ပရိယတ်နှင့် ပဋိပတ် နှစ်မျိုးသာ ဖြစ်၏။ ဂန္ထဓုရနှင့်ဝိပဿနာဓုရ

ဟူ၍လည်း စာက ပရိယာယ်အားဖြင့် ဆို၏။ မြန်မာလို စာသင် စာချ အလုပ်နှင့် တရားအားထုတ်မှု အလုပ်ဟူ၍ သိအပ်ပေသည်။ (အံ- ၌ ၁။ ၂၈။)

သာသနာ့ဝန်ထမ်းများ-

(၁) ဂန္ထဓုရ = ပိဋကတ်စာပေကျမ်းဂန် သင်အံပို့ချရေးတာဝန်

(၂) ဝိပဿနာဓုရ = ကမ္မဋ္ဌာန်းဘာဝနာ ပွားများ အားထုတ်ရေးတာဝန်ဟူ၍ သာသနာ့တာဝန်နှစ်ရပ်ကို အားသွန်ကြိုးပမ်း ထမ်းရွက်ကြစေရန် ရည်သန်၍ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက-

'ရဟန်းကိစ္စ၊ နှစ်ဓုရ၌၊ လုံ့လအားသည်း၊ ဟိတ်ဟန်နည်း၍၊ ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပျိုကြီး ပွားကြောင်း'

ဟူ၍ မီးမောင်းထိုးပြတော်မူခဲ့သည်။

ထိုတွင် ပိဋကတ်စာပေ ကျမ်းဂန် သင်အံပို့ချနေသော ဂန္ထဓုရပရိယတ်သမားများသည် ရည်ရွယ်ချက် (၃)မျိုးဖြင့် သင်အံပို့ချလေ့ရှိကြသည်။ ပရိယတ္တိ သင်ယူနည်း (၃)မျိုးဟု ဆိုရ၏။

ပရိယတ္တိ (၃) မျိုး

ပရိယတ္တိသင်ယူနည်းသည်-

(၁) အလဂဒ္ဒူပမာ ပရိယတ္တိ = မြွေအဖမ်း မတတ်ခြင်းနှင့်တူသော သင်ယူနည်း၊

(၂) နိဿရဏတ္ထပရိယတ္တိ = သံသရာဝဋ္ဋဒုက္ခမှ ထွက် မြောက်ရန် အကျိုးကို မျှော်ကိုး၍ သင်ယူနည်း၊

(၃) ဘဏ္ဍာဂါရိကပရိယတ္တိ = ဘဏ္ဍာစိုးနှင့်တူသော သင်ယူနည်း-

ဟူ၍ သုံးမျိုးရှိ၏။

အချို့ပုဂ္ဂိုလ်များသည် သူတစ်ပါးကို နှိမ်နင်းအနိုင်ယူရန်၊ ဝင့်ကြွားရန်၊ ဘုန်းကြီးရန်စသော လောဘ ဒေါသ အရင်းခံဖြင့် စာပေကျမ်းဂန်သင်ယူကြသည်။ ထိုသင်ယူနည်းမျိုးကို "အလဂဒ္ဒူပမာ ပရိယတ္တိ"ဟုခေါ်သည်။ မြွေဖမ်းသောအခါ အဖမ်းမတတ်လျှင် ထိုမြွေကိုက်၍ သေသော်လည်း သေရာ၏။ မသေသော်မှ သေလုမတ္တ ဒုက္ခရောက်ရာ၏။ ထို့အတူ လောဘ ဒေါသအရင်းခံဖြင့် သင်ယူသူအား ထိုလောဘ ဒေါသကပင် အပါယ်ဒုဂ္ဂတိသို့ ပို့ဆောင်ပေးပေလိမ့်မည်။

အချို့ ပုဂ္ဂိုလ်များကား သီလ သမာဓိ ပညာ သိက္ခာ သုံးပါးဖြည့်ကျင့်ဖို့ရန် ရည်ရွယ်ချက်ဖြင့် သင်ယူကြသည်။ ယင်းသို့ သင်ယူနည်းမျိုးကို "နိဿရဏတ္ထပရိယတ္တိ"ဟုခေါ်သည်။ ယင်းသင်ယူနည်းမျိုးဖြင့် သင်ယူပါက မိမိရည်ရွယ်မှန်းထားအပ်သော အကျိုးကို မလွဲမသွေ ရရှိမည်သာ ဖြစ်၏။

ရဟန္တာပုဂ္ဂိုလ်များသည် မိမိတို့အတွက် ရဟန်းကိစ္စအားလုံး ပြီးပြည့်စုံနေပြီဖြစ်၍ စာပေကျမ်းဂန် သင်အံ့ပို့ချရန် မလိုတော့။ သို့သော်လည်း သူတော်ကောင်းတရားကို စောင့်ရှောက်ရန် (တရားတော်များ မပျောက်မပျက်စေရန်) ရည်ရွယ်ချက်ဖြင့် သင်ယူကြသည်။ ယင်းသို့ သင်ယူနည်းမျိုးကို "ဘဏ္ဍာဂါရိက ပရိယတ္တိ"ဟု ခေါ်သည်။ (ဝိ-ဋ္ဌ ၁။ ၂၀။)

ဆိုခဲ့ပြီး ပရိယတ္တိသင်ယူနည်းမျိုးတွင် ရဟန္တာမဟုတ်သေးသူများအဖို့ နိဿရဏတ္ထ ပရိယတ္တိနည်းမျိုးဖြင့် သင်ယူဖို့လို၏။ ယင်းသို့ သင်ယူမှုလည်း စာသင်ရကျိုးနပ်မည်ဖြစ်၏။ အချို့ပုဂ္ဂိုလ်များမှာ ငယ်ရွယ်စဉ် အလဂဒ္ဒူပမာပရိ-ယတ္တိနည်းမျိုးဖြင့် သင်ယူခဲ့ကြသည်ပင် မှန်သော်လည်း သင်ယူရင်း ပိဋကတ်တော်၏ အနှစ်သာရကို သိရှိကြသဖြင့်

နိဿရဏတ္ထ ပရိယတ္တိနည်းမျိုးသို့ ပြောင်းလဲသွားကြသည် များလည်း ရှိ၏။

ပရိယတ်မှ ပဋိပတ်သို့

သာသနာ့တာဝန်မှာ နှစ်မျိုးဖြစ်၍ ပရိယတ်တာဝန် တစ်မျိုးတည်း ထမ်းဆောင်ရုံမျှဖြင့် သာသနာ့တာဝန် ကျေပွန်ပြီဟူ၍ မဆိုနိုင်။ ဗုဒ္ဓစရိယကို ကျင့်ကြံကာ ဒုက္ခ ခပ်သိမ်းမှ အေးငြိမ်းရန် ရည်ရွယ်ချက်ဖြင့် ရှင်ရဟန်းအဖြစ် ခံယူလာခြင်းလည်း ဖြစ်ရကား ပရိယတ်မျှဖြင့် လမ်းဆုံးနေ လျှင် ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက် တခြားစီသာ ဖြစ် ပေလိမ့်မည်။

ထို့ပြင် သာသနာတော်ကွယ်ကြောင်းအဖြစ်
(၁) တရားမနာခြင်း၊
(၂) စာပေ မသင်ခြင်း၊
(၃) နှုတ်ဆုံ မဆောင် ခြင်း၊
(၄) သိအောင်မလေ့လာခြင်း၊

(၅) တရားတော်လာ အတိုင်း ကျင့်ကြံအားထုတ်မှု မပြုခြင်း -

ဟူ၍ အချက်ငါးချက် လာရှိရကား သာသနာတော် မကွယ်ပရန်-

(၁) တရားနာခြင်း၊

(၂) စာပေသင်ကြားခြင်း၊

(၃) နှုတ်ငုံဆောင်ခြင်း၊

(၄) သိအောင်လေ့လာခြင်း၊

(၅) တရားတော်လာအတိုင်း ကျင့်ကြံအားထုတ်ခြင်း-

ဟူသော လုပ်ငန်းများဖြင့် ဘက်စုံဆောင်ရွက်ဖို့ မလွဲမသွေ လိုအပ် လှပေ၏။ (အံ- ၂။ ၁၅၆။)

သို့ဖြစ်၍ ဒုက္ခကင်းရန် ဟူသော ရည်ရွယ်ချက် အောင်မြင်ရေး၊ သာသနာတော် မကွယ်ပရေးအတွက် ကျင့်ကြံအားထုတ်မှု (ပဋိပတ်) အဆင့်သို့ မဖြစ်မနေ တက်လှမ်းကြရပေမည်။ ထိုမှ ပရိယတ် ပဋိပတ် လိုင်း (၂) လိုင်း အနက် မိမိစွမ်းအားရှိရာ ထက်သန်ရာ လိုင်းတစ်လိုင်းကို ဦးထမ်း ပဲ့ထမ်းအနေဖြင့် ကိုယ်စီကိုယ်စီ တာဝန်ယူ ထမ်းဆောင်သွားကြမည်ဆိုလျှင် သာသနာတော် မကွယ်ပရေး အတွက်ကား ပြီးမြောက်နိုင်စရာရှိ၏။

သာသနာတော် အရှည်တည်တံ့ပြန့်ပွားရေး ဆောင်ရွက်ကြရာ၌ ပရိယတ် သမားရော ပဋိပတ်သမားပါ အရေးပါသူများချည်းဖြစ်သည်ဟူသော ခံယူချက်မျိုး ထားရှိရန်လိုငြား။ မှန်ငြား။ သာသနာတော်အရှည်တည်တံ့ပြန့်ပွားရန် ပရိယတ်သက်သက်ဖြင့် မဖြစ်နိုင်သကဲ့သို့ ပဋိပတ်သက် သက်ဖြင့်လည်း မဖြစ်နိုင်ချေ။ ပရိယတ်နှင့်ပဋိပတ် ကိုင်း ကျွန်းမြို့ ကျွန်းကိုင်းမြို့သို့ အချင်းချင်း အားပြုမှ အဆင်းရော အချင်းပါ ပြည့်စုံမည်ဖြစ်၏။ ပဋိပတ်မပါသော ပရိယတ်သမားသည်- အချင်းသာရှိ၍ အဆင်းမရှိသကဲ့သို့ ပရိယတ် မပါသော ပဋိပတ် သမားသည်လည်း အဆင်းသာရှိ၍ အချင်းမရှိချေ။ ထို့ကြောင့် ပရိယတ်ရော ပဋိပတ်ပါ ဘက်စုံပြည့်ဝသူကို သာသနာတော်၌ အားအထားရဆုံး ပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုသင့်လှပေတော့၏။

ပရိယတ်နှင့် ပဋိပတ်သဘောကို လူတိုင်း ရှင်းလင်းပြတ်သားစွာ နားလည်နိုင်ရန် အသိနှင့် အကျင့်ဟု ခွဲခြားသင့်၏။ ဥပမာ- သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရမည်ဟု သိ့သော အသိသည် ပရိယတ်ဖြစ်၍ သူ့အသက်သတ်ခြင်းမှ တကယ်လက်တွေ့ရှောင်ကြဉ်ခြင်းသည် ပဋိပတ်ဖြစ်၏ဟူလို။

ပရိယတ်သမားကို မနှိမ်သင့်

အချို့ပုဂ္ဂိုလ်များသည် ပေါ်ဌိလမထေရ်ကို ပုံစံပြု၍ ပရိယတ်သမားများကို ပုတ်ခတ်နေကြ၏။ စာသင်စာချနေသူများကို နွားနို့မသောက်ရသော နွားကျောင်းသားပမာ ထားလျက် သနားသယောင် ပြက်ရယ်ပြုတတ်ကြ၏။

ယင်းတို့၏ ပုတ်ခတ်မှု၊ ပြက်ရယ်ပြုမှုကို နားယောင်၍ စာပေမပို့ချကြတော့ဘူးဆိုလျှင် သာသနာတည်နိုင်ပါမည်လော။ ယင်းသို့ဖြင့် သာသနာမတည် ကွယ်သွားလျှင် ပုတ်ခတ်သူ၊ ပြက်ရယ်ပြုသူများမှာ တာဝန်မရှိကြပေဘူးလော။ စာချဘုန်းကြီးဘဝက စာသင်သား စိတ်ဓတ်ကျအောင် ပြောမိသောကြောင့် ဂါထာလေးတစ်ပုဒ်ကိုပင် တစ်ဝါတွင်းလုံးရအောင် မကျက်နိုင်သော ရှင်စူဠပန်၏ ဝဋ္ဋကြွေးကို လည်း ထည့်သွင်းစဉ်းစားသင့်ကြပေသည်။ (အံ-ဌ ၁။ ၁၄၆။)

ဘုန်းကြီးကိုးကွယ်တတ်ရေး

သာသနာ့ဝန်ထမ်းများ သာသနာ့တာဝန်နှစ်ရပ်ကို စွမ်းစွမ်းတမံ ထမ်းရွက်ကြရေးဌ ကိုးကွယ်သူများ၏ အခန်း

ကဏ္ဍာသည်လည်း အလွန်အရေးပါလှ၏။ ကိုးကွယ်မှု မှန်ကန်မှ ဘာသာ သာသနာကို မြှင့်တင်စောင့်ရှောက်ရာရောက်၍ ကိုးကွယ်မှု မမှန်ကန်လျှင် ဘာသာသနာသနာကို နှိပ်ချ ဖျက်ဆီးရာ ရောက်၏။ ဤအချက်ကို ဗုဒ္ဓဘာသာဝင်တိုင်း အလေးအနက်ထားသင့်ကြ၏။

ဘုန်းကြီး ကိုးကွယ်ရာ၌ အဘယ်သို့သော ဘုန်းကြီးကို ကိုးကွယ်လျှင် မမှန်ကန်ဘဲ အဘယ်သို့သော ဘုန်းကြီးကို ကိုးကွယ်လျှင် မှန်ကန်သနည်း။ ဤမေးခွန်းအတွက် 'ဘုန်းကြီးအလုပ် မလုပ်သော ဘုန်းကြီးကို ကိုးကွယ်လျှင် မမှန်ကန်၊ ဘုန်းကြီးအလုပ် လုပ်သော ဘုန်းကြီးကို ကိုးကွယ်လျှင် မှန်ကန်သည်' ဟု လိုရင်းတိုရှင်း ဖြေဆိုရပေမည်။

အကျယ်တဝင့် ဖြေဆိုနိုင်ရန် ဘုန်းကြီးအလုပ်ဟုတ်မဟုတ်ဆိုသော အချက်ကို ခွဲခြားသိဖို့ လိုအပ်၏။ ဘုန်းကြီးအလုပ်မှာ ရှေ့၌ပြခဲ့သည့်အတိုင်း ပရိယတ်နှင့် ပဋိပတ်နှစ်မျိုးသာ ဖြစ်၏။ တိုက်ရိုက်အားဖြင့် ဤအလုပ်နှစ်မျိုးနှင့် ဤအလုပ်နှစ်မျိုးတွင် နှီးနွယ်ဆက်စပ်ပါဝင်သော အလုပ်များသည်လည်း ဤအလုပ်နှစ်မျိုး၌ အကျုံးဝင်ကြ၏ ဟု

ယူစေလိုသည်။ ဤအလုပ်နှစ်မျိုးမှလွဲ၍ ကျန်အလုပ်မှန်သမျှ ဘုန်းကြီးအလုပ် မဟုတ်ဟူ၍ ပြတ်ပြတ်သားသား ခွဲခြားနားလည်အပ်ပေသည်။

ဤ၌ ဘုန်းကြီး၊ ရဟန်း၊ သာမဏေ၊ ဆရာတော်၊ သံယာတော် သာသနာ့ဝန်ထမ်း မှန်သမျှ အားလုံး စပ်ဆိုင်ပါဝင်၏။ ထိုမှ အတွင်ကျယ်ဆုံး ဘုန်းကြီးဟူသော ဝေါဟာရကို သုံး၍ ဆိုလိုက်ခြင်းဖြစ်၏။

ဤသို့ဖြင့် သာသနာတော်၌ ဘုန်းကြီးအလုပ် မလုပ်သော ဘုန်းကြီး၊ (၀၊) ဘုန်းကြီးအလုပ်မှ အခြားအလုပ် လုပ်နေသော ဘုန်းကြီးနှင့် ဘုန်းကြီးအလုပ် လုပ်နေသော ဘုန်းကြီးအား ဖြင့် ဘုန်းကြီးနှစ်မျိုးခွဲခြားနိုင်လောက်ပေပြီ။ ဤသို့ခွဲခြားနိုင်သည်နှင့်အမျှ ဘုန်းကြီးကိုးကွယ်မှု လောကဌ် မည်သူသည် ကိုးကွယ်မှု မှန်ကန်၍ မည်သူသည် ကိုးကွယ်မှု မမှန်ကန်ဆိုသည်ကိုလည်း ခွဲခြားသိမြင်မည်သာ ဖြစ်၏။ ဤသို့ ခွဲခြားသိမြင်ခြင်းဖြင့် မိမိကိုယ်တိုင်လည်း မှန်ကန်သော ကိုးကွယ်မှု လမ်းကြောင်းပေါ်၌ လျှောက်လှမ်းနိုင်ပေလိမ့်မည်။

အဆိပ်ပင် ရေမလောင်းမိရေး

မြန်မာနိုင်ငံ၌ သာသနာသန့်ရှင်းရေး မဆောင်ရွက်မိ (သံယာ့အဖွဲ့အစည်းများ မပေါ်ပေါက်သေးမီ) ကာလက ပရမ်းပတာနိုင်သော ကိုးကွယ်မှုများ အလွန်ထွန်းကား မင်းမူခဲ့ကြသည်။ ယခုအခါ ယင်းသို့သော ကိုးကွယ်မှု လျှော့နည်းသွားသည် မှန်သော်လည်း လုံးဝချုပ်ငြိမ်း မသွားသေးသည်မှာလည်း အမှန်ပင်ဖြစ်၏။ ဘယ်ဘုန်းကြီးက ဘယ်လို ဗေဒင်မှန်တာပဲ၊ ဘယ်ဘုန်းကြီးက ဘယ်လို ယတြာကောင်းတာပဲ၊ ဆေးစွမ်းတာပဲ၊ ဘယ်ဘုန်းကြီးကတော့ဖြင့် ဘယ်လို အကြားအမြင်ရတာပဲစသည်ဖြင့် ပြောကြဆိုကြ သွားလာနေကြသည်ကို မြင်တွေ့ ကြားသိနေရဆဲပင် ဖြစ်၏။ ခေတ်စနစ်နှင့် လိုက်လျောညီထွေ ချဲနံပါတ်ပေးသော ဘုန်းကြီးကို 'နောက်ဆုံးပေါ် ဘုန်းကြီး' ဟူ၍ အမည်တပ်ရလျှင် ရနိုင်စရာရှိ၏။

ဗေဒင်ဟောခြင်း စသည့် ယင်းလုပ်ငန်းများကို ဝိနည်းတော်၌ "အနေသန မိစ္ဆာဇီဝအမှု"ဟု ဆို၏။ အနေသန မိစ္ဆာဇီဝအမှုဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသော ဘုန်းကြီးများမှာ လာဘ်လာဘပေါများ၊ ဘုန်းတန်ခိုးကြီးမားကြကုန်၏။ ယင်းသို့သော ဘုန်းကြီးများကို ကိုးကွယ်ကြခြင်း

ဖြင့် သာသနာအတွက် ကြီးမားသော ဆိုးကျိုးကို ဖြစ်စေ၏။ "အဆိပ်ပင်ရေလောင်း" ဟူသော စကားကို ဤသို့သော ကိုးကွယ်သူများအပေါ် တင်ပေးသင့်၏။

အကျင့်မမှန်သူကို အားပေးမိသည့်အတွက် ထို အကျင့်မမှန်သူသည် မိမိ၏ မမှန်သော အကျင့်ကို အဟုတ် ကြီး ထင်ပြီး ဆက်လက်ကျင့်မြဲ ကျင့်နေတတ်၏။ အားပေး ထောက်ခံသူ ပေါများလေလေ ပို၍ ကျင့်လေလေဖြစ်တတ် ၏။ နောင်လာနောက်သားများလည်း ထိုပုဂ္ဂိုလ်၏ အမှု အကျင့် (ဒိဋ္ဌာနုဂတိ) လိုက်၍ ကျင့်မှားမိတတ်ကြကုန်၏။

ပရိယတ် ပဋိပတ် လောကဋ္ဌ အများအားဖြင့် ထေရ်ကြီး ဝါကြီး ပုဂ္ဂိုလ်များမှာ လာဘ်လာဘပေါများ၊ ဘုန်းကံ ကြီးမားနိုင်ကြသော်လည်း ရဟန်းငယ် သာမဏေလေးများ မှာမူကား အများစု ဒါယကာ ဒါယိကာမများ၏ အားပေး ထောက်ပံ့ရကောင်းမှန်း မသိမှုကြောင့် လာဘ်လာဘရှား၊ ဘုန်းကံနည်းပါးကြကုန်၏။ ထိုအခါ သာသနာစိတ်ဓာတ် မခိုင်မာသေးသည့် ငယ်ရွယ်သူများအနေဖြင့် ထိုအကျင့် မမှန်သူများ၏ အမှုအကျင့်အတိုင်း လိုက်လံကျင့်တတ်ကြ ကုန်၏။ ဤနည်းအားဖြင့် သာသနာတော်၌ အကျင့်မမှန်သူ

မျှား အင်အားကောင်းလာနိုင်ကုန်၏။ အကျင့်မမှန်သူ အင်အားကောင်းခြင်းကို ကျမ်းဂန်၌ "အဓမ္မဝါဒီ ထွန်းကားသည်" ဟု ဆို၏။ နောက်ဆုံး သာသနာကွယ်သည်အထိ ဖြစ်သွားနိုင်၏။ သို့ဖြစ်၍ သာသနာကွယ်မှုကိစ္စ၌ "အရင်းစစ်တော့ အမြစ်မြေက" ဆိုသကဲ့သို့ အကျင့်မမှန်သူ ဘုန်းကြီးများသည် တရားခံအစစ်ဖြစ်ကုန်၏။

ဖြစ်တတ်သော သဘာဝတစ်ခု ရှိသေး၏။ ဂန္ဓဓုရ ပရိယတ်အလုပ် အားထုတ်နေကြသော စာသင် စာချပုဂ္ဂိုလ်များမှာ မိမိတို့ အလုပ်အပေါ် ဇောကပ်နေကြသည့် အလျောက် မိမိတို့ထံ ရောက်လာသူများအား လိုအပ်သော အတိုင်းအတာအထိ ဆက်ဆံသမှု မပြုနိုင်ကြ၊ ညှဉ်တမ်းမပြုနိုင်ကြကုန်။ ထိုအခါ အချို့သူများက ထိုပုဂ္ဂိုလ်များအပေါ် 'လူမှုရေး နားမလည်' ဟု ပြစ်တင်ဝေဖန်ကာ အဆက်ဖြတ်တတ်ကြကုန်၏။ အမှန်စင်စစ် လူမဟုတ်၍ လူမှုရေး နားမလည်သည်ကို မိမိတို့ ကိုယ်၌က အမှန်အတိုင်း မမြင်ဘဲ ခွင့်မလွှတ်နိုင်ကြခြင်းသာ ဖြစ်ချေ၏။

ဝိနည်းလေးစားရေး

မှန်မှန်ကန်ကန် သာသနာပြုလိုသူတိုင်း ဘုန်းကြီးရော လူပါ ဝိနည်းနားလည်၍ နားလည်သည့်အတိုင်း အမှန်တကယ် လိုက်နာကျင့်သုံးဖို့ လိုအပ်၏။ အင်းဝခေတ် ပုဂ္ဂိုလ်ကြီးများ သာသနာစိတ်ဓါတ်ရှိကြပုံကို အတုယူကြည်ညိုဖွယ်အဖြစ် တစ်စိတ်တစ်ဒေသ ဖေါ်ပြလို၏။

အရှင်ဝရဓမ္မဆရာတော်ထံသို့ ကျောင်းအမကိုယ်တိုင် လာ၍ ဆေးတောင်းလေရာ "ဘုန်းကြီး ဘယ်က ဆေးပေးကောင်းမလဲ" ဟု မိန့်တော်မူ၏။ "တပည့်တော်မ ပစ္စည်းလေးပါ။ ဒါယိကာမပါဘုရား" ဟု ထပ်မံလျှောက်ထားပြန်ရာ "ပစ္စည်းလေးပါ။ ဒါယိကာမဖြစ်လေ ပိုမပေးကောင်းလေပဲ" ဟု ပြတ်ပြတ်သားသား မိန့်တော်မူလိုက်လေ၏။

နံမော်ဆရာတော်၏ ကျောင်းဒါယကာသမီးသည် ကန်ကြီးဆရာတော်ထံ ဆွမ်းပို့သွား၏။ ဆရာတော်က ဌက်ပျောသီးနှင့်မုန့်များ လက်ဆောင် ပြန်ပေးလိုက်၏။ အိမ်ရောက်၍ ကျောင်းဒါယကာကြီးသိသောအခါ 'ဟ - ငါတို့ နံမော်ဆရာတော်နဲ့ မတူပါလား' ဟု ဆိုပြီး နောက်ထပ် ဆွမ်းမပို့ရန် လက်ဆောင်ပေးလိုက်သော ဌက်ပျောသီးနှင့် မုန့်များကိုလည်း လွှတ်ပစ်ရန် ညွှန်ကြားစေခိုင်းလေ၏။

မဂ်လာဘုံကျော် ဆရာတော်ထံ ဝန်ကြီးကတော် ကိုယ်တိုင် လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့်လာ၍ ဝန်ကြီး၏ ဇာတာကို ပေးဒင်အဟောခိုင်းရာ 'ဘုန်းကြီးပဲ ဘယ်က ပေးဒင် ဟောကောင်းပါ့မလဲ' ဟု မိန့်တော်မူ၏။ ဝန်ကြီးကတော် ပြန်သွားသောအခါ လှူဖွယ်ပစ္စည်းများကို စွန့်ပစ်စေ၍ ခေါ်လာသူ ကပ္ပိယ ငနီကိုလည်း လွန်စွာ ငေါက်ငန်းတော် မူလေသည်။ (အနာဂတ်သာသနာရေး - ၂၄၅)။

ဤသည်တို့မှာ ဘုန်းကြီးရော လူပါ အတုယူသင့်လှသည့် အင်းဝက သူတော်ကောင်းကြီးများ ဖြစ်ကြပါပေ၏။ ယခုမျက်မှောက်ခေတ်၌လည်း ထိုကဲ့သို့သော သူတော်ကောင်းများ ရှိကြပါသေးသည်။ သို့သော် "ရှိတော့ရှိတယ်၊ ရှားတယ်"ဟု ဆိုရပေမည်။ မည်သို့ဆိုစေ ဘာသာသာသနာ အရှည်တည်တံ့ ပြန့်ပွားလိုသူတိုင်း ထိုကဲ့သို့သော သူတော်ကောင်းကြီးများ ထုံးကို နှလုံးမူ၍ အတုယူ ကျင့်သုံးသင့်လှပေသည်။ ဘာသာ သာသနာအရှည်တည်တံ့ ပြန့်ပွားရေး အတွက် ဘုန်းကြီးကိုးကွယ်တတ်သူများ ပေါများကြပါစေဟု အခါခါ ဆန္ဒပြုမိပါ၏။

အခန်း (၅)

သာသနာ့အမွေခံယူခြင်း

ရှင်ဒကာ၊ ရှင်အမ၊ ရဟန်းဒကာ၊ ရဟန်းအမများကို သာသနာ့အမွေခံယူသူများအဖြစ် မြန်မာဗုဒ္ဓဘာသာဝင်တိုင်း နားလည်ထားကြသည်။ မြန်မာတို့၏ နှုတ်ဖျားဌ် သီရိ-ဓမ္မာသောက မင်းကြီးဟူ၍ ရေပန်းစားလျက်ရှိသော အသောကမင်းကြီးထုံးကို နှလုံးမူ၍ 'မြန်မာဗုဒ္ဓဘာသာဝင်တိုင်း သာသနာ့အမွေကို ခံယူလိုကြ၏။

အသောကမင်းကြီးသည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို သူမတူအောင် အားပေးထောက်ပံ့ခဲ့သူ ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ၏ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သော တရားတော်များကို ပူဇော်သောအားဖြင့် ကျောင်းတိုက်ပေါင်း ရှစ်သောင်းလေးထောင်၊ စေတီပေါင်း ရှစ်သောင်းလေးထောင်တို့ကို တည်ထားခဲ့သည်။ တတိယ သင်္ဂါယနာတင်ပွဲကြီးဌ် ပစ္စယဒါယကာအဖြစ် တာဝန်ယူခဲ့

သည်။ ယင်းသင်္ဂါယနာတင်ပွဲကြီး ထမြောက် အောင်မြင်ပြီးနောက် ကိုးတိုင်း ကိုးဌာန သာသနပြု စီမံကိန်းကြီးကို အကောင်အထည် ဖော်ခဲ့သည်။ ထိုခေတ် ငွေကြေးဖြင့် ကျပ်ကုဋေတစ်ရာနီးပါး စွန့်လွှတ်သာသနာပြုခဲ့သူဖြစ်သည်။

သာသနာ့အမွေ ခံယူနည်း

မင်းကြီးသည် သာသနာ့အမွေ ခံယူလိုစိတ် ပြင်းပြလျက်ရှိ၏။ တစ်နေ့တွင် သံယာတော်များအား 'အရှင်ဘုရားတို့၊ ဤသာသနာတော်၌ မည်သူသည် စွန့်ကြဲလှူဒါန်းမှုအများဆုံးပါနည်း' ဟု လျှောက်ထားရာ သံယာတော်များ ကိုယ်စား အရှင် မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်က 'မင်းကြီး ဤသာသနာတော်၌ စွန့်ကြဲလှူဒါန်းသူများတွင် ဘုရားလက်ထက်တော်ကပင် သင်မင်းကြီးကို မီသူ တစ်ဦးတစ်ယောက်မျှ မရှိပါ၊ သင်မင်းကြီးသာ အများဆုံးဖြစ်ပါ၏' ဟု မိန့်တော်မူ၏။

ထိုအခါ မင်းကြီးက 'ဒီလိုဆိုလျှင် တပည့်တော်ဟာ သာသနဒါယာဒ (သာသနာ့အမွေခံ) ဖြစ်ပါပြီလားဘုရား' ဟု လျှောက်ထားရာ 'မင်းကြီး မည်မျှပင် စွန့်ကြဲလှူဒါန်း

သော်လည်း သာသနဒါယာဒ (သာသနာ့အမွေခံ) မဖြစ်နိုင်ဘူး၊ ပစ္စယဒါယက (ပစ္စည်းလေးပါး လျှဒါန်းသူ)၊ ဥပဋ္ဌာက (သာသနာ့အလုပ်အကျွေး) သာ ဖြစ်နိုင်တယ်။ မင်းကြီး ဤမြေပြင်မှ ဗြဟ္မာ့ပြည်တိုင်အောင် ပစ္စည်းအပုံကြီး စုပုံ၍ပင် လျှသော်လည်း သာသနဒါယာဒ (သာသနာ့အမွေခံ) မဖြစ်နိုင်ဘူး' ဟု မိန့်တော်မူ၏။

'အရှင်ဘုရား ဒီလိုဆိုလျှင် တပည့်တော် ဘယ်နည်းဖြင့် သာသနဒါယာဒ (သာသနာ့အမွေခံ) ဖြစ်နိုင်ပါမည်နည်း' ဟု လျှောက်ထားပြန်ရာ 'မင်းကြီး ချမ်းသာသူ၊ ဆင်းရဲသူ မည်သူမဆို မိမိ၏ ရင်နှစ်သည်းချာ သား (သမီး) ရတနာကို ဘုရားဘဂဝါ၏ သာသနာတော်တွင်း သွတ်သွင်းပေးမှ သာသနဒါယာဒ (သာသနာ့အမွေခံ) ဖြစ်နိုင်တယ်' ဟု မိန့်လေလျှင် အိမ်ရှေ့မင်းအရာ ထားသော သားတော် မဟိန္ဒနှင့် သမီးတော် သယ်မိတ္တာတို့ကို သာသနာတော်တွင်း သွတ်သွင်းပေးတော်မူလေသည်။ (ဝိ-ဋ္ဌ ၁။ ၃၇။)

သာသနဒါယာဒပုဒ်၏ သဒ္ဒါနက်အရ သာသနာ့အမွေခံဟု သုံးနှုန်းပြောဆိုကြခြင်းဖြစ်။ ဋီကာဆရာများက သာသနဒါယာဒပုဒ်ကို 'သာသနာ့အတွင်းသား၊ သာသနာ့

ဆွေမျိုး' ဟု ဖွင့်ဆိုကြသည်။ မိမိတို့ သားသမီးများ ကိုယ်တိုင် သာသနာ့ဝန်ထမ်း ရှင်ရဟန်းအဖြစ်ဖြင့် မရှိဘူးဆိုလျှင် သာသနာတော်၌ ပြုဖွယ်ကိစ္စ ကြုံလျှင်လည်း မိမိတို့ကိစ္စကဲ့သို့ သဘောထားနိုင်ကြမည်မဟုတ်ပေ။ ထို့ကြောင့် မိမိတို့ သားသမီးများ ကိုယ်တိုင် သာသနာ့ဝန်ထမ်း ရှင်ရဟန်းအဖြစ်ဖြင့် ရှိနေကြသူများသာ သာသနဒါယာဒ သာသနာ့အတွင်းသား၊ သာသနာ့ဆွေမျိုးများ ဖြစ်နိုင်ကြသည်။

(သာရတ္ထ-၁။ ၁၃၄။)

တစ်နည်းအားဖြင့် သာသနာတော်၌ ရှင်ရဟန်းပြုဖို့ရာ သားသမီးများကို စွန့်လွှတ်နိုင်သူများသာ သာသနာ့အတွင်းသား သာသနာတော်နှင့် ဆွေမျိုးတော်စပ်သူများ ဖြစ်နိုင်ကြသည်။ မိမိတို့၏ သားသမီးများကို သာသနာတော်အတွက် စွန့်လွှတ်နိုင်သူများသည် ပစ္စယဒါယကာ အဖြစ်မျှသာ မဟုတ်ဘဲ သာသနဒါယာဒ သာသနာ့အတွင်းသား၊ သာသနာ့ဆွေမျိုးများ ဖြစ်နိုင်ကြပေသည်။

(ဝိမတိ-၁။ ၂၉။)

သာသနာ့အမွေခံဖြစ်ရကျိုး

သာသနာ့အမွေခံယူသူတို့သည် မိမိတို့ကိုယ်တိုင် သာသနာနှင့် သဒ္ဓါမေတ္တာ ပိုရှိနီးစပ်အောင်ပြုမှု ဖြစ်၍ နောက်နောက်ဘဝတို့၌လည်း သာသနာတော် ထွန်းကားရာ အရပ်တို့၌ ဖြစ်ရခြင်း၊ သာသနာတော်နှင့် တွေ့ကြုံလျှင်လည်း မတုန်မလှုပ် သက်ဝင်ယုံကြည်နိုင်ခြင်းဟူသော အကျိုးထူးတို့ကို ဆုမတောင်းဘဲ ရနိုင်ကြသည်။

သာသနာပ အခါ၌လည်း ဘုရား ပစ္စေကဗုဒ္ဓါ အရိယာအလောင်း သူတော်ကောင်းတို့နှင့် ပေါင်းဆုံမိခြင်း၊ သူတော်ကောင်းတို့၏ မိတ်ရင်းဆွေရင်းဖြစ်ရခြင်း၊ ရသေ့ရဟန်းဖြစ်လွယ်ခြင်းဟူသော အကျိုးတို့ကို ဆုမတောင်း ဘဲ ရနိုင်ကြသည်။ (သာသနဒါယဇ္ဇဒီပနီ-၂၅။)

သူတစ်ပါးသား ရှင်ရဟန်းပြုပေးသူ

မိမိသား(သမီး) ကို သာသနာတော်တွင်း သွတ်သွင်းပေးရာ၌သာ သာသနာ့အမွေခံဖြစ်သည်ဟု တိုက်ရိုက်လာသော်လည်း သူကန်ပါ: သား (သမီး) ကိုကို သာသနာတော်တွင်း သွတ်သွင်းပေးရာ၌လည်း သာသနာ့အမွေခံဖြစ်သည်

ဟု မှတ်ရမည်။ အကြောင်းကား သာသနာတော်တွင်းသို့ ဝင်လိုသော ရှင်ရဟန်းလောင်းတို့ကို သက်နှ်း၊ သပိတ် ပရိက္ခရာ စိုက်ထုတ်၍ သာသနာတော်တွင်း သွတ်သွင်းပေး သူတို့သည် ထိုရှင်ရဟန်းတို့၏ အမိအဖအရာ၌ တည်ခြင်း၊ ကုသိုလ်မည်သည် တူသော အကျိုးကို ပေးတတ်သော သဘောရှိရကား ပြဆိုခဲ့ပြီး သာသနာ့အမွေခံဖြစ်ရခြင်း၏ အကျိုးတို့ကို ရနိုင်ခြင်းတို့ကြောင့်တည်း။ ထို့ကြောင့် သူတစ်ပါးသား (သမီး) တို့ကို သာသနာတော်တွင်း သွတ်သွင်းပေးရာ၌ လည်း သာသနာ့အမွေခံ ဖြစ်သည်ဟုသာ ယုံကြည်ကာ မှတ်သားရာ၏။

အမွေခံကောင်း၊ အမွေခံဆိုး

သာသနာ့အမွေခံပင် ဖြစ်ကြသော်လည်း လောကဌ် မိဘအမွေကို ခံယူသူတို့သည် အမွေခံကောင်း၊ **အမွေခံဆိုး** နှစ်မျိုးရှိကြသကဲ့သို့ သာသနာ့မျက်နှာကို မထောက်ကြဘဲ ငါးပါးသီလမျှပင် လုံခြုံစွာ မစောင့်စည်းသူတို့သည် **အမွေခံ** ဆိုး မည်ကုန်၏။ အမွေ၏ အကျိုးကို ခံစားကြရမည်မဟုတ်။ ငါးပါးသီလ လုံခြုံ၍ ဥပါသကာဂုဏ်အင်္ဂါနှင့် ညီညွတ်သူတို့

သာလျှင် အမွေခံကောင်း မည်ကုန်၏။ ပြဆိုခဲ့ပြီး အမွေ၏ အကျိုးတို့ကို ရနိုင်ကြသည်။

(သာသနဒါယဒ္ဒီပနီ- ၂၆၊ ၂၇။)

ရာဟုလာအား အမွေပေးခြင်း

ဤပြဆိုခဲ့သည်မှာ ရှင်ဒကာ ရှင်အမ၊ ရဟန်းဒကာ၊ ရဟန်းအမများ၏ သာသနာ့အမွေခံ ဖြစ်မှုတည်း။ ဗုဒ္ဓ မြတ်စွာသည် အမွေတောင်းလာသော သားတော် ရာဟုလာ အား "လောကီအမွေသည် သံသရာ ရှည်လျားကြောင်းဖြစ် ၏၊ လောကုတ္တရ ဓမ္မအမွေကို ပေးအံ့" ဟူ၍ ရှင်သာမဏေ ပြုပေးတော်မူ၏။ ရာဟုလာဝါဒ သုတ္တန်စသော တရားဓမ္မ အမျိုးမျိုးဖြင့် သွန်သင်ညွှန်ပြ ဆုံးမတော်မူ၏။ ဤသို့ဖြင့် ရှင်ရာဟုလာသည် လောကုတ္တရ ဓမ္မအမွေ၏ အထွတ် အထိပ်ဖြစ်သော အရဟတ္တဖိုလ်အမွေအထိ ရရှိသွားလေ သည်။

ဤဖြစ်စဉ်ကို ရှုဆင်ခြင်လျှင် သာသနာတော်နှင့် ကြုံခိုက် သာသနာ့ဝန်ထမ်းများ၏ အမှန်တကယ် ရယူသင့် သည့် အမွေမှာ လောကတ္တရ ဓမ္မအမွေသာ ဖြစ်သင့်၏။

သို့ကြောင့် လောကုတ္တရ ဓမ္မအမွေ ရရာရကြောင်း နည်းလမ်း တောင်းဖြစ်သည့် ဗြဟ္မစရိယကို ကျင့်သုံးရေးသည် သာသနာ့ ဝန်ထမ်းတိုင်း၏ အဓိက ပဓာနတာဝန်ပင်ဖြစ် တော့၏။

လောကုတ္တရဓမ္မအမွေအနှစ်သို့

ရှင်, ဂေါဟနိုးအဖြစ် ခံယူထားခြင်းသည် လောကုတ္တရ ဓမ္မအမွေအနှစ်ကို ရှာဖွေနေခြင်းဖြစ်သည်ဟု ခံယူသင့်ကြ ပေသည်။ လက်တွေ့အားဖြင့်လည်း လောကုတ္တရ ဓမ္မအမွေ အနှစ်ကို ရှာဖွေသင့်ကြပေသည်။ သို့ပါလျက်-

- အချို့က ပထမဆင့် အပေါ်ယံ အပွေးဖြစ်သည့် လာဘသက္ကာရ သိလောက (လာဘ်ရမှု၊ အပူဇော် ခံရမှု၊ အရှိန်အဝါရှိမှု) မျှဖြင့် တင်းတိမ်နေသည်။ အချို့က ဒုတိယဆင့် အခေါက်ပမာ သီလမျှဖြင့် တင်းတိမ်နေသည်။

  အချို့က တတိယဆင့် အခွံအတို စျာန်သမာဓိ လောက်ကို အဟုတ်ကြီး ထင်နေပြန်သည်။

  အချို့က စတုတ္ထဆင့် အမြင်ထူးရ တန်ခိုးပြနိုင် ပြီးဟူသော အကာပြင်ပြင် အဘိညာဉ်ကိုပင် ရဟန္တာအဖြစ် အထင်ကြီးနေပြန်သည်။

အမှန်စင်စစ် လောကုတ္တရ ဓမ္မအမွေအနှစ်ကို ရလို လျှင် လာဘသက္ကာရသိလောက-အပွေး၊ သီလ-အခေါက်၊ သမာဓိ-အခွံ၊ အဘိညာဉ်-အကာတို့ကို ထွင်းဖေါက် ကျော် လွှား ပယ်ရှားပစ်ရမည်။ ယင်းသို့ အနှစ်မပါ အပေါ်ယံ အလွှာတို့ကို ပယ်ရှား၍ သာသနာ့အတွင်းသားအစစ် ကိုးပါး သော လောကုတ္တရဓမ္မအမွေအနှစ်ကို ရယူကြကုန်ရာသည်။ သို့မှ ပြဆိုခဲ့ပြီးသော ဒုက္ခကင်းရေး ရည်ရွယ်ချက် ထမြောက် အောင်မြင်လေရာ၏။ (မ-၁။ ၂၅၀။)

နိဂုံးစကား

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ရှင်ရဟန်းဘဝကို အမြတ်တနိုးတန်ဖိုးထားကြသည်။ သာသနာ့အမွေ ခံယူလိုကြသည်။ မည်မျှပင် ဆင်းရဲသော်လည်း မိမိတို့၏ ရင်နှစ်သည်းချာများကို သာသနာ့ဘောင်သို့ မဖြစ်မနေ သွတ်သွင်းပေးလေ့ရှိကြသည်။ ရှေးက ဝါဆိုခါနီးတွင် အစုလိုက် အပြုံလိုက် ပဉ္စင်းခံပွဲများ ကျင်းပပြုလုပ်လေ့ရှိသဖြင့် မြန်မာ (၁၂) လရာသီပွဲတော်များတွင် "ဝါဆိုလ ပဉ္စင်းခံပွဲ"ဟူ၍ အသိအမှတ်ပြုခဲ့ကြရသည်။ ယနေ့မျက်မှောက်ခေတ်၌ကား အများအားဖြင့် ရာသီဥတု ကောင်းမွန်သော အားလပ်ခွင့်ရသော နွေရာသီကျောင်းပိတ်ချိန်ကို ယူ၍ မိသားစုအလိုက်၊ ကျောင်းအလိုက်၊ ဌာနအလိုက်၊ မြို့နယ်အလိုက် ရဟန်းခံရှင်ပြု သီလရှင်ဝတ်ပွဲများကို ခြိမ်ခြိမ့်သဲမျှ တွင်တွင်ကျယ်ကျယ် ဆင်နွဲလာကြသည်။

ရဟန်းခံခြင်း

ယင်းသို့ တွင်ကျယ်စွာ ဆင်နွဲလာကြသည်နှင့်အမျှ ရဟန်းခံ ရှင်ပြု၊ သီလရှင်ဝတ်မှုဆိုင်ရာ သိမှတ်ဖွယ်ရာရာတို့ကို သိလိုသူများလည်း များပြားလာကြသည်။ ဗုဒ္ဓမြတ်စွာသည် ရဟန်းအဖြစ်ကို နည်းရှစ်မျိုးဖြင့် ခွင့်ပြုတော်မူခဲ့သည်။ ယနေ့မျက်မှောက်ခေတ်၌ကား ဥ ဘို့စတုတ္ထကမ္မဝါစာဖြင့် ရဟန်းပြုပေးသောနည်း တစ်မျိုးကိုသာ အသုံးပြုနိုင်တော့သည်။ ဤနည်းမှာ သာသနာတည်သ၍ တည်ရှိမည့်နည်းပင်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာသည် ဤနည်းဖြင့် အောင်အောင်မြင်မြင် ရဟန်း ပြုပေးနိုင်ရန် ရဟန်းလောင်း၊ ဥပဇ္ဈာယ်ဆရာ၊ ကာရကသံဃာများမှာ ရှိရမည့်အရည်အချင်းများ၊ လုပ်ထုံးလုပ်နည်းများကို အပြည့်အစုံ ညွှန်ပြတော်မူခဲ့သည်။ ရဟန်းပြုလိုသူ၊ ပြုပေးလိုသူတိုင်း မဖြစ်မနေ လေ့လာကာ ယင်းလုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရသည်။

ရှင်ပြုခြင်း

ရှင်သာမဏေသည် သာသနာတော်၌ ဒုတိယဆင့် သာသနာဝင်ဖြစ်သည်။ ဘုရားရှင်သည် ရှင်သာမဏေအဖြစ် ခွင့်ပြုကာ ရှင်ပြုနည်းကိုလည်း ချမှတ်တော်မူခဲ့သည်။

ဆံချခြင်း၊ သက်နီးဝတ်ခြင်း၊ သရဏာဂုံပေးခြင်း (၃) မျိုးကို ရှင်ပြုသည်ဟု ဆိုရသည်။ ယင်း (၃) မျိုး နည်းမှန်လမ်းကျ ဖြစ်ရေးမှာ ရှင်ပြုပေးသူ ဆရာနှင့် ရှင်လောင်းတို့အပေါ် အဓိကတည်မှီလျက် ရှိ၏။ သရဏာဂုံကို ဆရာရော တပည့်ပါ နှစ်ဦးသား ပီပီသသ ရွတ်ဆိုနိုင်မှ ရှင်သာမဏေအစစ် ဖြစ်၏။ ရှင်ပြုရာ၌ အခြား အဆောင်အယောင်ကိစ္စများကို ကြီးကြီးကျယ်ကျယ် ချွတ်ထွင် ပြုလုပ်နေကြခြင်းထက် ယင်း သရဏာဂုံပီသဖို့နှင့် သာသနာ့ ဝန်ထမ်းများ သုံးဖြစ်မည့် ပရိကၠရာဖြစ်ဖို့ သတိမူ ဆောင်ရွက်သင့်ကြပေသည်။

သီလရှင်ဝတ်ခြင်း

သီလရှင်ဝတ်နည်းဟူ၍ ပိဋကတ်ကျမ်းဂန်၌ တိုက်ရိုက် မလာသော်လည်း ပညာရှင်ကြီးများက ရှင်ပြုနည်းကို မှီး၍ စီစဉ်ခဲ့ကြရာ ယနေ့အများစုမှာ ထိုအစီအစဉ်အတိုင်း လက်ခံကျင့်သုံးလျက်ရှိ၏။ သီလရှင်များ လိုက်နာဖွယ်ရာ ကျင့်ဝတ်များကိုလည်း စုစုစည်းစည်း မှတ်တမ်းပြုခဲ့ကြသည်။ သီလရှင်များသည် မျက်မှောက်ခေတ် သာသနာတော်၌ ရှင်ရဟန်းများနည်းတူ ပရိယတ် ပဋိပတ် သာသနာ့တာဝန်ကို ထမ်းဆောင်နေကြသူများ ဖြစ်ပေသည်။

သာသနာ့တာဝန်ထမ်းဆောင်ခြင်း

သာသနာ့ဘောင် တက်လှမ်းခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဒုက္ခခပ်သိမ်းမှ အေးငြိမ်းရေးကို ရှေးရှုသော ဗြဟ္မစရိယကို ကျင့်သုံးနိုင်ရန် ဖြစ်သော်လည်း သာသနာတော် အရှည်တည်တံ့ပြန့်ပွားရန် ပရိယတ် ပဋိပတ် သာသနာ့တာဝန် (၂) ရပ်ကိုလည်း ထမ်းရွက်ဖို့ လိုပေသေး၏။ ပရိယတ်သမားရော ပဋိပတ်သမားပါ သာသနာတော် အရှည်တည်တံ့ပြန့်ပွားရန် ဦးထမ်း ပဲ့ထမ်း ထမ်းရွက်နေသူများ ဖြစ်ကြသည်။ သာသနာ့ဝန်ထမ်းများ ပရိယတ် ပဋိပတ် သာသနာ့တာဝန် (၂) ရပ်ကို အားသွန်ခွန်စိုက် ထမ်းရွက်နိုင်ကြရန် ကိုးကွယ်သူများ၏ မှန်ကန်သော ကိုးကွယ်မှုဖြင့် အထောက်အပံ့ ပေးရေးသည်လည်း လိုအပ်သော အရေးအရာ ကိစ္စတစ်ခုပင် ဖြစ်၏။

သာသနာ့အမွေခံယူခြင်း

မြန်မာ ဗုဒ္ဓဘာသာဝင်တို့သည် အသောကမင်းကြီးထုံးကို နှလုံးမူ၍ ရှင်ဒကာ၊ ရှင်အမ၊ ရဟန်းဒကာ၊ ရဟန်းအမ ပြုလုပ်ကာ သာသနာ့အမွေ ခံယူကြသည်။ သာသနာ့

အမွေခံပင် ဖြစ်ကြသော်လည်း ငါးပါးသီလမျှ မလုံခြုံလျှင် အမွေ၏ အကျိုးကို ရရှိ ခံစားကြရမည်မဟုတ်။ ဗုဒ္ဓမြတ်စွာသည် သားတော်ရာဟုလာအား လောကုတ္တရ ဓမ္မအမွေကို ပေးသောအားဖြင့် ရှင်သာမဏေ ပြုပေးတော်မူသည်။ ရှင်ရာဟုလာသည် အရဟတ္တဖိုလ်အထိ လောကုတ္တရ ဓမ္မအမွေအနှစ်ကို ရရှိ ပိုင်ဆိုင်သွားသည်။ သာသနာ့ဝန်ထမ်းများလည်း လောကုတ္တရ ဓမ္မအမွေအနှစ်ကို ရရှိပိုင်ဆိုင်ကြမှ သာလျှင် ဒုက္ခကင်းရေး ရည်ရွယ်ချက် ထမြောက် အောင်မြင်လေရာ၏။

ပထမကျော် ဦးစံသင်းလှိုင်
(၁၃၅၆-၁၉၉၄)

ကျမ်းကိုးစာရင်း

၁။	မဟာဝဂ္ဂပါဠိ (ဝိနယ)	ပိဋကတ်တော်
၂။	သီလက္ခန္ဓဝဂ္ဂပါဠိ	။
၃။	အင်္ဂုတ္တရပါဠိ	။
၄။	မူလပဏ္ဏာသပါဠိ	။
၅။	မိလိန္ဒပဉ္ဟာပါဠိ	။
၆။	ပါရာဇိကကဏ္ဍပါဠိ	။
၇။	ပါစိတ္တျာဒိအဋ္ဌကထာ	။
၈။	သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ	။
၉။	ကင်္ခါဝိတရဏီအဋ္ဌကထာ	။
၁၀။	သာရတ္ထဒီပနီဋီကာ	။
၁၁။	ဝိမတိဝိနောဒနီဋီကာ	။
၁၂။	မဟာဗုဒ္ဓဝင် (၃)	အရှင်ဝိစိတ္တသာရာဘိဝံသ
၁၃။	ဝိနယသံခိပ်	လယ်တီဆရာတော်
၁၄။	သာသနဝိသောဓနီ	။

၁၅။	ဓမ္မဒီပနီ	လယ်တီဆရာတော်
၁၆။	သာသနဒါယဇ္ဇဒီပနီ	။
၁၇။	ဝိသုဒ္ဓါရုံအဆုံးအဖြတ်	မဟာဝိသုဒ္ဓါရုံဆရာတော်
၁၈။	ပါတိမောက်ဘာသာဋီကာ	အရှင်ဇနကာဘိဝံသ
၁၉။	အနာဂတ်သာသနာရေး	။
၂၀။	ရုပ်ပုံရှင်ကျင့်ဝတ်	။
၂၁။	ဥပသမ္ပဒကမ္မဝါစာ	ညောင်ဦးဆရာတော်
	နိဿယစ်	အရှင်နန္ဒဝံသ
၂၂။	မြန်မာ့ရိုးရာရာသီ	ဦးအေးနိုင်
	ပွဲတော်များ	
၂၃။	ရဟန်းခံရှင်ပြုအကြောင်း	အရှင်တိလောကာဘိဝံသ
	သိကောင်းစရာ	
၂၄။	သီလရှင်သမိုင်း	ရဝေထွန်း
၂၅။	ရဟန်းကျင့်ဖွယ်	
	နှစ်ရာနှစ်ဆယ့်ခုနစ်သွယ်	မောင်အံ့

နောက်ဆက်တွဲ

ဝိနည်းဗဟုသုတ

ဗုဒ္ဓမြတ်စွာသည် သဗ္ဗညုတညာဏ်တော်ဖြင့် ကြွင်းမဲ့ဥဿုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူသည့်အပြင် မဟာကရုဏာတော်ဖြင့်လည်း သတ္တဝါများကို ရင်ဝယ်သားကဲ့သို့ သနားကြင်နာတော်မူပေသည်။

အာဏာဒေသနာတော်

မိခင်သည် သားငယ်၏ ဒုက္ခဖြစ်မည့်အရေးကို တွေးတောကာ ကစားနေစဉ် လည်မျိုအတွင်းဝင်သွားသော အလုံးကလေးကို လည်ပင်းထဲ အတင်းနှိုက်ယူ ထုတ်ပစ်သကဲ့သို့၊ ဗုဒ္ဓမြတ်စွာသည်လည်း သားတော် ရဟန်း သာမဏေတို့၏ နောင်ဒုက္ခဖြစ်မည့်အရေးကို မျှော်တွေးတော်မူကာ လတ်တလော ဒုက္ခကလေးကို ရှင်းတော်မမူဘဲ "မည်သည့်အမှုပြုလျှင် မည်သည့်အာပတ်သင့်စေ" ဟု အမိန့်တော် အာဏာပြုလျှက် ဝိနည်းပိဋကတ ခေါ် အာဏာဒေသနာတော်မြတ် သိက္ခာပုဒ် အရေပ်ရေပ်ကို ထုတ်ဖော်ပညတ်တော်မူခဲ့ရပေသည်။

ယင်းသို့ ပညတ်တော်မူရာ၌ ရဟန်းကောင်း သူတော်စင်များချည်း ပေါ်ထွန်းရာ ဘုရားရှင် ဝါတော် (၂၀) အတွင်း၌ လောက ပြစ်ပါသော သိက္ခာပုဒ်တော်များကို ပညတ်တော်မမူရဘဲ ဝါတော် (၂၀)ကျော်သောအခါမှ သာသနာ့တော်တွင် မသန့်ရှင်းမှုများ တစ်စတစ်စ တိုးပွားလာသဖြင့် လောကပြစ်ပါသော သိက္ခာပုဒ်များကိုလည်း ပညတ်တော်မူခဲ့ရပေသည်။ ဥ တ္တိစတုတ္ထကမ္မဝါစာအဆုံး ရဟန်းဖြစ်သည်နှင့် တစ်ပြိုင်နက် ရဟန်းသစ်၏ သန္တာန်၌ အကျဉ်း (၂၂၇) သွယ်သော သိက္ခာပုဒ်တော်များ၊ သရဏဂုံအဆုံး သာမဏေဖြစ်သည်နှင့် တစ်ပြိုင်နက် သာမဏေသစ်၏သန္တာန်၌ သာမဏေတို့ဆိုင်ရာ ကျင့်ဝတ်သိက္ခာပုဒ်တော်များ အလိုအလျောက် ရောက်ရှိလာကြကြောင်း ရှေ့ (ဆိုင်ရာအခန်းများ) ၌ ရေး ခဲ့ပြီ။

အာပတ် (၇) မျိုး

ရဟန်းတော်များအတွက် စောင့်ထိန်းဖွယ်ရာ သိက္ခာပုဒ် -၂၂၇ မျိုးရှိသော်လည်း ပြစ်ဒဏ် သတ်မှတ်ချက်အားကား (၇) မျိုးသာရှိလေသည်။ အာပတ် (၇) မျိုးဟုဆိုသည်။

ယင်း (၇) မျိုးမှာ-

၁။ ပါရာဇိကအာပတ် = သာသနာတော်မှ ရှုံးစေသော အပြစ်၊

၂။ သံဃာဒိသေသ်အာပတ် = (သံဃာဒိသေသ) အစ အလယ် အဆုံး သုံးပါးလုံး၌ သံဃာလိုအပ်သော အပြစ်၊

၃။ ထုလ္လစ္စည်းအာပတ် = (ထုလ္လစ္စယ) ထူထဲကြီးလေးသော အပြစ်၊

၄။ ပါစိတ်အာပတ် = (ပါစိတ္တိယ) ကုသိုလ်စိတ်ကို ကျစေတတ်သော အပြစ်၊

၅။ ပါဋိဒေသနီအာပတ် = (ပါဋိဒေသနိယ) သီးခြားဒေသနာ ကြားရသော အပြစ်၊

၆။ ဒုက္ကဋ်အာပတ် = (ဒုက္ကဋ) မကောင်းသဖြင့် ပြုမှု ပြောဆိုမှုကြောင့် သင့်ရောက်သော အပြစ်၊

၇။ ဒုဗ္ဘာသီအာပတ် = (ဒုဗ္ဘာသိတ) မကောင်းသဖြင့် ပြောဆိုမှုကြောင့် သင့်ရောက်သော အပြစ်တို့တည်း။

(ဆောင်)---- ပါ. သံ. ထုလ်. စိတ်၊ ဋိ. ကဋ်. သိတ်၊ ရောကြိတ်ခုနစ်ပါး၊

ယင်း (၇) မျိုးတွင် ရှေ့ (၂) မျိုးသည် လူဝတ်လဲရခြင်း၊ ပရိဝါသ်စသည် ဆောက်တည်ရခြင်းဟူသော ကြီးလေးသောကံဖြင့် ဖြေဖျောက်မှု ပြေပျောက်သောကြောင့် ဂရုကအာပတ် (**လေးသောအပြစ်**) မည်၏။ နောက် (၅) မျိုးကား ဒေသနာ ပြောကြားခြင်းဟူသော ပေါ့သောကံဖြင့် ဖြေဖျောက်၍ ပြေပျောက်နိုင်သောကြောင့် လဟုကအာပတ် (ပေါ့သောအပြစ်) မည်၏။

အာပတ်သင့်ကြောင်း (၆) မျိုး

အဆိုပါ အာပတ် (၇)မျိုး သင့်ရောက်နိုင်ရန် အကြောင်း (၆) မျိုးရှိ၏။ ယင်း (၆) မျိုးမှာ-

၁။ အလဇ္ဇီတာ = အရှက်မရှိခြင်း၊

၂။ အညာဏတာ = မသိခြင်း၊

၃။ ကုက္ကုစ္စပဋိကတတာ = ကုက္ကုစ္စနှိပ်စက်ခြင်း (ယုံမှားသံသယ ဖြစ်ခြင်း)

၄။ အကပ္ပိယေ ကပ္ပိယသညိတာ = မအပ်သည်၌ အပ်သည်ဟု ထင်မှတ်ခြင်း၊

၅။ ကပ္ပိယေ အကပ္ပိယသညိတာ = အပ်သည်၌ မအပ်ဟု ထင်မှတ်ခြင်း၊

၆။ သတိသမ္ဘောသ = သတိမေ့လျော့ခြင်းတို့တည်း။
(ကခ်ီ - ၁၀၀)

(ဆောင်) - အလင်္ဂ အညာ၊ ကုက္ကုစ္စာနှင့်၊ တစ်ဖြာ အကပ်ပြီ၊ နောက်ကပ်ပြီတည်း၊ သတိမောသတ်၊ ဤခြောက်ရပ်၊ အာပတ်သင့်ကြောင်းတည်း။

ပါရာဇိကသိက္ခာပုဒ် (၄) ပါး

အာပတ် (၇) မျိုးအနက် ပါရာဇိက အာပတ်သည် သာသနာတော်မှ ရွှေ့လျောစေသော အာပတ်ဖြစ်သည်။ ယင်းအာပတ် သင့်ရောက်လျှင် ရဟန်းမဟုတ်တော့၊ သာသနာတော်၌ ရပ်တည်ခွင့် မရှိတော့ပေ။ ထို့ကြောင့်လည်း ရဟန်းသစ်အား ယင်းအာပတ်သို့ သင့်ရောက်စေနိုင်သော သိက္ခာပုဒ် (၄) ပါးကို ရဟန်းသိက္ခာ ကိုယ်၌ တည်နေသမျှ ထိန်းသိမ်းစောင့်ရှောက်ရန် သိမ်တွင်းမှာပင် သွန်သင် ညွှန်ပြတော်မူရခြင်းဖြစ်သည်။ ယင်းသိက္ခာပုဒ် (၄) ပါးအကြောင်းကို ဗုဒ္ဓဘာသာဝင်များအနေဖြင့်လည်း မဖြစ်မနေ သိသင့်လှပေသည်။ သို့မှ ရဟန်းအစစ် , အကာခွဲခြားနိုင်ကြီး အစစ် အမှန်ကို ရွေချယ် ကိုးကွယ်တတ်မည်ဖြစ်၏။

ပထမပါရာဇိကသိက္ခာပုဒ်

ယော ပန ဘိက္ခု ဘိက္ခုနံ သိက္ခာသာဇီဝသမာပန္နော သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလ္ယံ အနာဝိကတ္တာ မေထုနံ ဓမ္မံ ပဋိသေဝေယျ၊ အန္တမသော တိရစ္ဆာနဂတာယပိ၊ ပါရာဇိ-ကော ဟောတိ အသံဝါသော။ (ဝိ-၁၊ ၂၈။)

မြန်မာပြန်အကျဉ်း - ရဟန်းတို့၏ အဓိသီလသိက္ခာနှင့် သိက္ခာပုဒ်တော်ဟူသော သာဇီဝသို့ ရောက်နေပါလျက် သိက္ခာမချဘဲ အားနည်းမှုကိုလည်း ထင်စွာမပြုဘဲ ယုတ်စွာ့အဆုံး တိရစ္ဆာန်မဋ္ဌသော်လည်း မေထုန်မှိုဝဲသောင ၁နှ်သည် ပါရာဇိကကျ၍ ရဟန်းကောင်းတို့နှင့် ပေါင်းသ မရှိတော့။

မှတ်စုအကျဉ်း

ရဟန်းဖြစ်သည်နှင့် တစ်ပြိုင်နက် ရဟန်းတော်၏ သန္တာန်၌ အဓိသီလသိက္ခာနှင့် သိက္ခာပုဒ်တော်များ တည်ရှိကြသည်။ ရဟန်းသည် မိမိ၌ရှိနေသော သိက္ခာကို မချဘဲ၊ သိက္ခာချသောအားဖြင့် ရဟန်းဘဝ၌ စိတ်အားမထက်သန်ကြောင်း ထင်စွာမပြုဘဲ မေထုန်မှုမပြုရ။ ပြုလျှင် ရဟန်းမဟုတ်တော့။ ရဟန်းကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံ ခွင့်

မရှိတော့။ ပါရာဇိကကျသည်ဟု အတိုကောက် ပြောလေ့ရှိ ကြသည်။

ရဟန်းတော်များအနေဖြင့် မေထုန်နှင့်စပ်၍ လူအမျိုးသမီးကို မဆိုထားနှင့်၊ တိရစ္ဆာန်မ ကိုပင် မှီဝဲခွင့် မရှိ။ ကုန်အောင်ပြောရလျှင် မ, သတ္တဝါမျှမက အထီး သတ္တဝါကိုပင် မှီဝဲခွင့် မရှိ။ မှန်၏။ မေထုန်မှုမြောက်သော အပေါက် (၃) မျိုးရှိ၏။

၁။ မုခမဂ္ဂ = ခံတွင်းပေါက် (ပါးစပ်ပေါက်)

၂။ ပဿာဝမဂ္ဂ= ကျင်ငယ်ပေါက် (ဆီးသွားပေါက်)

၃။ဝစ္စမဂ္ဂ = ကျင်ကြီးပေါက် (မစင်ပေါက်)

အထီးသတ္တဝါနှင့် နပုံးမကျွက်များ၌ မေထုန် အမှီဝဲခံ မုခမဂ္ဂ၊ ဝစ္စမဂ္ဂနှစ်မျိုးပါ၍ အမသတ္တဝါများ၌ သုံးမျိုးလုံးပါသည်။ ရဟန်းသည် မိမိအင်္ဂါဇာတ်ကို ထိုအပေါက်တစ်ခုခု၌ နှမ်းတစ်စေ့ခန့်မျှ ဝင်အောင်သွင်းလျှင် ပါရာဇိကကျကော့ ၏။

ပါရာဇိကမြောက်သော အငယ်ဆုံးတိရစ္ဆာန်များမှာ ခြေမပါသော တိရစ္ဆာန်တို့တွင် အဟိ (မြွေမ)၊ မစ္ဆာ (ငါးမ)၊ ခြေနှစ်ချောင်းပါသော တိရစ္ဆာန်ကို့တွင် ကုက္ကုဋီ (ကြက်မ)

ခြေလေးချောင်းပါသော တိရစ္ဆာန်တို့တွင် မဇ္ဈာရိ (ကြောင်မ) တို့ဖြစ်သည်။ ယင်းတို့မှာ နှမ်းတစ်စေ့ခန့် ဝင်လောက်သော မဂ်ပေါက် ပါကြသဖြင့် ပါရာဇိကမြောက်သော အဝယ်ဆုံး တိရစ္ဆာန်များ ဖြစ်ကြသည်။

ဆိုခဲ့ပြီး အကြောင်းခြင်းရာများအရ ယောက်ျားဌ်သော်မှ မေထုန်မှီဝဲခွင့်မရှိသည့်အပြင် အဂ်ါဇာတ်မျှမက ပါးစပ်ပေါက်ဌ်သော်မှလည်း မှီဝဲခွင့်မရှိကြောင်း သိအပ်ပေသည်။ ထို့ပြင် အသက်ရှင်ဆဲ သတ္တဝါကို မှီဝဲမှ မဟုတ်။ သေပြီး သတ္တဝါပင် ဖြစ်သော်လည်း ပုံသဏ္ဌာန် မပျက်မယွင်းသေးမီ မှီဝဲလျှင် ပါရာဇိကကျသည်သာ။

ဒုတိယပါရာဇိကသိက္ခာပုဒ်

ယော ပန ဘိက္ခု ဂါမာ ဝါ အရညာ ဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိယေယျ၊ ယထာရူပေ အဒိန္နာဒါနေ ရာဇာနော စောရံ ဂဟေတ္မာ ဟနေယ္မုံ ဝါ ဗန္ဓေယ္မုံ ဝါ ပဗ္ဗာဇေယ္မုံ ဝါ "စောရောသိ ဗာလောသိ မူဠှောသိ ထေနောသိ" တိ၊ တထာရူပံ ဘိက္ခု အဒိန္နံ အာဒိယမာနော အယမ္ပိ ပါရာဇိကော ဟောတိ အသံဝါသော။ (ဝိ- ၁၊ ၅၆။)

မြန်မာပြန်အကျဉ်း - ရဟန်းသည် ရွာမှုဖြစ်စေ၊ တောမှုဖြစ်စေ ဥစ္စာရှင်တို့ မပေးအပ်သော လူ့ဥစ္စာကို ခိုးလိုသော စိတ်ဖြင့် ယူအံ့၊ အနည်းဆုံး တစ်မတ်၊ တစ်မတ်တန် ဥစ္စာကိုယူလျှင် အစိုးရမင်းတို့က ခိုးသူကို ဖမ်း၍ ညှဉ်းပန်းချုပ်နှောင် နှင်ထုတ်ကြရိုးထုံးစံရှိသဖြင့် တစ်မတ် တစ်မတ်တန်မှစ၍ လူ့ဥစ္စာကို ခိုးသောရဟန်းသည်လည်း ပါရာဇိကကျ၍ ရဟန်းကောင်းတို့နှင့် ပေါင်းသင်းခွင့် မရှိတော့။

မှတ်စုအကျဉ်း

လယ်လုပ်တဲ့ စသည်ဖြစ်၍ တစ်အိမ်တည်းပင်ရှိသော်လည်း ထိုအိမ်၌ လေးလကျော် အိမ်သူအိမ်သားတို့ နေထိုင်ကြလျှင် ရွာပင်ဖြစ်၏။ ကိစ္စတစ်ပုံတစ်ရာကြောင့် ထိုရွာမှ အခြားအရပ်သို့ ပြောင်းရွှေ့သွားသော်လည်း ပြန်နေဦးမည် ဟူသော မျှော်လင့်ချက်ရှိသေးလျှင် ရွာပင်တည်း။

ထို့ပြင် ဂါမဖြင့် ဂါမ (ရွာ) ကိုသာမက ဂါမူပစာရ (ရွာဥပစာ)၊ နိဂမ (နိဂုံး)၊ နဂရ (မြို့) တို့ကိုယူပါ ရသည်။ ဝိနည်းအရာ၌ နိဂမ၊ နဂရတို့ကိုလည်း ဂါမသဒ္ဒါဖြင့် ပြလေ့ရှိသည်။ ဂါမ၊ နိဂမ၊ နဂရတို့နှင့် ယင်းတို့၏ ဥပစာတို့မှ အလွတ်ဖြစ်သော အရပ်မှန်သမျှကို အရည (တော) ဟု

ယူရသည်။ ထို့ကြောင့် မည်သည့်အရပ်မှပင်ဖြစ်စေ ခိုးယူခွင့်မရှိကြောင်း သိအပ်ပေသည်။

တစ်မတ်ဟူသည် တစ်ကျပ်၏ လေးပုံတစ်ပုံတည်း။ ဗုဒ္ဓလက်ထက်တော်က တစ်မတ်သည် ယခုခေတ် တစ်မတ်နှင့် တန်ဖိုးချင်းမျှားစွာ ကွာခြား၏။ ထိုခေတ်က နီလကဟာ-ပဏာခေါ် ငွေတစ်ကျပ်ကို ရွှေသားတစ်မတ်၊ ငွေသားတစ်မတ်၊ ကြေးနီငါးမူး ပေါင်းစပ်ပြုလုပ်၏။ ယင်းသို့ ပြုလုပ်ထားသော တစ်ကျပ်၏ လေးပုံတစ်ပုံဖြစ်သော တစ်မတ်ဟုယူပါ။ ယင်းတစ်မတ်ကို ယခုခေတ် ငွေနှင့်နှိုင်းယှဉ်ပြီး မည်မျှတန်ဖွယ်ရှိသည်ကို တွက်ချက်၍ မည်မျှတန်ဖိုးရှိ ငွေ၊ ပစ္စည်းကို ခိုးလျှင် ပါရာဇိကကျကြောင်း ခေတ်ခါအလျောက် စိစစ် ဆုံးဖြတ်ရပေမည်။

ဝိနည်းတော်၌ ခိုးနည်း (၂၅) ပါးအထိ လာရကား သယ်ဆောင်ခွင့်၊ လက်ဝယ်ထားရှိခွင့်မပြုသော ကျောက်စိမ်း၊ ဘိန်းဖြူစသည်တို့ကို စီးပွားရေးလောဘဖြင့် သယ်ဆောင်ခြင်း၊ သူတစ်ပါးပစ္စည်းကို မတရားအမှုဆင်၍ တရားစွဲဆိုရယူခြင်း၊ မြေစာရင်းဌာနအကူအညီဖြင့် သူတစ်ပါးမြေကို မိမိဘက်ပါအောင် တိုးခဲ့ရယူခြင်း၊ သူတစ်ပါးပစ္စည်း ထိခိုက်နစ်နာမှုအတွက် အစားပေးလျော်ရမည်ကို မပေးလျော်ဘဲ

ဇနခြင်း၊ ငွေစက္ကူအတု၊ ရွှေအတုပြုလုပ်သုံးစွဲခြင်း၊ ကားခ၊ ရထားခ စသည်မပေးဘဲ စီးနင်းလိုက်ပါခြင်းများလည်း ခိုးခြင်းများပင်ဖြစ်၍ ရဟန်းတော်များအနေဖြင့် ယင်းသို့ ပြုလုပ်ခြင်းများကိုလည်း သတိပြု ရှောင်ကြဉ်ဖို့ လိုအပ်ပေသည်။

တတိယပါရာဇိကသိက္ခာပုဒ်

ယော ပန ဘိက္ခု သဉ္စိစ္စ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါဒရောပေယ္ယ၊ သတ္ထဟာရကံ ဝါ'ဿ ပရိယေသေယ္ယ၊ မရဏ-ဝဏ္ဏံ ဝါ သံဝဏ္ဏေယ္ယ၊ မရဏာယ ဝါ သမာဒပေယ္ယ" အမ္ဟောပုရိသ ကိံ တုယ္ဘိမိနာ ပါပကေန ဒုဇ္ဇီဝိတေန၊ မတံ တေ ဇီဝိတာ သေယ္ယော" တိ၊ ဣတိ စိတ္တမနော စိတ္တသင်္ကပ္ပေါ အနေကပရိယာယေန မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယ္ယ၊ မရဏာယ ဝါ သမာဒပေယ္ယ၊ အယမ္ပိ ပါရာဇိကော ဟောတိ အသံဝါသော။ (ဝိ-၁၊ ၉၂။)

မြန်မာပြန်အကျဉ်း - အကြင်ရဟန်းသည် သတ္တဝါမှန်းသိသော သညာနှင့်တကွ လူကိုသတ်အံ့၊ လက်နက်တစ်စုံ တစ်ရာကို ရှာ၍ ထိုလူအနီး၌ အလွယ်ရအောင်သော်လည်း ထားအံ့၊ သေချင်လာအောင် သေခြင်း၏ အကျိုးကို

သော်လည်း ခ၊ိုးမွမ်းအံ့၊ သေဖို့ရန်နည်းလမ်းကိုသော်လည်း ပေးအံ့၊ ထိုရဟန်းလည်း ပါရာဇိကကျ၍ ရဟန်းကောင်းတို့နှင့် ပေါင်းသင်းခွင့်မရှိတော့။

မှတ်စုအကျဉ်း

မနုဿဝိဂ္ဂဟအရ လူဇာတ်ရှိသူ လူသားစစ်စစ်ကို သတ်မှ ပါရာဇိကကျသည်။ လူဟူရာ၌လည်း အကောင်အထည်အထင်အရှားရှိမှမဟုတ်။ အမိဝမ်းတွင်း၌ ကလလ ရေကြည် သန္ဓေတည်သည်မှစ၍ မမွေးခင်လည်း လူပင်ဖြစ်၏။ ထို့ကြောင့် ကိုယ်ဝန်ကျဆေးပေးသော ရဟန်းလည်း ပါရာဇိကကျသည်သာ။

လက်နက်ကို ရှာ၍ အနီး၌ ထားအံ့ဟူ၍ရာ၌ သေချင်နေသူအလွယ်တကူရအောင် လက်နက်ကို ရှာ၍ အနီး၌ ထားခြင်းဖြင့် ထိုလက်နက်ဖြင့် သူ့ကိုယ်သူ သတ်သေမှ လက်နက်ရှာ၍ထားသော ရဟန်းမှာ ပါရာဇိကကျသည်ဟု အဓိပ္ပါယ်ယူရ၏။

သေချင်လာအောင် သေခြင်း၏ အကျိုးကို ခ၊ိုးမွမ်းရာ၌လည်း ယင်းခ၊ိုးမွမ်းစကားကြောင့် တစ်စုံတစ်ယောက်

သေသွားမှသာ ပါရာဇိကကျမ်း။ ဤအချက်နှင့်ပတ်သက်၍ ရဟန်းတော်များ အနေဖြင့် လူမမာ အနာ၌ လူမမာ အား တက်အောင် အားပေးစကား ပြောရာဝယ် မြန်မြန်သေ အောင် အားပေး မမှားဖို့ သတိမူသင့်ပေသည်။

စတုတ္ထပါရာဇိကသိက္ခာပုဒ်

ယော ပန ဘိက္ခု အနဘိဇာနံ ဥတ္တရိမနုဿဓမ္မံ အတ္တ-ပနာယိကံ အလမရိယဉာဏဒဿနံ သမုဒါစရေယျ "ဣတိ ဇာနာမိ၊ ဣတိ ပဿာမိ" တိ၊ တတော အပရေန သမယေန သမနုဂ္ဂါဟီယမာနော ဝါ အသမနုဂ္ဂါဟီယမာနော ဝါ အာပန္နော ဝိသုဒ္ဓါပေက္ခော ဧဝံ ဝဒေယျ" အဇာနမေဝံ အာဝုသော အဝစံ ဇာနာမိ, အပဿံ ပဿာမိ, တုစ္ဆံ မုသာ ဝိလပိန္တိ"၊ အညတြ အဓိမာနာ၊ အယမ္ပိ ပါရာဇိကော ဟော-တိ အသံဝါသော။ (ဝိ-၁၊ ၁၁၇။)

မြန်မာပြန်အကျဉ်း- အကြင်ရဟန်းသည် မိမိ၌ ဥတ္တရိ မနုဿဓမ္မခေါ် စျာန်မဂ်ဖိုလ်တရားများ မရှိမှန်း သိပါလျက် ရှိလေသယောင် ကပ်ဆောင်ပြောဆိုအံ့၊ ဥတ္တရိမနုဿဓမ္မကို

ကေန်ရပြီဟု မှတ်ထင်မှုမရှိပါဘဲ ဝါကြွားလို၍ ပြောဆိုသော ထိုရဟန်းလည်း ပါရာဇိကကျ၍ ရဟန်းကောင်းတို့နှင့် ပေါင်းသင်းခွင့် မရှိတော့။

မှတ်စုအကျဉ်း

စျာန်မဂ်ဖိုလ်ရအောင် ကြိုးကြိုးစားစား အားထုတ်နေသော ယောဂီရဟန်းဘည် သူတော်စင်ဖြစ်၍ ကိလေသာများ အထင်အရှားမဖြစ်တော့ရကား မိမိမှာ စျာန်, မဂ်ဖိုလ်တရားများ မရှိသော်လည်း ရှိနေပြီဟု မှတ်ထင်နေတတ်၏။ တစ်နည်းအားဖြင့် မိမိမှာရှိသော ကာမာဝစရ သီလ သမာဓိ ပညာဘက်ပို၍ မဟဂ္ဂုတ် လောကုတ္တရာ သီလ သမာဓိ ပညာ ရှိနေပြီဟု မှတ်ထင်နေတတ်၏။ ထိုသို့မှတ်ထင်၍ စပ်မိစပ်ရာ ပြောခြင်းကြောင်ကား ပါရာဇိကမကျပေ။

ထိုသို့မဟုတ်ဘဲ မိမိ၌ စျာန်, မဂ်ဖိုလ်တရား အမှန်တကယ်မရှိမှန်း သိပါလျက် ယုတ်မာသော အလိုဆိုးဖြင့် ဝါကြွားလိုသောစိတ်ထားဖြင့် မိမိမှာ စျာန်မဂ်ဖိုလ်တရား ရှိနေပြီဟု ပြောဆိုလျှင် ပါရာဇိက ကျသည်။

အချို့သောပုဂ္ဂိုလ်များသည် မိမိတို့ကိုးကွယ်သော ဆရာတော်ကို လူအများ အထင်ကြီးအောင်၊ ကြည်ညိုအောင် ရဟန္တာပဲ၊ တန်ခိုးရှင်ပဲ စသည်ဖြင့် မမှန်မကန် ဘေးတီးပေးတတ်ကြ၏။ ထိုပုဂ္ဂိုလ်တို့၏ ဘေးတီးမှုကို ဆရာတော်ကိုယ်တိုင်က သာယာပြီး ဝန်ခံမိလျှင် ထိုဆရာတော် ပါရာဇိကကျလေတော့၏။ ကိုးကွယ်သူများရော အကိုးကွယ်ခံပုဂ္ဂိုလ်များပါ အထူးသတိမူ ဆင်ခြင်သင့်သည့်အချက်ပင် ဖြစ်၏။

ပါရာဇိက ကုစားနည်း

ပါရာဇိကကျသော ရဟန်းကို ဦးခေါင်းပြတ်သော ယောက်ျား၊ အညာမှကြွေကျသော သစ်ရွက်ရော၊ နှစ်ဖြာကွဲသော ကျောက်ဖျာ၊ လည်ဆစ်ပြတ်သော ထန်းပင်တို့နှင့် ဥပမာပေးထားသည်။

ဦးခေါင်းပြတ်သော ယောက်ျားသည် ပြတ်လေပြီးသော ဦးခေါင်းဖြင့် ပြန်လည် အသက်မရှင်နိုင်တော့သကဲ့သို့၊ အညာမှ ကြွေကျသော သစ်ရွက်ရော်သည် ပြန်လည် စိမ်းလန်း ရှင်သန်ခြင်း မဖြစ်နိုင်တော့သကဲ့သို့၊ နှစ်ဖြာကွဲ

သော ကျောက်ဖျာသည် မူလအတိုင်း ပြန်လည် မဆက်စပ်နိုင်တော့ သကဲ့သို့၊ လည်ဆစ်ပြတ်သော ထန်းပင်သည် အညွှန့်အတက် ခက်လက်ဖူးညှောက် ပြန်လည်ပေါက်ရောက်ခြင်းငှါ မဖြစ်နိုင်တော့သကဲ့သို့ ပါရာဇိကကျသော ရဟန်းသည်လည်း မည်သို့မျှ ရဟန်းဘဝနှင့် ပြန်လည်မဆက်စပ်နိုင်တော့။

ပါရာဇိကကျပြီးသော ရဟန်းကို အထောင် မကသော ရဟန္တာတို့ကပင် ဥ တ်ကမ္မဝါစာကို အကြိမ်ကြိမ်ဖတ်၍ ရဟန်းခံပေးသော်လည်း ရဟန်း မဖြစ်နိုင်တော့။ ရဟန်းဘဝကို ပြန်လည် ရရှိရုံးထုံးစံမရှိ။ ထို့ကြောင့် ပါရာဇိကကျသူကို သာသနာတော်မှ ဆုံးရှုံးသူဟု ဆိုရခြင်း ဖြစ်သည်။

ပါရာဇိကကျသူသည် ရဟန်းအသွင်ကို မစွန့်သမျှ မစင်ကြယ်တော့ရကား ရဟန်းအသွင်ဖြင့် ဆက်လက်နေသွားလျှင် စျာန်,မဂ်ဖိုလ် ရဖို့ မဆိုထားဘိ သေသည့်အခါ သုဂတိဘဝ (လူနတ်ဘဝ) ကိုမျှ မရနိုင်တော့။ လူ,သာမဏေအဖြစ် ပြောင်းလဲ၍ ဒါန၊ သီလ၊ ဘာဝနာမှုပြုနေလျှင် သုဂတိဘဝ ရနိုင်ရုံမျှမက စျာန် မဂ်ဖိုလ်တရားများကိုပင် ရနိုင်ပေသည်။

ထို့ကြောင့် လူအဖြစ်၊ သာမဏေအဖြစ် ပြောင်းလဲခြင်းသည် ပါရာဇိကကျသူ (ရဟန်းတူ) ၏ စင်ကြယ်ကြောင်းပေတည်း။ လူသာမဏေအဖြစ် ပြောင်းလဲခြင်းသည်ပင် ပါရာဇိကအာပတ်ကို ကုစားခြင်းမည်တော့၏။

စာဂေါ ယော ဘိက္ခုဘာဝဿ၊ သာ ပါရာဇိကဒေသနာ။
(ခုဒ္ဒသိက္ခာ-ဂါထာ ၃၈၂။)

ရဟန်းအစစ်၊ အတု

ရဟန်းခံခန်းဌ ပြဆိုခဲ့သည့်အတိုင်း ရဟန်းလောင်းဌ ရှိသင့်ရှိထိုက်သော အရည်အချင်းနှင့် ပြည့်စုံပြီး စစ်မှန်သော သိမ်အတွင်းဌ ဥ တ်,ကမ္မဝါစာကို ဌာန်ကရိုဏ်း ဗျဥ္ဇနဗုဒ္ဓိတို့နှင့် ;အညီ ကျွမ်းကျင်ပိုင်နိုင်စွာ ရွတ်ဖတ်နိုင်စွမ်းရှိသော အရေအတွက်လည်း ပြည့်မီသော သံဃာတော်အရှင်မြတ်တို့၏ ချီးမြှောက်မှုဖြင့် နည်းမှန်လမ်းကျ ရဟန်းအဖြစ် ရထားသူသည် ဖေါ်ပြခဲ့ပြီး ပါရာဇိကသိက္ခာပုဒ်လေးပါးကို မလွန်ကျူးသမျှ ကာလပတ်လုံး ရဟန်းအစစ် မည်၏။

နည်းမှန်လမ်းကျ ရဟန်းအဖြစ် ရထားသူပင်ဖြစ်သော်လည်း ပါရာဇိကသိက္ခာပုဒ်လေးပါးဟို့တွင် တစ်ပါးပါးကို လွန်ကျူးပြီး ရဟန်းအသွင်ဖြင့် ဆက်လက်နေသူသော်လည်း

ကောင်း၊ ပင်ကိုယ်ကပင် နည်းမှန်လမ်းကျမဟုတ်ဘဲ ရဟန်း အဖြစ်ခံယူထားသူသော် လည်းကောင်း၊ အသက်မွေးဝမ်း ကျောင်းအတွက်၊ သာသနာတော်အား ဖျက်လိုဖျက်ဆီး ပြုလုပ်ရေးအတွက် ကိုယ်တိုင် ရဟန်းအသွင် ခံယူထားသူ သော် လည်းကောင်း ရဟန်းအတု မည်၏။

သံယာဒိသေသသိက္ခာပုဒ် (၁၃) ပါး

ပါရာဇိကအာပတ်ပြီးလျှင် သံယာဒိသေသအာပတ် သည် အပြစ် အကြီးဆုံးဖြစ်၏။ ပါရာဇိကအာပတ်ကို ထောက်လျှင် ဒုတိယမြောက် အပြစ်အကြီးဆုံး အာပတ်ဟု ဆိုနိုင်၏။ ယင်း သံယာဒိသေသ် အာပတ်အဖြစ် ပညတ် ထားသော သိက္ခာပုဒ် (၁၃) ပါးရှိ၏။ အကျဉ်းချုပ်မျှ ဖော်ပြ ပါအံ့-

၁။ လုံ့လပြု၍ သုက်လွတ်စေသော ရဟန်းအား သံယာ ဒိသေသ်အာပတ်သင့်၏။

၂။ ကိုယ်ကာယ အတွေ့အထိကို သာယာသော စိတ်ဖြင့် အမျိုးသမီးနှင့် ကိုယ်လက် နှီးနှောသော ရဟန်းအား သံယာသိသေသ် အာပတ်သင့်၏။

၃။ ညစ်ညမ်းသောစကားကို သာယာသောစိတ်ဖြင့် အမျိုးသမီးကို မေထုန်နှင့်စပ်သော စကား ပြောကြားသော ရဟန်းအား သံဃာဒိသေသ်အာပတ်သင့်၏။

၄။ ဦးအား ကာမဂုဏ် မေထုန်မှုဖြင့် ပြုစုလုပ်[illegible]ခြင်း၏ ကျေးဇူးစကား ပြောကြားသော ရဟန်[illegible]း သံဃာဒိသေသ် အာပတ်သင့်၏။

၅။ မိန်းမ၊ ယောကျ်ား နှစ်ဦးသားတို့အား လင်မယားဖြစ်စေလိုသော ဆန္ဒဖြင့် အောင်သွယ်စကား ပြောကြားသော ရဟန်းအား သံဃာဒိသေသ်အာပတ်သင့်၏။

၆။ ကျောင်းဒါယကာမရှိဘဲ မိမိအတွက် ကျောင်းငယ်ဆောက်လုပ်ရာ၌ သံဃာမည္ဆန်ပြသည့်နေရာ၌ သတ်မှတ်သည့် ပမာဏထက် ပိုမိုကြီးမားသော ကျောင်းကို ဆောက်လုပ်သော ရဟန်းအား သံဃာဒိသေသ် အာပတ် သင့်၏။

၇။ ကျောင်းဒါယကာရှိသော ကျောင်းကြီးကို မိမိအတွက် ဆောက်လုပ်ရာ၌ သံဃာမည္ဆန်ပြသည့် နေရာ၌ ဆောက်လုပ်သော ရဟန်းအား သံဃာဒိသေသ် အာပတ်သင့်၏။

၈။ ဒေါသစိတ်ဖြင့် ရဟန်းတစ်ပါးကို သာသနာတော်မှ ရွှေ့လျောစေလို၍ အခြေအမြစ်မရှိသော ပါရာဇိက အာပတ်ဖြင့် စွပ်စွဲသောရဟန်းအား သံဃာဒိသေသ် အာပတ်သင့်၏။

၉။ ဒေါသစိတ်ဖြင့် ရဟန်းတစ်ပါးကို သာသနာတော်မှ ရွှေ့လျောစေလို၍ အခြေအမြစ်မရှိသော ပါရာဇိက အာပတ်ဖြင့် တိုက်ရိုက်မဟုတ်ဘဲ သွယ်ဝိုက်စွပ်စွဲသော ရဟန်းအား သံဃာဒိသေသ်အာပတ်သင့်၏။

၁၀။ ညီညွတ်နေသော သံဃာကို ကွဲပြားအောင် ပြုလုပ်အားထုတ်သော ရဟန်းကို ဥ တ်,ကမ္မဝါစာဖြင့် ဆုံးမတားမြစ်ရမည်။ ဆက်လက် အားထုတ်ပါက ထိုရဟန်းအား သံဃာဒိသေသ်အာပတ်သင့်၏။

၁၁။ သံဃာကွဲပြားအောင် အားထုတ်နေသော ရဟန်း၏ နောက်လိုက်အနေဖြင့် အားပေး အားမြှောက်ပြုသော ရဟန်းကို ဥ တ်,ကမ္မဝါစာဖြင့် ဆုံးမတားမြစ်ရမည်။ ဆက်လက် အားပေးအားမြှောက် ပြုပါက ထိုရဟန်းအား သံဃာဒိသေသ် အာပတ်သင့်၏။

၁၂။ ဝိနည်းကြောင်းအရ ပြောဆိုဆုံးမမှုကို မနာခံသော ရဟန်းကို ဥ တ်, ကမ္မဝါစာဖြင့် ဆုံးမတားမြစ်ရမည်။ မနာခံနိုင်ကြောင်း ဆက်လက်ပြောဆိုပါက ထိုရဟန်းအား သံဃာဒိသေသ်အာပတ်သင့်၏။

၁၃။ ဒါယကာ ဒါယိကာမများ၏ ရှိရင်းစွဲသဒ္ဓါတရား ပျက်စီးအောင် ပန်း၊ သစ်သီး စသည် ပေးခြင်း၊ ဆေးကုသခြင်း၊ ဗေဒင်ဟောခြင်း စသော ကုလဒူသန၊ အနေသန၊ မိစ္ဆာဇီဝအမှုများ ပြုလုပ်နေသော ရဟန်းကို ဆုံးမ၍ ထိုဒေသမှ နှင်ထုတ်ရမည်။ မနာခံဘဲ ပြန်လှန်ပြောဆိုပါက ဥ တ်,ကမ္မဝါစာဖြင့် ဆုံးမတားမြစ်ရမည်။ ဆက်လက်ပြောဆိုပါက ထိုရဟန်းအား သံဃာဒိသေသ်အာပတ်သင့်၏။

ဤသည်မှာ သံဃာဒိသေသ် သိက္ခာပုဒ် (၁၃) ပါး အကြောင်းကို သိသာရုံ အကျဉ်းချုပ်မျှ ဖေါ်ပြလိုက်ခြင်းဖြစ်သည်။ အကျယ်တဝင့် လေ့လာမှ ကျနသေချာစွာ သိနိုင်ပေမည်။ အလွန်ကျယ်ဝန်းမည်စိုး၍ အကျယ်မပြတော့ပြီ။ ဤ၌ အကျယ်ဖေါ်ပြလိုသည်မှာ နောက်ဆုံးသိက္ခာပုဒ်ဆိုင်ရာ ကုလဒူသန၊ အနေသန၊ မိစ္ဆာဇီဝမှုများ အကြောင်းဖြစ်၏။

ကုလဒူသန (၈) မျိုး

အမျိုးခေါ် ဒါယကာ ဒါယိကာမများ၏ ရှိရင်းစွဲ သဒ္ဓါတရားပျက်အောင် ဖျက်ဆီးမှုကို "ကုလဒူသန"ဟု ခေါ်၏။ (ကုလဒူသန = ကုလ= အမျိုး+ ဒူသန = သဒ္ဓါတရား ဖျက်ဆီးမှု) ယင်း အမျိုး၏ သဒ္ဓါတရားကို ဖျက်ဆီးမှုမှာ အောက်ပါအတိုင်း (၈) မျိုးရှိ၏-

၁။ ပန်းပေးခြင်း၊
၂။ သစ်သီးပေးခြင်း၊
၃။ ဆပ်ပြာပေးခြင်း၊
၄။ အင်္ဂတေ (ဘီးလပ်မြေ၊ ထုံး၊ သဲ၊ အုတ်မှုန့်) ပေးခြင်း၊
၅။ ဒန်ပူ (သွားပွတ်တံ) ပေးခြင်း၊
၆။ သစ်၊ ဝါး စသည် (ဆောက်လုပ်ရေးပစ္စည်း) ပေးခြင်း၊
၇။ ဆေးကုခြင်း (ဗေဒင်ဟော၊ ဓာတ်ရိုက်ဓာတ်ဆင်၊ အင်းအိုင်၊ ခါးလှဲ၊ လက်ဖွဲ့ပေးခြင်း၊)
၈။ သတင်းစကားပို့ပေးခြင်း (လူတို့၏ အစေအပါးခံခြင်း၊)

သဒ္ဓါတရားပျက်ပုံ

မိန်းမကလေးတစ်ယောက်သည် ပင်ကိုယ်သဘာဝ အားဖြင့် သဒ္ဓါတရား ကောင်းသူ ဖြစ်၏။ သို့သော် ရဟန်း

တစ်ပါးက မိမိကိုကြည်ညိုအောင် ထိုမိန်းကလေးအား ပန်းပေးလိုက်ရာ မိန်းကလေးသည် ထိုရဟန်းအား ခင်မင်စိတ်ဖြစ်ကာ လျှုချင်လာ၏။ သို့သော် ထိုကဲ့သို့ ပေးဖေါ်မရသောလဇီသူမွန် သီလဝန် ,အရှင်ကောင်း အရှင်မြတ်တို့အပေါ်၌ကား မလျှုမတန်းချင်၊ မကိုးကွယ်ချင် ဖြစ်လာ၏။ ဤသို့ဖြစ်ခြင်းသည် ထိုမိန်းကလေး၏ ပင်ကိုယ်သဘာဝ အစစ်အမှန် သဒ္ဓါတရား ပျက်စီးခြင်းပင်ဖြစ်၏။

ပန်းစသည်စိုက်ပျိုးခြင်း ပေးခြင်း

ရဟန်းတော်များသည် ဒါယကာ ဒါယိကာမများအား ပေးရန် ရည်ရွယ်ချက်ဖြင့် သစ်ပင်၊ ပန်းပင် မစိုက်ပျိုးကောင်းချေ။ စိုက်ပျိုးလျှင် ဒုက္ခဋ္ဌအာပတ်သင့်၏။ အကျင့် (အာစာရ) ပျက်သည်ဟု ဆိုရ၏။ ခြံစည်းရိုးအတွက်၊ အရိပ်ရရှိရန်အတွက်၊ သစ်သီးရရှိရန် အစရှိသည်တွက် စိုက်ပျိုးကောင်း၏။ ကောက်ပဲသီးနှံတို့ကိုမူ လုံးဝ မစိုက်ပျိုးကောင်းချေ။

ရဟန်းသည် ပန်းကို ပန်ဆင်ရန်နှင့် နတ်တင်ရန်အတွက် မပေးကောင်း။ ဒါယကာ ဒါယိကာမတို့ကို သိမ်းသွင်း စည်းရုံးသည့်သဘောဖြင့် ပေးလျှင် ကုလဒူသနဖြစ်၍

ဒုက္ခဋ္ဌ အာပတ်သင့်၏။ သူတစ်ပါးပိုင်နှင့် သံယာပိုင်ပန်းကို မရိုးသားသောစိတ် (ခိုးလိုစိတ်) ဖြင့် ပေးလျှင် တန်ဖိုး အလျောက် ပါရာဇိကအထိ အပြစ်ရောက်နိုင်သည်။

ရဟန်းတော်သည် လူဒါယကာတို့အား သစ်သီး၊ မုန့်၊ ပဲသွားရည်စာ ကျွေးမွေးလိုပါက ယင်းတို့ကို တံမျက်လှဲခြင်း၊ မြက်ရှင်းခြင်း၊ ပန်ကန်ဆေးခြင်း စသော ဝေယျာဝစ္စတစ်ခုခု ပြုလုပ်စေရ၏။ ထိုဝေယျာဝစ္စပြုလုပ်သူအား ကျွေးမွေးရာ၌ ကုလဒူသနမဖြစ်။ အာပတ်မသင့်ချေ။ ထို့ကြောင့် ဒါယကာ မျှားအနေဖြင့် မိမိတို့ ကိုးကွယ်သည့် ရဟန်းအား အာပတ် မသင့်စေရန် ကျောင်းအတွက် ဝေယျာဝစ္စတစ်ခုခု ပြုလုပ် ပေးပြီးမှ ဘုန်းကြီးကျွေးသည်ကို စားသောက်သင့်ကြပေသည်။

ဆေးကုသမှု

ရဟန်းတော်မျှားသည် လူဒါယကာတို့အား **ဆေး**မဂဒုအပ်၊ ဆေးမပေးအပ်ပေ။ သို့သော် မိမိမယ်တော်၊ ခမည်းတော်၊ ယင်းတို့အား ပြုစုလုပ်ကျွေးသူများ၊ မိမိအား ဝေယျာဝစ္စ ပြုလုပ်ပေးသူများနှင့် ရှင်လောင်း မျှားအား

ဆေးကုသပေးနိုင်သည်။ ထို့ပြင် အန္တရာယ်ပြုနိုင်သော ဥပဒေမဲ့ လက်နက်ကိုင်သူများ၊ စစ်ရှုံးသူများ၊ ခရီးသည်များ၊ ဆွေမရှိ မျိုးမရှိ အထီးကျန်သူများ၊ မကျန်းမာသဖြင့် ဘုန်းကြီးကျောင်းသို့ ဝင်ရောက် ခိုနားလာကြပါမူ ဆေးကုသပေးနိုင်သည်သာ။

ပရိတ်ရေနှင့် ပရိတ်ချည်ပြုလုပ်ပေးမှု

"ပရိတ်ဖြင့် အရံအတား ပြုတော်မူပါဘုရား၊ ပရိတ်ရွတ်၍ စောင့်ရှောက်ပေးတော်မူပါဘုရား" ဟု တောင်းပန်လျှောက်ထားလာလျှင် ပရိတ်မရွတ်အပ်။ "ပရိတ်တရားချီးမြှင့်တော်မူပါဘုရား"ဟု လျှောက်ထားပါက ရွတ်ခွင့်ရှိသည်" ဒါယကာက နားမလည်၍ လျှောက်ထားပုံ နည်းလမ်းမကျလျှင် သွန်သင်ပြောပြ၍ ပြန်လည် လျှောက်ထားစေနိုင်သည်။ ပရိတ်ရေနှင့် ပရိတ်ချည်ကို ရဟန်း၏ ပစ္စည်းဖြင့် ပြုလုပ်မပေးကောင်း။ ဒါယကာတို့၏ ပစ္စည်းဖြင့်ကား ပြုလုပ်ပေးကောင်းသည်။ ရဟန်းသည် ပရိတ်ရွတ်နေစဉ်ရေကို လက်ဖြင့် မွှေနှောက်ပေးခြင်း၊ ချည်ကိုလက်ဖြင့် ကိုင်တွယ် သုံးသပ်ပေးခြင်းဖြင့် ပရိတ်ရေနှင့် ပရိတ်ချည်ကို ပြုလုပ်ပေးနိုင်သည်။

ဂါထာမန္တန်မန်းမှုတ်မှု အဆောင်ပေးမှု

ဆေးကုသခြင်းဟု ဆိုရာ၌ စားဆေး၊ ထိုးဆေး၊ လိမ်းဆေးတို့ဖြင့် ကုသခြင်းသာမက ဂါထာမန္တန်ဖြင့် မန်းမှုတ်ပေးခြင်း၊ အထက်လမ်း အောက်လမ်း ပယောဂနည်းများ၊ ပျောက်စေနည်းများ အသုံးပြုခြင်းဖြင့် ကုသခြင်းများလည်း ပါဝင်ပေသည်။

အင်းအိုင်ခါးလှဲ့၊ လက်ဖွဲ့စသော အဆောင်များ၊ အဂ္ဂိရတ်ဓာတ်လုံးများကို ပေးခြင်းသည်လည်း ဒါယကာတို့၏ သဒ္ဓါတရား အစစ်အမှန်ကို ပျက်စီးစေသောကြောင့် ကုလဒူသနအမှု၌ အကျုံးဝင်း၏။ ဓာတ်ရိုက် ဓာတ်ဆင်၊ ဗေဒင်ဟောခြင်းများကိုလည်း အလားတူ ကုလဒူသနအမှုဟု ဆိုအပ်ပေသည်။

သတင်းစကားပို့ဆောင်မှု

ရဟန်းတော်များသည် သတင်းစကားကို သယ်ယူပို့ဆောင်ခြင်း မပြုအပ်။ ရဟန်း၊ သာမဏေ၊ ရှင်လောင်းများ၊ မယ်တော်၊ ခမည်းတော်နှင့် မိမိဝေယျာဝစ္စပြုလုပ်ပေးသူများ၏ သတင်းစကားကိုမူကား ဆောင်ယူ ပြောကြားနိုင်သည်။

လူတို့၏ ဘုရားတည်၊ ကျောက်ဆောင်၊ ရှင်ပြုစသော ဘာသာရေး၊ သာသနာရေး၊ ကုသိုလ်ရေးနှင့် စပ်လျဉ်းသည့် သတင်းစကားကိုလည်း ပြောကြားနိုင်သည်သာ။

အနေသန (၂၁) မျိုး

ဝိနည်းတော်၌ တားမြစ်ထားသော မအပ်သော နည်းဖြင့် လာဘ်လာဘ ရှာမှီးခြင်းကို "အနေသန"ဟုခေါ်၏။ (အနေသန= နေ= မသင့်သော၊ မအပ်သော + ဧသန = ပစ္စည်းရှာမှု)။ ယင်း မအပ်သော ပစ္စည်းရှာမှုမှာ ကုလဒူသန (၈) မျိုးအပါအဝင် အောက်ပါအတိုင်း (၂၁) မျိုးရှိ၏-

၁။ သစ်သီးပေး၍ လာဘ်လာဘ ရှာမှီးခြင်း၊ (ဖလဒါန)

၂။ ပန်းပေး၍ လာဘ်လာဘ ရှာမှီးခြင်း (ပုပ္ဖဒါန)

၃။ ဒန်ပူ (သွားပတ်တံ) ပေး၍ လာဘ်လာဘ ရှာမှီးခြင်း၊ (ဒန္တကဋ္ဌဒါန)

၄။ ချိုးရေ၊ မျက်နှာသစ်ရေပေး၍ လာဘ်လာဘ ရှာမှီးခြင်း၊ (နှာနမုခေါဒကဒါန)

၅။ ဆပ်ပြာပေးရ၍ လာဘ်လာဘ ရှာမှီးခြင်း၊ (စုဏ္ဏဒါန)

၆။ အင်္ဂတေ (ဘိလပ်မြေ၊ ထုံး၊ သဲ၊ အုတ်မှုံ့) ပေးရ၍ လာဘ်လာဘ ရှာမှီးခြင်း၊ (မတ္တိကာဒါန)

၇။ ၈။ သစ်ဝါးစသည် (ဆောက်လုပ်ရေးပစ္စည်း) ပေးရ၍ လာဘ်လာဘ ရှာမှီးခြင်း၊ (ဝေဠုဒါန၊ ဒါရုဒါန)

၉။ မိမိကိုယ်ကို နှိမ်ချ၍ ခင်ဗျား၊ ကျွန်တော်စသည်ဖြင့် ဒါယကာတို့အား ပြောကြား၍ လာဘ်လာဘ ရှာမှီးခြင်း၊ (စာဋုကမျှတာ)

၁၀။ မမှန်တစ်ချက်၊ မှန်တစ်ချက်ပြော၍ လာဘ်လာဘ ရှာမှီးခြင်း၊ (မုဂ္ဂသူပျှတာ)

၁၁။ ကလေးထိန်းပေး၍ လာဘ်လာဘ ရှာမှီးခြင်း၊ (ပါရိဘဋ္ဌတာ)

၁၂။ လူတို့၏ အမှုကိစ္စတို့ကို ကူညီဆောင်ရွက်ပေး၍ လာဘ်လာဘ ရှာမှီးခြင်း၊ (ဇယ်ပေသနိယတာ)

၁၃။ ဆေးကုပေး၍ လာဘ်လာဘ ရှာမှီးခြင်း၊ (ဝေဇ္ဇကမ္မ)

၁၄။ တမန်အမှုပြုလုပ်ပေး၍ လာဘ်လာဘ ရှာမှီးခြင်း၊ (ဒူတကမ္မ)

၁၅။ လက်ဆောင် တုန့်ပြန်ပေး၍ လာဘ်လာဘ ရှာမှီးခြင်း၊ (လာဘေနလာဘနိဇိဂီသန)

၁၆။ အိမ်မြေစသည်တို့၏ ကြန်အင်လက္ခဏာကို နိမိတ်ဖတ် ဟောကြား၍ လာဘ်လာဘ ရှာမှီးခြင်း၊ (ဝတ္ထုဝိဇ္ဇာ)

၁၇။ လယ်ယာမြေ၏ ကြန်အင်လက္ခဏာကို နိမိတ်ဖတ် ဟောကြား၍ လာဘ်လာဘ ရှာမှီးခြင်း၊ (ခေတ္တဝိဇ္ဇာ)

၁၈။ ယောက်ျား၊ မိန်းမတို့၏ကြန်အင်လက္ခဏာကို နိမိတ်ဖတ် ဟောကြား၍ လာဘ်လာဘ ရှာမှီးခြင်း၊ (ဣတ္ထိ၊ پုရိသလက္ခဏံ)

၁၉။ အမြီးဆွမ်းမခံရန်တားမြစ်သော (၆) ဌာနဌ် ရင်းနှီးစွာ အမြီးဆွမ်းခံခြင်း (ဆ အဂေါစရဌာန)

၂၀။ မင်းစိုးရာဇာ၊ မင်းမှူထမ်းတို့နှင့် အကျွမ်းတဝင်မိတ်ဖွဲ့ ၍ လာဘ်လာဘ ရှာမှီးခြင်း (ရာဇဝလ္လဘ)

၂၁။ သာသနာတော်ကို မကြည်ညိုသူ၊ သာသနာတော်၏ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တို့နှင့် မိတ်ဖွဲ့၍ လာဘ်လာဘ ရှာမှီးခြင်း တို့တည်း။

မိစ္ဆာဇီဝမှု

ပြဆိုခဲ့ပြီးသော ကုလဒုသနမှု၊ အနေသနမှုဖြင့် ရှာမှီး၍ ရအပ်သော ပစ္စည်းကို သုံးစွဲခြင်းအားဖြင့် အသက်မွေးမှုကို "မိစ္ဆာဇီဝမှု"ဟု ခေါ်၏။ မှားယွင်းသော အသက်မွေးမှု၊ အသက်မွေးမစင်ကြယ်မှုဟု ဆိုအပ်၏။ (မိစ္ဆာဇီဝ = မိစ္ဆာ= မှားယွင်းသော + အာဇီဝ = အသက်မွေးမှု။)

ထို့ပြင် ကြည်ညိုသူပေါမျှားကာ ပစ္စည်းလာဘ်လာဘ ရရှိစေရန် ဟိတ်ဟန်ဆောင်၍ လူအထင်ကြီးအောင် ပြုလုပ်ခြင်း (ကုဟန)၊ ဒါယကာ ဒါယိကာမတို့အား မြှောက်ပင့်ပြောဆိုခြင်း (လပန)၊ မိမိအား လျှုဒါန်းစေရန် စောင်းပါးရိပ်ခြည်ပြုခြင်း (နေမိတ္တိက)၊ မလျှု လျှုအောင် အကျပ်ကိုင်ခြင်း (နိ‌ပ္ပေသိက်) အမှုတို့ကို ပြုလုပ်၍ ရအပ်သော ပစ္စည်းများကို သုံးစွဲမှီဝဲခြင်းတို့သည်လည်း မိစ္ဆာဇီဝမှု မျှားပင်ဖြစ်သည်။

ပဗ္ဗာဇနိယကံ ပြုသင့်သူ

ပြဆိုခဲ့ပြီး ကုလဒုသနမှု၊ အနေသေနမှု၊ မိစ္ဆာဇီဝမှုတို့အနက် ကုလဒုသနမှု ပြုသော ရဟန်းကိုသာ ဆုံးမ၍

ထိုဒေသမှ နှင်ထုတ်ခြင်း (ပဗ္ဗာဇနီယကံ) ပြုရ၏။ အခြားသော အနေသနမှု၊ မိစ္ဆာဇီဝမှု ပြုသောရဟန်းများကို ထိုကဲ့သို့ နှင်ထုတ်ခြင်း (ပဗ္ဗာဇနီယကံ) ပြုရန်မလိုပေ။ နောက်ထပ် အလားတူ အမှုများ မကျူးလွန်တော့ပါဟု စိတ်ဆုံးဖြတ်ပြီး ရရှိထားသော ပစ္စည်းများကို စွန့်ပစ်စေ၍ သင့်ရောက်သော အာပတ်ကို ဒေသနာကြား ကုစားစေရ၏။

ပဗ္ဗာဇနီယကံပြုပြီးနောက် မလိုက်နာပါက ဥ တ်, ကမ္မဝါစာဖြင့် ဆုံးမတားမြစ်မှု (သမနုဘာသနကံ) ပြုရ၏။ ယင်း သို့ပြုစဉ် ပြန်လှန်ပြောဆိုမှု ရပ်ဆိုင်းက အပြစ်မရှိ။ ဆက်လက်ပြောဆိုနေလျှင် သံဃာဒိသေသ်အာပတ်သင့်၏။

သံယာဒိသေသ်အာပတ် ကုစားနည်း

ကုစားနည်းအကျဉ်း

သံယာဒိသေသ် အာပတ်သင့်သော ရဟန်းသည် ပါရာဇိကအာပတ်သင့်သော ရဟန်းကဲ့သို့ သာသနာတော်မှ ရွှေ့လျှောသွားသည့် အဆင့်မျိုးအထိ မရောက်သော်လည်း ကြွင်း အာပတ်များ သင့်သော ရဟန်းကဲ့သို့ သာမန်ဒေသနာ ကြားရုံ (အာပတ်ဖြေရုံ) မျှဖြင့်လည်း အာပတ်မှ မထမြောက်နိုင်။ အပြစ် မပြေပျောက်နိုင်။ ဖုံးလွှမ်းခဲ့သည် ညဉ့်နှင့်အမျှ (၀တ်) ဆောက်တည်ရ၏။ (ပါရာဇိကနှင့် သံယာဒိသေသ် အာပတ်နှစ်မျိုးကို အပြစ်ကြီးလေးသော ဂရုကအာပတ်ဟု ရှေ့၌ ရေးခဲ့ပြီ။)

ထို့ကြောင့် သံယာဒိသေသ် အာပတ်သင့်၍ ကုစားလိုသော ရဟန်းသည် အာပတ်ကို ဖုံးလွှမ်းခဲ့သည့် ညဉ့် အားလျှော်စွာ ရှေးဦးစွာ ပရိဝါသ် (၀တ်) ဆောက်တည်ရ၏။ ထို့နောက် (၆) ညဉ့် မာနတ်ကျင့်ရ၏။ အကယ်၍ မဖုံးလွှမ်းခဲ့လျှင် ပရိဝါသ်ဆောက်တည်ဖွယ်မလိုဘဲ မာနတ်သာ ကျင့်

ရ၏။ မာနတ်ကျင့်ပြီးလျှင် သံယာတော်အနည်းဆုံး နှစ်ဆယ် ပင့်ဖိတ်၍ (သံယာ့ဘောင်သို့ သွင်းခေါ်ခြင်း) အဘွာနကံ ဆောင်ရ၏။ ဤအစီအစဉ်များ အားလုံး ပြီးပြည့်စုံအောင် ဆောင်ရွက်ပြီးမှ သံယာဒိသေသ် အာပတ်ကင်းစင်၍ ရဟန်း ကောင်း အဖြစ်သို့ ပြန်လည်ရောက်ရှိလေသည်။

ပရိဝါသ် ဆောက်တည်ခြင်း

သံယာဒိသေသ် အာပတ်သင့်သော ရဟန်းသည် ထို့နေ့မှာပင် ရဟန်းတစ်ပါးထံ၌ မိမိ သံယာဒိသေသ် အာပတ်သင့်ကြောင်း ဖွင့်ဟပြောကြားဝန်ခံရ၏။ ထိုသို့ ဖွင့်ဟပြောကြားခြင်း မပြုဘဲ ထို့နေ့ညကုန်ဆုံး၌ အရုဏ်တက်သွားလျှင် တစ်ညဉ့်ဖုံးလွှမ်းရာ ရောက်သည်။ အရုဏ်တက်ချိန်ဖြင့် ဖုံးလွှမ်းသည့် ညဉ့်အရေအတွက်ကို သတ်မှတ်ရ၏။ ဖွင့်ဟမပြောကြားဘဲ ဖုံးထားခဲ့မိသည့်အတွက် သံယာတော်ထံ ဖွင့်ဟပြောကြား တောင်းခံ၍ သံယာကပေးသော ကျင့်ဝတ်ကို ဆောက်တည်ခြင်းကို "ပရိဝါသ် (ဝတ်) ဆောက်တည်ခြင်း"ဟု ဆိုသည်။ ယင်းသို့ ဆောက်တည်ရာ၌ တစ်ညဉ့်ဖုံးလွှမ်းခဲ့လျှင် တစ်ညဉ့်၊ နှစ်ညဉ့် ဖုံးလွှမ်းခဲ့လျှင် နှစ်ညဉ့်

စသည်ဖြင့် ညဉ့်အရေအတွက်နှင့် အညီအမျှ ကြာအောင် ဆောက်တည်ရသည်။

သံယာဒိသေသ် အာပတ်သင့်၍ ညဉ့်ဖုံးလွှမ်းခဲ့သော ဗျာန်းသည် ရှေးဦးစွာ သိမ်အတွင်း၌ အနည်းဆုံး ရဟန်း (၄) ပါး ပါဝင်သော သံယာအထံ၌ ဝတ်ဆောက်တည်ခွင့် တောင်းခံရသည်။ သံယာက ဥ တ္တိစတုတ္ထကမ္မဝါစာကို ဖတ်၍ ဝတ်ပေးရသည်။ ထို့နောက်သံယာ့ရှေ့မှောက်တွင် မိမိသင့်ရောက်ခဲ့သော သံယာဒိသေသ် အာပတ်အမျိုးအမည် အရေအတွက်နှင့် ဖုံးလွှမ်းခဲ့သော ညဉ့်အရေအတွက်တို့ကို ထုတ်ဖော် လျှောက်ထား၍ ဝတ်ဆောင်တည်ရသည်။ အကျယ်၍ အာပတ်အမျိုးအမည်နှင့် အရေအတွက်ကို တိတိကျကျ မမှတ်မိပါက "အမျိုးမျိုးသော သံယာဒိသေသ် အာပတ်များ" ဟု သာမညအားဖြင့် လျှောက်ထား ဆောက်တည်နိုင်သည်။

ဝတ်ကြားခြင်း

ဝတ်ဆောက်တည်သော ရဟန်းကို "ဒဏ်သား ရဟန်း" ဟု ခေါ်၍ ပင်ကိုယ်အတိုင်း သီလစင်ကြယ်သော ရဟန်းကို "ပကတတ်ရဟန်း" ဟု ခေါ်သည်။ ဒဏ်သား

ရဟန်းသည် ဝတ်ဆောက်တည်ပြီးနောက် မြင်သမျှ ရဟန်းများအထံ၌ မိမိသံယာ့ဒိသေသ်အာပတ်သင့်သဖြင့် ဝတ်ဆောက်တည်နေရကြောင်း ဖွင့်ဟလျှောက်ကြားရသည်။ ဤသို့လျှောက်ကြားခြင်းကို "ဝတ်ကြားခြင်း" ဟု ခေါ်သည်။

ဝတ်ဆောက်တည်သည့် နေ့ရက်များ အတွင်း၌ နောက်ထပ် ပကတတ်ရဟန်းအသစ်ကို တွေ့တိုင်း မြင်တိုင်း သွားရောက်၍ ဝတ်ကြားရသည်။ အနီးပတ်ဝန်းကျင်မှ စာအံ့သံ စာကျက်သံ စသည်ဖြင့် ရဟန်းတော်များ၏ အသံကို ကြားလျှင်လည်း ထိုရဟန်းတို့ထံ သွားရောက် ဝတ်ကြားရသည်။ ပျက်ကွက်ပါက ဝတ္တရား ပျက်ယွင်းမှုအပြစ် (ဝတ္တဘေဒ ဒုက္ကဋ်အာပတ်) သင့်ရောက်သည့်အပြင် ဝတ်ဆောက်တည်ရက် နောက်ထပ် တစ်ရက် တိုးရသည်။ ညဉ့်အမှောင်တွင်း၌ မိမိနေသော ကျောင်းတိုက်အတွင်း အာဂန္တုရဟန်း တစ်ပါး ဖြတ်သန်းသွားသည်ကို မသိမမြင်လိုက်သဖြင့် ဝတ်မကြားမိသည့်တိုင်အောင် ဝတ်ဆောက်တည်ရက် နောက်ထပ် တစ်ရက် တိုးရသည်။

ထို့ကြောင့် ဝတ်ဆောက်တည်မှု စင်စင်ကြယ်ကြယ် ပြီးဆုံး အောင်မြင်ရေးအတွက် ရဟန်းတော်များ အရောက်

အပေါက်နည်းပါးသော တောရကျောင်းများသို့ သွားရောက်ဆောက်တည်လေ့ရှိကြသည်။

ဝတ်ချထားခြင်း

နှစ်ရှည်လများ ဝတ်ဆောက်တည်ရာ၌ အသံကြားသမျှ မြင်သမျှ အာဂန္တုရဟန်းများကို ဝတ်ကြားရန် မလွယ်ကူချေ။ ဝတ္တရားပျက်ယွင်းမှုအတွက် မကြာခဏ အပြစ်သင့်ရောက်၍ ရက်တိုးတိုးပြီး ဝတ်ဆောက်တည်ရဖွယ်ရှိသည်။

ထို့ကြောင့် သက်သာလွယ်ကူမှု ရှိစေရန် သိမ်အတွင်း၌ ဝတ်တောင်းခံခြင်း၊ ဝတ်ပေးခြင်း၊ ဝတ်ဆောက်တည်ခြင်း၊ ဝတ်ကြားခြင်း ပြုပြီးနောက်လက်ကိုချထားနိုင်သည်။ ဝတ်ချထားစဉ်ကာလ၌ ကြားသမျှ မြင်သမျှ ရဟန်းများထံ ဝတ်ကြားရန် မလိုတော့ချေ။ ဒဏ်သားရဟန်းလည်း မဟုတ်တော့ဘဲ ပကတတ် ရဟန်းအဖြစ်၌ တည်လေသည်။

ဝတ်ချထားသော ရဟန်းသည် နေ့မကူးစေဘဲ ထိုနေ့ ညပိုင်းတွင် သို့မဟုတ် နံနက်အရုဏ်မတက်မီ တစ်နာရီခန့်စောမှ ပြန်လည် ဝတ်ဆောက်တည်ရသည်။ အရုဏ်တက်လျှင် တစ်ရက်သတ်မှတ်၍ ဆောက်တည်ပြီးမသာ

ရက်ကို ရေတွက်ရ၏။ အရုဏ်တက်ပြီးနောက် ဝတ်ကိုပြန်လည်ချထားနိုင်သည်။

ပထမအကြိမ် သိမ်အတွင်း၌ ဝတ်တောင်းခံစဉ်က သာ အနည်းဆုံး သံယာ (၄) ပါးလိုအပ်သည်။ ဝတ်ချထားခြင်း၊ ပြန်လည်ဝတ်ဆောက်တည်ခြင်းပြုရာ၌ ပဂတတ် ရဟန်း တစ်ပါးအထံ၌လည်း ပြုလုပ်နိုင်ခွင့်ရှိသည်။

ထို့ကြောင့် ဝတ်ဆောက်တည်သော ရဟန်းသည် သံယာအလုံအလောက်ရှိရာဌာန၌ ဝတ်တောင်းခံခြင်း၊ ဝတ်ပေးခြင်း၊ ဝတ်ဆောက်တည်ခြင်း၊ ဝတ်ကြားခြင်း ပြုပြီးသောအခါ ဝတ်ကို ပြန်လည်ချထား၍ ရဟန်းတစ်ပါး နှစ်ပါးရှိသော တောရွာကျောင်းများသို့ ပြောင်းရွှေ့နေထိုင်လျက် ဝတ်ဆောက်တည်မှုကို ဆက်လက်ပြုလုပ်နိုင်သည်။

မာနတ်ကျင့်ခြင်း

ဖုံးလွှမ်းခဲ့သည့် ညဉ့်အရေအတွက်နှင့်အမျှ ပရိဝါသ်ဆောက်တည်ပြီးသောအခါ (၆) ရက် မာနတ်ကျင့်ရ၏။ မိမိအကျင့်သီလအပေါ် အခြားရဟန်းတော်များ၏ ယုံကြည်မြတ်နိုးမှုရှိပါစေခြင်းငှါ ကျင့်သုံးခြင်းကို "မာနတ်ကျင့်သည်"ဟု ခေါ်ရ၏။ (မာနတ်-မာနတ္တ-မာန=မြတ်နိုးမှု+တ္တ=အဖြစ်။)

ပရိဝါသ်ဆောက်တည်ခြင်းကဲ့သို့ပင် သိမ်အတွင်း၌ အနည်းဆုံး ရဟန်း (၄) ပါး ပါဝင်သော သံဃာထံ၌ မာနတ် တောင်းခံရသည်။ သံဃာက ဥ တ္တိစတုတ္ထ ကမ္မဝါစာကို ဖတ်၍ မာနတ်ပေးရသည်။ ကမ္မဝါစာဆုံးလျှင် ဒဏ်သားရဟန်းသည် မာနတ် ဆောက်တည်ရသည်။ ထို့နောက် မာနတ် ဆောက်တည်ထားကြောင်း သံဃာတော်အား လျှောက်ကြား (ဝတ်ကြား) ရသည်။ နောက်ထပ် ရောက်လာသမျှ အာဂန္တုရဟန်းများအားလည်း ဝတ်ကြားရသည်။ ပရိဝါသ်ကဲ့သို့ပင် မာနတ် (ဝတ်) ကို ချထားနိုင်သည်။

ပရိဝါသ်နှင့် မာနတ်ထူးခြားချက်

ပရိဝါသ်ကျင့်ရာ တွင် အစဦးဆုံး ပရိဝါသ်ပေးစဉ်ကသာ ရဟန်း (၄) ပါး ပြည့်ရန်လို၏။ နောက်ပိုင်း ဝတ်ချခြင်း၊ ပြန်လည်ဝတ်ဆောက်တည်ခြင်းပြုရာ၌ ပကတတ်ရဟန်းတစ်ပါးထံ၌ ဆောင်ရွက်နိုင်သည်။ ဝတ်ကိုမချဘဲထားပါက အတူနေ ပကတတ် ရဟန်းများအား နေ့စဉ်ကြားရန်မလိုဘဲ တစ်ကြိမ်ကြားရုံဖြင့် လုံလောက်၏။ မာနတ်ကျင့်ရာတွင် မူအစဦး မာနတ်ပေးခြင်း၊ ကြားကာလတွင် ဝတ်ချခြင်း၊ ပြန်လည်ဝတ်ဆောက်တည်ခြင်း၊ နေ့စဉ် ဝတ်ကြားခြင်းများ

ပြုလုပ်တိုင်း ရဟန်း (၄) ပါးပြည့်ရန်လို၏။ နေ့စဉ်ကြားရန်လည်း လို၏။ (ပရိဝါသ်နှင့်မာနတ် နှစ်မျိုးလုံးကို ဝတ်ဟုခေါ်နိုင်သည်။)

အဇ္ဈာန်သွင်းခြင်း

မာနတ် (၆) ရက်ကျင့်ပြီးသောအခါ ဒဏ်သားရဟန်းသည် အာပတ်မှစင်ကြယ်သော (ပကတတ်) ရဟန်းအဖြစ် ပြန်လည်အသိအမှတ် အပြုခံရရေးအတွက် သိမ်အတွင်း၌ အနည်းဆုံး သံဃာ (၂၀) စည်းဝေးစေ၍ မိမိအား သံဃာ့ဘောင်သို့ ပြန်လည်ခေါ်ဆောင်ပါရန်၊ ပကတတ်ရဟန်းအဖြစ် ထည့်သွင်းပေးပါရန် ရှိခိုးတောင်းပန် လျှောက်ထားရသည်။ ထိုအခါ သံဃာတော်က ဉ တ္တိစတုတ္ထကမ္မဝါစာကို ဖတ်၍ သံဃာ့ဘောင်သို့ ခေါ်ဆောင်ရသည်။ ဤသို့ ခေါ်ဆောင်လိုက်လျှင်ပင် ရဟန်းကောင်း (ပကတတ်ရဟန်း) အဖြစ်သို့ ပြန်လည်ရောက်ရှိလေသည်။

(အဇ္ဈာန် ▪ အဇ္ဈာန ▪ အဘိ + အဝှါန = အဘိ= အမြတ်တနိုး (ရှေးရှု) + အဝှါန ▪ ခေါ်ခြင်း။) (ကခ်ီ - ၁၄၈)

ကျန်အာပတ် (၅) မျိုး ကုစားနည်း

ပါဠိုဒေသနီနှင့်ပါစိတ်

ပါရာဇိက သံဃာဒိသေသ်တို့မှ တစ်ပါးသော ကျန်အာပတ် (၅) မျိုးအနက် ပါဠိုဒေသနီအာပတ်ကို သီးခြားဒေသနာ ပြောကြားခြင်းဖြင့် ကုစားရ၏။ "ဂါရယ့် အာဝုသော ဓမ္မံ အာပဇ္ဇိ အသပ္ပါယံ ပါဠိုဒေသနီယံ၊ တံ ပဋိဒေသေမိ" ဟု သီးခြားဒေသနာ ပြောကြားပုံ ယင်း သိက္ခာပုဒ် ပါဠိုတော်မှာ၌ တိုက်ရိုက်လာ၏။ ထိုသို့သီးခြားဒေသနာ ပြောကြားရခြင်းကြောင့်လည်း ပါဠိုဒေသနီ (ပါဠိုဒေသနီယ) ဟူသောအမည်ကို ရလေသည်။

ထုလ္လစ္စည်း၊ ပါစိတ်၊ ဒုက္ကဋ်၊ ဒုဗ္ဘာသီအာပတ် (၄) မျိုးကို သာမန်(ရိုးရာ) ဒေသနာကြားခြင်း (အာပတ်ဖြေခြင်း) မျိုးဖြင့် ကုစားနိုင်သည်။ သို့ရာတွင် ပါစိတ်အာပတ်၌ နိဿဂ္ဂိပါစိတ်၊ သုဒ္ဓပါစိတ်ဟု (၂) မျိုးရှိရာ နိဿဂ္ဂိပါစိတ်အတွက်ကား နိဿဂ္ဂိထိုက်သော ပစ္စည်းကို စွန့်ပြီးမှ ဒေသနာကြားရသည်။ (၀၊) ဒေသနာကြားရုံမျှဖြင့် မလုံလောက်ဘဲ နိဿဂ္ဂိထိုက်သော ပစ္စည်းကို စွန့်ဖို့လိုသေး၏။ (ဒေသနာကြားပုံ နောက်၌ ပြအံ့။)

နိဿဂ္ဂိပါစိတ်

နိဿဂ္ဂိပါစိတ် အာပတ်သင့်စေနိုင်သော သိက္ခာပုဒ် (၃၀) ရှိ၏။ ယင်းသိက္ခာပုဒ်များအရ နိဿဂ္ဂိပါစိတ်အာပတ်သင့်လျှင်ဒေသနာကြားရုံမျှဖြင့် မလုံလောက်ပေ။ နိဿဂ္ဂိဟူသည်နှင့်အညီ ခံယူထားမိသော ပစ္စည်းကို စွန့်သင့် စွန့်ထိုက်သောကြောင့် နိဿဂ္ဂိထိုက်သော ပစ္စည်းဟု ဆိုရသည်။ ယင်းနိဿဂ္ဂိထိုက်သော ပစ္စည်းကို ဝိနည်းကံနှင့်အညီ စွန့်ရသေး၏။ ထိုသို့ စွန့်ရခြင်းဟူသော ဝိနည်းကံ ရှေ့သွားရှိသောကြောင့်ပင် နိဿဂ္ဂိ (နိဿဂ္ဂိယ) ဟူသော အမည်ကို ရလေသည်။ နိဿဂ္ဂိသဘော သိရှိရန်နှင့် ရဟန်းတော်များ ရှောင်ရှားနှင့်စပ်လျဉ်း၍ လိုက်နာကျင့်သုံးနည်းကို သိရှိရန် နိဿဂ္ဂိသိက္ခာပုဒ် (၃၀) အနက် ရှောင်ခံယူမှုဆိုင်ရာ သိက္ခာပုဒ်ဖြင့် ပြဆိုအံ့။

ရှောင်ခံယူမှု

ရဟန်းသည် ရှောင်ကို မခံယူကောင်း၊ ခံယူလျှင် ရှုပိယသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ ရှောင်ကို ခံယူသည်ဆိုရာ၌ ကိုယ်ထိလက်ရောက်ခံယူခြင်း၊ မိမိ

အတွက် သူတစ်ပါးကို အယူခိုင်းခြင်း၊ တစ်နေရာရာ၌ အပ်နှံ လျှုဒါန်းအပ်သော ရွှေငွေကို ကိုယ်နှုတ်ဖြင့် မပယ်မြစ်ဘဲ သာယာခြင်းများ ပါဝင်ပေသည်။

ရဟန်း၏ အနီးအပါး မျက်မှောက်၌ ချထားလျက် "ဤရွှေငွေသည် အရှင်ဘုရားအတွက် ဖြစ်ပါသည်" ဟု လျှောက်ထား၍ လျှုအပ်သော ရွှေငွေ၊ မည်သည့်အရပ်မှာ (ဘဏ်တိုက်မှာစသည်)၊ သို့မဟုတ် မည်သူ့အထံမှာဟု အဝေးအရပ်ကို ညွှန်ပြလျက် "ထိုရွှေငွေသည် အရှင်ဘုရား အတွက်ဖြစ်ပါသည်၊ အရှင်ဘုရားအား လျှုဒါန်းပါ၏" ဟု လျှောက်ထား၍ လျှုအပ်သော ရွှေငွေ၊ ဤ (၂) မျိုးကို အပ်နှံ၍ လျှုအပ်သော ရွှေငွေဟုခေါ်၏။ ထိုကဲ့သို့ လျှုရာ၌ လက်ကာ ခေါင်းရမ်း၍ဖြစ်စေ၊ "ငါတို့မှာ ရွှေငွေမအပ်၊ ရွှေငွေကို ငါတို့ အလိုမရှိ"ဟု ပြော၍ ဖြစ်စေ ကိုယ်နှုတ် တစ်မျိုးမျိုးဖြင့် မပယ်မြစ်ဘဲ စိတ်ဖြင့် လက်ခံမှုကို "သာယာခြင်း"ဟု ဆိုရသည်။ ရဟန်းသည် ရွှေငွေကိုခံယူဖို့ မဆိုထားနှင့် ထိုသို့သာယာ ခွင့်ပင်မရှိပေ။ အကယ်၍ ခံယူမိ၊ သာယာမိလျှင် ထိုရွှေငွေများ နိဿဂ္ဂိထိုက်၍ ရဟန်းအား ပါစိတ်အာပတ်သင့်၏။

နိဿဂ္ဂိရွှေငွေကိုစွန့်ပုံ

ရွှေငွေကို ကိုယ်တိုင် ခံယူမိ၊ သူတစ်ပါးအား အယူခိုင်းမိ၊ သာယာမိသော ရဟန်းသည် သံဃာ့အလယ်၌

"အဟံ ဘန္တေ ရူပိယံ ပဋိဂ္ဂဟေသိံ၊ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ၊ ဣမာဟံ နိဿဇ္ဇာမိ"

ဟု ပါဠိလိုဖြစ်စေ၊

"အရှင် ဘုရား တပည့်တော်သည် ရွှေငွေကို ခံယူမိပါပြီ၊ နိဿဂ္ဂိ ထိုက်သော ဤရွှေငွေကို တပည့်တော် စွန့်ပါ၏"

ဟု မြန်မာလို ဖြစ်စေ ဆိုရ စွန့်ရသည်။ ယင်းသို့ စွန့်ပြီးနောက် ပါစိတ်အာပတ်ကို ဒေသနာကြားရသည်။

ဝိနည်းတော်၌ ရဟန်း ၄-ပါးနှင့် ၄-ပါးအထက်ကို "သံဃာ"ဟု လည်းကောင်း၊ ၂-ပါး၊ ၃-ပါးကို "ဂိုဏ်း" ဟု လည်းကောင်း၊ ၁-ပါးကို "ပုဂ္ဂိုလ်" ဟု လည်းကောင်း သတ်မှတ်သုံးနှုန်းလေ့ရှိ၏။ အခြားအခြားသော နိဿဂ္ဂိပစ္စည်းများကို သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်တို့ထံ ထိုက်သင့်သလို စွန့်နိုင်သော်လည်း ဤရွှေငွေ နိဿဂ္ဂိပစ္စည်းကိုကား သံဃာအထံ၌သာ စွန့်ခွင့်ရှိသည်။

ခံယူသူအတွက် အပြစ်အဆက်ဆက်

ထိုစွန့်ပြီး ရွှေငွေနှင့် ရွှေငွေမှ ဖြစ်ပေါ်လာသော ပစ္စည်းအရပ်ရပ်သည်ပင် ရွှေငွေခံယူသူ (နိဿဂ္ဂိအပြစ်သင့်သော) ရဟန်းအတွက် မအပ်စပ်တော့ပေ။ ယုတ်စွအဆုံး ထိုစွန့်ပြီး ရွှေငွေဖြင့် မျိုးစေ့ဝယ်၍ စိုက်ပျိုးထားအပ်သော သစ်ပင်၌သော်မှ ထိုရဟန်းသည် အရိပ်မခို ကောင်းချေ။ ထိုရွှေငွေ ဖြင့် ဝယ်ယူစိမ်ထားသော မီးရောင် (မီးခွက်၊ ဖယောင်းတိုင်၊ လျှပ်စစ်မီးအားလုံး) ၌သော်မှ ထိုရဟန်းသည် စာမကြည့် ကောင်းချေ။ သုံးစွဲလေတိုင်း ဒုက္ခဋ္ဌ အာပတ်သင့်၏။

စွန့်ရခြင်းအကျိုး

ရွှေငွေကို ခံယူမိသော ရဟန်းအတွက် ယင်းသို့ မအပ်စပ်၊ မသုံးစွဲကောင်းလျှင် စွန့်သဖြင့် မည်သို့ အကျိုးသက်ရောက်မှု ရှိသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား ကျန်သံယာတော်များအတွက် အကျိုးသက်ရောက်မှုရှိ၏ ဟူ၍ ဖြစ်သတည်း။ စွန့်ပြီးသောအခါ လူ တစ်ယောက်ယောက် လာလျှင် "ဤဟာကိုသိလော့" ဟုပြော၊ "ဤငွေဖြင့် ဘာကို

ယူခဲ့ရမည်နည်း" ဟု ထိုလူက လျှောက်လျှင် "ဤမည်သော ပစ္စည်းကို ယူခဲ့" ဟု မပြောဘဲ "မည်သည့်ပစ္စည်းတော့ သံယာမှာ အပ်တာပဲ" ဟု ပြောနိုင်၏။ ထိုသို့ပြော၍ ဝယ်လာလျှင် ထိုပစ္စည်းကို ရွှေဌေးခံယူမိသော ရဟန်းမှတစ်ပါး သံယာအားလုံး သုံးစွဲကောင်းသည်။ ဤသို့ မစွန့်လျှင် မည်သည့်ရဟန်းမျှ မအပ်စပ်၊ မသုံးစွဲနိုင်ဘဲ စွန့်လျှင် သံယာ့မျှားဌ္ဌ အပ်စပ်၊ သုံးစွဲခွင့်ရခြင်းသည် ရွှေဌေးကို စွန့်ရခြင်း၏ အကျိုးပင်တည်း။ (ကခ်ီ - ၁၇၅။)

၀
ကပ္ပိယကာရက

ရွှေဌေ ခံယူမှုနှင့်စပ်၍ အရပ်ရပ် ဖြစ်ပေါ်လာသော ပစ္စည်းများပင် မအပ်စပ်ဘဲ သုံးစွဲလေတိုင်း အပြစ်သင့်ရကား ဝိနည်းလေးစားသော ဆရာတော်များသည် ဤအပြစ်မျိုးမှ ကင်းလွတ်ရန် အထူးရှောင်ကြဉ်တော် မူလေ့ရှိကြသည်။ ယင်းအပြစ်မှ ကင်းလွတ်စေနိုင်သော နည်းကား ကပ္ပိယကာရကဖြင့် အပ်စပ်အောင် စီစဉ်ဆောင်ရွက်သည့် နည်းပင်ဖြစ်၏။ ရဟန်းတော်များအတွက် အပ်စပ်အောင် (အပြစ်မသင့်အောင်) ဝိနည်းတော်နှင့်အညီ ပြုလုပ်တတ်သူကို ကပ္ပိယ

ကာရကဟု ခေါ်၏။ ကာရက-ဖြုတ်၍ "ကပ္ပိယ"ဟုလည်း အတိုကောက် သုံးနှုန်းကြသည်။

အကပ္ပိယဝတ္ထုများ

ရွှေတုံးရွှေခဲ၊ ငွေတုံးငွေခဲ၊ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး၊ သုံးစွဲ၍ ရကောင်းသော ငွေကြေး (ပိုက်ဆံ) အမျိုးမျိုးကို နိဿဂ္ဂိယဝတ္ထုဟု ခေါ်၏။ ခံယူမိ၊ သာယာမိလျှင် နိဿဂ္ဂိပါစိတ် အပြစ်သင့်သော ဝတ္ထုဟု ဆိုလိုသည်။ ပုလဲ၊ ပတ္တမြားစသော ရတနာများနှင့် ကျောက်ကျွန် (အစေခံ) လယ်ယာ၊ ဥယျာဉ်များကို ဒုက္ကဋဝတ္ထုဟုခေါ်၏။ အလျှုံခံလျှင် ဒုက္ကဋ်အပြစ်သင့်သော ဝတ္ထုဟု ဆိုလိုသည်။ ရဟန်းတော်များအတွက် မအပ်စပ်သော ပစ္စည်းများဖြစ်၍ အဆိုပါ နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋ ဝတ္ထု နှစ်မျိုးလုံးကို "အကပ္ပိယဝတ္ထု"ဟု ဆိုရသည်။

ရဟန်းတော်သည် ယင်း နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋဝတ္ထု နှစ်မျိုးလုံးကိုပင် မိမိ၊ ဂိုဏ်း၊ သံဃာ၊ စေတီတို့အတွက် မိမိထံ အပ်နှံလျှုဒါန်းလာလျှင် လက်မခံဘဲ ပယ်မြစ်ရမည်သာ ဖြစ်၏။ ဤအခြေအနေမျိုးတွင် ကပ္ပိယကာရကသည် အလျှုရှင်နှင့် အလျှုခံ ရဟန်းတော်တို့ကြားခ္ဍ အပ်စပ်အောင် ဆက်သွယ်ဆောင်ရွက်ပေးနိုင်သော ကြားခံပုဂ္ဂိုလ်ဖြစ်၏။

ကပ္ပိယတစ်ကျိပ်

ရဟန်းညွှန်ပြအပ်သော ကပ္ပိယ (၄) ယောက်၊ တမန် (အလျှုရှင်၏ ကိုယ်စားလှယ်) သို့မဟုတ် အလျှုရှင်ကိုယ်တိုင် ညွှန်ပြအပ်သော ကပ္ပိယ (၄) ယောက်၊ မည်သူမျှ မညွှန်ပြအပ်သော ကပ္ပိယ (၂) ယောက်အားဖြင့် ကပ္ပိယ (၁၀) ယောက် (တစ်ကျိပ်)ရှိကြောင်း ဝိနည်းကျမ်းဂန်တို့၌ ဆို၏။

ရဟန်းညွှန်လေးယောက်

ရဟန်းညွှန်ပြအပ်သော ကပ္ပိယ (၄) ယောက်ဟူသည် ရဟန်း၏ အနီးအပါး မျက်မှောက်၌ ညွှန်ပြအပ်သော ကပ္ပိယ (၁) ယောက်၊ မျက်ကွယ်အဝေးလှမ်း၍ ညွှန်ပြအပ်သော ကပ္ပိယ (၃) ယောက်အားဖြင့် (၄) ယောက်တည်း။

ရဟန်းသည် မျက်မှောက် အနီးအပါးရှိသူ တစ်ယောက်ကို ကပ္ပိယအဖြစ် ညွှန်ပြ၏။ တမန် , အလျှုရှင်သည် ယင်းကပ္ပိယထံ ငွေကို အပ်နှံ၍ "ရဟန်းအလိုရှိရာ ဝယ်လျှုပါ" ဟု ပြောဆိုမှာထားသွား၏။ (ဤကား ရဟန်း၏ မျက်မှောက် အနီးညွှန် ကပ္ပိယတည်း။)

ရဟန်းညွှန်ပြအပ်သော အဝေးရှိ ကပ္ပိယထံသွား၍ တမန် , အလှူရှင်သည် အပ်နှံပြောပြပြီးနောက်

(၁) ရဟန်းထံ ပြန်လာပြီး "အရှင်ဘုရား ညွှန်ပြသူထံ ငွေကို အပ်နှံခဲ့ ပါသည်၊ အလိုရှိသောအခါ အပ်စပ်သော ပစ္စည်းကို အလှူခံတော်မူပါ" ဟု လျှောက်ထားခြင်း၊

(၂) ကိုယ်တိုင် ပြန်မလျှောက်နိုင်သဖြင့် တစ်ယောက်ယောက်ကို စေလွှတ် အလျှောက်ခိုင်းခြင်း၊

(၃) ရဟန်းညွှန်ပြသော အဝေးရှိ ကပ္ပိယ ထံ သွားခါနီးကပင် "အရှင်ဘုရား ညွှန်ပြသူထံ ငွေကို အပ်နှံခဲ့ပါမည်၊ အလိုရှိသောအခါ အပ်စပ်သော ပစ္စည်းကို အလှူခံတော်မူပါ"

-ဟု လျှောက်ထားသွားခြင်းအားဖြင့် လျှောက်ထားပုံ သုံးမျိုး ကွဲပြားမှုအရ အဝေးညွှန် ကပ္ပိယ (၃) ယောက် ဖြစ်သည်။ (ယခင် မျက်မှောက် အနီးညွှန် ကပ္ပိယနှင့် ပေါင်းလျှင် လေးယောက်တည်း။)

တမန်ညွှန်လေးယောက်

ကပ္ပိယ မရှိသောကြောင့် ဖြစ်စေ၊ ရှိသော်လည်း မညွှန်ပြလိုသောကြောင့်ဖြစ်စေ ရဟန်းအနေဖြင့် ကပ္ပိယ မညွှန်ပြသဖြင့် တမန် (သို့မဟုတ်) အလျှုရှင်ကိုယ်တိုင် ကပ္ပိယလုပ်မည့်သူကို ရှာ၍

(၁) ရဟန်းရှေ့မှာ အပ်နှံပြော ဆိုခြင်း၊

(၂) အဝေးမှာရှိသူထံ အပ်နှံ၍ ပြန်လျှောက်ခြင်း၊

(၃) စေလွှတ်၍ လျှောက်ခြင်း၊

(၄)သွားခါနီးကပင် ကြိုတင် လျှောက်သွားခြင်း

တို့တွင် တစ်မျိုးမျိုးဖြင့် စီစဉ်ဆောင်ရွက်လေ၏။ ဤသို့ဖြင့် ရှေ့နည်းအတိုင်း ကပ္ပိယ (၄) ယောက်ဖြစ်နိုင်၏။ (ဤ လေးယောက်မှာ တမန် (သို့မဟုတ်) အလျှုရှင်ညွှန် ကပ္ပိယ လေးယောက်တည်း။)

မည်သူမျှမညွှန် (၂) ယောက်

တမန် (သို့မဟုတ်) အလျှုရှင်က ကပ္ပိယရှိပါသလား ဟု လျှောက်သော်လည်း ရဟန်းက မညွှန်ပြဘဲနေသဖြင့် မျက်မှောက် အနီးအပါးရှိသူ တစ်ဦး တစ်ယောက်က

"ကျွန်တော့်ထံ အပ်ခဲ့ပါ၊ ကျွန်တော်ဝယ်ပြီ လှူလိုက်ပါမည်" ဟု ပြောလေသော် ထိုသူ့အထံ အပ်နှံသွား၏။ ထိုသို့ပင် အပ်နှံသွားသော်လည်း ရဟန်းအား လှူဖို့ရန် ထိုသူ့ကို မမှာခဲ့။ ထိုသူ့ထံ တောင်းဖို့ရန် ရဟန်းကိုလည်း မလျှောက်ခဲ့။ ရဟန်းရော ဒကာပါ မည်သူမျှ မည္ဆန်အပ်သူ ကပ္ပိယတစ်ယောက်ဖြစ်တော့၏။

တမန်, အလှူရှင်သည် ရဟန်း၏ ကွယ်ရာ၌ သင့်တော်သူ တစ်ယောက်ထံ ကပ္ပိယအဖြစ် အပ်နှံ၍ "ရဟန်းအား အလိုရှိရာ ပစ္စည်းလှူပါ" ဟု မှာထားသွား၏။ သို့သော် ရဟန်းကိုကား မလျှောက်ထားခဲ့။ ဤသူလည်း မည်သူမျှ မည္ဆန်အပ်သူ ကပ္ပိယပင်ဖြစ်၏။ ဤသို့လျှင် ရဟန်းကလည်း မည္ဆန်ပြုအပ်၊ တမန်, အလှူရှင်ကလည်း မည္ဆန်ပြုအပ်သော ကပ္ပိယ (၂) ယောက်ဖြစ်လေ၏။

ငွေနှင့်စပ်၍အချုပ်မှတ်ဖွယ်

ဖေါ်ပြပြီး နည်းမှန်လမ်းကျ ည္ဆန်ပြုအပ်သော ရဟန်း ည္ဆန်ကပ္ပိယ(၄)ယောက်၊ တမန်, အလှူရှင်ည္ဆန် ကပ္ပိယ (၄)

ယောက်တို့ထံ ရဟန်းသည် အလိုရှိသောအခါ အလိုရှိသည့် အပ်စပ်သောပစ္စည်းကို တောင်းခံနိုင်သည်။ ရဟန်းရောတမန် , အလှူရှင်ပါ မည်သူမျှ မညွှန်ပြအပ်သော ကပ္ပိယ (၂) ယောက်တို့ထံကား အမျိုးမတော်သူ (အညာတက)၊ ဖိတ်မန်မထားသူ (အပ္ပဝါရိတ) တို့နည်းတူ မတောင်းခံနိုင်ပေ။

အချုပ်အားဖြင့် ရှေ့ငွေစသော အကပ္ပိယဝတ္ထုများနှင့် စပ်လျဉ်း၍ အလှူရှင်နှင့် ရဟန်းသာမဏေတို့ တိုက်ရိုက်သာဟတ္ထိကမြောက် လှူဒါန်းမှု၊ လက်ခံမှု၊ အပေးအယူ မပြုလုပ်နိုင်ပေ။ ရဟန်း (သာမဏေ) နေ့ဖြင့် ကပ္ပိယ ညွှန်ပြ၍သော်လည်းကောင်း၊ အလှူရှင်အနေဖြင့် ကပ္ပိယညွှန်ပြ၍သော်လည်းကောင်း အသိပေးလျှောက်ကားမှုပြုပြီး တစ်ဆင့်ခံ ကပ္ပိယဖြင့်သာ အပေးအယူ ပြုလုပ်ကြရသော်၊ ငွေနှင့်စပ်၍ ရဟန်းသာမဏေများ အပြစ်မဖြစ်ရေးအတွက် အလှူရှင်များနှင့် ကပ္ပိယလုပ်သူများ နည်းမှန်လမ်းကျ ဆောင်ရွက်တတ်ရန် အရေးကြီးလှပေသည်။

အတုယူဖွယ်ကျင့်သုံးနည်း

ယခုခေတ်၌ ဝိနည်းကို အလေးဂရုပြုသော အချို့ကျောင်းတိုက်များတွင် ဝိနည်းထုံးစံကို ကြိုတင်၍ သင်ပြထားအပ်သော ကျောင်းသား ကပ္ပိယများ ရှိတတ်ကြ၏။ ထိုကျောင်းသား ကပ္ပိယများကား ငွေလာလျှ၍ ဆရာသမားကငွေကို အလျှုမခံ ပယ်လှန်သော်လည်းကောင်း၊ အလျှုလာသူကိုယ်တိုင်က နားလည်ပြီးဖြစ်၍ အပ်နှံသော်လည်းကောင်း၊ ထိုငွေကိုလက်ခံပြီးလျှင် "တပည့်တော်ထံ မည်မျှတန်သော အပ်စပ်သော ပစ္စည်းကို တောင်းတော်မူပါ။ လုံခြုံရာအရပ်ကိုလည်း ညွှန်ပြတော်မူပါ" ဟု လျှောက်ထားတတ်ကြသည်။ ထိုသို့လျှောက်သဖြင့် ထိုငွေနှင့် တန်သလောက် အ**ခွ**လိုရှိရာ အပ်စပ်သော ပစ္စည်းကို တောင်းကောင်းသည့်**အ**ပြင် ထိုငွေထားရန်လည်း မည်သည့်နေရာ၌ လုံခြုံသည်ဟု ပြောပြနိုင်သည်။ (ပါတိမောက်ဘာသာဋီကာ ၁၂၀။)

သတိပြုဖွယ် ဖိတ်မန်မှုများ

ထို့ပြင် ရဟန်း သာမဏေများသည် အထက်အောက် ဆွေ (၇) ဆက်၊ မျိုး (၇) ဆက် တော်စပ်သူ

ဆွေမျိုး (ဥာတိ)များနှင့် အလိုရှိသောအခါ တောင်းခံပါရန် ဖိတ်မန် ထားသူ (ပဝါရိတ) များထံလည်း အလိုရှိသောအခါ အပ်စပ်သော ပစ္စည်းကို တောင်းခံနိုင်ကြသည်။ ထိုသို့ ဥာတိပဝါရိတ မဟုတ်သူ ဒါယကာ၊ ဒါယိကာမတို့၌ထံကား မတောင်းခံနိုင်ကြပေ။ မိမိအတွက်သာမဟုတ်၊ သူတစ်ပါး အတွက် တောင်းခံခြင်း၊ ဆွမ်းဖိတ်ပေးခြင်း၊ ပစ္စည်းလေးပါး ဖိတ်ပေးခြင်း၊ ရဟန်းဒါယကာ၊ ရှင်ဒါယကာလုပ်ရန် တိုက်တွန်းခြင်းများလည်း မပြုလုပ်နိုင်ကြပေ။ အကယ်၍ ပြုလုပ်ပါက ပြုလုပ်သဖြင့် ရရှိလာသော ပစ္စည်းအရုပ်ရုပ်လည်း မအပ်စပ်သည် သာ။

ဆောင် - အပ္ပဝါရိ၊ အညာတိကို၊ မိမိတွက်တောင်း၊ သူတွက်တောင်းတည့်၊ သောင်းပြောင်းဟင်းဆွမ်း၊ ဖိတ်မန်ခန်းနှင့်၊ ရဟန်းဒကာ၊ ရှင်ဒကာဟု၊ လုပ်စေမှုစပ်၊ အရုပ်ရုပ်၊ မအပ်ဆက်ဆက်တည်း။

(ပါတိမောက်ဘာသာဋီကာ-၃၆၀)

ဒေသနာပြောကြားခြင်း

ဤမျှဖြင့် နိဿဂ္ဂိသိက္ခာပုဒ် (၃၀) မှ နိဿဂ္ဂိသဘောသိရှိရန်နှင့် လိုက်နာကျင့်သုံးနည်းကို သိရှိရန် ရွှေငွေခံယူမှုနှင့် စပ်ဆိုင်သည့် အကြောင်းအရာ (သိက္ခာပုဒ်) ဖြင့် ပြဆို ပြီးဖြစ်၏။ နိဿဂ္ဂိထိုက်သောရဟန်းသည် ပြဆိုခဲ့သည့် အတိုင်း ရွှေငွေအပါအဝင် နိဿဂ္ဂိထိုက်သော ပစ္စည်းများကို စွန့်ပြီးမှ ပါစိတ်အာပတ်အပြစ်ကို ဒေသနာကြားရ၏။

ယင်းနိဿဂ္ဂိပါစိတ်နှင့်တကွ ပါစိတ်အာပတ်၊ ထုလ္လစ္စည်းအာပတ်၊ ဒုက္ကဋ် အာပတ်၊ ဒုဗ္ဘာသိအာပတ် အပြစ်များ သင့်ရောက်သော ရဟန်းတော်များသည် ယင်းအပြစ်တို့မှ စင်ကြယ်ရန် ဖေါ်ပြမည့်အတိုင်း ဒေသနာပြောကြား (အာပတ်ဖြေ) ကြရ၏။ သံဃာဒိသေသ်အာပတ်သင့်သော ရဟန်းအတွက်လည်း အရုဏ်မတက်မီအတွင်း ဤကဲ့သို့ ဒေသနာပြောကြားခြင်းဖြင့် ညဉ့်ဖုံးလွှမ်းခြင်းမှ ကင်းလွတ်နိုင်သည်။ (၀၊) ညဉ့်ဖုံးလွှမ်းရာ မရောက်ပေ။

ရဟန်းငယ်က ပြောပုံ

ပြော - အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိ
ကရောမိ၊
(အရှင်ဘုရား တပည့်တော်သည် သင့်မိသမျှ
အာပတ်တို့ကို ထင်စွာပြုပါ၏။)

ခံ - သာဓု သာဓု (ကောင်းပြီ၊ ကောင်းပြီ)

ပြော - အဟံ ဘန္တေ သမ္မဟုလာ နာနာဝတ္ထုကာ သဗ္ဗာ
အာပတ္တိယော အာပဇ္ဇိံ တာ တုမ္ဘမူလေ
ပဋိဒေသေမိ၊
(အရှင်ဘုရား တပည့်တော်သည် များစွာသော
အမျိုးမျိုးဝတ္ထုရှိသော သင့်မိသမျှ အာပတ်တို့ကို
အရှင်ဘုရားတို့အထံ၌ ပြောပြပါ၏။)

ခံ - ပဿသိ အာဝုသော တာ အာပတ္တိယော ၊
(ငါ့ရှင် ထိုအာပတ်တို့ကို သင်ရှု၏လော)

ပြော - အာမ ဘန္တေ ပဿာမိ ၊
(မှန်ပါ၊ ရှုပါသည်ဘုရား)

ခံ - အာယတိ အာဝုသော သံဝရေယျာသိ၊
(ငါ့ရှင် နောင်အခါ စောင့်စည်းလော့)

ပြော - သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ၊
(အရှင်ဘုရား ကောင်းပါပြီ၊ ကောင်းစွာ စောင့်စည်းပါမည်။)

ခံ - သာဓု၊ သာဓု (ကောင်းပြီ၊ ကောင်းပြီ)

အမှာ။ ။ဒေသနာပြောသော ရဟန်းကို "ပြော" ဟုလည်းကောင်း၊ ပြောသည်ကို **လက်ခံသော** ရဟန်းကို "ခံ" ဟုလည်းကောင်း အတိုကောက်သုံးနှုန်းထားသည်။

ရဟန်းကြီးကပြောပုံ

ပြော - အဟံ အာဝုသော သဗ္ဗာ အာပတ္တိယော အာဝိ ကရောမိ၊
(ငါ့ရှင် ငါသည် သင့်မိသမျှ အာပတ်တို့ကို ထင်စွာပြုပါ၏။)

ခံ - သာဓု၊ သာဓု (ကောင်းပြီ၊ ကောင်းပြီ)

ပြော - အဟံ အာဝုသော သမ္မဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိ၊ တာ တုယ္ဘမ္ပိ လေ ပဋိဒေသေမိ၊
(ငါ့ရှင် ငါသည် မျိုးစုံသော အမျိုးမျိုးဝတ္ထု ရှိသော သင့်မိသမ္ဘ အာပတ်တို့ကို ငါ့ရှင်အထံ၌ ပြောပြပါ၏။)

ခံ - ပဿထ ဘန္တေ တာ အာပတ္တိယော၊
(အရှင်ဘုရား ထိုအာပတ်တို့ကို အရှင်ဘုရားတို့ ရှုကုန်၏လော)

ပြော - အာမ အာဝုသော ပဿာမိ၊
(မှန်ပါ၊ ရှုပါသည်၊ ငါ့ရှင်)

ခံ - အာယတိं ဘန္တေ သံဝရေယ္ယာထ၊
(အရှင်ဘုရား နောင်အခါ စောင့်စည်းကုန်လော.)

ပြော - သာဓု သုဋ္ဌု အာဝုသော သံဝရိဿာမိ၊
(ငါ့ရှင် ကောင်းပါပြီ၊ ကောင်းစွာ စောင့်စည်းပါမည်။)

ခံ - သာဓု၊ သာဓု (ကောင်းပြီ၊ ကောင်းပြီ)

ရဟန်းငယ်က ထပ်ပြောပုံ

ဤရဟန်းငယ်က ထပ်ပြောပုံမှာ ပထမပြောပုံတွင် ပြော- အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိ ကရောမိ၊ ခံ- သာဓု၊ သာဓု ဟူသော (ပြော၊ ခံ) တစ်စုံချန်၍ ကျန်သမျှ ဆိုရုံသာ။ ထို့ကြောင့် အဟံ ဘန္တေ သမ္မဟုလာမှစ၍ ပထမ ပြောနည်း၊ ခံနည်းအတိုင်း ပြောရဆိုရသည်။

ရှင်းပြဦးအံ့၊ ရဟန်းငယ်က ထပ်ပြောရာ၌ **အဟံ** ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိ ကရောမိ-ဟူသော **ဝါကျ** မပါခြင်းမှာ ထိုဝါကျက ဂရုက (သံဃာဒိသေသ်) အာပတ်ကို ထင်စွာပြုသော ဝါကျဖြစ်၍ ထိုဂရုကအာပတ်အတွက် ပထမအကြိမ် ပြောရုံမျှဖြင့် ညဉ့်မဖုံးလွှမ်းခြင်းကိစ္စ ပြီးသော ကြောင့်ဖြစ်သည်။ အဟံ ဘန္တေ သမ္မဟုလာမှစ၍ ထပ်ပြော ဆိုရခြင်းကား သဘာဂအာပတ်ရှိသူချင်း ဒေသနာ ပြောမိ လျှင် ဒုက္ကဋ်အာပတ် ထပ်သင့်သဖြင့် ထိုဒုက္ကဋ်အာပတ် ပြေပျောက်ရန်ဖြစ်သည်။

သဘာဝအာဟာတ်ကြောင့် ထပ်ပြောရ

ရဟန်းနှစ်ပါး ညစာစားမိ၍ ဝိကာလဘောဇနသိက္ခာပုဒ်အရ ပါစိတ်အာပတ် သင့်ကြရာ၌ ထိုအာပတ်သည် ညစာစားခြင်းဟူသော သဘောတူ ဝတ္ထုကြောင့် သင့်ရကား သဘာဝအာပတ်မည်၏။ ထိုကဲ့သို့ သဘာဝအာပတ်ရှိသူချင်း ဒေသနာပြော၊ ဒေသနာခံလျှင် ပြောသူခံသူ နှစ်ပါးလုံးပင် ဒုက္ကဋ်အာပတ် တစ်ချက်စီ ထပ်သင့်၏။ သို့သော် ထိုထပ်သင့်သော ဒုက္ကဋ်အာပတ်သည် ပြောခြင်းဝတ္ထုကြောင့် တစ်ပါးမှာသင့်၍ ခံခြင်းဝတ္ထုကြောင့် အခြားတစ်ပါးမှာ သင့်ရကား သဘာဝအာပတ် မဟုတ်တော့ချေ။

(ကခ၊ ၉၂။)

ထို့ကြောင့် ပထမအကြိမ် ရဟန်းငယ်က ဒေသနာပြောရာ၌ သဘာဝအာပတ်ရှိသူချင်း ပြောမိသော် နှစ်ပါးလုံး ဒုက္ကဋ်အာပတ် တစ်ချက်စီ ထပ်သင့်၏။ ဒုတိယအကြိမ် ရဟန်းကြီးက ပြောရာ၌ ၎င်းမှာ ရှေးက သင့်ထားသော အာပတ်များနှင့်တကွ ထို ထပ်သင့်သော ဒုက္ကဋ်အာပတ်ပါ ပြေပျောက်လေပြီ။ ရဟန်းငယ်မှာကား ထိုထပ်သင့်သော ဒုက္ကဋ်အာပတ်တစ်ချက် ကျန်နေသေးသဖြင့် ယင်းကျန်နေ

သော အာပတ် ပြေပျောက်ရန် တတိယအကြိမ် ဒေသနာ ပြောရခြင်း ဖြစ်သည်။ အကယ်၍ သဘာဂအာပတ်မရှိကြ ဟု အတိအကျ သိခဲ့လျှင်ကား တတိယအကြိမ် ထပ်ပြော ဖွယ်မလို။ (ပါတိမောက်ဘာသာဋီကာ- ၄၆၇။)

၂၂၇-သွယ် သိက္ခာပုဒ်

၂၂၇ - သွယ်သရုပ်

ပါရာဇိက သိက္ခာပုဒ် (၄) ပါးကို အတော်အသင့် ပြည့်ပြည့်စုံစုံဖြင့်လည်းကောင်း၊ သံဃာဒိသေသ် သိက္ခာပုဒ် (၁၃) ပါးကို အကျဉ်းနည်းဖြင့် လည်းကောင်း၊ နိဿဂ္ဂိသိက္ခာ ပုဒ် (၃၀) ကို အမြွက်မျှဖြင့်လည်းကောင်း ပြဆိုခဲ့ပြီ။ ကျန် သိက္ခာပုဒ်များကို ကျယ်ဝန်းမည်စိုး၍ မပြတော့ပေ။ အထူး သဖြင့် ယင်းသိက္ခာပုဒ်များကြောင့် သင့်ရောက်သော အာပတ် (အပြစ်)များ ကုစားနည်း၊ ဖြေဖျောက်နည်းများကိုသာ ဦးတည်ရေးသားခဲ့သည်။ ယင်းသိက္ခာပုဒ်များသည် အချုပ် အားဖြင့် အောက်ပါအတိုင်း (၂၂၇) ပါးရှိ၏-

၁။	ပါရာဇိက	(သိက္ခာပုဒ်)	၄ - ပါး
၂။	သံဃာဒိသေသ်	(သိက္ခာပုဒ်)	၁၃ - ပါး
၃။	အနိယတ	(သိက္ခာပုဒ်)	၂ - ပါး
၄။	နိဿဂ္ဂိယပါစိတ်	(သိက္ခာပုဒ်)	၃၀ - ပါး
၅။	သုဒ္ဓပါစိတ်	(သိက္ခာပုဒ်)	၉၂ - ပါး
၆။	ပါဋိဒေသနီ	(သိက္ခာပုဒ်)	၄ - ပါး
၇။	သေခိယ	(သိက္ခာပုဒ်)	၇၅ - ပါး
၈။	သမထ	(သိက္ခာပုဒ်)	၇ - ပါး
			---
			၂၂၇ - ပါး

အနိယတ သေခိယနှင့်သမထ

အနိယတသိက္ခာပုဒ် (၂) ပါးတို့သည် အာပတ်ဖြင့် စွပ်စွဲရာ၌ ပါရာဇိက၊ သံဃာဒိသေသ်၊ ပါစိတ်အာပတ် တစ်ခုခု သင့်ကြောင်း ဆုံးဖြတ်နည်းကို ပြသော သိက္ခာပုဒ်များ ဖြစ်သည်။ သေခိယသိက္ခာပုဒ် ၇၅-ပါးကို ကျူးလွန်လျှင် ရဟန်းမှာ ဒုက္ခဉ်၊ ဒုဿီ အာပတ်များ သင့်၍ သာမဏေမှာ ဒဏ်သင့်၏။ သမထသိက္ခာပုဒ် (၇) ပါးတို့သည် အာပတ်

သင့်ခြင်း၊ အာပတ်ဖြင့် စွပ်စွဲခြင်း စသော **အဓိကရုဏ်းမှုခင်း**များ ဖြစ်ပွားရာ၌ ပြေငြိမ်းနည်းကိုပြသော **သိက္ခာပုဒ်**များ ဖြစ်သည်။

လူဝတ်ဖြင့်နေသော်လည်း ရဟန်းပင်

ရဟန်းခံခန်း၌ ပြဆိုခဲ့သည့်အတိုင်း **အစီအစဉ်**တကျ နည်းမှန်လမ်းကျ ရဟန်းဖြစ်လာသူ **ရဟန်းတော်**သည် ဖေါ်ပြပြီး သိက္ခာပုဒ် ၂၂၇-သွယ်အနက် **ပါရာဇိက** သိက္ခာပုဒ် (၄) ပါးတွင် တစ်ပါးပါးကို မလွန်ကျူးသမျှ **ရဟန်း**စစ်ပင်ဖြစ်၏။ ယင်းသိက္ခာပုဒ် (၄) ပါးမှတစ်ပါး ကျန်သိက္ခာပုဒ်များ (ပြစ်မှုများ) မှာ ရဟန်းအဖြစ်မှ ရွှေ့လျောစေနိုင်သော (ပါရာဇိကကျသော) သိက္ခာပုဒ်များ (ပြစ်မှုများ) မဟုတ်ကြပေ။

ထို့ကြောင့် ရဟန်းတစ်ပါးသည် ပြစ်မှုအရ ထောင်ကျ၍ ထောင်တွင်း၌ လူဝတ်ဖြင့် နေရစေဦးတော့ ယင်းပြစ်မှုသည် ပါရာဇိကကျသော ပြစ်မှုမျိုး မဟုတ်ပါက ထောင်တွင်း၌လည်း ပါရာဇိကကျသော ပြစ်မှုမျိုးကို မလွန်

ကျွန်ုပ်ကတော့ ရဟန်းစစ်ပင်ဖြစ်၍ ထောင်မှလွတ်သောအ့ခါ သံယာ့အဖွဲ့အစည်း အဆင့်ဆင့်က ခွင့်ပြုလျှင် ထပ်မံရဟန်းခံဖွယ်မလိုဘဲ ပြန်လည်သက်နှီးဝတ်ကာ ရဟန်းအဖြစ်ကို ရနိုင်ပေသည်။

သိက္ခာချခြင်း

အဂ်ါခြောက်ပါး

ရဟန်းဘဝမှ လူ့ဘဝ ပြောင်းလဲလိုပါက နည်းမှန်လမ်းကျ သိက္ခာချဖို့လို၏။ သိက္ခာချခြင်း ဟူသည်မှာ ရဟန်းသီလကို ကျင့်သုံးနိုင်ခြင်း မရှိတော့ပါကြောင်း၊ မကျင့်သုံးလိုတော့ပါကြောင်း ဖွင့်ဟ ပြောကြားခြင်းပင်ဖြစ်၏။ သိက္ခာချရာ၌ ဖြေပြါ အဂ်ါ (၆)ချက်နှင့် ပြည့်စုံရ၏-

၁။ အမှန်တကယ်ရဟန်းဘဝမှ ရွှေ့လျှောလိုစိတ် (လူထွက်စိတ်) ရှိခြင်း (စိတ်)

၂။ သတ်မှတ်ထားသည့် သိက္ခာချ စကားလုံးမှန်ကန်ခြင်း (ဧတ်)

၃။ ပစ္စုပ္ပန်ကာလဖြင့် ပြောဆိုခြင်း (ကာလ)

၄။ နှုတ်မြွက်ပြောဆိုခြင်း (ပယောဂ)

၅။ ထိုပြောဆိုသောစကားကို နားထောင်သူသည် လူသား စစ်စစ်ဖြစ်ခြင်း (ပုဂ္ဂလ)
၆။ ထိုနားထောင်သူသည် ချက်ချင်းနားလည်ခြင်း (ဝိဇာနန)

အဂ်ါစုံမှသိကၠာကျ

စိတ် - အမှန်တကယ် လူထွက်လိုသော စိတ်ပါမှ သိကၠာချသည်။ စိတ်မပါဘဲ ပျက်ရယ်ပြုသောအားဖြင့် ပြောင်လှောင်ချလျှင် မကျချေ။

ခေတ်- ဗုဒ္ဓံ ပစ္စက္ခာမိ = ဘုရားကိုစွန့်ပါ၏။ (ဓမ္မံ၊ သံဃံ-နည်းတူ)၊ သိက္ခံ ပစ္စက္ခာမိ = ရဟန်းသိက္ခာကို စွန့်ပါ၏ စသော စကားလုံး (၁၄) လုံး၊ ဂိဟီတိ မံ ဓာရေဟိ= အကျွန်ုပ်ကို လူဝတ်ကြောင်ဟူ၍ မှတ်ပါလော့၊ ဥပါသကောတိ မံ ဓာရေဟိ= အကျွန်ုပ်ကို ဥပါသကာဟူ၍ မှတ်ပါလော့ စသော စကားလုံး (၈)လုံး၊ အလံ မေ ဗုဒ္ဓေန ဂဲ့မှာ ဘုရားဖြင့် အကျိုးမရှိ စသော စကားလုံး (၄) လုံး၊ ပေါင်း (၂၆) လုံးသော စကားလုံးတို့တွင် တစ်မျိုးမျိုးဖြင့် ချရ၏။ ပါဠိဘာသာဖြင့် လည်းကောင်း၊ အခြား နားလည်ရာ ဘာသာ

ဖြင့် လည်းကောင်း ချနိုင်သည်။ (ထိုစကားလုံး ၂၆-မျိုးကို သိက္ခာချ ခေတ်ဟု ဆိုသည်)။

ကာလ- ဘုရားကို စွန့်ခဲ့ပြီဟု အတိတ်ကာလဖြင့် လည်းကောင်း၊ ဘုရားကို စွန့်တော့မည်ဟု အနာဂတ်ကာလ ဖြင့်လည်းကောင်း ပြောဆိုလျှင် သိက္ခာမက္ခ။ "စွန့်ပါ၏"ဟု ပစ္စုပ္ပန်ကာလဖြင့် လည်းကောင်း၊ ငါ့မှာ ဘုရားဖြင့် အကျိုး မရှိ စသော ကာလကို မသုံးသပ်သည့် စကားမျိုးဖြင့် လည်းကောင်း ပြောဆိုမှသာ သိက္ခာကျသည်။

ပယောဂ - နှုတ်မြွက် ပြောဆိုခြင်းဟူသော ဝစီ ပယောဂဖြင့်ဆိုမှ သိက္ခာကျသည်။ စာရေးရ၍ ဖြစ်စေ၊ ကိုယ် အမူအရာပြ၍ဖြစ်စေ ချလျှင် မကျချေ။

ပုဂ္ဂလ - သိက္ခာချသောပုဂ္ဂိုလ်၊ သိက္ခာချသည်ကို နားထောင်သော ပုဂ္ဂိုလ် နှစ်ဦးလုံးပင် အရူး၊ စိတ်ပျံ့လွင့်သူ၊ ရောဂါဒဏ် ပြင်းစွာ ခံနေရသူများ မဖြစ်ရ။ လူသားစင်စစ် ဖြစ်သူ လူကောင်းသူကောင်း ဖြစ်ရ၏။ ယောက်ျား၊ မိန်းမ၊ ရဟန်း၊ သာမဏေတို့တွင် မည်သူထံ၌မဆို ချနိုင်သည်။

ဝိဇာနန - ဗုဒ္ဓ ပစ္စက္ခာမိ-စသည်ဖြင့် ဆိုပြီးသည်နှင့် တပြိုင်နက် နားထောင်သူအနေဖြင့် "ဤသူ လူထွက်လိုပါ

လား" ဟု ချက်ချင်းနားလည်မှု သိကွာချသည်။ ဖြည်းဖြည်း စဉ်းစားပြီးမှ တစ်ဦးတစ်ယောက်က ရှင်းပြမှ နားလည်လျှင် သိကွာမကျချေ။ (ကခ်ီ- ၁၀၇။)

သိကွာမကျလျှင် ပါရာဇိကကျတတ်

ဤဖေါ်ပြပြီး အဂ်ါရပ်များနှင့် ညီညွတ်ပြည့်စုံမှ သိကွာကျသည်ဖြစ်ရာ ဝိနည်းနားလည်သူ အထံ၌သာ သိကွာချသင့်၏။ ဝိနည်း နားမလည်သူထံ၌ ချလိုလျှင်လည်း သိကွာချခြင်း၏ သဘောတရားကို ကြိုတင်ရှင်းလင်းပြော ပြပြီးမှ ချသင့်သည်။ ထို့ပြင် ပါဠိမတတ်သူအထံ၌ ပါဠိ ဘာသာဖြင့် သိကွာချလျှင်သော် လည်းကောင်း၊ မြန်မာ စကားမတတ်သူထံ၌ မြန်မာဘာသာဖြင့် သိကွာချလျှင်သော် လည်းကောင်း နားလည်မည် မဟုတ်၍ သိကွာမကျချေ။

ဒုလ္လဘရဟန်းခံသူများ လူထွက်ရာ၌ သိကွာကျ အောင် ချဖို့အရေးကြီးလှ၏။ သိကွာမကျဘဲ လူဝတ်လဲပြီး အိမ်ပြန်ရောက်သောအခါ မိန်းမနှင့်အတူအိပ်ပါက ပါရာဇိက ကျနိုင်ပေသည်။ သက်နိုးဝတ်ဖြင့် ရှိစဉ်က ပါရာဇိကမကျဘဲ ပုဆိုးပြန်ဝတ်ခါမှ ပါရာဇိကကျမည်ကို သတိမူအပ်သည့်

အပြင် ပါရာဇိကကျပါက ဤဘဝ တစ်သက်တာ မည်သည့် အခါမျှ ရဟန်းဘဝ မရနိုင်ဆိုသည်ကိုလည်း အထူးသတိမူ အပ်ပေသည်။

ပရိသုဒ္ဓပြုခြင်း

ပါရာဇိကကျသော ရဟန်း၏ လူသာမဏေအဖြစ် ပြောင်းလဲခြင်းသည်ပင် ပါရာဇိကအာပတ်ကို ကုစားခြင်း မည်ကြောင်း ရှေ့၌ရေးခဲ့ပြီ၊ ထိုကဲ့သို့ မိမိ၏ ပါရာဇိကအပြစ်ကို ဝန်ခံ၍ လူဝတ်လဲခြင်း၊ ရှင်သာမဏေအဖြစ် ပြောင်းလဲခြင်းကိုပင် "ပရိသုဒ္ဓပြုသည်"ဟုလည်း ဆိုရသည်။ ထိုသို့ ဝန်ခံပြောင်းလဲမှု မပြုလုပ်ပါက ထေခိုး လိုင်ခိုးအပြစ် အမျိုးမျိုးကို ထပ်မံကျူးလွန်လျက် ရှိနေသဖြင့် ပါရာဇိကကျပြီးဖြစ်လျက် သက်နှံးဝတ်ဖြင့် ဆက်လက်နေသူသည် သံသရာအတွက် အလွန်နစ်မွန်းဖွယ်ရှိပေသည်။

ထေနက (၃) မျိုး

ထေခိုးခြင်း

ရဟန်းအချင်းချင်း အတူတကွ သိမ်အတွင်း ပါတိမောက်ကို ကြားနာခြင်း (ဥပုသ်ပြုခြင်း)၊ သံယာနှင့် စပ်ဆိုင်သော အမှုကိစ္စ (ကံကြီးကံငယ်များ) ကို သိမ်အတွင်း၌ အတူ တကွ ဆောင်ရွက်ခြင်း၊ ဝါငယ်သူ၏ ရှိခိုးကန်တော့မှုကို ခံယူခြင်းတို့ကို ရဟန်းတော်များ၏ ပေါင်းသင်းဆက်ဆံရေး (သံဝါသ) ဟု ခေါ်၏။ ရဟန်းမဟုတ်ဘဲ ယင်းပေါင်းသင်းဆက်ဆံရေးများကို ပြုလုပ်လျှင် ထေခိုး (သံဝါသခိုး) ခြင်းမည်၏။ (သံဝါသတ္ထေနက=ပေါင်းသင်းဆက်ဆံရေးခိုးသူ။)

ပါရာဇိကကျပြီးသော ရဟန်းသည် မိမိရဟန်း မဟုတ်တော့ကြောင်း ဖွင့်ဟဝန်ခံခြင်းမပြုဘဲ ရဟန်းအသွင်ဖြင့် ဆက်လက်နေထိုင်ကာ ဆိုခဲ့ပြီးအတိုင်း ရဟန်းကောင်းတို့နှင့် ဆက်ဆံရေးများ ပြုလုပ်၏။ ယင်းသို့ ပေါင်းသင်းဆက်ဆံခြင်းဖြင့် ရဟန်းကောင်းတို့သာ ရရှိနိုင်သည့် အခွင့်အရေးဖြစ်သော ပေါင်းသင်းဆက်ဆံရေး (သံဝါသ) ကို ခိုးယူခြင်းဖြစ်သောကြောင့် ထေခိုး (သံဝါသခိုး) သူမည်၏။

လိုင်ခိုးခြင်း

လူတစ်ယောက်သည် မိမိဘာသာ သက်နှံးဝတ်ခွင့်မရှိ။ မိမိဘာသာ သက်နှံးဝတ်၍ ရှင်သာမဏေ အယောင်ဆောင်ခြင်း၊ ရဟန်းအယောင်ဆောင်ခြင်း ပြုလုပ်လျှင် အသွင်ခိုးယူမှု လိုင်ခိုးခြင်းမည်၏။ (လိုဂ်ဘွေနက=အသွင်ခိုးသူ။)

ပါရာဇိကကျပြီးသော ရဟန်းသည် သက်နှံးကို မချွတ်သေးသမျှ လိုင်ခိုး မမည်သေးချေ။ ဥပဇ္ဈာယ်ဆရာက ဝတ်ခွင့်ပြုထားသော သက်နှံးကို ဆက်လက်ဝတ်နေသောကြောင့် ဖြစ်သည်။ သက်နှံးချွတ်ပြီး (လူဝတ်လဲပြီး) ဒုက္ခ တစ်ဖန်ပြန်၍ မိမိဘာသာသက်နှံးဝတ်လျှင်ကား လိုင်ခိုးဖြစ်တော့၏။

ထေခိုးလိုင်ခိုးခြင်း

ရဟန်းတို့၏ ပေါင်းသင်းဆက်ဆံရေးနှင့် ရဟန်းအယောင်ဆောင်ခြင်း နှစ်မျိုးကို ပြုလုပ်သူသည် ထေခိုးလိုင်ခိုးမည်၏။ (ဥဘယဘွေနက=ပေါင်းသင်း ဆက်ဆံရေးနှင့် အသွင်ခိုးသူ။)

ပါရာဇိကကျပြီးသော ရဟန်းသည် ဖေါ်ပြခဲ့ပြီး အတိုင်း ရဟန်းတို့၏ ပေါင်းသင်းဆက်ဆံရေးနှင့် ရဟန်း အယောင်ဆောင်ခြင်း နှစ်မျိုးလုံးကို ပြုလုပ်လျှင် ထေခိုး လိုင်ခိုးသူ မည်၏။ ထေခိုးဖြစ်စေ၊ လိုင်ခိုးဖြစ်စေ ကျူးလွန်သူသည် ရဟန်းမဖြစ်နိုင်ရုံမျှမက သာမဏေမျှပင် ဖြစ်ခွင့်မရှိတော့ချေ။

ကြီးမားသော သသနာ့အန္တရာယ်

ပါရာဇိကကျပြီးသော ရဟန်းသည် ရဟန်းကောင်းတို့ မပေါင်းသင်းထိုက်သော ပုဂ္ဂိုလ်ဖြစ်၍ သံဃ ၏ ကြီးကံငယ်တို့၌ ပါဝင်ဆောင်ရွက်ခွင့်မရှိသော ပုဂ္ဂိုလ် ဟု သည်။ ယင်းသို့ဖြစ်လျက် သံဃာ့ကံကြီးကံငယ် ကိစ္စတို့၌ ပါဝင်ဆောင်ရွက်ပါက သာသနာတော်အတွက် အန္တရာယ်ကြီးမားလှပေသည်။

ရဟန်းမဖြစ်ခြင်း

သံဃာတော်များ ကံကြီးကံငယ်ကိစ္စ ဆောင်ရွက်ရာ၌ သတ်မှတ်ထားသည့် အရေအတွက် ပြည့်မီစေရန် ပါရာ

ဇိုကကျပြီးသော ရဟန်းကို ထည့်သွင်းရေတွက်၍ ဆောင်ရွက်လျှင် ယင်းကံ မအောင်မြင်တော့ချေ။ ဥပမာ- ရဟန်းခံကိစ္စအတွက် သံဃာ (၅) ပါး သတ်မှတ်ထားရာ ရဟန်းခံပွဲတစ်ခုဌ ပါရာဇိကကျသည့် ရဟန်းကိုပါ ထည့်သွင်းရေတွက်မှ (၅) ပါး အတိအကျ ဖြစ်နေသည်။ ယင်းအခြေအနေတွင် အခြားရဟန်းကောင်း အပိုမပါဘဲ ရဟန်းခံလျှင် ယင်းရဟန်းခံပွဲ မအောင်မြင်၊ ရဟန်းလောင်းလည်း ရဟန်းမဖြစ်ချေ။

ထိုကဲ့သို့ ရဟန်းမဖြစ်သူပါဝင်၍ လည်းကောင်း၊ ပါရာဇိကကျသူပါဝင်၍ လည်းကောင်း အဆက်ဆက် ရဟန်းခံပေးရာတို့ဌလည်း ယင်းရဟန်းမဖြစ်သူနှင့် ပါရာဇိကကျသူများကို ထည့်သွင်းပါမှ (၅) ပါးဖြစ်ပြီး ရဟန်းကောင်း အပိုမပါဘဲ ရဟန်းခံခဲ့လျှင် ထိုရဟန်းခံပွဲ အဆက်ဆက်လည်း မအောင်မြင်၊ ရဟန်းလောင်းများလည်း ရဟန်းမဖြစ်ကြ။

ဤသို့လျှင် ပါရာဇိကကျသူသည် သာသနာတော်ဌ ရဟန်းမဟုတ်သူများကို ဖြစ်ပေါ်တိုးပွားစေနိုင်သဖြင့် သာသနာတော်အား အန္တရာယ်ပြုသူဖြစ်ပေသည်။ ထို့အတူ အခြားဥပုသ်ပြုခြင်း၊ ပဝါရဏာပြုခြင်း၊ ကထိန်ခင်းခြင်း၊ သိမ်သမုတ်ခြင်း စသော သံဃာ့ကံကြီး ကံငယ်ကိစ္စများဌ

လည်း ပါရာဇိကကျသူ၏ အန္တရာယ်ပြုတတ်ပုံကို ချဲ့ထွင်သိကြပါလေ။

သိမ်မအောင်ခြင်း

သိမ်နှုတ်၊ သိမ်သမှုတ် ကိစ္စတို့၌ အနည်းဆုံး ရဟန်းကောင်း (၄) ပါး ပါဝင်ဆောင်ရွက်မှ သိမ်အောင်မြင်သည်ဟု သတ်မှတ်ချက်ရှိ၏။ ယင်းသတ်မှတ်ချက်အတိုင်း (၄) ပါးဖြင့် ဆောင်ရွက်သော သိမ်သမှုတ်ပွဲတစ်ခု၌ ပါရာဇိကကျသူ ပါဝင်နေပြီး သိမ်နှုတ်လျှင်သော်လည်းကောင်း၊ သိမ်သမှုတ်လျှင်သော်လည်းကောင်း ယင်းသိမ် မအောင်မြင်ပေ။

ယင်းသို့ အစကပင် မအောင်မြင်ခဲ့သော သိမ်ထဲ၌ ဆောင်ရွက်သည့် ရဟန်းခံခြင်း၊ ဥပုသ်ပြုခြင်း၊ ပဝါရဏာပြုခြင်း၊ ကထိန်ခင်းခြင်းစသည့် ကံကြီး ကံငယ်ကိစ္စများလည်း မအောင်မြင်တော့ချေ။ ထို့ကြောင့် ပါရာဇိကကျနေသော ရဟန်းများ သာသနာတော်၌ ရှိနေခြင်းဖြင့် သာသနာတော်အတွက် မည်မျှ အန္တရာယ်ကြီးမားလှသည်ကို အထူးသတိပြုသင့်ကြပေသည်။

သာမဏေများပြစ်ဒဏ်

ပြစ်ဒဏ် (၂) မျိုး

ရဟန်းတော်များမှာ ဝိနည်းသိက္ခာပုဒ်များကို ကျူးလွန်ခြင်းကြောင့် သင့်ရောက်သော ပြစ်ဒဏ် (၇) မျိုးရှိသော်လည်း သာမဏေများမှာကား လိင်ကျခြင်း၊ ဒဏ်ထိုက်ခြင်းဟူ၍ ပြစ်ဒဏ် (၂) မျိုးသာ ရှိလေသည်။

လိင်ကျခြင်း

ရှင်သာမဏေ၏ အသွင်ကို ပါဠိလို "လိင်" ဟု ခေါ်၏။ သူ့အသက်သတ်ခြင်း စသော ပြစ်မှု (၁၀) မျိုးတွင် တစ်မျိုးမျိုးကျူးလွန်သော သာမဏေသည် ထိုရှင်သာမဏေ၏ အသွင်ဖြင့် (သက်နိုး၀တ်ဖြင့်) နေခွင့်မရှိ။ ရှင်သာမဏေ၏ အသွင်ကို ဖျက်၍ လူ၀တ်လဲပေးရသည်။ ထိုသို့ လူ၀တ်လဲရလောက်အောင် ပြစ်မှုကျူးလွန်မိခြင်းကို "လိင်ကျသည်" ဟု ခေါ်၏။

ပြစ်မှု (၁၀) မျိုး

၁။	ပါဏာတိပါတ	=	သူ့အသက်သတ်ခြင်း၊
၂။	အဒိန္နာဒါန	=	သူ့ဥစ္စာခိုးခြင်း၊
၃။	အဗြဟ္မစရိယ	=	မေထုန်ကျင့်ခြင်း၊
၄။	မုသာဝါဒ	=	မုသားပြောခြင်း၊
၅။	သုရာမေရယ	=	သေရည်အရက်သောက်ခြင်း၊ (မူးယစ်ဆေးဝါးသုံးစွဲခြင်း)
၆။	ဗုဒ္ဓဿ အဝဏ္ဏ-ဘာသန	=	ဘုရားရှင်အား အပြစ်ပြောခြင်း၊ (ဘုရားမဟုတ်ဘူး၊ အလုံးစုံကို မသိနိုင်ဘူးစသည်ဖြင့် ပြောခြင်း
၇။	ဓမ္မဿ အဝဏ္ဏ-ဘာသန	=	တရားတော်အား အပြစ်ပြောခြင်း၊ (ဤတရားအတိုင်း ကျင့်လို့ ဝဋ်ဆင်းရဲမှ မလွတ်နိုင်သူစသည်ဖြင့်ပြောခြင်း)
၈။	သံဃဿ အဝဏ္ဏ-ဘာသန	=	သံဃာတော်အား အပြစ်ပြောခြင်း၊ (အရိယာသံဃာတော်ကို ကောင်းမွန်စွာ ကျင့်သူ

		မဟုတ်ဖူး စသည်ဖြင့် ထိခိုက်ပြောခြင်း။)
၉။ မိစ္ဆာဒိဋ္ဌိ	=	မိစ္ဆာအယူရှိခြင်း (ကံ ကံ၏ အကျိုးကို မယုံကြည်ခြင်း၊ "သေလျှင်ဘဝပြတ်၏၊ နောက်ထပ် မဖြစ်တော့" ဟု ဖြစ်သော ဥစ္ဆေဒဒိဋ္ဌိ စသော အယူရှိခြင်း။)
၁၀။ ဘိက္ခုနီဒူသန	=	ဘိက္ခုနီမ၌ မေထုန်ကျင့်ခြင်း။

လိင်ကျသူအတွက် ကျင့်သုံးနည်း

ဤ ပြစ်မှု (၁၀)မျိုးတွင် တစ်မျိုးမျိုးကို ကျူးလွန်၍ လိင်ကျလျှင် ရှင်သာမဏေ အစစ်မဟုတ်တော့။ ရှေးကယူထားသော သရဏဂုံ ပျက်တော့၏။ သက်နှံးဝတ်ဖြင့် နေသော်လည်း သရဏဂုံ မတည်တော့။ ထို့ကြောင့် ပြောဆိုဆုံးမ၍ ရမည့်သူ မဟုတ်လျှင် လူဝတ်လဲစေ၍ ကျောင်းမှ နှင်ထုတ်ရသည်။ ပြောဆိုဆုံးမ၍ ရလောက်သူဖြစ်လျှင်ကား လူဝတ်မလဲဘဲ ချက်ချင်းသရဏဂုံ ထပ်မံ ယူစေရသည်။

အပြာဟွေစရိယနှင့် ဘိကျွန်ဒူသန

ပြဆိုခဲ့ပြီး ပြစ်မှု (၁၀) မျိုးကို လိုင် (၁၀) ပါး ဟုခေါ်၏။ ယင်း (၁၀) ပါးတွင် ရှေ့ (၅) ပါးသည် (၁၀) ပါးသီလ၌ ပါဝင်၏။ ဘိကျွန်မကို မေထုန်ကျင့်မှုသည် အပြာဟွေစရိယနှင့် ထပ်နေသော်လည်း ဘိကျွန်မ၌ ကျင့်မှုက သာ၍ အပြစ်ကြီးကြောင်း ပြလိုသောကြောင့် သီးခြား ပညတ်ထားတော်မူသည်။

မှန်၏။ အပြာဟွေစရိယ ရိုးရိုးကို ပြုကျင့်သော သာမဏေသည် နောင်ခါ စာင့်စည်းလိုစိတ်ရှိလျှင် ရှင်သာမဏေထပ်၍ ပြုခွင့်ရ၏။ အသက်စေ့လျှင် ရဟန်းပြုခွင့်လည်း ရ၏။ ဘိကျွန်မ၌ ကျင့်မိသော သာမဏေကား ရဟန်းပြုဖို့ မဆိုထားဘိ ရှင်သာမဏေထပ်၍ ပြုခွင့်မျှ မရတော့ချေ။

ဒဏ်ထိုက်ခြင်း

ရေဒဏ် (၁၀) ခေါက် ထမ်းရမည်။ သဲဒဏ် (၅) ခေါက် ထမ်းရမည်။ ကျောင်းဝင်းအတွင်း၌ အမှိုက်ရှင်းရမည် စသည်ဖြင့် နောင် မပြုဝံ့အောင် နှိပ်ကွပ်အပြစ်ပေးမှုကို "ဒဏ်ပေးခြင်း"ဟု ခေါ်၏။ ထိုသို့ ဒဏ်ပေးခံရလျှောက်အောင် ပြစ်မှုကျူးလွန်မိခြင်းကို ဒဏ်ထိုက်သည်ဟု ခေါ်၏။

ဒဏ်ထိုက်သော ပြစ်မှုများ

ဒဏ်ထိုက်သော ပြစ်မှုအဖြစ် (၁၀) မျိုးသာ တိုက်ရိုက်လာသော်လည်း သေဒဏ်သတ္တာပုဒ်များကို ကျူးလွန်ခြင်း၊ စုဒ္ဒသခန္ဓကဝတ်လာ ဝတ်တရားများ မကျေပွန်ခြင်းတို့သည်လည်း ဒဏ်ထိုက်သော ပြစ်မှုများပင်ဖြစ်၏။ အချုပ်အားဖြင့် ရှေ့ဘုံပြခဲ့သည့် လိင်ကျသောပြစ်မှု (၁၀) မျိုးမှ တစ်ပါး၊ ရှင်သာမဏေတို့ လိုက်နာကျင့်သုံးဖွယ် ရှင်ကျင့်ဝတ်သတ္တာပုဒ်များကို ဖေါက်ဖျက်ကျူးလွန်လျှင် ဒဏ်ထိုက်သည်ဟူ၍ မှတ်ပါ။

သာမဏေများ သတိထားဖွယ်

ထေခိုးခြင်း၊ လိင်ခိုးခြင်း၊ ထေခိုးလိင်ခိုးခြင်းဟူသော ထေနက (၃) မျိုးအကြောင်းကို ရှေ့ဘုံရေးခဲ့ပြီ။ သာမဏေတစ်ပါးသည် ပြန်ဝတ်ဦးမည်ဟူသော သက်နှံ့ခ် ငဲ့ကွက်ခြင်းမရှိဘဲ သက်နှံ့းကို ချွတ်ပယ်ကာ အခြားအဝတ်ကို ဝတ်၍ဖြစ်စေ၊ မဝတ်ဘဲဖြစ်စေ မေထုန်မှိုဝဲပြီးနောက် မိမိဘာသာ သက်နှံ့းပြန်ဝတ်အံ့။ ထိုသာမဏေသည် လိင်ခိုးသူ (လိင်ထေနက) ဖြစ်၏။

ထို့ပြင် လူထွက်လို၍ သက်နှုံးကို ခါးတောင်းကျိုက်ကာ သို့မဟုတ် အခြားသော လူဝတ်နည်း တစ်မျိုးမျိုးဝတ်ကာ၊ သို့မဟုတ် အခြားအဝတ်ကိုဝတ်ကာ "ငါ၏ လူအသွင်သည် တင့်တယ်ပါပေ၏"ဟု သဘောကျကာ လူအဖြစ်ကို လက်ခံကျေနပ်ပြီးမှ တစ်ဖန်ပြန်၍ သာမဏေဝတ်နည်း အတိုင်းဝတ်သော သာမဏေသည်လည်း လိင်ခိုးသူ (လိင်္ဂဏ္ဍနက) ပင်ဖြစ်၏။

ဤသို့လျှင် သာမဏေတို့၌ လိင်္ဂဏ္ဍနကဖြစ်ဖွယ် အပြစ်များကို နားလည်သင့်ပေသည်။ ပါရာဇိကကျပြီးသော ရဟန်းသည် သာမဏေ အဖြစ်ဖြင့် နေခွင့် ရသေး၏။ လိင်္ဂဏ္ဍနက ဖြစ်ပြီးသူကား သာမဏေအဖြစ်ဖြင့်သော်မှ နေခွင့်မရတော့။ (ဝိ-ဌ ၃။ ကခ်ီ- ၁၀၄၊ ပါတိမောက်ဘာသာဋီကာ-၁၀။)

သီလဝိသုဒ္ဓိ

စတုပါရိသုဒ္ဓိသီလ

ဖော်ပြခဲ့ပြီး ရဟန်းသာမဏေများ ကျင့်သုံးလိုက်နာဖွယ်ရာ သိက္ခာပုဒ်များကို လုံခြုံအောင် စောင့်ထိန်းခြင်း အပါအဝင် သီလ၏ စင်ကြယ်ခြင်းသည် သီလဝိသုဒ္ဓိမည်၏။ ရဟန်းသာမဏေများ၌ စတုပါရိသုဒ္ဓိသီလ လုံခြုံမှု သီလဝိသုဒ္ဓိဖြစ်၏။ (စတု = လေးပါးသော + ပါရိသုဒ္ဓိ = ထက်ဝန်းကျင်စင်ကြယ်သော + သီလ= ကိုယ်နှုတ်စိတ်ကို ကောင်းစွာထားကြောင်းအကျင့်။)

စတုပါရိသုဒ္ဓိသီလ (၄) ပါးဟူသည်မှာ-

၁။ ပါတိမောက္ခသံဝရသီလ = ပါတိမောက်မည်သော စောင့်စည်းကြောင်းသီလ၊

၂။ ဣန္ဒြိယသံဝရသီလ = စက္ခုနှေစသော ၆-ပါးသော ဣန္ဒြေတို့ကို စောင့်စည်းကြောင်း သီလ၊

၃။ အာဇီဝပါရိသုဒ္ဓိသီလ=အသက်မွေးမှု သန့်ရှင်း စင်ကြယ်ကြောင်း သီလ၊

၄။ ပစ္စယသန္နိဿိတသီလ= ဆွမ်း သက်နှံ ကျောင်း ဆေး ဟူသော ပစ္စည်းလေးပါး၌ မှီသော သီလတို့တည်း။

ပါတိမောက္ခသံဝရသီလ

ပါတိမောက္ခသံဝရသီလသည် ၂၂၇-သွယ် သိက္ခာပုဒ်များ အပါအဝင် ဘိက္ခု ဘိက္ခုနီပါတိမောက်၌လာသော သီလတည်း။ အကျယ်အားဖြင့် ကုဋ္ဌေကိုးထောင်ကျော်ရှိ၏။ ဤပါတိမောက္ခသံဝရသီလ၌ သဒ္ဓါပြဋ္ဌာန်း၏။ သဒ္ဓါထက်သန်စွာဖြင့် ဖြည့်ကျင့်သူသာ ဤသီလ လုံခြုံနိုင်၏။ ဤပါတိမောက္ခသံဝရသီလဖြင့် ကိုယ်နှုတ်ကိုသာ စောင့်စည်းနိုင်၏။ စိတ်ကို မစောင့်စည်းနိုင်။ "မနောဒ္ဓါရေ အနာပတ္တိ" အရ အများအားဖြင့် စိတ်သက်သက်ကြောင့်လည်း အာပတ်မသင့်နိုင်။

ဣန္ဒြိယသံဝရသီလ

အဘိဗျာ ဒေါမနဿ-စသော အကုသိုလ် မဖြစ်အောင် စက္ခု သောတ ဃာန ဇိဝှါ ကာယ မန-ဟူသော ဣန္ဒြေ ၆-ပါးကို စောင့်စည်းခြင်းသည် ဣန္ဒြိယသံဝရသီလတည်း။ ဤဣန္ဒြိယသံဝရသီလ၌ သတိပြဋ္ဌာန်း၏။ မြင်သမျှ ကြားသမျှ စသည်၌ အကုသိုလ် မဖြစ်ရအောင် သတိ ကြပ်ကြပ်ထားနိုင်မှ ဤသီလ လုံခြုံ၏။ သတိမထားနိုင်လျှင် ကျောင်းတိုက် အတွင်းမှာပင် ဤသီလ ပျက်နိုင်သည်။ အချုပ်အားဖြင့် စိတ်ကို စောင့်စည်းနိုင်မှ ဤသီလ လုံခြုံသည်။

အာဇီဝပါရိသုဒ္ဓိသီလ

အသက်မွေးဝမ်းကျောင်းဖြစ်သော ကာယပယောဂ၊ ဝစီပယောဂ၏ စင်ကြယ်ကြောင်း သီလသည် အာဇီဝပါရိ-သုဒ္ဓိသီလတည်း။ ဘုရားရှင် စက်ဆုပ်တော်မူအပ်သော ကုလဒူသန၊ အနေသန-စသော မိစ္ဆာဇီဝမှ ရှောင်ကြဉ်လျက် ပစ္စည်း ၄-ပါးကို တရားသဖြင့် ရှာမှီး၍ အသက်မွေးနိုင်မှ ဤအာဇီဝပါရိသုဒ္ဓိသီလ လုံခြုံ၏။ ဤအာဇီဝပါရိသုဒ္ဓိသီလ

၌ ဝိရိယပြဋ္ဌာန်း၏။ ဝိရိယကင်း၍ အပျင်းထူနေသူသည် ချောင်ချောင်လည်လည်ဖြင့် ပစ္စည်းရအောင် ကုလဒူသန စသော အမှုတို့ကို ပြုသည့်အတွက် ဤသီလ ပျက်တော့၏။

မှောက်မှားစွာ အသက်မွေးကြောင်း မကောင်းသော ကိုယ်မှု နှုတ်မှုများကို "မိစ္ဆာဇီဝ"ဟုခေါ်၏။ ထိုမိစ္ဆာဇီဝသည် ဒါယကာ ဒါယိကာမများက အထင်ကြီးကာ ကြည်ညိုလာအောင် ဟိတ်ဟန်အမျိုးမျိုး ထုတ်လျက် ကြောင်သူတော်လုပ်ခြင်း၊ မလျှုချင် လျှုချင်အောင် အတင်းအကြပ် ပြောဆိုတိုက်တွန်းခြင်း၊ ဆေးဝါးပယောဂ ကုသခြင်း၊ ဗေဒင်ဟောခြင်း စသောအားဖြင့် များပြားလှချေ၏။ ထိုသို့ ပြုမူဆောင်ရွက်ခြင်းများ၏ကြောင့် လျှုအပ်သောပစ္စည်း အရပ်ရပ်သည်လည်း ထိုပြုမူဆောင်ရွက်သော ရဟန်းသာမဏေသာမက တစ်သာသနာလုံးပင် မအပ်စပ် မသုံးစွဲထိုက်သော ပစ္စည်းများ ဖြစ်လေ၏။

ပစ္စယသန္နိဿိတသီလ

ဆွမ်း သင်္ကန်း ကျောင်း ဆေးပစ္စည်း (၄) ပါးခ္ဍ မှီသော သီလသည် ပစ္စယသန္နိဿိတသီလတည်း။ အာဇီဝပါရိ-

သုဒ္ဓိ သီလ စင်ကြယ်စွာ ရအပ်သော ပစ္စည်းကို "ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ" စသည်ဖြင့် ဆင်ခြင်၍ သုံးစွဲမှ ဤပစ္စယသန္နိဿိတသီလ လုံခြုံ၏။ ထိုသို့ ဆင်ခြင် ရာ၌ ၏ ကရွတ်ဆိုရုံမျှဖြင့် ဆင်ခြင်သည်မမည်။ ပစ္စည်း (၄) ၏ တစ်ပါးပါးကို သုံးဆောင်ရသည့်အတွက်-

"အသက်ရှည်စွာ ဘေးရောဂါတို့၊
ကိုယ်မှာမကပ်၊ ပရိယတ်နှင့်၊ ပဋိပတ်ရေး၊
မျှော်ထောက်တွေး၍၊ ဤဆေးဤဆွမ်း၊
ဤသက်နှီးနှင့်၊ ရှင်လန်းဖွယ်ကောင်း၊
ဤစံကျောင်းကို မှီအောင်းသုံးစွဲပါသတည်း"

ဟု ဉာဏ်ဖြင့်ဆင်ခြင်မှု၊ စိတ်ဖြင့် ဆင်ခြင်စဉ်းစား ပွားများမှုများကိုသာ "ဆင်ခြင်" ဟု ဆိုရသည်။ ထိုသို့ မဆင်ခြင်ဘဲ အမှတ်တမဲ့ဖြစ်စေ၊ သို့မဟုတ် လောကီ ဂုဏ်ပကာသန အလှအပအတွက်ဖြစ်စေ သုံးစွဲနေလျှင် ဤပစ္စယသန္နိဿိတ သီလ ပျက်၏။ တစ်နေ့အတွင်း အရုဏ်မတက်ခင် ပစ္စည်း (၄) ပါးကို သုံးစွဲခြင်းကြောင့် ရအပ်သော အကျိုးများကို အနည်းဆုံး တစ်ကြိမ်မျှသော်လည်း ဆင်ခြင်မိဖို့လို၏။ တတ်နိုင်လျှင် သက်နှီးလဲတိုင်း၊ ဆွမ်းအလုပ်တိုင်း၊ ကျောင်းတွင်း

ဝင်တိုင်း၊ ဆေးဝါးသုံးစွဲတိုင်း ဆင်ခြင်ပါမူ သာ၍ ကောင်းမြတ်လေ၏။

စတုပါရိသုဒ္ဓိလုံခြုံရေး

ဤပြဆိုခဲ့ပြီး သီလ (၄)မျိုးကို စတုပါရိသုဒ္ဓိသီလဟု ခေါ်၏။ ကိုယ်နေ နှုတ်ပြော စိတ်သဘော ထားတတ်ကြောင်း ကောင်းသောအကျင့် ၄-ပါးဟု ဆိုနိုင်သည်။ ရဟန်း သာမဏေများ၌ ဤသီလ (၄) ပါး လုံခြုံမှုသာ သီလဝိသုဒ္ဓိဖြစ်၏။ တကယ်တမ်း ရဟန်းတရား အားထုတ်တော့မည်ဆိုလျှင်လည်း ဤသီလ (၄) ပါး လုံခြုံရမည်သာဖြစ်ပေကော့၏။

ပ.မ.သ.စ-၇၉/၁၄.၁.၂၀၀၃ (၃၀၀၀) လက်အရေ၊ (ဖြူပ)။

၂၄၁၆

ဤစာအုပ်ရေးသားသူ
ပထမကျော်- ဦးစံသင်းလှိုင်
ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်း

- ၁၉၅၄- ဧရာဝတီတိုင်း၊ ဟသ်ာတခရိုင်၊ ဇလွန်မြို့နယ်၊ ရေလဲကျေးရွာအုပ်စု၊ ဒေါ်ငြိမ်းကုန်းရွာ၊ ဦးတင်မောင်၊ ဒေါ်တင်လှတို့မှ မွေးဖွားသည်။ (၂၄-၃-၁၉၅၄)
- ၁၉၆၈- သာသနာ့ဘောင် ဝင်ရောက်ပြီး မြန်မာပြည် အထက်အောက် စာသင်တိုက်ကြီးများတွင် ပရိယတ္တိစာပေများ သင်ကြားဆည်းပူးခဲ့သည်။
- ၁၉၇၅- ဝိနယာဓိက ပထမကျော်(ပဲခူး)၊အစိုးရပထမကျော်၊ သုသမာစာရ ပထမကျော် (မော်လမြိုင်)၊ သာသနဓဇမဟာစရိယ၊ စေတိယဂိုဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက၊ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သက္ကသီဟ)၊ သုသမာစာရ ပိဋကတ္တယ မဟာကောဝိဒဘွဲ့များ အဆင့်ဆင့် ရရှိခဲ့သည်။
- ၁၉၈၆- မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် နယဒေသက၊ ကထိက၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ဂဏဝါစကနာယက၊ အင်းစိန်မြို့နယ် သံယနာယကအဖွဲ့ အကျိုးတော်ဆောင် တာဝန်များ အဆင့်ဆင့် ထမ်းဆောင်ခဲ့သည်။
- ၁၉၉၁- သာသနာ့ဘောင်မှ လူဘောင်သို့ ပြောင်းလဲသည်။
- ၁၉၉၃- သာသနာရေးဦးစီးဌာန လက်ထောက်ကျမ်းပြုမှူး၊ စာပေလက်ထောက် (၂)၊ ရန်ကုန်တိုင်း ဦးစီးအရာရှိတာဝန်များ အဆင့်ဆင့် ဆောင်ရွက်ခဲ့ပြီး၊ ဆောင်ရွက်ဆဲဖြစ်သည်။
- ယခု- ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ၁၈-ရပ်ကွက်၊ ဇင်ယော်လမ်း၊ အမှတ် ၅၀-နေအိမ်တွင် ဇနီး ဒေါ်မြသီ၊ သား-မောင်အောင်မျိုးမြတ်၊ မောင်မျိုးထက်လှိုင် မိသားစုနှင့်အတူ နေထိုင်သည်။